
www.burmeseclassic.com



BURMESE CLASSIC .com

# လက်မည်းကြီးနှင့် ရွှေကိုကိုင်

ဖိုးကျော်

2007 DIGITAL PAINTING & GRAPHIC DESIGN : KYAW MINN MOUNG

www.burmeseclassic.com

www.burmeseclassic.com

"ဒို့ အဓိကအမျိုးသားရေးသုံးပါး"

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"ပြည်သူ့သဘောထား"

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများ ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

"နိုင်ငံရေးဦးတည်ချက်(၄)ရပ်"

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

"စီးပွားရေးဦးတည်ချက်(၄)ရပ်"

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး
တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

"လူမှုရေးဦးတည်ချက်(၄)ရပ်"

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဖိုးကျော့

# လက်မသည်းကြီးနှင့် ရွှေကိုကိုင်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၀၆၁၀၉၀၇

မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၀၀၁၇၀၁၀၈

ထုတ်ဝေခြင်း
ပထမအကြိမ်၊ မတ်လ၊ ၂၀၀၈ ခုနှစ်
အုပ်ရေ ၅၀၀

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ မင်္ဂလာဒုံ၊ ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့မှ

ပုံနှိပ်သူ
ဦးမျိုးမြင့်၊ ပွင့်သစ်ရောင်စုံပုံနှိပ်တိုက်
အမှတ် ၁၀၉၊ ၄၉ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ဖြန့်ချိရေး
ဝတီနွယ်စာပေ(ဖုံး) ၀၉-၉၄-၇၀၉၃၀

စီစဉ်သူ
ဒေါ်ကြူကြူဝင်း (ရွှေအိမ်သူစာပေ)

တန်ဖိုး
1200

## ဖိုးကျော့၏ ထုတ်ဝေပြီးသော စာအုပ်များ

၁။ ပင်လယ်ကျားအဏ္ဏဝါမိးစုန်းများနှင့် အခြားဝတ္ထုတိုများ
၂။ လောဘမြစ်ပင်လယ်
၃။ မြန်မာ့မုဆိုး
၄။ သေရွာမြန်တို့၏ အဏ္ဏဝါခရီး
၅။ ရာဇဓာဏီ
၆။ အတောင်မကျိုးမချင်း ပျံသန်းခဲ့သော ပျံလွှား
၇။ မြန်မာပြည်မြောက်ပျားမှ နဂါးမီးတောက်နှင့်
ထူးဆန်းအံ့ဖွယ်မုဆိုးဘဝဖြစ်ရပ်မှန်များ
၈။ ဆင်သျှိုင်းရှာပုံတော်နှင့် အခြားဝတ္ထုတိုများ
၉။ မီးလောင်မြေ
၁၀။ လွင့်မျောနေသော ဒြပ်စင်များနှင့် အခြားဝတ္ထုတိုများ
၁၁။ ကန္တာရမုဆိုးနှင့် ဂမ္ဘီရမြို့တော်
၁၂။ မိုးကောင်းကင်၏ အချစ်အဖျတ္တာနှင့် အခြားဝတ္ထုတိုများ
၁၃။ လူသားစားမိကျောင်းနှင့် မုဆိုးတိုက်ပွဲ
၁၄။ အလွှမ်းကန္တာ တောကန္တာ
၁၅။ ခပ်သိမ်းသော မြစ်တို့ကဲ့သို့
၁၆။ ပုလဲနက်ဝက်ပါ
၁၇။ ဆင်မိုးလုံးနှင့် နောက်ဆုံးအဖြေ
၁၈။ သမုဒယဂျပင်လယ်
၁၉။ မြေဆီမဲမဲသွေးရဲရဲ
၂၀။ နတ်စောင့်ပျားနှင့် သားရဲတို့ရွာ
၂၁။ လွန်လေပြီးသောအခါ
၂၂။ လမိုင်းတိုက်ကျား (ရှားပါးမုဆိုးဝတ္ထုတိုများ)
၂၃။ အောင်ပွဲသို့ရှိရာဝယ်
၂၄။ မာယာမင်းသမီး

www.burmeseclassic.com

www.burmeseclassic.com


၂၅။ အင်တွဲ့ပွဲလျက် အရှာထွက်

၂၆။ ကျွန်တော်တို့လူ

၂၇။ ကမ္ဘောဇ်

၂၈။ ရေခဲပြင်ပေါ်ကတောင်နဂါးကြီးနှင့် ရှားပါးမှုဆိုးဝတ္ထုတိုများ

၂၉။ ဟိမဝန္တာကလာသူ

၃၀။ အလွမ်းနှင့်သာ နေတော့မည်

၃၁။ ကေရာဇ်တို့၏ တောတွင်းတိုက်ပွဲ

၃၂။ ဆောင်းရက်ရှည်တဲ့နွေဒေသ

၃၃။ မဟာလီဒို

၃၄။ မမြင်သာသော ကြမ္မာရိုင်းနှင့် အခြားဝတ္ထုတိုများ

၃၅။ သံချပ်ဝတ်နယ်စားကြီး

၃၆။ ကျားနာမျက်ကန်းနှင့် အဏ္ဏဝါမုဆိုး

(စာရေးဆရာသန်းဆွေသစ်နှင့် တွဲလျက်)

၃၇။ ဟူးကောင်းကျား

၃၈။ တူးကောင်းတောင်ကြား

၃၉။ ဝမ်းရေးထက်ပင်ခက်ပါသည်။

**ယခုစာအုပ်**

၄၀။ လက်မည်းကြီးနှင့် ရွှေကိုကိုင်




မြို့ကြီးပြကြီးများတွင် မီးသွေးတစ်ပိဿာကို ရာဂဏန်းထိ ဈေးဖြစ်ဘုန်ပြီဆိုသောအခါ ရိုးမတောင်ခြေရှိ မီးသွေးဖုတ်သမားများမှာ ဤနှစ်တော့ သူတို့၏ "လက်မည်းကြီးနှင့် ရွှေကိုကိုင်" ကြရမည့်နှစ်ပဲဟု ဝမ်းသာအားရ ပြောဆိုနေကြသည်။

သူတို့ကြားသော သတင်းမှာ အမှန်ပင်။ မကြာမီကာလ၌ သူတို့၏ မြို့နယ်လေးက မီးသွေးကုန်သည်များ၊ မီးသွေးပွဲရုံများကလူများသည် ရွာစဉ်လျှောက်၍ ဆွေမျိုးသားချင်း တော်စပ်သူများကို ကြိုတင်စရံငွေပင် ပေးသာသည်။ မီးသွေးကောက်သူ၊ မီးသွေးချုပ်သူများအဖြစ် ရောက်လာကြသည်၊

ထို့ကြောင်းလည်း မီးသွေးဖုတ်သူများမှာ သူ့ထက်ငါဦး သက်ဆိုင်ရာတောခေါင်း၊ ချောင်းခေါင်းများမှတစ်ဆင့် ခွင့်ပြုချက်ရယူကြသည်။ ဒေသခံများအတွက် အိမ်သုံးယာသုံး သစ်ဝါးများ ခုတ်ခွင့်ပေးသော 'အပတော'များကို ပိုင်စင်ယူကြရသည်။ အထူးသဖြင့် သစ်တောကြီးများနှင့် ဆက်စပ်နေသော 'အပေတော' များကို ပိုမို၍ လက်ဦးမှုရယူကြသည်။ အကြောင်းမှာ အပတောကို အကြောင်းပြု၍ မီးသွေးကောင်းရနိုင်သော သစ်တောကြီးများထဲက သစ်မာသစ်ကောင်းများကို ဥပဒေလွတ် ခုတ်ယူ မီးသွေးဖုတ်နိုင်ကြရန် ဖြစ်လေသည်၊

ထို့ကြောင့် ဖက်သန်းကုန်းရွာက လှည်းသုံးစီးသည် မီးသွေးဖုတ်ရန် တောတက်လာကြသည်။ လှည်းသုံးစီးတွင် ရိက္ခာပို့သမားအပါအဝင် လူတိုး ယောက်ပါ၏။ သူတို့မှာ မီးသွေးဖုတ်ယင်း တောထဲတောင်ထဲ၌ သုံးလေးလခန့် နေကြရမည်ဖြစ်သဖြင့် လက်နက်ရိက္ခာများနှင့် စားအိုးစားခွက်များကိုလည်း အပြည့်အစုံ လှည်းပေါ်တင်လာကြသည်။

ရှေ့ဆုံးက သွားနေသော လှည်းပေါ်တွင် သိမ်းမောင်၊ ရွှေမော်နှင့် ကြည်ဝင်းတို့ ပါသွားကြသည်။ ဒုတိယလှည်းမှာ မောင်သိုက်၊ လှဝင်းနှင့် ထွန်းအောင်တို့ဖြစ်ကြသည်။ တတိယနောက်ဆုံးလှည်းမှာ အဖွဲ့ခေါင်းဆောင် ဦးကြီးထွန်း၊ တင်ဆိုင်နှင့် ကျော်စိန်တို့ဖြစ်ကြသည်။

မနက်ကြက်ဦးတွန်ကပင် တောတက်လာကြသော သူတို့အဖွဲ့သည် နေထွက်တစ်ပြူ၌ ဒေါင်းရန်ချောင်းနားကို ရောက်လာကြ၏၊ ဒေါင်းရန်ချောင်းမှာ ရိုးမထဲက စီးဆင်းလာသော ချောင်းဖြစ်သော်လည်း နွေလတွင် ချောင်းအပြည့် ရေမရှိ။ ရေတင်အိုင်များနှင့် သဲသောင်တွေသာများသည်၊

www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲရှိ ရေအိုင်နားတွင် မြက်သောက်ပုတ်များနှင့် ချုံပုတ်များ ရေအိုင်တစ်နေရာကို လှည်းကွေ့မောင်းလာကြရာ လှဝင်းက-

"ငါ ကွမ်းယာဝါးလိုက်ဦးမယ်။ မင်းလှည်းကြိုးခဏဆွဲဦး . ."

ဟုပြောသဖြင့် ထွန်းအောင်က လှည်းဝင်မောင်းရသည်။ ထွန်းအောင်သည် ရှေ့ကမောင်းသွားသော သိမ်းမောင်ကြီးတို့ လှည်းဘီးရာအတိုင်း လှည်းဆက်မောင်းလာသည်။ သူတို့ထဲတွင် မောင်သိုက်ကတော့ လှည်းပေါ်တွင် အိပ်ငိုက်ပါလာ၏။ ရေအိုင်နားရှိ ယင်းရွဲပင် ချုံအစက သဲသောင်တွင် လူကြီးလက်ကောက်ဝတ်လောက်ရှိသော မြွေကြီးတစ်ကောင်ကို လှမ်းမြင်ရာ ထွန်းအောင်က လန့်ဖြတ်ပြီး လှည်းကို ရုတ်တရက်ရပ်ပစ်လိုက်သည်။

"ဟော့ . . . ဘာဖြစ်တာလဲကွ၊ လှည်းဒေါက်ကျိုး . . ."

"ဟော့ကောင်၊ ဘာလို့ လှည်းရပ်လဲကွ"

နောက်လှည်းက ဦးကြီးထွန်းလှမ်းမေးသံနှင့် ထွန်အောင်နောက်ရှိ အိပ်ငိုက်လာသော မောင်သိုက်ကလည်း အထိတ်တလန့်နိုးလာပြီး မေးလိုက်၏။ ဦးကြီးထွန်း လှမ်းမေးသံနှင့် မောင်သိုက်၏ အထိတ်တလန့် အသံတို့မှာ တစ်ပြိုင်တည်းဖြစ်သွားသည်။

"ဟို - ဟို၊ ရှေ့မှာ မြွေကြီးတစ်ကောင်ဗျ"

"မင်းအဘ၊ အဲဒါဘာဖြစ်လဲ။ ပင့်ကူကိုက်သတ်ထားတာနေမှာပေါ့"

"ဘာ . . ."

ထိုအချိန်မှာပင် ဦးကြီးထွန်းတို့လှည်းက ထွန်းအောင်တို့လှည်းနောက် နောက်လာကြသည်၊ ထွန်းအောင် လှည်းကြိုးဆွဲထားသည်ကို မြင်လိုက်သည်နှင့် -

"ဟဲ - မောင်သိုက်၊ ချာတိတ်ကို မင်းကဘာလို့ လှည်းမောင်းခိုင်းရတာတုန်း"

"ကျွန်တော် ကွမ်းဝါးမလို့၊ ခဏပါ ဦးကြီး"

အမှန်က ကွမ်းဝါးသူမှာ မောင်သိုက်မဟုတ်၊ လှဝင်းသာ။ လှဝင်းကွမ်းဝါးရန် လုပ်နေသည်ကို မြင်သဖြင့် မောင်သိုက်က ဦးကြီးထွန်း အပြစ်တင်မှာစိုး၍ ဖြတ်ထိုးဉာဏ်နှင့် တစ်မင်လွှဲပြောလိုက်ခြင်းသာ။

"ဘာဖြစ်လို့လဲ။ ငါက လှည်းဒေါက်များကျိုးလားလို့"

"မဟုတ်ပါဘူး ဦးကြီး၊ ဒီကောင်က ပင့်ကူကိုက်ထားတဲ့ မြွေကို မြင်လို့ လန့်ပြီး လှည်းရပ်ပစ် . . ."

"ချာတိတ်၊ မင်းဦးကြီးလှည်းပေါ် ဆင်းလာခဲ့။ မင်းက မောင်သိုက်တို့ လှည်းပေါ် သွားလိုက်"

ဦးကြီးထွန်းက သူ့လှည်းမှ တင်ဆိုင်နှင့် ထွန်းအောင်တို့ကို ခိုင်းလိုက်



. . . တင်ဆိုင်က မောင်သိုက်တို့လှည်းပေါ် ရောက်လာသလို ထွန်းအောင်တ . . . ဦးကြီးထွန်းတို့လှည်းပေါ် တက်လာရသည်။

"ကဲ - လှည်းဆက်ထွက်ကြလေကွာ။ မောင်သိုက် ရှေ့ကသွားနှင့်တဲ့ . . . အောင်တို့လှည်းကို အမီလိုက်ရမှာပေါ့"

ဦးကြီးထွန်း၏ စကားအဆုံးမှာပင် မောင်သိုက်တို့လှည်းက ချက်ချင်း . . . သည်။ မောင်သိုက်တို့လှည်းနောက်မှာ ဦးကြီးထွန်းနှင့် ထွန်းအောင်တို့ . . . ကပ်လိုက်လာသည်။

"ဒီမှာ ထွန်းအောင် လူလေး အဘပြောမယ်"

"ဟုတ်ကဲ့ ဦးကြီး"

"မင်း အလျင်က မီးသွေးဖုတ် လိုက်ဖူးလား . . ."

"တစ်ခါနှစ်ခါ လိုက်ဖူးပါတယ်"

"ဘယ်လူတွေနဲ့တုန်း"

"ရွာဖျားပိုင်းက ဦးဦးသာညိုတို့နဲ့ပါ"

"ကိုသာညိုကြီးက တောမှာ တောင်မှာ အထိတ်တလန့် မလုပ်ရဘူး၊ . . . ရှောင်ဆိုတာ မင်းကို မပြောဘူးလား"

အဲဒီတုန်းက ခုလို မြွေလည်းမတွေ့မိလို့ပါ"

"ထားတော့၊ ခု ဟိုမြွေကိုကြည့်စမ်း၊ အသေလား အရှင်လား"

လှည်းလမ်းကြောင်းနှင့် နှစ်လံသုံးလံအကွာတွင် စန့်စန့်ကြီးဖြစ်နေ . . . မြွေကို ဦးကြီးထွန်းက လက်ညှိုးထိုးပြ၍ မေး၏။

"ကိုကြီးသိုက်ကတော့ ပင့်ကူကိုက်သတ်ထားတယ် ပြောတာပဲ"

"အေးဟုတ်တယ်၊ တောပင့်ကူကြီးက မြွေကိုကိုက်ပြီး မြွေဦးနှောက် . . . ဖောက်စားထားတာ"

"ဗျာ . . ."

တောပင့်ကူက မြွေဦးနှောက်ကို ဖောက်စားသည် ဆိုသော စကားကို . . . မကြားဘူးသော ထွန်းအောင်က အံ့ဩသွား၍ 'ဗျာ'လိုက်မိသွားသည်။

"မဗျာနဲ့၊ တောပင့်ကူတွေဆိုတာ အလွန်အဆိပ်ပြင်းတယ်။ မြွေကို . . . နိုင်တယ်။ တောပင့်ကူများဟာ ဟိုလို ယင်ရွဲချုံပုတ်တွေမှာ အသိုက်လုပ် . . . ကြတယ်။ တောပင့်ကူကိုက်ရင် မသေပေမယ့် အသားတွေ တစ်ပြည် . . . တ်ရှိပြီး၊ ခြေလက်တွေဆို ခြေဆစ်လက်ဆစ်တွေပါ ပြုတ်ကျတာ . . . အဘတို့ မီးသွေးကျင်းဆိုတာ ရေလည်းလိုတော့ ဒီလို ချောင်းတွေနဲ့ . . . မှာ မီးသွေးဖုတ်ကြရမှာပဲ။ အဲဒီအခါ ရေတွင်းရေအိုင်နားမှာ ယင်ရွဲ . . . မီးငြိမ်းသတ်ဖို့ ရေခပ်တဲ့အခါ ယင်ရွဲချုံထဲ ပင့်ကူရှိမရှိ ရှိုနေ . . . ကိုက်မိဖို့ မင်းတို့ အထူးသတိထားကြရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . ."

"ဟုတ်ကဲ့ . . ."

"ခု - ပင့်ကူက မြွေကိုနိုင်လို့ ဦးနှောက် ဖောက်စားသွားပေမယ့် ပင့်ကူဆို အသေအလဲနိုင်တဲ့ အကောင်တစ်မျိုးလည်း ရှိသေးတယ်"

"ဘယ်လိုအကောင်လဲ အဘ"

"ပျားနှသန်တို့ ပိတုန်းတို့တော့ မင်းမြင်ဖူးမှာပါ"

"ဟုတ်ကဲ့၊ မြင်ဖူးပါတယ် အဘ"

"အေး - အဲဒီလိုပဲ၊ နဂါးငွေ့နှ်ဆိုတဲ့ အကောင်တစ်မျိုးရှိတယ်။ အဲဒီအကောင်ကိုတော့ ပင့်ကူတွေ အလွန်ကြောက်ပဲ။ နဂါးငွေ့နှ် တောင်ပံခတ်ပြီး ပျံလာသံကြားရင် ပင့်ကူတွေမှာ နေစရာမရှိလောက်အောင် ကြောက်ပြီး ဟိုပြေးပုန်း၊ ဒီပြေးပုန်းနဲ့ သစ်ရွက်သစ်ခက် သစ်ပင်ခေါင်းတွေထဲ ဝင်ပြီးပုန်းတတ်ကြတယ်။ ဒါပေမယ့် မလွတ်ပါဘူး။ နဂါးငွေ့နှ်က သစ်ခေါင်းထဲထိ ဝင်လိုက်လာပြီး၊ အမြီးနဲ့ထိုးသတ်ကာ သစ်ခေါင်းထဲက ဆွဲထုတ်လာကြတယ်"

"ပင့်ကူဦးနှောက်ကိုလည်း နဂါးငွေ့နှ်က ဖောက်စားတာကိုး"

"နဂါးငွေ့နှ်က ပင့်ကူဦးနှောက်ကို ဖောက်စားတာ မဟုတ်ဘူးကွ။ သူ ထိုးထုတ်လိုက်လို့ သတိမေ့သွားတဲ့ ပင့်ကူကို သူက သူ့သားသမီးလုပ်ဖို့ ချီယူသွားတာ၊ အဘကိုယ်တိုင် မြင်ဖူးတယ်။ နဂါးငွေ့နှ်လာတုန်းက လေပေါ်ကပျံလာပေမယ့် အပြန်ကျတော့ ပင့်ကူအလေးနဲ့ မိုးပေါ်ပျံမတက်နိုင်တော့ဘူး။ ၁ ရွှတ်တိုက်ဆွဲပြီး သူ့အသိုက်ဖွဲ့မယ့်နေရာထိ ပင်ပန်းကြီးစွာ ဆွဲသွားရတယ်။ သားသမီးလိုချင်တဲ့ ဇောလို့ ပြောရမှာပေါ့"

"ဟင် ပင့်ကူကြီးကို နဂါးငွေ့နှ်က ဘယ်လိုသားသမီး လုပ်မှာလဲ အဘ။ မျိုးမှမတူတာ. . ."

"မင်း နဂျယ်ကောင်ဆိုတာ မြင်ဖူးမှာပေါ့"

"မြင်ဖူးပါတယ်"

"မြင်ဖူးရင် အဲဒီ နဂျယ်ကောင်တွေဟာ ဘယ်လိုသားသမီးလုပ်လဲ"

"ပေါက်ဖတ်တို့ ပိုးတုံးလုံးတို့ကို ကိုက်ချီလာပြီး သူတို့တစ်ပိုင်းတစ်စ လုပ်ပြီး အိမ်နံရံတို့ သစ်ပင်တို့မှာ ကပ်ထားတဲ့ ရွှံ့အိမ်ထဲကို ထည့်တယ်။ ပြီးတော့ ရွှံ့တွေကိုသွား သယ်လာပြီး ပေါက်ဖတ်တို့ ပိုးတုံးလုံးတို့ ထည့်ထားတဲ့ အိမ်ကို ရွှံ့နဲ့ပိတ်ပြီး အပေါ်ကစီစီမြည်နေတယ်။ သူ့လ, သက်တမ်းစေ့တော့ အဲဒီ ပေါက်ဖတ်ပိုးတုံးလုံးတွေဟာ ဘဝပြောင်း အသွင်ပြောင်းပြီး နဂျယ်ကောင်လေးတွေ ဖြစ်လာကြတယ်"

"အဲ - ခုလည်း အဲသလိုပဲ၊ နဂါးငွေ့နှ်တွေဟာ အဲသလို ပင့်ကူတွေကို အသွင်ပြောင်းလုပ်ပြီး နဂါးငွေ့နှ်ကောင်လေးတွေ မွေးဖွားပေးကြတယ်။ သူတို့ ထိုးတုတ်လိုက်တဲ့ ပင့်ကူဟာ သေသွားတာ မဟုတ်ဘူး ၊ မေ့မြောသွားသော။ နဂျယ်ကောင်တွေက ပိုးတုံးလုံး ပေါက်ဖတ်တွေကို ရွှံ့အိမ်ထဲ ထည့်ပြီး အပေါ်က မန္တာန်မှုတ်သလို တစ်စီစီမြည်နေတယ်မဟုတ်လား။ အဲဒါဟာ အထဲက အကောင် သတိရလာအောင် မန်းမှုတ်နေတယ်ဆိုပြီး တစ်ချို့အရပ်မှာ နဂျယ်ကောင်တွေကို ဇော်ဂျီကောင်တွေလို့တောင် ခေါ်ကြတယ်ကွ၊ နဂျယ်ကောင်တွေလိုပဲ နဂါးငွေ့နှ်ကောင်တွေလည်း ပင့်ကူကောင်တွေကို နဂျယ်လိုပဲ သားသမီးအဖြစ် အဲသလို လုပ်တတ်ကြတယ်"

"ဟဲ့ ဆိုကာ နှင်တံမြှောက်ရုံနဲ့ . . . .

သွားလိုရာ တိမ်ယံရောက်နိုင်ငဲ့ . . . .

× × × × × × × × × × × × × × × ×

× × × × × × × × × × × × × × × ×"

ဦးကြီးထွန်း၏ စကားအဆုံးမှာ ရှေ့ဆုံးကသွားနေသော ကိုသိမ်းမောင်တို့ လှည်းဆီမှ သီချင်းသံကိုကြားရသည်။ ဤသည်မှာ သူတို့လှည်း ဘယ်နေရာကို ရောက်သွားပြီဆိုသည်ကို နောက်ကလိုက်လာကြသော လှည်းများသိအောင် အသိပေးသံ ဖြစ်သည်။

ထိုအခါ နောက်ဆုံးလှည်းဖြစ်သော ထွန်းမောင်တို့ လှည်းပေါ်ရှိ တင်ဆိုင်ကလည်း ရှေ့လှည်းကလူများ သူတို့လှည်းကို စောင့်၍သွားနိုင်ရန် ရပ်ကြီးသူ သူချင်းကို အော်ဆို၍ အသိပေးလိုက်၏။

"ရပ်ကြီးသူတို့ ဟန်မူပိုမို . . .

× × × × × × × × × × × × ×

× × × × × × × × × × × × ×

× × × × × × × × × × × × ×

ဆင်မ တစာ သည်နွားမှာလ . .

အသော့နှင်ပြန် တစ်ကျော့ . . ."

"ဟော့ကောင် ဟော့ကောင်၊ ဘယ့်နှယ် - ဘယ့်နှယ့် . . ၊ဆင်မတစာတနင့်နွားဆီ ရောက်လာရတာတုံး ဟ။ ဆင်အပ်တံဆာ သည်နွားမှာလပဲ ကြားဖူးပါတယ်ကွ"

ဟု ဦးကြီးထွန်းက အော်လိုက်ရာ ထွန်းအောင်နှင့် တင်ဆိုင်တို့မှာ တစ်ဟားဟား ရယ်မိလိုက်သည်။ ပြီးမှ ဦးကြီးထွန်းက စကားဆက်၍ -

"မင်းက မီးသွေးဖုတ် တစ်ခါနှစ်ခါ တောတက်ဖူးတယ်ဆိုတော့ ဒီအချောင်းကိုတော့ သိပါတယ်နော်"

နောက် သဲကောချောင်းငယ် တစ်ခုကိုအဖြတ်မှာ ဦးကြီးထွန်းသည် ထွန်းအောင်ကိုမေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖျံမြုံးချောင်းဆို မဟုတ်လား အဘ"

"ဟုတ်တယ်။ ဖျံမြုံးချောင်းလို့ကော ဘာ့ကြောင့်ခေါ်လဲသိလား"

အဲဒါတော့ ဘာ့ကြောင့်ခေါ်မှန်း မသိပါဘူး အဘ"

"အဘတို့ ငယ်ငယ်တုန်းက ဒီချောင်းဟာ နွေ မိုး ဆောင်း တစ်ခါမှ ရေမခမ်းဘူးကွ။ ဖျံတွေလည်း ဒီချောင်းမှာ အမြဲမြုံးထူးပျော်ပါးနေလို့ ဖျံမြုံးချောင်းခေါ်ကြတယ်။ ခု ချောင်းကတိမ်ကောသွားတော့ ဖျံတွေလည်း ဘယ်ရောက်ကုန်ကြမှန်း မသိတော့ဘူးပေါ့ကွာ"

"ဟုတ်ကဲ့ အဘ။ ဒါနဲ့ အဘတို့လှည်းပေါ်မှာ ဒီသံကွင်းတွေက မီးသွေးဖုတ်ရာမှာ သုံးတာလား။ ကိုသိမ်းမောင်တို့ မောင်သိုက်တို့လှည်းမှာလည်း မမြင်မိလို့။ အလျင် ဦးဦးသာညိုတို့နဲ့ မီးသွေးဖုတ် လိုက်ဖူးတုန်းကလည်း ပါလာတာ မတွေ့မိလို့ပါ"

အချင်းနှစ်ပေမျှရှိသော သံကွင်းသုံးလေးကွင်းကို သူလှည်းပေါ်တက်လာကတည်းက ထွန်းမောင်မှာ သတိထားမိသည်။ မီးသွေးဖုတ်ရာတွင် ထိုသံကွင်းများကို မည်သို့မည်ပုံ အသုံးချသော ပစ္စည်းမှန်းမသိ။ သူသည် မီးသွေးဖုတ် တစ်ခါနှစ်ခါ လိုက်ဖူးသော်လည်း အခြားမီးသွေးဖုတ်သမားများဆီတွင်လည်း မမြင်ဘူးသဖြင့် သိချင်နေသည်။ ပြီးတော့ သံကွင်းတွေကို ရေနံဆီဆွတ်ထားသော အဝတ်စတွေနှင့်လည်း ကွင်းပြည့် ပတ်ထားသည်။

ထွန်းအောင်၏ စကားကို ဦးကြီးထွန်းက ယဲ့ယဲ့ပြုံးပြီး -

"မင်း အမေးအမြန်းကတော့ ထူသား၊ နောက်တော့ သိရမှာပေါ့ကွာ။ ဆယ်ရေးတစ်ရေး ကိုရေးတစ်ရာ ဆိုပါတော့။ ဒါနဲ့ မင်းကိုပြောထားရဦးမယ်။ မင်းက အမေးအမြန်းထူသားဆိုတော့ ခု မင်းမေးချင်တာမေး။ တောထဲတောင်ထဲ ရောက်ရင်တော့ တောမေးတောင်မေး မမေးရဘူးနော်။ တောဆိုတာက နတ်ကြီးတယ်ကွ ကော်င်လေးရယ် . . ."

နတ်ကြီးတယ်ဟူသော ဦးကြီးထွန်း၏ စကားကြောင့် ထွန်းအောင်မှာ နှုတ်ဆိတ်သွားပြီး သူမေးမိတာ လွန်များသွားလားဟူသော သဘောနှင့် ဦးကြီးထွန်း၏မျက်နှာကို အားနာပါးနာ မော့ကြည့်နေမိသည်။

"ကဲ - မင်း ဘာများ မေးချင်သေးလို့လဲ"

"မေးစရာမရှိတော့ပါဘူး အဘ"

"အေး မင်းမမေးရင် မင်းကို ငါမေးမယ်။ တို့ဖြတ်လာကြတဲ့ ချောင်းကိုကော ဘာ့ကြောင့် ဒေါင်းရန်ချောင်းလို့ ခေါ်လဲ။ မင်း ဦးဦးသာညိုက ဘာပြောဖူးလဲ"

"ဦးဦးသာညိုက ဘာမှတော့ မပြောဘူးအဘ။ ဒီချောင်းကို ဒေါင်းရန်ချောင်းခေါ်တယ် မှတ်ထားဆိုလို့ ဒေါင်းရန်ချောင်းလို့ပဲ မှတ်ထားခဲ့ဖူးပါတယ်"



"ဒေါင်းရန်ဆိုတာတော့ မင်း သိပါတယ်နော်"

"သိပါတယ် အဘ။ မြင်လည်း မြင်ဖူးပါတယ်။ အတောင်မှာ အပြောက်အပြောက်တွေနဲ့ သိန်းငှက်လို ငှက်မျိုးပါ"

"အေး - ဒါဆို ဒေါင်းရန်ချောင်းလို့ ဘာ့ကြောင့် ခေါ်ခဲ့ကြလဲဆိုတာ အဘ ပြောပြမယ်"

"ဟုတ်ကဲ့"

"အဲဒီ ဒေါင်းရန်ငှက်တွေဟာ တပေါင်း၊ တန်ခူး လ,များရောက်ရင် ဒီချောင်းတစ်ဝိုက်ကို စုန်ဆန်ပြီး ပျားအုံတွေကို ပျံဝဲလိုက်ရှာကြတယ်။ သူတို့က ပျားအုံထဲရှိတဲ့ ပျားသူငယ်ကောင်လေးတွေကို အလွန်ကြိုက်ကြတယ်။ ဒီချောင်းနားတစ်ဝိုက်မှာလည်း ဟိုတုန်းက ပျားအုံတွေ သိပ်ပေါတယ်။ အဘတို့ လူပျိုပေါက်အရွယ်အထိ ဒီချောင်းဖျားမှာ ပျားအုံတွေကို တွေ့ရသေးတယ်။ အဘတို့ အဖေအဖိုး လက်ထက်တွေကတော့ ပျားအုံတစ်အုံဟာ လှည်းဘီးလောက်တောင် ရှိတယ်လို့ပြောပြဖူးတယ်။ အဲဒီ ပျားအုံတွေကို ဒေါင်းရန်ငှက်တွေကတွေ့ရင် ပျားအုံရှိရာကို ထိုးဆင်းလာပြီး ပျားအုံထဲက ပျားမကြီးတွေကို တောင်ပံနှစ်ဘက်နဲ့ တစ်ဖြောင်းဖြောင်း ရိုက်ခတ်ပြီး၊ ပျားသူငယ်တွေရှိတဲ့ ပျားသလက်ကို ဖဲ့ကိုက်ကာ မိုးပေါ်ပျံတက်ပြေးတယ်။ ပျံရင်းကလည်း ပျားသလက်ထဲက ပျားသူငယ်တွေကို စားပစ်တယ်။ ကုန်ရင် နောက်တစ်ခါ ထိုးဆင်းလာပြီး တိုက်ခိုက်လုယက်ပြန်တယ်။ ပျားကောင်ကြီးတွေကလည်း သူတို့အသိုက်အအုံကို လာဖျက်တဲ့ ဒေါင်းရန်ငှက်တွေကို မိုးပေါ်ထိ တက်လိုက်၊ ကိုက်ခဲကြ တုတ်ကြတယ်။ ဒါပေမယ့် ပျားတွေရဲ့ အတောင်က ပါးပါးလွှာလွှာလေးဆိုတော့ ဒေါင်းရန်ငှက်လို အမြင့်ကြီး ပျံတက်လို့ မလိုက်နိုင်ကြဘူး၊ အခေါ် ရောက်လေ လေပြင်းလေဆိုတော့ သူတို့ အတောင်ပါးပါးလေးတွေက ဆလဒဏ်ကို မခံနိုင်လို့ ပြန်ဆင်းပြီး သူတို့အုံကို ဝိုင်းခဲအုံထားပြီး ကာကွယ်ကြရှာတယ်။ ဒါပေမယ့် ပျားတွေက အုံပေါ်မှာ ထောင်ချီသန်းချီ ရှိနေပေမယ့် ဒေါင်းရန်ငှက်က ထိုးဆင်းလာပြီး၊ အတောင်ပံနဲ့ ရိုက်နှက်လိုက်တာနဲ့ ပျားတွေခမျာ ဖရိုဖရဲ လွင့်စင်ကုန်ကြတာပေါ့"

"အဲသလို ပျားနဲ့ ဒေါင်းရန်ငှက်တို့ တိုက်ခိုက်နေကြတာ အင်မတန် ကြည့်ကောင်းတယ်။ အဘတို့ဆို လှည်းရပ်ပြီးကို ကြည့်ကြရတယ်၊ ဒီလို တစ်ခါမှာတော့ ဒေါင်းရန်ကိုယ်ပေါ် ပျားကောင်ရေ သိန်းသန်းမက ဝိုင်း[illegible] ကိုက်ထားကြတော့ အတောင်လေးပြီး ဒေါင်းရန်ငှက်က မိုးပေါ်အမြင့်ကို [illegible] မတက်နိုင်တော့ဘူး၊ အဲဒီမှာတင် ပျံပြေးရင်းက ပျားကောင်ရေ[illegible] မြေပေါ်ကို ထိုးကျလာပြီး၊ ဒေါင်းရန်သေတာကိုလည်း အဘတို့ငယ်ငယ်[illegible] ဒီ ဒေါင်းရန်ချောင်းနားမှာ မြင်ဖူးတယ်။ ဒီလောက်ဆို [illegible]လာကြတဲ့ -

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကို လူတွေက ဒေါင်းရန်ချောင်းလို့ အစဉ်အဆက် ခေါ်လာကြတာ မင်း ရှင်းပြီနော်"

"ဟုတ် - ဟုတ်ကဲ့ပါ အဘ"

ဤသို့ဖြင့် စကားတစ်ပြောပြောနှင့် လာကြရာ မကြာမီ ရှေ့ကသွားနှင့်သော သိန်းမောင်ကြီးတို့ လှေည်းကို မီလာသည်။ လှည်းသုံးစီးသည် ဆက်၍ မောင်းလာကြရာ မြေညီသစ်တောစမှ တောနက်ထဲ စဝင်လာကြ၏။ ထိုအခါ အအေးဓာတ်က စတင်နှုတ်ဆက်လာသည်။ သစ်ပင်ကိုင်းခက် ရွက်လက်နိုးတံညို အကြိုအကြားမှ အတန်းလိုက် ဖြာကျနေသော နေရောင်ခြည်တန်းထဲတွင် နှင်းမှုန်များကလည်း ရစ်ဝိုင်းပြန့်ကျဲ အုံ့ဖွဲ့နေကြတုန်း။

သစ်ခက်သစ်ရွက် သစ်ကိုင်းခြောက်များကို လှည်းဘီးတက်ကြိတ်သွားသံ ဖြိုးဖြိုးဖြောက်ဖြောက်နှင့် ငှက်သံ၊ ကျေးသံ၊ မျောက်အော်သံများနှင့် တစ်ချက်တစ်ချက်တွင် အတော်ဝေးဝေး တောင်ပေါ်က ချေ(ဂျီ) ဟောက်သံများကိုပင် ကြားလာရသည်။

လှည်းကို သတိထား မောင်းရင်းနှင့်လည်း မီးသွေးဖုတ်ရန် သစ်ကောင်းရနိုင်သော နေရာနှင့် စခန်းချ၍ကောင်းသော နေရာများကိုလည်း ကြည့်ရှု လေ့လာကြသည်။ သူတို့အဖို့ စခန်းကောင်း နေရာကောင်းကို မရွေးချယ်၍လည်းမဖြစ်။ သူတို့မှာ တောထဲတောင်ထဲ လေးလ နေနေကြရမည့်သူများဖြစ်သဖြင့် စခန်းကောင်းနှင့် သစ်ကောင်းဝါးကောင်းများ ပေါများရာ သစ်လုံးကြီးငယ်တို့ ထူထပ်ရာကို ရှာဖွေကြရခြင်းဖြစ်သည်။

သူတို့လုပ်ငန်းမှာ ယခုလို ရိုးမတောနက်ထဲလာ၍ မီးတောက်မီးလျှံများနှင့် သက်စွန့်ဆံဖျား နပန်းလုံးကြရမည်ဖြစ်သော မီးသွေးဖုတ်လုပ်ငန်း။ ထို့ကြောင့်လည်း 'သစ်ကောင်းရမှ ဝမ်းကောင်းမည်' ဟူသော သူတို့၏ဆောင်ပုဒ်အရ သစ်ကောင်းသစ်မာများ ပေါများထူထပ်သော နေရာကို တမင်ရွေး၍ ရှာလာကြရခြင်းဖြစ်သည်။

သူတို့၏ လုပ်ငန်းဖြစ်သော မီးသွေးဖုတ်အလုပ်ဆိုသည်မှာ အမှန်တ လွယ်ကူသော အလုပ်တော့မဟုတ်။ သူတို့ပြုလုပ်ထားသော မီးသွေးဖိုမှာ အများအားဖြင့် ပေါက်ကွဲ ပျက်စီးတတ်တာများသည်။ ထိုသို့ မီးသွေးဖိုပေါက်ကွဲပါက အသိစောလျှင်တော်၏။ အသိ နောက်ကျပါက အသက်နှင့်ရင်း၍ ပိတ်ရ ဆို့ရ၊ ဖာထေးကြရသည်။ မီးပူခံ၍ ငရဲသားတစ်မျှ လုပ်ကိုင်ကြရသည်။ မည်သို့ဆိုစေ သူတို့၏လုပ်ငန်းမှာ နဖူးကချွေး ခြေမ,ကျရုံမက မြေပြင်သို့ပင် အိုင်ထွန်းအောင် ကျရသော လုပ်ငန်းဖြစ်သည်။

ဤသည်တို့ကြောင့်လည်း ထိုလုပ်ငန်းကို လုပ်ကိုင်ကြသူတွေမှာ ဒုပေနာပေ ခံနိုင်ရည်ရှိဖို့လိုသည်။ ကျွဲလှည်း၊ နွားလည်းရှိဖို့လိုသည်၊ သတ္တိ



ရှိဖို့လိုသည်။ အစစ အရာရာ၌ ဖျတ်လတ်သွက်လက်ပြီး အပင်ပန်းခံနိုင်ရမည်။ သို့မှသာ အောင်မြင်မှုကို ရနိုင်သော အလုပ်ဖြစ်၏။

"ဗျို့ . . . ဦးကြီးထွန်း၊ ဟိုနေရာဆို မကောင်းဘူးလား"

ရှေ့လှည်းပေါ်ရှိ မောင်သိုက်က ဦးကြီးထွန်းကို လှမ်းအော်ပြောသည်။

"အေး - ငါလည်း စဉ်းစားမိပါရဲ့ကွာ၊ တောကလည်းထူသားပဲ။ သုံးလေးဖိုလောက်တော့ အသာကလေး ရနိုင်မယ်"

ဦးကြီးထွန်းက သူ့လှည်းကို ခဏရပ်တံ့ကာ မောင်သိုက် လက်ညှိုးထိုးပြရာကို ကြည့်၍ ပြန်ပြောသည်။ ထိုအခါ သူတို့၏ လှည်းများမှာလည်း အလိုလို ရပ်တံ့ပြီးသား ဖြစ်သွားကြသည်။

"ဒီလိုဆို ဆင်းပြုကြည့်ကြရင် မကောင်းဘူးလားဗျ၊ ပိုပြီးသိရတာပေါ့"

ရွှေမော်က ပြောပြောဆိုဆိုနှင့် လှည်းပေါ်က ခုန်ဆင်းလိုက်သည်။ ထို့ကြောင့် ဦးကြီးထွန်းနှင့် ထွန်းအောင်တို့အားလုံးမှာလည်း လှည်းပေါ်ကဆင်း၍ မီးသွေးဖုတ်ရန်နေရာကို ရွေးချယ် ရှာကြည့်နေကြ၏။

သူတို့သည် လှည်းများကို လှည်းလမ်းကြောင်းထဲ၌ ထားခဲ့ကာ လှည်းလမ်းကြောင်း၏ လက်ယာဘက်တွင်ရှိသော တောထဲသို့ ခြေလျင် လျှောက်လာခဲ့ကြ၏။

"ဟော - ဒါ သပြေပင်ပေါ့ကွ၊ ဖြောင့်တန်းနေတာပဲ။ ဟိုက် - ဟိုဘက်မှာလဲ ကျွင်းတစ်ခုပါလား။ ခက်တော့တာပဲ။ ဒီနေရာကို ဘယ်သူများဦးသွားပြီလဲ မသိဘူး။ ဒီအပင်ကတော့ နွားတုံးလုပ်ရင် သိကောင်းမှာပဲဟော့"

ဦးကြီးထွန်းက တောအခြေအနေကို ကြည့်ပြီး ဆိုသည်။ ဦးကြီးထွန်းပြောသော 'နွားတုံး'ဆိုသည်မှာ မီးသွေးဖို၏ အောက်ခံတုံးကို ဆိုလိုခြင်းပင်ဖြစ်သည်။ အောက်ခံတုံးပြုလုပ်ရမည်ဖြစ်သော အပင်မှာ ထိပ်ဝအကျယ် တစ်တောင်ကျော်မျှ ရှိရမည်။ ထို့ပြင် ၎င်းတုံး၏ အရှည်မှာ ပေ(၄၀)မှိုရပေသည်။ သို့မှသာ ယင်းကို နွားတုံးလုပ်၍ရသည်။ မီးသွေးတစ်ဖိုတွင် နွားတုံးနှစ်တုံးပါလေရာ ၎င်းနွားတုံးတို့သည် မီးသွေးဖို တစ်ခုလုံး၏ အရေးပါ အရာရောက်သော ပစ္စည်းတစ်ခုပင်ဖြစ်၏။ တောတစ်တောသို့ မီးသွေးဖုတ်ရန် အရင်ဦးဆုံးလာရောက်သောသူသည် ၎င်းတောအား မိမိမီး သွေးဖုတ်မည်ဟူ၍ ဖော်ပြသောကြောင်း အမှတ်အသား တစ်ခုခု ပြုလုပ်ပြီး ထားရှိရသည်၊ သို့မှသာ ထိုတော လုပ်ငန်းတစ်ခုခုကို အကောင်အထည် ပေါ်လာအောင် စတင်၍ ပြုလုပ်ထားရသည်။ သို့မှသာ ၎င်းနေရာသို့ မည်သူ တစ်ဦးတစ်ယောက်မှ ဝင်လာရောက်တော့ချေ။ အကယ်၍ မီးသွေးဖုတ်ရန် လာရောက်သည့်တိုင်အောင် ထိုနေရာ၌

www.burmeseclassic.com



မိမိထက် ဦးသူရှိနေသည်ကို လုပ်ငန်းအရ သက်သေခံနေသဖြင့် ထိုလူသည် ဤနေရာကို စွန့်လွှတ်ပြီး အခြားတစ်နေရာသို့ ထွက်ခွါသွားရပေမည်။ ဤသည်ကား သူတို့လို မီးသွေးဖုတ်သော အလုပ်သမားများ၏ ချစ်စရာကောင်းသော စည်းကမ်းဥပဒေ ဓလေ့ထုံးစံပင်။

မီးသွေးဖိုကျင်းတစ်ခု၏ ပုံစံမှာ အလျား ပေ(၄၀)လောက်ရှိရမည်။ ပြီး ထိုကျင်း၏ အနက်မှာ (၃)ပေရှိရမည်။ သူတို့ယခု တွေ့မြင်ရသောကျင်းမှာသည်လိုမဟုတ်။ အလျား(၆)ပေလောက်ရှိပြီး အနံမှာ(၂)ပေနှင့် အနက်မှာလည်း (၂)ပေလောက်သာရှိသည်။ ထို့ကြောင့် ၎င်းကျင်းငယ်ကို မီးသွေးကျင်းမဟုတ်ဟု ထွန်းအောင်က ထင်၏။

"အိုး - ဦးကြီးထွန်းကလည်းဗျာ၊ ဒီနေရာက သွားရေးလာရေးလည်း လွယ်ကူတယ်ဗျ။ ဒီကျင်းက ဘာလုပ်ထားတဲ့ ကျင်းမှန်းမသိတာ နောက်ပြီး မြေတွေတောင် ပြိုတဲ့နေရာက ပြိုနေပြီပဲ။ တကယ်လို့ တစ်ခြားတစ်ယောက်ယောက်ကပဲ ဦးထားတယ်ဆိုဦးတော့ သစ်ပင်လေးဘာလေး လှဲပြုပြီး 'တောစ' ထားရမှာပေါ့ဗျာ။ အခုတော့ ဒီကျင်းတစ်ခုကလွဲပြီး ဘာမှ ဒီအနားမှာ အမှတ်အသားမှမရှိတာ"

လူငယ်တွေက သည်နေရာကို လုံးဝ လက်လွှတ်မခံချင်ကြပေ။ အကြောင်းမှု သည်ကျင်းကို မီးသွေးဖုတ်ရန် ပြုလုပ်ထားသော ကျင်းဟူ၍ သူတို့က ထင်မယ်ကြည်ကြသဖြင့် ဖြစ်၏။ သစ်ကောင်း၊ ဝါးကောင်းများ ပေါကြွယ်ပြီး တောထူသဖြင့် အနည်းဆုံး မီးသွေး လေးငါးဖိုလောက် ကောင်းမွန်စွာ ဖုတ်နိုင်သည်ဟု သူတို့က ယူဆသည်။ ထို့ကြောင့်လည်း ဦးကြီးထွန်းကို သူတို့က ယခုလို ပြောဆိုရခြင်းဖြစ်၏။

"ဟုတ်တယ် ဦးကြီးထွန်းရဲ့ ထွန်းအောင်ပြောတာ မှန်တယ်ဗျ။ တောသိပ်နက်နက်ကြီးထဲကို သွားရမယ်ဆိုရင် ကျွဲနွားလည်းပန်း၊ လူလည်းပန်းပြီး အလုပ်လုပ်ရအာ သိပ်ပြီး တွင်ကျယ်မှာ မဟုတ်ဘူး ဗျ . . ."

မောင်သိုက်က ထွန်းအောင်၏စကားကို ထောက်ခံလိုက်သည်။

သို့သော် ဦးကြီးထွန်းက လူကြီးပီပီ နေရာဌာနကို စဉ်းစားတတ်သည်မို့ ဘာမှ မပြောဘဲ ခပ်တွေတွေလုပ်နေ၏။

"မင်းတို့က တယ်ပြီး အပြောလွယ်တဲ့ကောင်းတွေပဲ။ တကယ်လို့ တို့ထင်သလို သူများတကာတွေ လာပြီး ဦးထားတဲ့နေရာဆိုရင် ဘယ့်နှစ်လုပ်မလဲ။ တောထဲတောင်ထဲလာပြီး တစ်ဦးနဲ့တစ်ဦး စကားများရရင် မကောင်းဘူးကွ"

အစစအရာရာ၌ စိုးရိမ်တတ်သော ကိုသိမ်းမောင်က ဆိုသည်။ သူ့အပြောကလည်း မဆိုလှ။ လက်ခံနိုင်စရာရှိသည်။ သို့သော် ယခု သူတို့ တွေ့



မြင်နေကြရသော ကျင်းငယ်မှာ မီးသွေးဖုတ်ရန် တူးထားသော ကျင်းပုံစံနှင့်မတူ။ မည်သို့ကြည့်ကြည့်၊ ကြည့်ချင်သလိုကြည့်၊ မတူရေးချမတူ ဖြစ်နေသည်။ ဆိုကျင်းမှာ လူသေကောင် မြှုပ်နှံမည့် ကျင်း၏ပုံစံမျိုးလို ဖြစ်နေသည်။ ထိုမြင်ကျင်းတစ်ဘက်ကလည်း မြေများ ပြိုကျနေသည်မို့ သူတို့အဖို့ စဉ်းစားရ ခက်နေသည်။

မြင်တွေ့နေရသော အမှတ်အသားကလည်း မထင်မရှား၊ ဝိုးတဝါးနိုင်လှသည်။ 'စားရမှာလည်း သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း ဆီနဲ့ဝင်းဝင်း' ဆိုသလိုပင်။

ထို့ကြောင့်လည်း သူတို့မှာ တစ်ယောက်တစ်မျိုးနှင့် အမျိုးမျိုးထင်ကြေးပေးကာ ဝေဖန် ပြောဆိုနေကြ၏။

မည်သို့ဆိုစေ ၎င်းကျင်းငယ်ကို လူမတူးမဆွဘဲ မည်သို့မျှ သူ့အလိုအလျောက် ဖြစ်ပေါ်လာနိုင်စရာ အကြောင်းကတော့ မရှိ။ ဤသည်ကိုလည်း သူတို့က တွေးတော့ တွေးမိကြသည်။

"အို - ကိုသိမ်းမောင်ကလည်းဗျာ။ အလကား မဟုတ်တာတွေ လျှောက်တွေးပြောနေတာပဲ။ ကျွန်တော်တို့တော့ မောင်သိုက်နဲ့ ထွန်းအောင် ပြောတာကိုပဲ သဘောကျတယ်။ တကယ်လို့ သူများဦးထားတယ် ဆိုရင်လဲ အခြေအနေ ကြည့်ပြီး လုပ်ကြတာပေါ့။ မဟုတ်ဘူးလားကွ"

အသားမဲသလောက် စိတ်တိုတတ်သော တင်ဆိုင်က ဝင်ပြောပြန်သည်။ ပြီးလျှင် သူ့ဘေး၌ ခတ်ကုပ်ကုပ်လေး ရပ်နေသော လှဝင်းနှင့် ကြည်ဝင်းကိုလည်း လှမ်းပြောလိုက်သေးသည်။ တင်ဆိုင်၊ ကြည်ဝင်းနှင့် လှဝင်းတို့ သုံးယောက်ကို လှည်းများပြန်ပို့ရန်နှင့် ဝိုင်းဝန်းလုပ်ကိုင်ရန် ရွာမှ ခေါ်ဆောင်လာ ခဲ့ကြခြင်းပင်ဖြစ်၏။

"ဟုတ်တယ် ဟုတ်တယ်၊ တင်ဆိုင့်ပြောတာ မှန်တယ်။ တကယ်လို့ ဦးကြီးထွန်းနဲ့ ကိုသိမ်းမောင်တို့ ပြောသလို ပြဿနာဖြစ်လာလဲ နောက်မှ ကြည့်ရှင်းကြတာပေါ့"

"နောက်မှ ကြည့်ရှင်းလို့ ဘယ်ဖြစ်ပါ့မလဲကွ။ အခုရှုပ်မှ နောင်ရှင်းမှာ။ အခုပဲ အပြတ်ရှင်းရမယ်။ မင်းတို့သုံးယောက်က ရွာကို စောစော ပြန်ချင်တိုင်း တို့ကို ချောက်တွန်းနေတာပဲ"

လှဝင်းတို့ကို ဦးကြီးထွန်းက ငေါက်လိုက်သည်။ ထို့ကြောင့် ခေါင်းပြုံးပြုံးနှင့် သွားခေါ်သော လှဝင်းမှာ ငြိမ်၍ ဇက်ပုသွားလေသည်။

သူတို့သုံးယောက်၏ တာဝန်မှာ အားလုံး တောထဲသို့ရောက်သည်နှင့် တဲဝိုင်းဆောက်ရမည်။ လိုအပ်ပါက သစ်ဝါးများကို နွားနှင့်တိုက်ပေးရမည်။ ယင်းကဲ့သို့ လုပ်ငန်းများ လုပ်ကိုင်ပြီးစီးသည်နှင့် သူတို့၏ တာဝန်များ

www.burmeseclassic.com

www.burmeseclassic.com



ပြီးဆုံးပေမည်။ ထို့ကြောင့် သူတို့ကလည်း မကြန့်ကြာသင့်သော အချိန်ကို ကြန့်ကြာစေချင်ကြသည်မှာလည်း သူတို့အပြစ်မဟုတ်။

"အို . . . ပြောနေတာကြာတယ်ဗျာ။ ဟို့ - ဦးကြီးထွန်း၊ ကျွန်တော်တော့ လှည်းတွေ ဒီနေရာကို မောင်းလာခဲ့တော့မယ်"

"ဟေ့ကောင် . . မောင်သိုက်၊ မင်းကလဲ စိတ်ချည်းပဲ၊ နေပါဦးကွ။ ချင့်ချိန်ပြီးလုပ်တော့ မမှားနိုင်ဘူးပေါ့ ကွ"

ပြောပြောဆိုဆိုနှင့် လှည်းများကို မောင်းနှင်ယူရန် ထွက်ခွါသွားသော မောင်သိုက်ကို ဦးကြီးထွန်းက အော်ပြောလိုက်ပြီး၊ ပတ်ဝန်းကျင်ကို ဆန်းစစ်လာရန် ဦးကြီးထွန်းက တောထဲဝင်သွားသည်။

"အိုဗျာ . . . ဦးကြီးထွန်း စဉ်းစားနေတာနဲ့ နေမွန်းတည့်တော့မယ်။ ဒိုက်က ဆာလာပြီဗျ။ လုပ်စရာရှိတာ မြန်မြန်လုပ်တော့ မြန်မြန်ပြီးတာပေါ့"

မောင်သိုက်က ဦးကြီးထွန်းကို မကြားတကြားပြောကာ လှည်းများကို မောင်းနှင်ယူရန် ထွက်ခွါသွား၏။

မည်သို့ဆိုစေ၊ လူငယ်ပီပီ တက်တက်ကြွကြွနှင့် လုပ်တတ်၊ ပြောတတ် ဆိုတတ်သော မောင်သိုက်ကို အားလုံးကတော့ သဘောကျကြ၏။

သူတို့မှာ ဦးကြီးထွန်းနှင့် ဆက်လက်၍ မဆွေးနွေးတော့ဘဲ မိမိတို့၏ လှည်းများကို မောင်းနှင်ယူဆောင်ခဲ့ရန် ထိုနေရာမှ လှည်းများရှိရာသို့ ထွက်ခွါလာကြသည်။ ကိုသိမ်းမောင်ကမူ ဦးကြီးထွန်းနှင့် အခြေအနေကို တိုင်ပင် ညှိနှိုင်းရန် ဦးကြီးထွန်းနောက် ထွက်လိုက်သွား၏။ သူတို့၏လှည်းများ ရပ်တန့်ထားသော နေရာမှာ ယခုနေရာနှင့် အနည်းငယ် အလှမ်းဝေးလေသည်။ ယင်းကြောင့် မြန်မြန်ရောက်ရန် ခြေလှမ်းခပ်သွက်သွက်နှင့် လျှောက်လှမ်းလာခဲ့ကြရ၏။ လူငယ်များဖြစ်ကြသော ထွန်းအောင်တို့အားလုံးမှာ လှည်းများအနီးသို့ ရောက်သည်နှင့် လျှင်မြန်စွာ ခုန်တက်လိုက်ကြသည်။ ပြီးလျှင် စောစောက သူတို့စခန်းချရန် သတ်မှတ်ထားသော နေရာသို့ ရောက်အောင် လှည်းလမ်းကြောင်းမှ ခွဲထွက်ပြီး၊ လှည်းသုံးစီးစလုံးကို တောလမ်းအတိုင်း မောင်းနှင်လာကြ၏။ ဦးကြီးထွန်း၏လှည်းကို လှည်းစောင့်အဖြစ် ကျန်ရစ်သူ ရွှေမော်ကလည်း မောင်းနှင်လာသည်။

လှည်းများမှာ ဦးကြီးထွန်းတို့ အနားသို့ ရောက်သည်နှင့် ရုတ်ချည်း ရပ်တန့်လိုက်ကြသည်။ သည်အခါ ဦးကြီးထွန်းနှင့် ကိုသိမ်းမောင်တို့မှာ မောင်သိုက်တို့ အားလုံးကို မည်သို့မျှ ပြောဆိုခြင်းမပြုဘဲ၊ သစ်တော၏ အနေအထားကိုသာ အကဲခတ်နေကြတုန်း။

သူတို့လူငယ်များကသာ လှည်းပေါ်က ပစ္စည်းများကို အောက်သို့ချရန် ပြင်ဆင်နေကြသော်လည်း ဦးကြီးထွန်းကမူ မလှုပ်မယှက် ငြိမ်သက်နေ



သေး၏။ သူ၏ လှည်းပေါ်မှ ပစ္စည်းများကိုလည်း အများနည်းတူ အောက်သို့ ချချင်ပုံ မပေါ်သေး။ အနီးဝန်းကျင်ရှိ သစ်တော၏ အခြေအနေကို ထပ်ကြည့်လေ့လာရန် တောထဲ ဝင်သွားပြန်၏။

ထို့ကြောင့် ဦးကြီးထွန်းကို လူငယ်များက မည်သို့မျှ ပြောဆိုခြင်း မပြုဘဲ မိမိတို့၏ လှည်းပေါ်မှ ပစ္စည်းများကိုသာ အောက်သို့ သယ်ချနေကြတော့သည်။ ထိုစဉ် -

"ဟေ့လူတွေ . . . ဟေ့လူတွေ၊ အဲဒါ ဘာလုပ်ကြတာတုံးဗျ။ ဒီနေရာကို ကျုပ်တို့ ဦးထားတာ ကြာပြီဗျ"

သူတို့လှည်းပေါ်မှ ပစ္စည်းများကို အောက်သို့ သယ်ချသူချ၊ တဲ ဆောက်ရန် နေရာရွေးသူကရွေးနှင့် အလုပ်ရှုပ်နေကြချိန်တွင် သူတို့ အရှေ့ဘက်ဆီမှ မကြေမနပ်သော အသံတစ်ခုက စူးရှကြယ်လောင်စွာ ထွက်ပေါ်လာ၏။ ထို့ကြောင့် မောင်သိုက်တို့မှာ အသံလာရာသို့ ပြိုင်တူလှည့် ကြည့်လိုက်ကြသည်။

ဝန်စည်စလယ်များ အပြည့်အကျပ် တင်ထားသော လှည်းနှစ်စီးသည် လှည်းလမ်းကြောင်းမှ ခွဲထွက်ပြီး၊ သူတို့ဆီသို့ ဦးတည်ပြီး မောင်းနှင်လာသည်။ ထိုလှည်းနှစ်စီးပေါ်တွင် လှည်းမောင်းသူအပါအဝင် တစ်စီးလျှင် လူသုံးယောက်စီ လိုက်ပါလာကြသည်ကိုလည်း တွေ့မြင်ရသည်။

ထိုသို့ ဦးတည်ပြီး မောင်းနှင်လာသော လှည်းနှစ်စီးအနက် ရှေ့ဆုံး လှည်းမှ ပုကွကွဝင်တိုတိုနှင့် အင်္ကျီအကွက်ကြားကြီးကို ဝတ်ဆင်ထားသော သူက အလွန် မကြေမနပ် ဖြစ်သွားသံနှင့် "ဟေ့ လူတွေ ပြောတာကြားလား" ဟု ထပ်ပြီး ဆိုလာပြန်၏။

ထို့ကြောင့် သူတို့မှာ လုပ်လက်စအလုပ်များကို ရပ်တန့်ကာ လူချင်း မသိမသာ စုနေလိုက်ကြသည်။ မစု၍လည်းမရ။ အခြေအနေက သူတို့ထင် ထားသည်ထက်ပင် တင်းမာလာမည့်ဟန် ရှိသည်။

လှည်းနှစ်စီးမှာ သူတို့နှင့် မလှမ်းမကမ်းနေရာသို့ ရောက်သည်နှင့် ရပ်တန့်လိုက်သည်။ ရှေ့ဆုံးကလှည်းကို မောင်းနှင်လာသော ဝင်တိုတို အသားမဲမဲနှင့် အရပ်ပုသော်လည်း ကိုယ်လုံးကိုယ်ပေါက်မှာ ဘို့တင်ပြီး တွဲ တစ်ကောင်လို တောင့်တင်းသန်မာသော လူက လှည်းပေါ်က ဦးစွာခုန်ဆင်း လိုက်သည်။ ထို့နောက် သူတို့လူ (၆)ယောက်စလုံး လှည်းပေါ်က ချတ်ချင်း ခုန်ဆင်း လာကြသည်။ သူတို့၏မျက်နှာများမှာ ပိုင်ဆိုင် ရယူထားသော ပစ္စည်းတစ်ခုကို လက်လွှတ်ဆုံးရှုံးရတော့မည်မို့ စိုးရိမ် ပူပန်မှုများနှင့် ဒေါသ မျက်နှာများကို ပြနေကြသည်။ သို့ရာတွင် မောင်သိုက်တို့အဖွဲ့က (၉)ယောက်။ လူငယ်လူရွယ်တွေများသည်၊ သူတို့ကခြောက်ယောက်။ ပိန်ပိန်ညှော်ညှော်

www.burmeseclassic.com



ချာတိတ်တွေလည်းပါသည်။ သန်မာပုံရသည်ဆို၍ အကျီအကွက်ကျားနှင့် အရပ်ရှည်ရှည် ထွားထွားကျိုင်းကျိုင်း လူတစ်ယောက်သာပါသည်။ ကျန် လူကြီး တစ်ယောက်သည် မောင်သိုက်တို့ အဖွဲ့ခေါင်းဆောင် ဦးကြီးထွန်းနှင့် မတိမ်းမယိမ်းပင်ရှိ၏။

(၁၂)နှစ်လောက်ရှိမည်ဟု ခန့်မှန်းရသော ပိန်ညှော်ညှော် ချာတိတ် နှစ်ယောက်မှာ လှည်းများပြန်ပို့ရန် ခေါ်ဆောင်ခဲ့သော ခလေးနှစ်ယောက် ဖြစ်ဟန်တူသည်။

သူတို့က ချာတိတ်နှစ်ယောက် အပါအဝင် လူ(၆)ယောက်။ မောင်သိုက်တို့က လူ(၉)ယောက်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် ရင်ဆိုင်၍ သတ်ကြပုတ်ကြရမည်ဆိုလျှင် မောင်သိုက်တို့က လူအင်အားသာသည်။

ထို့ကြောင့် လူငယ်များမှာ တစ်အားတက်မိကြသည်။ သူတို့က 'ဒုတ်' ဆိုလျှင် 'ဒုတ်'ခြင်း။ 'ဓား'ဆိုလျှင် 'ဓား'ခြင်း။ လက်, လက်ခြင်း ဆိုလျှင်လည်း မောင်သိုက်တို့ဘက်က ဝန်မလေး။ အစစအရာရာကို ရင်ဆိုင်ရန်အသင့်။

"နေပါဦးဗျ ဒီနေရာကို ခင်ဗျားတို့က ဦးထားတယ် ဆိုရအောင် ဘာအမှတ်အသား ရှိလို့လဲ"

ရွှေမော်က သူတို့ကို ဘာမထီပုံနှင့် ပြန်မေးလိုက်မှပင် ထိုလူမှာ ရွှေမော်၏အမေးကြောင့် ပို၍ ဒေါသထွက်သွားပုံရသည်။

"အဲဒီမှာ ကျင်းတူးထားတာ မင်းတို့ မမြင်ဘူးလား"

ဟု အကျီအကွက်ကြားနှင့် လူက စေ့စေ့ကြည့်ရင်း ဒေါသနှင့် အော်ပြောသည်။ ပြီးတော့ ညည်းသလိုလိုနှင့် "မျက်စိမပါတဲ့ လူတွေကျနေတာပဲ"ဟုလည်း ဆိုလိုက်သေးသည်။

"အိုဗျာ. . . ခင်ဗျားတို့က စကားကို ကောင်းကောင်းပြောပါဗျ။ မအော်ပါနဲ့။ ကျုပ်တို့ နားမလေးဘူး"

မောင်သိုက်က မခံချင်စိတ်နှင့် သူတို့ကို ပြန်အော်သည်။

"အော် . . . နားမလေးရင် မင်းတို့မျက်လုံးတွေ ကန်းနေလို့ တို့ဦးထားတဲ့နေရာကို လာဦးရတာလဲ"

သူတို့ကလည်း မောင်သိုက်တို့လိုပင် သဘောပိုက်ထားကြပုံ ရလေသည်။ မောင်သိုက်တို့ကို စူးစူးရဲရဲ ထပ်ကြည့်ရင်း သည်းမခံနိုင်လောက်သော အသံမျိုးဖြင့် ဆိုပြန်သည်။ ထို့ကြောင့် ထွန်းအောင်၊ ရွှေမော်တို့ကလည်း တစ်ဘက်လူများကို လုံးဝ ကြည့်၍မရတော့။

"မကန်းဘူးဗျာ့ - မကန်းဘူး။ နားလည်တယ်။ နားလည်တယ်။ ကျုပ်တို့က လူငယ်ပေမဲ့ မီးသွေးဖုတ်စားလာတာ အံခွနေပြီ. ."



"မီးသွေးဖုတ်ပြီးစားလာတာ အံခွနေရင် ငါတို့ဦးထားတဲ့ နေရာမှာ လာပြီး ဘာလို့ လုစွာလုပ်ရတာလဲ။ မင်းတို့ တို့နေရာကို အခုဖယ်ပေး မလား မဖယ်ပေးဘူးလား။ ဒါပဲ ပြော . . ."

သူကလည်း သတ္တိခဲ အာဂမောင်။ လက်သီးလက်မောင်း တန်း၍ဆို၏။ ပြီး သူ့ဘေးမှလူများကိုလည်း လက်တို့၍ အချက်ပြလိုက်သည်။ ခြေထောက်နင်း၍ သတိပေးသည်၊ အခြေအနေက မလှတော့ . . .။

ထို့ကြောင့် မောင်သိုက်တို့ကလည်း လူငယ်ပီပီ ကြက်ခေါင်းဆိတ်မခံချင်ကြ။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ကြသည်။ သူတို့က သေးသေးတင်လျှင် မိမိတို့က လုံးကြီးတင်ချင်သည်။ ယခု သူ့စကားက နမ်ကျဲပါ စော်ကားမော်ကား ပြောလသဖြင့် မောင်သိုက်တို့မှာ ဒေါသကြောင့် အသား တဆတ်ဆတ် တုံနေကြသည်။ ထို့ကြောင့် စိတ်ကို ချုပ်တီးခြင်းငှာ မစွမ်းနိုင်တော့သဖြင့် အံကိုတင်းတင်းကြိတ်၍ သူတို့ကို စိန်ခေါ်လိုက်သည်၊

"ကဲ. . . မဖယ်ဘူးဗျာ. . .။ မဖယ်တော့ ဘာလုပ်ချင်လဲ။ လာလေ သတ္တိချင်း ယှဉ်ကြည့်ရအောင်"

"အော် - မင်းတို့က ဒီလိုလား"

"အေး . . . ဒီလိုပဲ"

"ဟေ့ - မတရားတာဆိုရင် နည်းနည်းမှ ခံတဲ့ကောင်းမဟုတ်ဘူးကွ။ ငါ့ကျော်တဲ့ တစ်ကျော်ထဲရှိတယ်ကွ။ တစ်သက်မကလို့ ဆယ်သက် သေပလေ့စေ။ ဘယ်သူ့မှ ဂရုမစိုက်ဘူး. . ."

"ဟေ့ကောင် - မောင်သိုက် နေဦး နေဦး။ ငါပြောပါရစေဦး၊ မောင်သိုက်တို့ ထွန်းအောင်တို့ ရွှေမော်တို့ အားလုံး နောက်ဆုတ်ကြစမ်း၊ နောက်ဆုတ်ဆိုရင် အခုဆုတ်။ မဆုတ်ဘူးလား . . . ဆုတ်မလား. . ."

နှစ်ဘက်လူများ၏ ပြောပုံဆိုပုံနှင့် အစွမ်းကုန်တင်းမာလာသော အခြေအနေကို ဦးကြီးထွန်းက ကြားသွားသဖြင့်၊ ကမန်းကတန်းပြေးလာကာ နှစ်ဘက်ကြားသို့ ချက်ချင်း ဝင်ရပ်လာသည်။ ပြီးလျှင် သူ့လက်ထဲ၌ ဝင်းလက်သော ကိုင်းခုတ်ဓားကြီးကို ကိုင်၍ မိမိအဖွဲ့သားများကို အော်ပြောသည်။ ဦးကြီးထွန်းမှာလည်း ပြော၍ရလျှင်ရ။ မရလျှင် စိတ်ထင်သလို လုပ်မည့် ပုံမျိုး။

ထို့ကြောင့် မောင်သိုက်တို့မှာ ဦးကြီးထွန်းကိုကြည့်၍ ငြိမ်သွားကြသည်၊ ဦးကြီးထွန်းကသာ ယခုလို အချိန်မီ ဝင်ရောက်မဟားဆီးလျှင် နှစ်ဘက်ရန်ပွဲမှာ တွေးဝံ့စရာပင် မရှိလောက်သော အခြေအနေသို့ ရောက်နေသည်။

"ဦးကြီးထွန်းက ကျွန်တော်တို့ကိုပဲ ပြောနေတာပဲ ဟိုဘက်တလူ

www.burmeseclassic.com



တွေကိုတော့ မပြောဘူး. . .”

မောင်သိုက်က ဒေါသနှင့် ဦးကြီးထွန်းကို ပြန်အော်သည်။

“ဟေ့ကောင် မောင်သိုက်၊ ငါ လူ့လိုပြောနေတာကွ။ မင်းလူစကား နားမလည်ဘူးလား။ တောက် . . . ငါ တယ်လေ. . .”

ဦးကြီးထွန်းက သူ့စကားကို နားမထောင်ရကောင်းလားဟု မောင်သိုက်ကို ဒေါပွသွားသည်။ ထို့ကြောင့် သူ့ဓားကြီးကိုဝင့်၍ မောင်သိုက်ကို ကြိမ်းမောင်း အော်လိုက်၏။

သည်အခါ . . . မောင်သိုက်မှာ ဦးကြီးထွန်းကို မည်သို့မျှ မပြောဆိုနဲ့တော့ပဲ ငြိမ်သွားသည်။

ထိုအတူ ထွန်းအောင်တို့ အားလုံးလည်း မလှုပ်ဝံ့ကြတော့။ ဦးကြီးထွန်း အပြင် ကိုကျော်စိန်နှင့် ကိုသိမ်းမောင်တို့ကလည်း ထွန်းအောင်တို့ ရှေ့မှာလာပြီး ဝင်ရပ်နေကြသည်။

“ခင်ဗျားတို့နဲ့ ကျုပ်တို့က ဘဝတူ လုပ်ဖော်ကိုင်ဖက်ချင်းပါဗျ။ ကောင်းကောင်းပြောလဲ ရပါတယ်။ ကျုပ်တို့ကလည်း လူ့တွေပါ။ လူ့စကား ကို နားလည်ပါတယ် . . .”

ဦးကြီးထွန်းက မိမိတို့အဖွဲ့သားများကို အချိန်မီ ထိမ်းသိမ်းပြီးသည်နှင့် တစ်ဘက်လူကို လှည့်၍ပြောသည်။

“ကျုပ်တို့ကလည်း လူလိုပဲ ပြောတာပဲ။ ခင်ဗျားတို့ ကောင်းတွေက သက်သက် လူစွာလာလုပ်. . .”

ဦးကြီးထွန်း၏ စကားကို စံကျော်ဆိုသူက ပြန်အော်သည်။

“ဟေ့ကောင်. . . တော်. . . တော်၊ မင်းနဲ့ စကားပြောလို့ ဖြစ်မှာ မဟုတ်ဘူး။ မင်းတို့ထဲက လူကြီးတစ်ယောက်ယောက်နဲ့ ငါနဲ့ စကား ပြောမယ်. . .”

ဦးကြီးထွန်းက စံကျော်၏ စကားကို ဆုံးအောင်မစောင့်တော့ဘဲ အော်ပစ်လိုက်သည်။ ထိုအခါမှ စံကျော်လည်း နည်းနည်းတော့ ငြိမ်သွား၏။

“ဟုတ်သားပဲ စံကျော်ရ။ မင်းတို့ လူငယ်တွေကြောင့်လည်း ခက်ပါ တယ်ကွာ။ တစ်ဆိတ်ရှိ မင်းတို့က ရန်စကားပဲ ပြောတတ်တယ်။ ဘဝတူ ချင်း ပြေရာပြေကြောင်း ပြောကြရမှာပေါ့။ ဟို တစ်ဘက်ကလည်း သူ့လူတွေ ကို ထိန်းသိမ်းနေတာပဲ။ မင်းက ဒီလိုပြောရလားကွ။ ကဲ ဒီအစ်ကိုက ဘာ ပြောချင်လို့လဲ ပြောပါ။ ကျွန်တော်က ဒီအဖွဲ့ရဲ့ခေါင်းဆောင် ဆိုပါတော့ဗျာ။ ဒီကျင်းကိုလည်း ကျွန်တော်နဲ့ ဒီက မောင်စံကျော်တို့ ကိုယ်တိုင်လာပြီး တူး ထားကြတာပါ . . .”

နောက်မှ ပြေးရောက်လာပြီး ဦးကြီးထွန်းလောက်ပင် ရှိသော လူကြီး



က စံကျော်ဆိုသူ၏ ရှေ့သို့ထွက်ရပ်ပြီး ပြောသည်။ သူ၏အပြောအဆိုက ရည်ရည်မွန်မွန်ရှိသည်။

ဦးကြီးထွန်းက “နောက်ဆုတ်ပါ. . . နောက်ဆုတ်ပါ”ဟု ပြောဆိုနေ သော်လည်း မောင်သိုက်တို့က နောက်မဆုတ်ကြသေး။ စကားဝင်ရောက်မ ပြောသည်မှလွဲပြီး အခြေအနေအားလုံးကို မျက်တောင်မခတ်ဘဲ စူးစူးစိုက် စိုက် ကြည့်နေမိကြသည်။

“ကဲ - ဒီလိုဆိုရင် ခင်ဗျားကိုကျွန်တော်မေးမယ်။ ဘယ်သူမှဝင်မ ပြောရအောင် ခင်ဗျားလူတွေကိုခင်ဗျား ထိန်းပါ။ ကျွန်တော့လူတွေကတော့ မြင်တဲ့အတိုင်းပဲ. . .”

ဦးကြီးထွန်းက ကိုင်းခုတ်ဓားကြီး တရမ်းရမ်းနှင့် စကားစ,သည်။

“ကဲ - စံကျော်နဲ့ အောင်ရွှေတို့ ငြိမ်ငြိမ်လေးနေကြစမ်း။ တို့လူကြီး ချင်း စကားပြောမယ်။ မင်းတို့ဘာမှ ဝင်မပြောနဲ့ . . .”

တစ်ဘက်လူကြီးက သူ့လူများကို ပြောသည်။ သို့သော် စံကျော်ဆို သောလူက သိပ်ပြီးကျေနပ်ချင်ပုံမပေါ်။ အခြားလူများက ငြိမ်သွားကြပြီမို့ သူလည်း ခဏတော့ ငြိမ်လိုက်ရဟန်တူသည်။

“ကဲ - ဒီကျင်းရဲ့ ပေရှည်အလျား ဘယ်လောက်ရှိလဲ။ ခင်ဗျားတို့ တူးထားတဲ့ ကျင်းဆိုရင် ခင်ဗျားတို့ သိမှာပေါ့”

ဦးကြီးထွန်းက အလုပ်,လုပ်သည့်နေရာတွင် စေ့စပ်သေချာလှသည်။ ထို့ကြောင့် ယခုလူများသည် လိမ်ညာနေသလား၊ သူတို့တူးထားသော ကျင်း အမှန်စင်စစ် ဟုတ်လေသလားဟု သိရှိနိုင်ရန် ဤမေးခွန်းကို မေးလိုက်ခြင်း ပင်။

မောင်သိုက်တို့လူတွေမှာ ဦးကြီးထွန်း၏ စကားဆုံးသည်နှင့် ထိုလူ ကြီး၏အဖြေကို စောင့်၍ နားထောင်နေကြသည်။ ရင်ထဲ၌လည်း ‘မှားပါစေ . . . မှားပါစေ. . . မှန်အောင် မဖြေနိုင်ပါစေနဲ့’ဟု ဆုတောင်းရင်း ရင်အ သိတ်သိတ် ဖြစ်နေကြရသည်။ အကယ်၍ သည်လူကြီး၏ အပြော မှန်သွား ခဲ့လျှင် ယခု ဤနေရာကို မောင်သိုက်တို့ လက်လွှတ် ဆုံးရှုံးရမည် မဟုတ်ပါ လား။

“ဒီကျင်းကို ကျွန်တော့လက်လံနဲ့ တိုင်းပြီး တူးထားတာ ဆယ်လက် လောက်ပဲ ရှိပါသေးတယ်။ အဲဒါ ပေတွေကိုက်တွေတော့ မသိဘူး။ ကျွန် တော့လက်လံနဲ့ဆိုရင် အလျား‘နှစ်လံ’ရှိတယ်။ လိုတာကို နောက်မှ ဆက်တူး မယ်ဆိုပြီး အလုပ် စ,ရုံစ,ထားတာ။ အနံကတော့ ခင်ဗျားတို့ မြင်တဲ့အတိုင်း ဘစ်ေတာင်ကျော်ကျော်ပဲ ရှိသေးတယ်”

ဦးကြီးထွန်း၏ အမေးကို ထိုလူကြီးက ဒက်နဲ ပြန်ဖြေသည်။ သူ

www.burmeseclassic.com



၏စကားဆုံးအဆုံးတွင် ဦးကြီးထွန်းက ကျင်းဆီသို့ လှမ်းကြည့်လိုက်သည်။ ဦးကြီးထွန်းနှင့်တကွ အဖွဲ့သားများအားလုံးမှာလည်း ကျင်းဆီသို့ စူးစိုက်ကြည့်လိုက်ကြသော စိတ်မှန်းနှင့် မှန်းဆနေကြသည်။

"အင်း. . . အနံ့ကတော့ တိုင်းကြည့်စရာမလိုပါဘူး။ အလျားကလဲ ခင်ဗျားပြောတဲ့ အတိုင်းပဲ နေမှာပဲ . . ."

ဦးကြီးထွန်းက "ဟင်း"ကနဲ သက်မကြီးချပြီးပြောသည်။

ဦးကြီးထွန်း၏ အပြောကြောင့် မောင်သိုက်တို့၏ ရင်ထဲတွင် ----

"ဒါ့တော့ . . . ဒီနေရာက ထွက်သွားရတော့မှာပါလား . . ."ဟူသော အသိစိတ်နှင့် စိတ်အားငယ်သွားကြသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်မလိမ်ပါဘူး။ မြွေကိုက်ရစေရဲ့။ တောကြီးတောင်ကြီးထဲမှာလာပြီး အခုလိုဖြစ်ရတာလည်း မကောင်းပါဘူး။ ခင်ဗျားမယုံသေးရင် ကျုပ်သက်သေပြမယ်။ အဲဒီကျင်းကို တူးတဲ့နေ့တုံးက ကျုပ်တို့ရေနွေးကျိုသောက်ဖို့ ရေနွေးအိုးတစ်လုံးနဲ့ လက်ဖက်ရည် ပန်းကန်လုံးပါပါတယ်။ အဲ. . . ဟိုဘေးမှာ ရေတွင်းတူးပြီးတော့ ကျုပ်တို့ရေနွေးတောင် ကျိုသောက်ကြသေးတယ်။ အဲဒီ - ရေနွေးအိုးတစ်လုံးနဲ့ ပန်းကန်နှစ်လုံးကို ဒီကျင်းထဲမှာ ထည့်ပြီး မြှုပ်ထားခဲ့တယ်။ မယုံရင် ဒီမှာကြည့်ပါဗျာ. . ."

ထိုလူကြီးက ပြောပြောဆိုဆိုနှင့် ကျင်းထဲကိုဆင်းပြီး မြေများဖို့ထားသော နေရာကို လက်နှင့်ယက်လိုက်သည်။ ထို့နောက် မြေကြီးထဲမှ ထွက်ပေါ်လာသော မြေရေနွေးခရား တစ်လုံးကို ဦးကြီးထွန်းတို့ရှေ့ ထုတ်ပြလိုက်သည်။ ပြီးလျှင် မြေကြီးများကို ထပ်မံယက်ကာ သူပြောသည့်အတိုင်း လက်ဖက်ရည်ကြမ်းပန်းကန် နှစ်လုံးကိုလည်း ထုတ်ပြလိုက်ပြန်သည်။

မှန်သည်။ သူ့အပြောနှင့်အလုပ်က မှန်ချေပြီ။ လက်တွေ့ပြသသော သူ၏ ပြသမှုကလည်း မိမိတို့အဖို့ လက်မခံနိုင်စရာ လုံးဝမရှိတော့။

ဦးကြီးထွန်းတို့အဖွဲ့မှာ သည်နေရာကိုရောက်စဉ်က ကျင်းနှင့်တောကိုသာ ပြဿနာလုပ်ခဲ့ကြသည်။ မီးသွေးဖုတ်ရာ၌ အရေးအကြီးဆုံးဖြစ်သော ရေတွင်းကိုမူ သူတို့က တူးပြီးခဲ့လေပြီ။ ဤသည်ကို မိမိတို့က မမြင်ခဲ့ချေ။

ထိုလူကြီး ပြသမှပင် သူတို့တူးထားသော ရေတွင်းကို တွေ့မြင်ရလေသည်။ သူတို့တူးထားသော ရေတွင်းမှာ သစ်ခက်ဝါးခက်များနှင့် အုပ်ဆိုင်းထားခဲ့သည်မို့လည်း ရုတ်တရက် မမြင်မိကြခြင်း ဖြစ်၏။

ယခုတော့ မိမိတို့ အရေးနိမ့်ချေပြီ။ မိမိတို့ရောက်နေသော ဤမြေညီသစ်တောတစ်ဝိုက်တွင် ရေတွင်းတူးပါက အလွန်ဆုံး (၁၀)ပေမျှသာ တူးရမည်။ စမ်းကောင်းသဖြင့် ရေနီးသည်။ ထို့ကြောင့်လည်း မိမိတို့မှာ သည်နေရာကို မက်မောခဲ့ကြခြင်းဖြစ်၏။



သို့ရာတွင် သည်နေရာကို မိမိတို့ထက် အလျင်ဦးထားသူက ရှိနှင့်ချေပြီ။ ထို့ကြောင့် မိမိတို့မှာ သည်နေရာကို စွန့်ခွာကာ တစ်ခြားနေရာကောင်းတစ်ခုခုကို တော၏ အလယ်ကြော၌ ရှာဖွေကြရဦးတော့မည်။

မည်သို့ဆိုစေ၊ မိမိတို့လှည်းပေါ်မှ ပစ္စည်းပစ္စယများ ချနေစဉ်၌ ယခုလို ဖြစ်ရသည်မို့ တော်သေးသည်။ အကယ်၍ နောက်တစ်နေ့မှဆိုလျှင် မိမိတို့အဖို့ ယခုထက် ပိုမိုဆိုးဝါးသော ဒုက္ခနှင့် ရင်ဆိုင်ကြရပေမည်။

အကြောင်းမူ နောက်တစ်နေ့ဆိုလျှင် လှည်းများကို ရွာသို့ပြန်ပို့လိုက်ပြီး ဖြစ်ကြမည်။ ထိုအခါ မိမိတို့၏ စားအိုးစားခွက်နှင့် ပစ္စယများကို ဖြစ်သလို သယ်ကြ ပိုးကြရမည်ဆိုလျှင် ပိုမို၍ပင် အချိန်ကုန်လူပန်း ဖြစ်ကြရမည်။

"ကဲ - မင်းတို့အမြင်ပဲ၊ ဒါ သူတို့နေရာဆိုတာ ရှင်းပြီမဟုတ်လား၊ မင်းတို့ ပစ္စည်းတွေကို လှည်းပေါ်ပြန်ပြီး တင်ကြတော့။ ဟေ့ကောင် မောင်သိုက်၊ ပြောနေတာ မကြားဘူးလား။ ဘာငိုင်နေတာလဲ၊ လုပ်လေ . . .။ ကျုပ်တို့မှားသွားပါတယ်ဗျာ . . . ကျုပ်တို့ကို ခွင့်လွှတ်ပါ . . ."

ဦးကြီးထွန်းက ဆုံးဖြတ်ချက် ချချေပြီ။ သို့ရာတွင် မောင်သိုက်က ခပ်ငိုင်ငိုင် လုပ်နေသဖြင့် ဦးကြီးထွန်းက အော်သည်။ ထို့နောက် တစ်ဆက်တည်းမှာပင် တစ်ဘက်လူများကို တောင်းပန်စကား ပြောကြားသည်။ မောင်သိုက်လည်း နေရာမှထွက်ခွာကာ သူ့ပစ္စည်းများကို လှည်းပေါ်သို့ တင်ရတော့သည်။

"ကိစ္စမရှိပါဘူးဗျာ. . . ကိစ္စမရှိပါဘူး။ အမှန်တရားကို သိရင် ပြီးတာပါပဲ"

တစ်ဘက်လူကြီးကလည်း မိမိတို့အားလုံးကို ပြုံး၍ကြည့်ရင်း ဆိုသည်။ ထို့အတူ မိမိတို့ကို ရန်မူ၍ ရိုက်မောင်းပုတ်မောင်း လုပ်နေကြသော လူများ၏ မျက်နှာတို့တွင်လည်း အပြုံးများ ဝေ၍ နေလေသည်။ သူတို့၏အပြုံးက အောင်နိုင်သူတို့၏ အပြုံး။ သူတို့၏ အပြောအဆိုတို့က အောင်ပွဲရသူတို့၏ အပြောအဆိုမျိုးပင်။

"မင်းတို့ တစ်တွေဟာ လူကြီးတွေပြောရင် ဘယ်တော့မှ နားမထောင်ချင်ကြဘူး။ ဒီနေရာကို ဒီလိုလုပ်ရင် ဒီလိုပြဿနာမျိုး ဖြစ်လိမ့်မယ် ဖြစ်လာမယ်ဆိုတာ ငါ အစကတည်းက သိတယ်။ သိလို့ပြောလည်း မင်းတို့က လက်မခံချင်ကြဘူး။ ကဲ - အခုတော့ ဘာဖြစ်သေးလဲ၊ သောက်ရှက်ကွဲပြီး နှစ်ခါပင်ပန်းတာပဲ အဖတ်တင်တာပေါ့ . . ."

ဦးကြီးထွန်းက အမြော်အမြင်ရှိသူမို့ သူ့ပစ္စည်းများကို လှည်းပေါ်တမချခဲ့ချေ။ ထို့ကြောင့်လည်း သူကပင်ပန်းမှု မရှိခဲ့၊ သူလည်း ... သို့ ... ရင်း အားလုံးကို ခြုံ၍ ပြောလိုက်သည်။ ပြီးလျှင် သူ့လှည်းကို ... ဆည်

www.burmeseclassic.com

www.burmeseclassic.com



နေရာမှ နောက်တစ်နေရာသို့ တောလမ်းအတိုင်း မောင်းနှင် ထွက်ခွါသွားလေတော့သည်။

ဤသည်တို့ကြောင့် အဖွဲ့သားများအားလုံးမှာ ရှက်ရှက်နှင့် အောက်ချထားသော ပစ္စည်းများကို စစ်ဆေး၍ ကမန်းကတန်း လှည်းပေါ်သို့ တင်ကြရ၏။ သည်တစ်ချိန်၌ ဦးကြီးထွန်းကို သူတို့က မည်သို့မျှ 'စောဒက' မတတ်နိုင်ကြတော့။ ကိုယ့်အပြစ်နှင့်ကိုယ် ခံကြရသည်သာ။

လှည်းပေါ်ကို ပစ္စည်းပစ္စယများအားလုံး တင်ပြီးကြသောအခါ ရှေ့ဆုံးလှည်းဖြစ်သော ဦးကြီးထွန်း၏လှည်းကို မီစေရန် အားသွန် မောင်းနှင်၍ နောက်က လိုက်ခဲ့ကြရတော့သည်။ သူ့ဒေသ၊ သူ့အရပ်၊ သူ့ဥပဒေဆိုသည်မှာ မည်သူမျှ လွန်ဆန်နိုင်သော အရာမဟုတ်။ သို့ရာတွင် 'ဥပဒေက . . . ဥပဒေ၊ ငါလုပ်ချင်တာလုပ်မယ် . . .'ဟူ၍ ဥပဒေကို ချိုးဖောက် လွန်ဆန်သောသူသည် ဥပဒေ၏ ထိုက်တန်သော အပြစ်ကို ပြန်လည်၍ ခံကြရသည်မှာ မမှတာတည်း။

ထို့ကြောင့် သူတို့မှာလည်း ဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်က ခံမှတ်ထားသော တော၏ဥပဒေကို ချိုးဖောက်မိသည်မို့ ယခုတော့ ဥပဒေ၏ အပြစ်ဒဏ်ကို လှလှကြီး ခံကြရချေပြီတကား။

× × × × ×



[၂]

မိုးစင်စင်လင်းပြီ ဖြစ်သော်လည်း နေခြည်ကိုကား မမြင်ရသေး၊ ဆောင်း၏နံနက်ခင်းမို့ သူတို့ရောက်ရှိနေကြသော တောထဲကို နှင်းမှုန်များက သိုင်းခြုံထားသည်။ လေကလည်း ရိုးမကိုဖြတ်၍ ညှင်းညှင်းသွဲ့သွဲ့ တိုက်ခတ်နေ၏။ ထို့ကြောင့် တစိမ့်စိမ့်နှင့် အေးလှသည်။

သူတို့မှာ မနေ့ကတည်းက ဆောက်လုပ်ပြီးဖြစ်သော တဲရှေ့ရှိ မီးလင်းဖိုကြီးဘေးတွင် ဝိုင်းထိုင်ကာ မီးလှုံနေကြသည်။ ရေနွေးကြမ်းနှင့် ငါးခြောက်ဖုတ် ထမင်းကြော်ကို အဆာပြေ စားသောက်ရင်း အချမ်းဒဏ်ကို ကာကွယ်နေကြရသည်။ ထို့နောက် လုပ်ငန်းအကြောင်း စကားများကိုလည်း ပြောဆိုတိုင်ပင် နေကြရပြန်သည်။

သူတို့ရောက်ရှိနေကြသော တောကြီးမှာ ကျားနေဆင်အောင်းမို့ နွားများ ကျွဲများ လှည်းများကို မနေ့ကတည်းက ရွာသို့ပြန်လည် ပို့လိုက်ကြပြီဖြစ်၏။ အပို့အယူကိစ္စကို တင်ဆိုင်၊ ကြည်ဝင်း၊ လှဝင်းတို့က တာဝန်ယူကာ ရွာသို့ မောင်းနှင်ထွက်ခွါသွားကြလေပြီ။

ယခု သူတို့၏ လက်ရှိအင်အားမှာ (၆)ယောက်သာ တောထဲ၌ ကျန်ရစ်ခဲ့ကြလေသည်။ မီးသွေးတစ်ဖိုလျှင် လူနှစ်ယောက်ကျ တက်ညီလက်ညီ လုပ်ကိုင်ကြမည်ဖြစ်သည်။ လူပေါင်း(၆)ယောက်ရှိသည်။ မီးသွေးသုံးဖို ဘတ်ဆိုင်းကို နိုင်နိုင်နင်းနင်း လုပ်ကိုင်နိုင်မည်ဟု တွက်ထားကြသည်။

သို့ရာတွင် ဦးကြီးထွန်းက တစ်ဖိုစီ တစ်ဖိုစီ လှုခွဲ၍ လုပ်ဆောင်ကြမည့်အစား စုပေါင်း၍လုပ်ရမည်ဟု ဆိုလေသည်။

"ဒီလိုကွာ . . . တစ်ဖိုစီ၊ တစ်ဖိုစီခွဲပြီး၊ နှစ်ယောက်တစ်တွဲစီ[illegible] ပြီး ခရီးမတွင်ဘူး။ မီးသွေးတစ်ဖိုကို တို့ ၆-ယောက်စလုံး ဝိုင်း[illegible] ပထမဆုံးပြီးတဲ့ဖိုကို ပထမဆုံး မီးတင်မယ်။ ဒီတစ်ဖိုပြီးတာနဲ့ နောက်တစ်ဖိုကိုလုပ်မယ်။ နောက်တစ်ဖိုပြီးတာနဲ့ နောက်တစ်ဖို[illegible] ဖို[illegible]

www.burmeseclassic.com

www.burmeseclassic.com



လုပ်လို့ပြီးရော . . . အဲဒီဖိုကိုလည်း အားလုံးဝိုင်းလုပ်။ အဲဒီ တစ်ဖိုပြီးတော့ နောက်တစ်ဖိုဟာ မီးသွေးဖိုဖော်ဖို့ အသင့်ဖြစ်နေမယ်။ အဲဒါမှ တို့အားလုံးလည်း သက်သာမယ်။ လုပ်ငန်းလည်း မြန်မြန်ပြီးမယ်။ ရတဲ့မီးသွေးကိုလည်း ညီတူညီမျှ ခွဲဝေ ယူကြတာပေါ့။ အတူတူလည်း ငွေပေါ်မယ်၊ ဒီ တစ်ဆိုင်းပြီးမှ နောက်တစ်ဆိုင်းကို ဆက်လုပ်ကြတာပေါ့။ မဟုတ်ဘူးလားကွ။ သိမ်းမောင်"

ဦးကြီးထွန်းက စုပေါင်းလုပ်ငန်း၏ အကျိုးများပုံကို အဖွဲ့သားအားလုံး နားလည်သဘောပေါက်စေရန် တစ်လုံးချင်း ရှင်းလင်းပြောပြသည်။ ပြီးလျှင် သူ့ဘေးတွင် ရေနွေးကြမ်း ဇိမ်နှင့်သောက်နေသော ကိုသိမ်းမောင်ကိုလည်း လှမ်း၍ ပြောလိုက်သေးသည်။

"ဟာ . . . အဲဒါ သိပ်ကောင်းတာပေါ့။ စည်းစည်းလုံးလုံးလည်း ရှိမယ်၊ တစ်ယောက်နဲ့တစ်ယောက် အကျိုးတူ စီးပွားဘက်တွေဆိုတော့ မလိုစိတ်တွေလည်း ရှိမှာ မဟုတ်ဘူး . . . ဗျ။ စည်းလုံးခြင်းဆိုတာ အရာရာကို အောင်မြင် အောင်မြင်ခြင်းပဲ မဟုတ်ဘူးလားဗျ။ ဦးကြီးထွန်း. . ."

ဦးကြီးထွန်း၏စကားကို မောင်သိုက်က ဝင်ထောက်ခံသည်။ သိမ်းမောင်က ခေါင်းညိတ်၏။ ကျန်လူ အားလုံးကလည်း သဘောကျကြသည်။

"အေး - ဒါပေမယ့်၊ မင်းတို့ကို ငါတစ်ခု ပြောချင်တယ်။ ငါ့စကား နားမထောင်လို့ ဟိုနေ့ကလည်း တုတ်ပွဲဓားပွဲဖြစ်ဖို့ နည်းနည်းလေး လိုတော့တယ်၊ အေး - အခုလည်း ငါတို့ လူကြီးတွေရဲ့ စကားကို နားမထောင်ချင်ဘူး ဆိုရင်တော့ . . . မင်းတို့ကို တာဝန်မယူနိုင်ဘူး . . .။ ကိုယ်ကြိုက်သလို သာလုပ်ကြ . . ."

ဦးကြီးထွန်းပြောလည်း ပြောစရာ။ လွန်ခဲ့သောနေ့က အဖြစ်အပျက်မှာ သူတို့ အသုံးမကျ၍ ဖြစ်ရသည်၊ တစ်နည်းအားဖြင့် လူကြီးတွေ၏ စကားကို နားမထောင်၍ ဖြစ်ရသည်၊ ယခုလည်း ဦးကြီးထွန်းက သူ့စကားကို နားမထောင်လျှင် တာဝန်မယူနိုင်ဟု ဆိုလာသောအခါ အဖွဲ့သားတွေ အားလုံးမှာ နားထောင်ပါမည်ဟု ကတိပြုလိုက်ကြရလေသည်။

"ကဲ - ငါ့စကား နားထောင်မယ်ဆိုရင် လုပ်ငန်းစကြမယ်။ သစ်ဝါး ခုတ်ဖို့ ပြင်ကြ ဆင်ကြ။ နေတောင်ထွက်လာပြီကွ . . ."

ဦးကြီးထွန်းက တည်ငြိမ်သောအသံနှင့် ဆိုသည်။ အကုန် သူတို့မှာ ဦးကြီးထွန်းအား ကတိပေးထားပြီးပြီမို့ ဆင်ခြေမတက်ရဲကြတော့ ထိုင်ရာမှ ထကြရလေတော့သည်။ သစ်ဝါးခုတ်ရန် ပြင်ဆင်ကြရလေတော့သည်။

× × × × ×

[၃]

သူတို့သည် ပထမဆုံး 'နွားတုံး' လုပ်ရန် သစ်ပင်ကောင်းကောင်းကို ရှာဖွေကြရသည်။ နွားတုံးလုပ်ရန်သစ်ပင်မှာ ဖြောင့်တန်းညီညာ၍ ထိပ်ဝတစ်တောင်မျှ ရှိရမည်။ ထို့ပြင် အလျား အတောင်(၃၀)နှင့်၊ ပေ(၄၀)မျှ ရှိသော သစ်ပင်ကြီးများကို ရှာဖွေကြရသည်။ ထို့နောက် ခုတ်လှဲ၍ သစ်ကိုင်းသစ်ခက်များကို 'သင်သတ်' ကြရသည်။ သစ်တုံးကြီးများကို စင်းလုံးချောအဖြစ် ညီညာစေရန် စိတ်ရှည်လက်ရှည်ထား၍ လုပ်ကြရသည်။

ထိုကဲ့သို့ သစ်လုံးကြီး (၆)လုံးလောက်ကို သုံးဖိုစာ နွားတုံးအဖြစ် သတ်မှတ်၍ လုပ်ကိုင်ကြရသည်။ မီးသွေးဖို ပြုလုပ်မည်ဟု သတ်မှတ်ထားသော နေရာတွင် မီးသွေးသုံးဖို တစ်ဆိုင်းစာ ရစေရန်အတွက် သစ်ကောင်းမှန်သမျှ သစ်ပင်ကြီးငယ်တို့ကို ခုတ်လှဲကြရသည်။ ခုတ်လှဲပြီးသော သစ်ပင်ကြီးများမှ ဖြောင့်တန်းသော ကိုင်းကြီးများကို ရွေးသူကရွေး၊ သင်သတ်သူကသတ်၊ ဖြတ်သူကဖြတ်၊ လုပ်ကြရသည်။

ထွန်းအောင်နှင့် သိမ်းမောင်သည် 'ထွာဆိုင်'ကျော်ကျော်မျှရှိသော သစ်တုံးများကို သင်သတ်နေကြသည်။ 'သင်သတ်' သည် ဆိုရာ၌ သစ်လုံးများတွင်ရှိသော အကိုင်း၊ အခက်၊ အရွက်တို့ကို ဓားနှင့်ခုတ်ပစ်၍ သစ်လုံးအတိုင်းဖြစ်အောင် ပြုလုပ်သည်ကို သူတို့၏ ဝေါဟာအရ 'သင်သတ်'သည်ဟု ခေါ်လေသည်။

ထို့နောက် ထွန်းအောင်နှင့် ကိုသိမ်းမောင်သည် သင်သတ်[illegible] စင်းလုံးချောဖြစ်နေသော သစ်တုံးကြီးငယ်များကို 'ငမန်းစွယ်'ဟု [illegible] သွနှင့် (၉)ပေခန့်မှန်းကာ ပိုင်းဖြတ်နေကြသည်။ သစ်ဖြတ်သည့် [illegible] လည်း တစ်လုံးနှင့်တစ်လုံး အရှည်ညီမျှစွာ ဖြစ်စေရန်အတွက် [illegible] လေသည်။

ထို့ကြောင့် ဖြတ်ပြီးသောသစ်လုံးနှင့် မဖြတ်ရသေးသော [illegible] ကို တိုင်း၍ လွှနှင့်ဖြတ်ရသည်။ သို့မှသာ သစ်ဖြတ်တုံးများမှာ [illegible]

www.burmeseclassic.com



တစ်တုံး တူညီစွာ တစ်တိုင်းတည်းဖြစ်မည်။ ပိုင်းဖြတ်ထားသော (၉)ပေသစ်တုံးများ ဖိုရှိရာသို့ ယူငင်ရ လွယ်ကူစေရန်အတွက် စနစ်တကျ စီစဉ်၍ ထားရသည်။ ကိုသိမ်းမောင်တို့နည်းတူ မောင်သိုက်နှင့် ရွှေမော်တို့ကလည်း သစ်တုံး၏ အတိုင်းအတာနှင့် ညီမျှစွာတိုင်း၍ ပိုင်းဖြတ်နေကြသည်။ လွှတစ်စင်းလျှင် နှစ်ယောက်ကျ ဆွဲကြရသည်။ တိုင်းထွာဖြတ်တောက်၍ ပြီးစီးသော သစ်တုံးများကို စနစ်တကျ စုပုံကြရသည်။

ထို့ကြောင့် အေးချမ်းသော နံနက်ခင်းပင်ဖြစ်သော်လည်း သူတို့မှာ ချွေးများပင် ပြန်နေကြသည်။

ဦးကြီးထွန်းနှင့် ကျော်စိန်မှာလည်းမအားရ။ မြေရှင်းသူကရှင်း။ ကျင်းတူးသူကတူးနှင့် မီးသွေးဖို တည်ဆောက်ရန် အလုပ်ရှုပ်နေကြသည်။

"ဦးကြီးထွန်း၊ ဒီ နွားတုံးက အတောင်သုံးဆယ်ဆိုတော့ ပေ(၄၀)ရှိတယ်။ ဟိုဘက်တုံးက ဒီတုံးထက် နဲနဲပိုရှည်နေတယ်။ အဲဒါ ဖြတ်ပစ်လိုက်ရမလား . . ."

ကျော်စိန်က မီးသွေးဖိုကြီးတစ်ဖိုအတွက် သင်သတ်၍ အချောကိုင်ထားပြီးသော နွားတုံးကြီးနှစ်တုံးကို တိုင်းထွာမှတ်သားနေသည်။ ပြီးလျှင် မီးသွေးကျင်းတူးနေသော ဦးကြီးထွန်းကို လှမ်းမေးလိုက်သည်။

"ပိုနေရင် ဖြတ်ပစ်ရမှာပေါ့ . . . ကျော်စိန်ရ။ မဖြတ်ရင် ဒီအစွန်းအတွက် ခက်မယ် . . . ဒီတော့ နွားတုံး နှစ်တုံးစလုံးကို ညီညီမျှမျှတိုင်းပြီးတော့ ပိုနေတဲ့တုံးကို ဖြတ်ပစ်လိုက်ပေါ့ . . ."

ချွေးဒီးဒီးကျမျှ ပင်ပန်းနေကြသော်လည်း သူတို့က အနားမယူနိုင်ကြ။ မီးသွေးဖို၏ မီးဆိုးကျင်းကို ဆက်လက်၍ လုပ်ကိုင်ကြသည်။ မီးထိုးကျင်းကို အလျား(၆)ပေ၊ အနံ(၅)ပေ၊ အနက်(၃)ပေလောက် ခန့်မှန်း၍ တူးနေကြသည်။

ကျင်းတူးပြီးသည်နှင့် အသင့်ပြုလုပ်ထားသော နွားတုံးနှစ်တုံးကို ၎င်းကျင်း၏ တစ်ဘက်တစ်ချက်စီတွင် အလျားလိုက်ချထားရမည်။ ထိုအခါ နွားတုံးနှစ်တုံး၏ ပုံသဏ္ဌာန်မှာ ရထားသံလမ်းကဲ့သို့ ပြိုင်တန်းနေသော အနေအထားမျိုး ဖြစ်စေရမည်။ ယင်းကဲ့သို့ ပြုလုပ်ရာတွင် နွားတုံးနှစ်တုံး၏ အကွာအဝေးမှာ (၉)ပေကွာဝေးပြီး နွားတုံးနှစ်တုံးစလုံး ညီညာရသည်။

မီးထိုးကျင်း၏ ပုံသဏ္ဌာန်မှာ ရထားသံလမ်းကဲ့သို့ အကွာအဝေး ညီညာ ပြိုင်တန်းနေသော နွားတုံးနှစ်တုံး၏ အလယ်ဗဟို တည့်တည့်တွင် ရှိရမည်။ အလယ်ဗဟို တည့်တည့်ဆိုရာ၌ နွားတုံးနှစ်တုံး၏ ထက်ဝက်ချိုး ပေ(၂၀)ရှိသော နေရာကို မဆိုလိုချေ။ သံလမ်းကဲ့သို့ ပြိုင်တန်းနေသော နွားတုံးနှစ်တုံး၏ အလယ်ကြားကို ဆိုလိုသည်။ ၎င်းကျင်းမှာ နွားတုံး နှစ်တုံး၏ တစ်ဘက်ထိပ်ကြား အလယ်ဗဟိုတည့်တည့် (၄)ပေခွဲ နေရာ၌သာ တည်ရှိရပေမည်။



သို့မှသာ နွားတုံးနှစ်တုံး၏ တစ်ဘက်ထိပ် အလယ်ဗဟိုတည့်တည့်တွင်ရှိသော မီးထိုးကျင်းမှ လိုအပ်သလို လှုပ်ရှားနိုင်လေသည်။

ထို့ပြင် နွားတုံးပေါ်တွင်ရှိသော သစ်တုံးများကိုလည်း တစ်တုံးပြီး တစ်တုံး သွက်လက်စွာ လောင်ကျွမ်းနိုင်မည် ဖြစ်၏။

"ကျော်စိန်ရေ . . . တို့ကျင်းတော့ ပြီးပြီဟေ့။ သိမ်းမောင် . . မင်းအလုပ်က ခဏရပ်ထားလိုက်ကွာ။ ဖြတ်ထားတဲ့ သစ်တွေကို သယ်ပြီး၊ ဒီကို ယူခဲ့ကြကွာ . . ."

ဦးကြီးထွန်းက ကိုသိမ်းမောင်နှင့် ကိုကျော်စိန်ကို အော်ပြောသည်၊ ရွှေမော်နှင့်အတူ လွှဆွဲနေသော ကိုသိမ်းမောင်မှာ ထိုင်ရာက ထကာ သစ်သယ်ရန် ထွက်ခွါသွားလေသည်။ ပြီးလျှင် ကိုကျော်စိန်နှင့် ကိုသိမ်းမောင်တို့သည် မောင်သိုက်တို့ ဖြတ်ထားသော သစ်ပုံကြီးမှ သစ်ဖြတ်တုံးများကို တစ်တုံးပြီး တစ်တုံး ဦးကြီးထွန်းဆီသို့ သယ်ပို့နေကြလေသည်။ မောင်သိုက်နှင့် ထွန်းအောင်တို့ ဖြတ်ပုံထားသော သစ်ပုံကြီးမှာ လူနှစ်ရပ်ကျော်ခန့် မြင့်တက်နေသည်။

"ဘယ်လိုလဲဗျ . . ကိုသိမ်းမောင်။ နိုင်ရဲ့လား။ ပင့်ပေးရဦးမလား ဟဲ - ဟဲ . . ."

ထွန်းအောင်က တစ်ယောက်တည်း လွှဆွဲနေရာက ကိုသိမ်းမောင်ကို လှမ်း၍ ပြောလိုက်သည်။ ထိပ်ဝတောင်ဆုပ်၊ အလျားကိုးပေမျှရှိသော သစ်တုံးစိုကြီးများမှာ လေးလွန်းလှလေသည်။ ထို့ကြောင့် ကိုသိမ်းမောင်နှင့် ကိုကျော်စိန်မှာ ရှေ့တစ်ယောက် နောက်တစ်ယောက် မနည်းထမ်းနေကြရသည်။ ထို့ကြောင့် ပိန်ညှော်ညှော်နိုင်သော ကိုသိမ်းမောင်ကို ထွန်းအောင်ကလှမ်း၍ နောက်လိုက်ခြင်းပင် ဖြစ်၏။

သို့ရာတွင် သစ်များ ပုံထားရာနေရာနှင့် မီးသွေးဖိုပြုလုပ်မည့်ဖြစ်သောနေရာမှာ လက်လံ ဆယ်လံလောက်မျှ တော်သေးသည်ဟု ဆိုရမည်။

"အံမာ . . . ထွန်းအောင်ရယ်၊ မင်းတို့ လူပျိုသန်လှ တို့ နွားအို ခေါင်းကျိုးပါကွ။ မယုံရင် စမ်းကြည့်ပါလား . . ."

ကိုသိမ်းမောင်က ထွန်းအောင်ကိုပြန်ပြောသည်။

"စမ်းတော့ မကြည့်ပါရစေနဲ့ဗျာ။ ဟဲ . . . ဟဲ . . ."

ထွန်းအောင်က ခပ်ရွှတ်ရွှတ်ပင် ကိုသိမ်းမောင်ကို ပြန်ပြောလိုက်သည်။ ထွန်းအောင်၏ အပြောကြောင့် လူအားလုံးမှာ အတော်ပေါက်ကြီး ဝါးကနဲ ရယ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ - ထွန်းအောင်တို့ မောင်သိုက်တို့ အဲဒါတွေကို နောက်မှဖြတ်ကြကွာ . . . အခု ဒီတစ်ဖိုကို စောစောပြီးအောင် သစ်ဝိုင်းသယ်ကြကွာ . . ."

ဦးကြီးထွန်းက အော်ပြောသည်။ ထို့နောက် သူကိုယ်တိုင်လည်း သစ်သယ်ရန် ထွန်းအောင်တို့အနား ရောက်လာသည်။

ဤသည်တို့ကြောင့်လည်း ရယ်မောပြီး လွှဆွဲကြသော ထွန်းအောင်တို့မှာ သစ်သယ်ရန်အတွက် ထိုင်ရာမှ ထကြရလေတော့သည်။

× × × × ×

[၄]

ဦးကြီးထွန်းသည် ထွန်းအောင်တို့ဖြတ်၍ စုပုံထားသော သစ်တုံးများကို စူးစိုက်၍ ကြည့်နေသည်။ မျက်မှောင်ကြုတ်၍လည်း ကြည့်သည်။ ပြီးလျှင် သူ၏ မျက်လုံးအစုံမှာ အံ့ဩမှုနှင့် ပြုံးကျယ်နေသည်ဟု ဆင်ရသည်။ ထို့နောက် ခေါင်းတဆက်ဆက်ညိတ်ကာ ရယ်မောဟန်ဖြင့် သက်ပြင်းကို လှိုင်လှိုင်ချတော့၏။

"ဟော့ - ရွှေမောင်တို့ . . . မောင်သိုက်တို့ . . . ထွန်းအောင်တို့လာကြပါဦးကွ . . ."

ဦးကြီးထွန်း၏ အပြုအမူက ထူးဆန်းနေသည်။ သစ်ဖြတ်တုံးများကို ကြည့်၍ စိတ်မချမ်းမသာ ဖြစ်နေပုံရသည်။ ပြီးလျှင် သစ်တုံးများကို ဓါးသွေးဖို့ပြုလုပ်ထားရာ နေရာသို့ သယ်ဆောင်နေကြသူများကို လှမ်းခေါ်သည်။ ထို့ကြောင့်လည်း သူတို့မှာ ဦးကြီးထွန်းဆီသို့ ရောက်လာရလေသည်။

သစ်သယ်ရန် သစ်ပုံနားသို့ ရောက်နေသော ဦးကြီးထွန်းမှာ သစ်မသယ်သေးဘဲ သစ်လုံးများကိုသာ စူးစူးစိုက်စိုက် ကြည့်နေသည်။ သူ၏အကြည့်သည် တစ်စုံတစ်ခုကို ဒေါသဖြစ်နေသော ပုံစံမျိုးပင်။

"ဦးကြီးထွန်းက ကျွန်တော်တို့ ဖြတ်ထားတဲ့ သစ်ပုံကြီးကို ကြည့်ပြီးဘာများ စိတ်မချမ်းမသာစရာ တွေ့နေလို့လဲဗျ . . .။ သစ်တွေဖြတ်ထားတာ မညီမညာဖြစ်နေလို့လား . . ."

ထွန်းအောင်က ဦးကြီးထွန်း၏ အပြုအမူကို အကဲခတ်ရင်း မေးသည်။ မောင်သိုက်နှင့် ရွှေမော်တို့ကလည်း ဦးကြီးထွန်းကို စိုက်ကြည့်နေကြသည်။ မောင်သိုက်တို့၏ စိတ်ထဲတွင် ဦးကြီးထွန်းက လုပ်ငန်းကိုင်ငန်းနှင့်ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



ဒွ သူမှာကို စိုးရိမ်နေ၏။ ယင်းကဲ့သို့ စိုးရိမ်စိတ်က လွန်ကဲလာသည်မို့ ယခုလို မေးခွန်းမျိုးကို ထွန်းအောင်က မဝံ့မရဲနှင့် မေးရခြင်းဖြစ်၏။

"မဟုတ်ပါဘူးကွာ . . . မင်းတို့ ခုတ်ထားတဲ့ သစ်တွေထဲက တစ်ချို့ သစ်တွေဟာ သုံးလို့ရမဲ့သစ်တွေ မဟုတ်ဘူးကွ။ အဲဒါတွေကို ကြည့်ပြီး ရင်မောလွန်းလို့ . . ."

ဦးကြီးထွန်းက သူတို့ကိုပြန်ပြောသည်။ ဦးကြီးထွန်း၏ စကားကြောင့် ထွန်းအောင်တို့မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။ ထို့ကြောင့် သစ်တုံးများ ဖြတ်ပြီး စုပုံထားသော သစ်ဖြတ်တုံးတို့နှင့် မဖြတ်ရသေးသော သစ်တုံးများဆီသို့ စူးစိုက်ကြည့်ရင်း၊ မောင်သိုက်တို့မှာ အပြစ်ရှာကြည့်နေကြသည်။ တွေ့မြင်နေရသော သစ်တုံးကြီးများပေါ်တွင် အပြစ်အနာ ရှာဖွေကြည့်ကြသည်။ သို့သော် မည်သည့် အပြစ်ကိုမျှ ရှာ၍ မတွေ့ကြချေ။

သူတို့ တွေ့မြင်နေကြရသည်ကား ဖြောင့်စင်း၍ ညီညာလှပသော သစ်တုံးကြီးငယ်သာ၊ တက်ညီလက်ညီ လုပ်အားကြောင့် ကြီးမားသော သစ်ပုံကြီး။ သည်တော့ သူတို့မျက်လုံးထဲတွင် အရာရာတိုင်းသည် အပြစ်ကင်းစင်နေကြသည်။ သစ်လုံးကြီးများမှာ စင်းလုံးချောပြီး မက်မောစရာအပြည့်။ ကြိုးစားပြီး အပြစ်ကို ရှာသော်လည်း လုံးဝမတွေ့။

သို့သော် ဦးကြီးထွန်းက ယင်းသစ်ပုံထဲမှ သစ်တုံးအချို့သည် သုံးမရပါဟု ဆိုနေသည်။ ထို့ကြောင့် သူတို့မှာ ဦးကြီးထွန်း၏ စကားကို နားမလည်ဟန်နှင့် ဦးကြီးထွန်းကိုသာ ငေးစိုက်၍ ကြည့်နေမိကြတော့သည်။

"ဟော . . . ဒီသစ်တွေက သုံးမရဘူးကွ။ အဲ . . . ဒါကြောင့် ဒီသစ်တွေကို မီးသွေးဖိုဆီ သယ်မသွားနဲ့။ ဟေ့ကောင် . . . ထွန်းအောင် . . . လာစမ်း။ ဒီ သစ်တုံးလိုဟာမျိုး ဒီအထဲက ရွေးထုတ်ပစ်စမ်းဟေ့ . . ."

ဦးကြီးထွန်းက ပြောပြောဆိုဆိုနှင့် မောင်သိုက်တို့ ဖြတ်ပြီး၍ စနစ်တကျ ပုံထားသော သစ်ပုံထဲမှ ထိပ်တောင်ဆုပ်လောက်ရှိ သစ်တုံးကြီးကို ကောက်ကိုင်လိုက်သည်။ ဦးကြီးထွန်း ကောက်ကိုင်လိုက်သော သစ်တုံးကြီးမှာ အခေါက်ထူ၍ အမွေးများထလျှက်ရှိသည်။ ထို့ပြင် ၎င်းသစ်တုံး၏ အသားလွှဖြတ်ထားသဖြင့် နီရဲနေလေသည်။

"ဟေ့ကောင် . . . ထွန်းအောင်၊ ဘာငိုင်နေတာလဲ. . . လုပ်လေကွာ"

ထွန်းအောင်မှာ ဦးကြီးထွန်းက သုံးမရဟု ကိုင်ပြပြောဆိုကာ ဘေးပယ်ပစ်သော သစ်တုံးကြီးကိုသာ ငိုင်တွေ၍ ကြည့်နေသည်။ ငိုင်တွေနေသောသူ့ကို ဦးကြီးထွန်းက ထပ်ဆင့်၍ အော်ပြောသည်။ ထိုအခါမှပင် သတိရသွားပြီး ဦးကြီးထွန်းနှင့် သစ်တုံးဝိုင်းမ, ရလေတော့သည်။ ထိုသစ်တုံးတို့ကို သစ်ပုံထဲမှ ရွေးပြီး လမ်းလွတ်သောနေရာ၌ ပြောင်းရွှေ့ထားလိုက်သည်။



"မောင်သိုက်နဲ့ ရွှေမော်ကလည်း ဘာကိုကြည့်နေရတာလဲ. . . ငါ ပြောတဲ့တုံးတွေကို ဒီနေရာမှာ စုပြီး ပုံကြကွာ . . .။ လုပ်ကြပါကွာ . . . မြန်မြန်ပြီးတော့လဲ . . . မြန်မြန် . . . အေးတာပေါ့ . . ."

ဦးကြီးထွန်းသည် ထွန်းအောင်နှင့် သစ်တုံးများကို ရှေ့တစ်ယောက် နောက်တစ်ယောက် မ,ရွှေ့နေကြသည်။ ထို့နောက် ရပ်ကြည့်နေသော ရွှေမော်နှင့် မောင်သိုက်ကိုလည်း လှမ်းပြောလိုက်သေးသည်။

ဦးကြီးထွန်း၏ အပြောအဆိုနှင့် အလုပ်အကိုင်တို့ကို ကြည့်ပြီး မောင်သိုက်၏ မျက်နှာမှာ နီရဲလာသည်။ သူ၏ နှုတ်ခမ်းအစုံသည် တစ်စုံတစ်ခုကို ပြောချင်လွန်းသဖြင့် လှုပ်ရှားနေသည်ဟု ထင်ရသည်။

အကြောင်းမှု သစ်ပင်တစ်ပင် လှဲဖို့အရေးကို ခဲရာခဲခစ် လုပ်ကိုင်ကြရသည်။ သစ်ကောင်းမကောင်း ရွေးချယ်ကြရသည်။ ရွေးချယ်ပြီးသော သစ်လုံးများကို စင်းလုံးချော ဖြစ်စေရန်အတွက် အကိုင်း၊ အခက်၊ အရွက်တို့ကို ဖြတ်တောက်၍ သင်သတ်ကြရသည်။ ပြီးလျှင် ပင်စည်လုံးကြီးကို သယ်ပိုးကြရသည်။ ယင်းကဲ့သို့ အားလုံးပြီးစီးမှ (၉)ပေစီ တိုင်းထွာကာ ဖြတ်တောက်ကြရသည်မှာလည်း မလွယ်ကူချေ။ နဖူးကချွေး ခြေမသို့ပင် ကျခဲ့ရသည် မဟုတ်ပါလား။

ထိုကဲ့သို့ အပင်ပေါင်းများစွာကို ခဲရာခဲဆစ် လုပ်ကိုင်ပြီးခါမှ ဦးကြီးထွန်းက သုံးမရဟု ပယ်ပစ်လိုက်သည်။ ထိုအခါ လူငယ်ဖြစ်သော မောင်သိုက်မှာစိတ်ခုမိသည်။ ထို့အတူ ပင်ပန်းရကျိုးမနပ် ဟူ၍လည်း အားလုံး၏ စိတ်ထဲတွင် မှတ်ယူကြမည်မှာ မုချပင်။

ထွန်းအောင်၏ စိတ်ထဲ၌ ဦးကြီးထွန်းက ဆရာလုပ်နေသည်။ လူတွင်ကျယ်လုပ်သည်။ သူတို့က သူ့စကားကို နားထောင်ပါမည်ဟူ၍ ပြောဆိုခဲ့သော ကတိကို လက်ကိုင်တုတ်လုပ်ခါ သက်သက်ညှင်းပန်းသည်ဟု တွေးသောမိသည်။

"ဒီလိုဆိုရင် သစ်ခုတ်တုံးက ဘာဖြစ်လို့ မပြောလဲ၊ အခုမှ ဆရာလုပ်ချင်လိုက်တာလွန်ရော . . ." ဟူ၍လည်း စိတ်ထဲက ပြောနေမိကြသည်။

သို့ရာတွင် သူတို့က ဦးကြီးထွန်းကို နှုတ်မှ ဖွင့်ဟ၍တော့ မပြောရဲကြ၊ မကြေနပ်ကြောင်းကိုလည်း စောဒကမတက်ရဲ။ မကျေနပ်သော်လည်း အောင့်သက်သက်နှင့် ဦးကြီးထွန်း၏ အမိန့်ကို လိုက်နာနေကြရသည်။ အကြောင်းမူ ဦးကြီးထွန်း၏စကားကို နားထောင်ပါမည်ဟု သူတို့က ကတိပေးထားခဲ့သည် မဟုတ်ပါလား။

မှန်သည်။ သူတို့မှာ ဦးကြီးထွန်းက ခိုင်းလျှင် လုပ်ရမည်၊ သူ၏စကားကိုနားထောင်ရမည်။ လုပ်ပါစေ၊ သူကလူကြီးကိုး။ သည်တော့ သူ့သဘော

www.burmeseclassic.com

www.burmeseclassic.com



သူလုပ်ချင်သလို လုပ်ပါစေ။

"မဟုတ်ဘူး၊ ဦးကြီးထွန်းရဲ့ . . . ဒီသစ်တွေက ဖြောင့်ပြီး တန်းနေ အောင် . . . ၊ သစ်ပင်လဲ့တုန်းကလည်း အတော် ကြိုးစားပြီး လှဲခဲ့ရတာ . . . အခုလို ဖြတ်တောက်ပြီးမှ သုံးမရဘူးဆိုရင် ဘယ်နှယ်လုပ်မလဲဗျ . . . မီးသွေး ဖုတ်တာပဲဗျာ . . . မီးလောင်ရင် ပြီးရောပေါ့ဗျ . . . "

မောင်သိုက်က သူ၏ မကြေနပ်မှုကို ထိမ်းချုပ်မထားနိုင်တော့၊ ထို့ကြောင့် ဦးကြီးထွန်းက ပယ်သစ်အဖြစ် သတ်မှတ်လိုက်သော သစ်တုံးများကို မပယ်သေး။ ကိုင်တွယ်ကြည့်၍ နှမြောလှစွာ ယူကြုံးမရဟန်နှင့် ဆိုသည်။

မောင်သိုက် ပြောသည်မှာလည်း မဆိုးလှ။ လက်ခံနိုင်စရာရှိသည်။ မီးသွေးဖုတ်ရာတွင် မီးလောင်လျှင်ပြီးရော မဟုတ်လား။ သစ်တုံးကို မီးလောင်လျှင် မီးခဲဖြစ်မည်၊ မီးခဲဖြစ်လျှင် မီးသွေးရမည်။ ဤသည်ကား သူတို့အသိ။

သို့သော် ဦးကြီးထွန်းအသိက သည်လိုမဟုတ်၊ ဘယ်လိုမှန်းလည်း မသိ၊ ဟိတ်ဟန်ထုတ်သည်။ ကိန်းကြီးခန်းကြီးနိုင်သည်။ အလုပ် ပိုပင်ပန်း အောင် လုပ်သည်ဟုသာ သူတို့ကထင်နေကြသည်။

"ဟေ့ကောင် မောင်သိုက်. . . ငါက မင်းတို့ချည်းပဲ ခိုင်းနေတာ မ ဟုတ်ဘူး။ ငါလည်း လုပ်နေတာ မင်းတို့အမြင်ပဲ. . . ဒီတော့ ငါအခုလို လုပ် ခိုင်းနေတာဟာ . . . မင်းတို့ကို သက်သက်ညှင်းဆဲနေတယ်၊ မအောင့်မေ့နဲ့ မဖြစ်လွန်းလို့ကွ . . . မဖြစ်လွန်းလို့။ ငါလည်း . . . ဘယ်ကလာပြီး သက်သက် အပင်ပန်းခံချင်ပါ့မလဲ။ လုပ်ကြကွာ . . . လုပ်ကြပါ. . . "

ဦးကြီးထွန်းက မောင်သိုက်ကို အကျိုးသင့် အကြောင်းသင့်ရှင်းလင်း ပြောပြသည်။ ဦးကြီးထွန်း၏စကားက ခပ်ပြတ်ပြတ်။ သည်တော့ မောင်သိုက် ကလည်း မကျေနပ်။

"ဦးကြီးထွန်း ပြောတာကို ကျွန်တော်တို့က လုပ်ရမှာပျင်းလို့ မဟုတ် ပါဘူး။ ဒီသစ်တွေက နဲ့တာမှမဟုတ်ဘဲ . . . နှမြောလွန်းလို့ပါဗျာ . . . "

မောင်သိုက်က ပယ်ရမည်ဖြစ်သော သစ်များကိုကြည့်ရင်း ဝမ်းနည်း သံနှင့် လိုက်လိုက်လှဲလှဲ ဆိုသည်။

"အေး . . . ဒီသစ်တွေကို နှမြောလို့ မီးသွေးဖိုထဲကို ထည့်သုံးရင် မှချ ဒုက္ခတွေ့ရမယ်ဆိုတာ . . . ငါ ရဲရဲကြီး ပြောရဲတယ်။ ကဲ . . . ဒီတော့ မင်းတို့သဘောပဲ . . . ထည့်ချင်ထည့်၊ မထည့်ချင်နေ . . . ဒီနေ့ မင်းနဲ့ငါနဲ့ စကားပြောရတာ သိပ်ပြီး အပေါက်အလမ်း မတည့်ဘူး . . . "

ဦးကြီးထွန်းက လူရိုးစိတ်တို။ ဒါဆိုလျှင်ဒါ၊ ဟိုဟာမရ။ စကားပြော ပြတ်သလောက် စိတ်ရင်းကောင်းသည်။ အလုပ်လုပ်သည့်နေရာတွင် စေ့စပ် သည်။ သေချာတိကျသည်။ ယခုလည်း ကြည့်ပါဦး။ ထည့်ချင်ထည့်၊ မထည့် ချင်နေဟုလည်းဆိုသေး။ သစ်တုံးကြီးတစ်လုံးကို သူတစ်ယောက်တည်း ကြုံးမ နေသည်။ ထို့နောက် ၎င်းသစ်တုံးကြီးကို တစ်ယောက်တည်း အတင်းမ,ရွှေ့ ဘာ ပယ်ပစ်လိုက်၏။ ထိုအခါ သစ်လုံးကြီးမှာ ဝုန်းကနဲ တစ်နေရာသို့ လွင့် စင် ထွက်သွားလေသည်။ သည်သစ်တုံးပြီးသည်နှင့် နောက်တစ်တုံးကို ပယ် ပစ်ရန် ဦးကြီးထွန်းက အသင့်ပြင်ပြန်သည်။



ထို့ကြောင့် မောင်သိုက်တို့မှာလည်း မနေသာတော့ချေ။ ဦးကြီးထွန်း ကို ကူညီရလေတော့သည်။ တစ်ခု တော့ရှိ၏။ သစ်များ ခုတ်လှဲကြစဉ်ကလည်း ထွန်းအောင်၊ မောင်သိုက်၊ ရွှေမော်၊ ကိုသိမ်းမောင်နှင့် ကိုကျော်စိန်တို့သာ ပါကြသည်။ ဦးကြီးထွန်းမှာမူ သစ်ခုတ်ရာသို့ လိုက်ပါလာခြင်းမရှိ၊ တဲ၌ ထမင်းချက်ရန်နှင့် မီးသွေးဖို တည်ဆောက်မည့် နေရာကို ရွေးချယ်ရင်း ကျန် ရစ်ခဲ့သည်။

သစ်ခုတ်သွားရာတွင် သူတို့ချည်းသာ သွားခုတ်ကြသော်လည်း သည် အသားမှာ မည်သည့်အသားမှန်း မသိခဲ့ကြချေ။ ကိုသိမ်းမောင်နှင့် ကိုကျော် စိန်တို့ကလည်း ဇဝေဇဝါ ဖြစ်နေကြသည်။ ယခု ဦးကြီးထွန်းကမူ အပင်တို လည်းမမြင်ရ၊ အသွင်ကိုလည်း မတွေ့ခဲ့ရသူ ဖြစ်၏။ သို့သော် အသွေးမြင် အသွင်သိ။ အပွေးမြင်သည်နှင့် မည်သည့်အပင်ဖြစ်ကြောင်းကို ဦးကြီးထွန်းက အတတ်သိပြီးဖြစ်နေ၏။ ထို့ကြောင့်လည်း သည်သစ်ကို ပယ်သစ်အဖြစ် သတ် မှတ်ခြင်းပင်တည်း။

ထိုအခါ သူတို့ကလည်း သည်သစ်တုံးကြီးများကို ဘာ့ကြောင့် မသုံး ဘဲ ပယ်ပစ်သည်ကို သိချင်လာသည်၊ ကြားချင်လာသည်။ ထို့အတူ "ဒီသစ် သားတွေက ဘာသားတွေလဲ . . ဘာဖြစ်လို့ မသုံးရတာလဲ . . . ဦးကြီးထွန်း" ဟု မေးလိုက်ချင်သည်။ စုံစမ်းချင်သည်။ သို့သော် ယခုအချိန်၌ ဦးကြီးထွန်း က စိတ်တိုနေသည်မို့ မမေးရဲ။ နောက်မှပင် အေးအေးဆေးဆေး မေးကြည့် မည်ဟု ဆုံးဖြတ်ကာ ဦးကြီးထွန်း ခိုင်းစေသော အလုပ်များကို ရိုးကျိုးစွာပင် လိုက်နာလုပ်ဆောင် နေကြလေသည်။

သူတို့မှာ သစ်ကောင်းဝါးကောင်းများကို ရွေးချယ်၍ ပြီးစီးကြသော်၊ အသုံးပြု၍ မရသဖြင့် ပယ်ပစ်လိုက်ရသော သစ်များကလည်းမနည်း၊ လုအောင် ရပ်နည်းပါးခန့် မြင့်တက်နေသော သစ်ပုံကြီးကိုကြည့်၍ ရင်မောနေကြသည်။ ကိုသိမ်းမောင်နှင့် ကိုကျော်စိန်တို့ နှစ်ယောက်မှာလည်း ခေါင်းတစ်ညိတ်ညိတ် ဖြစ်နေကြသည်။

မည်သို့ဆိုစေ ဦးကြီးထွန်းက ကောင်းပေ ညွှန်းပေဟု သတ်မှတ်ထား သော သစ်များကိုသာ မီးသွေးဖို ပြုလုပ်မည့် နေရာသို့ သယ်ယူပို့ဆောင်ကြ ရသည်။ ဦးကြီးထွန်းက ယခုအချိန်ထိ မည်သူ့ကိုမျှ စကားမပြော။ သူ့အလုပ်

www.burmeseclassic.com

www.burmeseclassic.com



တိုသာ ချွေးတစ်လုံးလုံးနှင့် လုပ်နေသည်။

သူတို့ကလည်း ဦးကြီးထွန်းနည်းတူ သစ်သယ်ကြသည်။ ပို့ကြသည်၊ ထမ်းကြသည်။ သည်တော့ လူတွေလည်း ပန်းကြပြီ။ လူပန်း၍ စိတ်နွမ်းနေသော်လည်း သူတို့၏လုပ်ငန်းမှာ မပြီးပြတ်သေး၊ အနားမယူရသေး။ ထို့ကြောင့် သူတို့မှာ နဖူးကချွေး ခြေမသို့ကျရုံမက ပထမီမြေသို့ပင် ကျအောင် လုပ်ဆောင်နေကြရလေသည်။

× × × × ×

[၅]

အလုပ်အားသော တစ်နေ့တွင် ကိုကျော်စိန်နှင့် မောင်သိုက်တို့ စမ်းဖျားသို့ တက်လာကြသည်။ နွေလရောက်လျှင် ခရုများသည် စမ်းဘေး အင်းချောက်၊ အိုင်ချောက်တို့တွင် ရွှံ့နွံထဲ မြုပ်နေတတ်ကြသဖြင့် ရွှံ့နွံထဲ တူးယူလျှင်အပြင်လိုက် ရတတ်၏။

သည်လိုနှင့် စမ်းဖျားသို့ တက်လာကြရာ သူတို့ထင်ထားသော ခရုကျင်းတစ်ခုသို့ တက်လာကြသည်။ ခရုကျင်း ရွှံ့ပျော့အိုင်နား မရောက်မီပင် 'ခရှူး၊ ခရှူး . . . ခူး - ခူး . . .' နှင့် အသံများကို ကြားလိုက်ကြရသည်။

ရုတ်တရက် ကိုကျော်စိန်က ခြေလှမ်းတုံ့ရပ်လိုက်သောအခါ၊ မောင်သိုက်မှာလည်း အလိုလို ခြေလှမ်းရပ်ပြီးသား ဖြစ်သွား၏။ နှစ်ယောက်သား ခြေလှမ်းရပ်ပြီး နားစွင့်လိုက်ကြ၏။

"ကိုကြီးစိန် ဘာသံလဲဗျ"

မောင်သိုက် ကိုကျော်စိန်ကို တီးတိုး မေးလိုက်၏။

"အေး - ကွ၊ ဘာသံပါလိမ့်၊ သေသေချာချာ နားထောင်စမ်း"

နှစ်ယောက်သား ခဏရပ်ပြီး အသံကြားရာဘက် နားစွင့် လှမ်းကြည့်နေကြသည်။ သူတို့နှစ်ယောက် ကြားနေကြသော အသံလာရာမှာ စမ်းချောင်းထဲက ဖြစ်သည်။

"ခရှူး၊ ခရှူး၊ ခူး . . ခူး . ."

အသံတွေမှာ သူတို့ နားထောင်နေကြချိန်မှာပင် ပို၍ကျယ်လာသလို ဆူညံလာ၏။

"အသံကတော့ စမ်းချောင်းထဲကပဲကွ။ တို့ ဒေးလုံ တူးရှင်း[illegible] ပါသားဝဲ။ သွားကြည့်ကြမယ်။ တို့ ခရုတူး ငါးအိုင်ပက်ကြရမည့် [illegible] အဲဒီ ဘက်မှာပဲ . ."

ကိုကျော်စိန်ပြောသည်မှာ မှန်၏။ သူ့လက်ထဲမှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ငါးအိုင်ပက် ခရုတူးရာတွင် အသုံးပြုသော တူရွင်းပြားတစ်ခုကို ကိုင်ပါလာသလို မောင်သိုက် လက်ထဲမှာလည်း အောင်းလုံတစ်ချောင်းပါသည်။

"အေးလေ၊ ခရုတူး ငါးအိုင်ပက်ကြရမှာလည်း အဲဒီဘက်ဆိုတော့ သွားကြည့်ကြတာ ကောင်းပါတယ်"

ကိုကျော်စိန်ကို တီးတိုးပြောရင်း မောင်သိုက်သည် အောင်းလုံကို အသင့်ကိုင်၍ ရှေ့က တက်သွားသည်။ ကိုကျော်စိန်ကလည်း ဓားတစ်လက် တူရွင်းတစ်ဘက်ကို ကိုင်ကာ မောင်သိုက်နှင့် ရင်ပေါင်တန်း လိုက်လာသည်။

"မောင်သိုက် လောမကြီးနဲ့တွ။ ခြေသံလုံအောင် ဖြည်းဖြည်း သွားပါ"

"ဟုတ် . . ဟုတ်ကဲ့"

သူတို့ ကြားနေရသော နေရာနားသို့ နှစ်ယောက်သား ရောက်သွားကြသည်။ ကမ်းပါးချိုပုတ်ကို အကာအကွယ်ယူပြီး စမ်းချောင်းအောက်ကို ငုံ့ကြည့်လိုက်ကြသည်။ မြင်ကွင်းက ရှင်းနေ၏။

ဝက်အကြီးအသေး လေးငါးကောင်သည် စမ်းဘေး မြေပျော့ထဲ မြုပ်နေကြသော ချောင်းခရုများကို ဖော်စားနေကြသည်။ သူ့တို့နှုတ်သီးနှင့် ထိုးကော်ထားသော စမ်းဘေးရွှံ့နွံတွေမှာ ထယ်ထိုးထားသလို ပွစာလန်နေသည်။ ဝက်အုပ်သည် ခရုများရှိရာ ရွှံ့ထဲကိုသာမဟုတ် ကမ်းပါးအောက်ကိုလည်း ထိုးမွှေထားကြသေး၏။

"ကိုကြီးစိန် ကျွန်တော်တို့တော့ ထောတာပဲဗျ။ ခရုထက် ဝတ်သားက ပိုကောင်းနေပြီဗျ။ ကျွန်တော် ဝက်တစ်ကောင်ကောင်ကို လှံနဲ့ပြေးထိုးမယ်။ ကိုကြီးစိန်က ပြေးခုတ်ဗျာ။ ကျွန်တော် လှံနဲ့ပြေးထိုးတဲ့ အကောင်ကို ထိအောင်ခုတ်နော်။ ပိုင်ပိုင် နိုင်နိုင်သာ ထိအောင်ခုတ်။ ဝက်တစ်ကောင်တော့ မုချရ . ."

မောင်သိုက်၏ စကားမဆုံးမီမှာပင် ဝက်ကောင်ကြီး တစ်ကောင်က သူ့အော်လံ နှံ့ဝန္နာခေါင်းကို မော့၍ ကျယ်ကျယ်လောင်လောင် 'ခရူး၊ ခရူး၊ ဂရူး၊ ဂရူး' အော်မည်လိုက်ရာ ဝက်အုပ်ကြီးမှာ ချက်ချင်း စမ်းချောင်း တစ်ဘက်ချုံတောထဲသို့ အားလုံး ဝရုန်းသုံးကားနှင့် ဝင်ပြေးသွားကြသည်။

နှစ်ယောက်သားမှာ စမ်းချောင်းနား လှံချိန်၊ ဓားရွယ်ရင်း မတ်တတ်မေ့သွားကြသည်။

"ခွီးမှပဲ . . ၊ တော်တော်ပါးတဲ့ အကောင်းတွေ။ မင်းအသံ ကြားသွားလို့လားကွာ . . . ။ မင်းကလဲ . . . ငါ့ကိုပဲ အကြာကြီး ဆရာလုပ်နေတာ အကုန်ပြေးကုန်ပြီ . . . "

ကိုကျော်စိန် အပြစ်တင်သည်ကို မောင်သိုက်မှာ ဘာမှ ပြန်မပြော



တတ်ဖြစ်ကာ စုတ်ဟသပ်သပ်နှင့် ဝက်အုပ် ဝင်ပြေးသွားရာကိုသာ ငေးကြည့်သျှက်။

အမှန်က မောင်သိုက်၊ ရှည်ရှည်ဝေးဝေး ပြောနေသော အသံကို ဝက်အုပ်က ကြားသွား၍မဟုတ်၊ သူတို့မှာ မီးသွေးဖုတ်သမားများသာဖြစ်ကြပြီး မုဆိုးမဟုတ်သဖြင့် လေညာလေအောက် သတိမထားမိကြ။ သူတို့မှာ လေညာလေထက်က သွားချောင်းကြသဖြင့် ဝက်အုပ်ကလူနံ့ရကာ အကုန် တောထဲဝင်ပြေးသွားကြခြင်း ဖြစ်လေသည်။

"ကဲ - လာကွာ။ နောက်ခရုကျင်းတွေရှိရာ လိုက်ရှာရအောင် . . "

ပြောပြောဆိုဆိုနှင့်ပင် ကိုကျော်စိန်က စမ်းဖျားဘက် ဆက်တက်သွား၏။ ထိုအခါ မောင်သိုက်မှာလည်း လှံထမ်းပြီး နောက်က လိုက်ပါရပြန်သည်။ သို့သော် ချောင်းခရုများ တစ်နွေလုံး မြုပ်နေတတ်ကြသော နေရာအတော်များများမှာ စောစောက ဝက်အုပ်တွေ ထိုးကော် ကူးဆွ စားထားကြ၍ တစ်နေရာမှ ခရုမရှိတော့ပေ။

ထိုအခါ သူတို့နှစ်ယောက်သည် စမ်းအောက်ဘက်ရှိ ရေတင်အိုင်များကို လာကတည်းက ရည်ရွယ်ချက် ရှိကြသည့်အတိုင်း၊ ငါးအိုင်ပက်ရန် စမ်းအောက်ဘက် ပြန်ဆင်းလာကြပြန်သည်။

စမ်းချောင်းအောက်ဘက်ရှိ ရေအိုင်များမှာလည်း ရေအိုင်တိုင်းလိုလို ရေနောက်နေသည်ကိုသာ တွေ့ကြရသည်။ ရေနောက်နေသော အိုင်တစ်အိုင်ကို ငုံ့ကြည့်ကာ မောင်သိုက်က-

"ဟိုကောင်တွေ ဦးသွားပြန်ပြီ ထင်တယ်ဗျ။ ဝက်ကတော့ ရေထဲက ငါးကို ဆင်းဖမ်းမှာမဟုတ်ဘူး. ."

ဟု သူတို့နှင့် မနီးဝေးတွင် စခန်းချ မီးသွေးဖုတ်နေကြသော ဦးကျော်ခိုင်၊ စံကျော်တို့ အဖွဲ့ကို ဥပါဒ်စကား ဆိုလိုက်ပြန်သည်။

"နောက်အိုင်တွေ လျှောက်ရှာကြတာပေါ့ကွာ။ လာ - လာ"

ထို့နောက် ရေကြည်နေသော အိုင်တစ်အိုင်ကို တွေ့၍ နှစ်ယောက်သား ငုံ့ကြည့်ကြပြန်သည်။ ရေကြည်နေသော်လည်း ရေအိုင်ထဲတွင် ငါးဆို၍ အသေးအမွှား တစ်ကောင်တစ်လေကိုမှ မမြင်ကြရာ နှစ်ယောက်သားမှာ သက်ပြင်း ကိုယ်စီချ၍ နောက်တစ်နေရာသို့ ထွက်လာကြပြန်သည်၊ အချိန်မှာ နေမွန်းစောင်းနေပြီ။ ဟင်းစားရှာ ထွက်လာကြသော သူတို့နှစ်ယောက်မှာ ခရုလည်းမရ၊ ငါးလည်းမရသေး။

သည်လိုနှင့် စမ်းချောင်းဘေးနား တစ်နေရာတွင် တောကြက်သား ပေါက်မတစ်အုပ် အစာ ယက်စားနေသည်ကို မြင်သဖြင့် ကိုကျော်စိန်က-

"တို့ ဓားလှံ၊ တူရွင်းပြား ယူလာတာ ဒီနေ့ ဘာတစ်ခုမှ အသုံးမတည့်

www.burmeseclassic.com

www.burmeseclassic.com



ဘူးကွာ။ ဒီလိုမှန်းသိရင်၊ ဝါးရှပြောင်းနဲ့ ဒူးလေးက ယူလာခဲ့ရင်၊ အနည်းဆုံး ဝက်မရတောင် ကြက်တွေငှက်တွေ ပစ်လို့ရဦးမယ် . . ."

ဟု ညည်းသလို ပြောလိုက်သည်။

"အေးဗျ၊ ကျွန်တော် သတိတော့ ရသားဗျ။ ကိုကြီးစိန်က ခရုတူး ငါးအိုင်ပက်ကြရုံပဲ ပြောတာကိုး"

"အေးလေကွာ၊ ငါကလည်း ဒီလိုဝက်အုပ်နဲ့ ကြက်သားပေါက်မတွေ တွေ့မယ်မှ မထင်တာကိုး။ ဘယ့်နှယ်လုပ်မလဲ၊ လာပါကွာ၊ ညနေဟင်းစား တစ်ခုခု တစ်မျိုးမျိုးတော့ ရပါလိမ့်မယ်။ နေရှိပါသေးတယ်ကွ။ အားမလျော့ စမ်းပါနဲ့ . . ."

သည်လိုနှင့် သူတို့နှစ်ယောက်သည် စမ်းအောက်ရှိ အိုင်တစ်အိုင် အိုင်တွင် ငါးအိုင်ပက်ရလို ပက်ရကြား လျှောက်လာကြပြန်၏။

ထိုသို့ လျှောက်လာကြရာ စားရကံကြုံသည်ဟုသာ ပြောရပေမည်။ သူတို့နှစ်ယောက် အိုင်တစ်အိုင်နား အရောက်တွင် ရေသောက်ရန် ဆင်းလာ သည်လား၊ ငါး ပုဇွန် ဖမ်းစားရန် ဆင်းလာသည်လား မသိသော ဖွတ်ကြီးတစ် ကောင်နှင့် ပက်ပင်း ရင်ဆိုင် တိုးမိကြသည်။

ရုတ်တရက်ဖြစ်သဖြင့် ဖွတ်ကြီးမှာ မမျှော်လင့်သော လူနှစ်ယောက် ကို တွေ့လိုက်ရာ ခေါင်းမော့ လျှာထုတ်ကာ ဖွတ်မေ့ မေ့ပြီး၊ ကျော်စိန်တို့နှစ် ယောက်ကို စိုက်ကြည့်နေသည်။ ဖွတ်ကြီးကသာ ဖွတ်မေ့ ပုတတ်မေ့ မေ့နေ သော်လည်း ကျော်စိန်ကမူ မတ်တတ်မမေ့ သူ့လက်ထဲက တူရွင်းပြားနှင့် ခေါင်းမော့ မေ့နေသော ဖွတ်ကြီးကို လက်လွတ်စပယ် ပစ်ထည့်လိုက်ရာ ဖွတ် ကြီးမှာ ခေါင်းငိုက်စိုက် ကျသွားသည်။

ထိုအခါ မောင်သိုက်ကလည်း ချက်ချင်းပင် ဖွတ်ကြီးကုတ်ဆက်ကို လှံနှင့် ပြေးထိုးပြီး၊ မြေစိုက် ဖိထားလိုက်သည်။ ထိုအခါ ဖွတ်ကြီးမှာ ဘယ်မှ ထွက်မပြေးနိုင်တော့ဘဲ သူ့ကိုယ်နှင့် မြေပြင်တွင် ငုတ်ရိုက်ထားသလို ဖြစ်သွား ကာ တစ်ကိုယ်လုံး ဆန့်ငင်ဆန့်ငင် ဖြစ်နေလေသည်။

"ကိုကြီးစိန်လက်က ဒီတစ်ခါ မှန်းချက် တယ်ကိုက်ပါလား။ ခေါင်း ထောင်မေ့နေတဲ့ ဖွတ်ကြီးလည်ပင်း ဒက်ထိကို သွားမှန်တာဗျ"

မင်းက ငါ့ကို မုဆိုးနောက် တစ်ခါမှ မလိုက်ဖူးဘူးဆိုပြီး အထင် သေးလို့လား။ ကိုကြီးစိန့်လက်က မုဆိုးသာ လုပ်စားရင် ရွာက မုဆိုးထောင်ပို တို့ ထမင်းငတ်သွားနိုင်တယ်ကွ။ ကျော်စိန့်လက်ကို ခု မင်း မြင်ပြီမှတ်လား။ စောစောက ဝက်အုပ်ကိုလည်း ငါ့ - တူရွင်းပြားနဲ့သာ တစ်ချက်ထိလိုက်လို့က တော့ အဲဒီနေရာ ပွဲချင်းပြီးပဲ။ မင်းကသာ မုဆိုးနောက်လိုက်ဆိုပြီး၊ လူတက် ကြီးလုပ်၊ စကား ရှည်နေတာနဲ့ ဝက်တွေလွတ်ကုန်တာ။ မင်း ကိုကြီးစိန်



လက်စလက်န ခုမြင်ပြီမဟုတ်လား။ ဟဲ - ဟဲ"

"ဝုတ်ပါတယ်ဗျ၊ ဝုတ်ပါတယ် . . . ဟဲ - ဟဲ။ ဒါပေမယ့် ကျွန်တော် သာ ချက်ချင်း လှံနဲ့ ခုလိုထိုးမထားရင် ကိုကြီးစိန် ရမယ်ထင်လား။ မေ့နေတဲ့ ဖွတ်ဆိုတာ ရိုက်လိုက်မှ၊ ဒါမှမဟုတ် လူကလန့်အော်လိုက်မှ သတိရပြီး ထွက် ပြေးတာလို့ မုဆိုးကြီး ဇောင်းဂျမ်းက ပြောဖူးတယ်။ ဖွတ်ဆိုတဲ့ အကောင်ဟာ အသားပျော့သလို အသက်ကလည်း ပြင်းဆိုပဲ။ မုဆိုးကြီး ဇောင်းဂျမ်း မုဆိုး လက်သင်ဘဝတုံးက သေပြီမှတ်လို့ မီးထဲထည့် ဖုတ်ထားခဲ့ပြီး ထင်းခြောက် သွားကောက်တာ မီးဖိုပေါ်ကဖွတ် ထွက်ပြေးသွားလို့ ဖွတ်သား မစားလိုက်ရ ဘူးတဲ့။ သူပြောဖူးတယ်"

"ကြံကြံဖန်ဖန် ဖုတ်ထားတဲ့ ဖွတ်က ထွက်ပြေးသွားတယ် ဆိုတာ မ ဖြစ်နိုင်တာဘဲကွ။ ဇောင်းဂျမ်း ရိုက်တုန်းကပင် မသေလို့ မီးပူလာတော့ သတိရပြီး ထွက်ပြေးသွားတာ နေမှာပေါ့"

"ဟဲ - ဟဲ၊ ကိုကြီးစိန်က အဲသလို ထင်တယ်ပေါ့နော်"

"ထင်တာမဟုတ်ဘူး၊ ငါက ယုတ္တိထောက်ပြီး ပြောတာ"

"အဲဒါ ဟိုတုန်းကတော့ ကျွန်တော်လည်း ကိုကြီးစိန် ပြောသလို ဦး ဇမ်းကြီးရိုက်တုန်းကပင် မသေဘဲ၊ သတိလစ်နေတာ။ နောက် မီးဖိုထဲ ထည့် ဖုတ်ထားတော့ မီးပူမှ သတိရလို့ ထွက်ပြေးတယ် ထင်ခဲ့တာပဲဗျ"

"ဒို့ - မဟုတ်ဘူးလား"

"ဘယ်ကလာ ဟုတ်ရမှာလဲ။ အဲဒီကိစ္စ ကျွန်တော် ဦးတောင်ပို မုဆိုး နဲ့ လိုက်မှ သိခဲ့ရတာဗျ"

"ဘာ့ကြောင့်တဲ့လဲ . ."

"အဲဒါ တောဝင်တယ်လို့ ခေါ်တယ်တဲ့ဗျ . . .။ ရလာတဲ့ သား ကောင်ကို အဖျားအနား မဖြတ်ဘဲ၊ ကြာကြာပစ်ထားရင် တောဝင်တတ်တယ် တဲ့ဗျ . . ."

"ဘာလဲ တောဝင်တယ်ဆိုတာ"

"သေပြီးထင်လို့ ပစ်ထားခဲ့တာ ပြန်သတိရလာတာ"

"ဟော့ . . ."

ကိုကျော်စိန်မှာ ကြောက်တတ်သူ ဖြစ်သဖြင့် မောင်သိုက် ကိုယ်ပေါ် က ဖွတ်ကြီးကို လှမ်းကြည့်ရင်း ကြက်သီးဖြန်းဖြန်း ထသွားလေသည်၊ မောင် သိုက်သည့် မောင်သိုက်ကမူ ဘယ်ချိန်ကပင် ဖြတ်လွှင့်ပစ်လိုက်သည် မသိ၊ သူ့ကိုယ်ပေါ်က ဖွတ်ကြီးတွင် အမြီးဖျား မရှိတော့။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

[၆]

ဦးကြီးထွန်းနှင့် သူတို့ ဆောက်လုပ်နေသော မီးသွေးဖိုမှာ 'မြေတိုက်' မီးသွေးဖို ဖြစ်၏။ မြေတိုက်မီးသွေးဖိုကို မြေပေါ်၌ တည်ဆောက်လုပ်ကိုင်ခြင်းကြောင့် ၎င်းမီးသွေးဖုတ်နည်းကို 'မြေပေါ်ဖုတ်နည်း' ဟူ၍ပင် ခေါ်သည်။

မီးသွေးဖုတ်လုပ်ခြင်းကို မြန်မာပြည် အရပ်ရပ်၌ ဖုတ်လုပ်ကြသည်မို့ တစ်နေရာနှင့် တစ်နေရာ မတူညီကြချေ။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ကိုယ့်နည်းနှင့်ကိုယ် လုပ်ကိုင်ကြသည်။ မည်သို့ဆိုစေ မီးသွေး ကောင်းမကောင်းမှာ မီးသွေးဖုတ်လုပ်သော သစ်သားပေါ်၌သာ မူတည်လေသည်။

သူတို့ ပြုလုပ်နေကြသော မြေတိုက်မီးသွေးဖို၏ ပေရှည် အလျားမှာ ပေ(၄၀)ခန့်ရှိ၏။ အနံမှာ ဖုတ်သစ်(၉)ပေရှိ၏။ အမြင့်မှာ (၈)ပေရှိလေသည်။ ထို့ကြောင့် မောင်သိုက်က မီးသွေးဖိုပေါ် မော့ကြည့်၍ မေး၏။

"ဦးကြီးထွန်း ကုန်းဘောင်ထိုးပြီး တင်ရလိမ့်မယ် ထင်တယ်ဗျ"

"အေး - ဟုတ်တယ်"

ဦးကြီးထွန်းက မောင်သိုက်ဆီ တစ်ချက်လှမ်းကြည့်ပြီး -

"ကုန်းဘောင်ပေါ်က တစ်ဆင့် လှိမ့်တင်ကြကွ . . . ဟေ့ ကျော်စိန်တို့ . . . ငသိမ်းကြီးတို့ ဝိုင်းကြဦးလေကွာ . . . ထွန်းအောင်က တောင့်ထား၊ ဖြည်းဖြည်းဟေ့ - ဖြည်းဖြည်း . . . ဖြည်း . . . ဖြည်း . . ."

ထွန်းအောင်နှင့် ရွှေမော်တို့က ထိပ်ဝ တောင်ဆုပ်ခန့်ရှိသော သစ်လုံးကြီးကို အစွန်းတစ်ဘက်စီကိုင်၍ သစ်တုံးကြီးကို ကုန်းဘောင်ပေါ်မှတစ်ဆင့် သစ်ပုံပေါ်သို့ ရောက်အောင် တွန်းတင်နေကြသည်။

သို့ရာတွင် ကုန်းဘောင်က အထက်နှင့်အောက် ထိုးထားသည်မို့ လှိမ့်တင်ရ ခက်နေသည်။

ထို့ကြောင့် ကိုသိမ်းမောင်က ကုန်းဘောင်နှစ်ခုကြား သစ်တုံးကြီး၏



အလယ်သို့ ဝင်ပြီး သစ်သားတစ်ချောင်းနှင့် 'ကုတ်'ပြုလုပ်ကာ တွန်းတင်သည်။ ၎င်းနောက် ကျန်လူများကိုလည်း သတိပေးစကား ပြောကြားသည်။

"ကိုင်း . . . တွန်းဟ . . . တွန်းဟ . . . သတိလည်းထားကြ။ အေး ဘာပြီ . . . ဟုတ်ပြီ . . . ၊ ကဲ . . . နောက်တစ်လုံးဟေ့ . . ."

ဦးကြီးထွန်းသည် ထွန်းအောင်တို့ တင်ပေး၍ သူ့ဆီရောက်လာသော သစ်လုံးကြီးကို သစ်ပုံပေါ်၌ နေရာကျအောင် စီစဉ်သည်။ သစ်စီသော နေရာများတွင် လေမဟာစေရန် ဦးကြီးထွန်းက ဂရုတစိုက် ပြုလုပ်နေ၏။

ညနေ နေဝင်ရီတရော အချိန်သို့ ရောက်သည်နှင့် သူတို့ပြုလုပ်နေကြသော အလျား ပေ(၄၀)၊ အနံ(၉)ပေ၊ အမြင့်(၈)ပေရှိသော မီးသွေးဖိုကြီး တစ်ခု၏ သစ်တင်လုပ်ငန်းမှာ အားလုံး ပြီးစီးသွားတော့သည်။

လူအားကောင်းသဖြင့် သူတို့၏လုပ်ငန်းမှာ အချိန်တိုနှင့် ခရီးတွင်ကျယ်သည်။ ယင်းကဲ့သို့ သစ်တင်ပြီးသည်နှင့် ၎င်းသစ်ပုံကြီးကို အုတ်တံတိုင်းသဘောမျိုး လေးဘက်လေးတန်စလုံး နံရံပတ်ကာ၍ မြေတိုက် ဆောက်လုပ်ရပေဦးမည်။ ၎င်း သစ်ပုံကြီးကို မီးသွေးဖို ဖြစ်စေရန်အတွက် နောက်ထပ် အခက်ဆုံး ရှစ်ရက်ခန့်လောက် လုပ်ကိုင်ကြရပေဦးမည်။

ထို့ကြောင့် ယနေ့၌လည်း သူတို့မှာ မပြီးပြတ်သေးသော မီးသွေးဖိုတည်ဆောက်ရေး လုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်နေကြရသည်။ လွန်ခဲ့သောနေ့က သူတို့ပြုလုပ်ပြီးစီးသော အလျားပေ (၄၀)၊ အနံ(၉)ပေ၊ အမြင့်(၈) ပေ ရှိသော သစ်ပုံကြီးမှာ မီးသွေးဖိုစင်စစ် မဖြစ်သေး။ မြေတိုက် မီးသွေးဖိုကြီး၏ ပုံစံကို အခြေခံဖေါ်ထားသော သစ်ပုံကြီးများသာ ဖြစ်သေးသည်။

ထို့ကြောင့် ၎င်းသစ်ပုံကြီးကို မီးသွေးဖို ဖြစ်စေရန်အတွက် လေလုံခြုံ ရန် လိုလေသည်။ လေလုံခြုံရန်အတွက် သစ်ပုံကြီး၏ ဘေးပတ်ပတ်လည်မှ တစ်ထောင့်တစ်မိုက်စီ' ခွာကာ မြေရံတိုင် စိုက်ရပေမည်။ မြေရံတိုင် စိုက်ပြီးမှ မြေတိုက် ပြုလုပ်ကြရပေမည်။

ဤသည်တို့ကြောင့်လည်း၊ သူတို့မှာ မြေရံတိုင်များကို စိုက်၍ မြေ တိုက် ဆောက်လုပ်ရန် စီစဉ်နေကြရပြန်သည်။

"တို့ဖို့က အလျား ပေလေးဆယ် ရှိတယ်။ အနံက ကိုးပေ ရှိတယ် ဟုတ်လား၊ ဒါကြောင့် အဲဒီ သစ်ပုံကြီးနဲ့ တစ်တောင့်တစ်မိုက် အကွာအဝေး ခွာပြီး ရံတိုင်စိုက်ဖို့ ကျင်းတူးကြရမယ်ဟေ့။ ရံတိုင် တစ်ခု အကွာအဝေး ကတော့ . . . တစ်တိုင်နဲ့တစ်တိုင် 'ဆယ်ပေ' လောက် ခြား စိုက်ကြတာပေါ့ကွာ . . . ။ ကဲ လုပ်ကြဟေ့ . . . လုပ်ကြကွာ . . .

ဦးကြီးထွန်းက သစ်ပုံကြီးကို ကြည့်ရင်း လုပ်ငန်းစရန် ပြောသည်။

"မောင်သိုက်နဲ့ ရွှေမော် . . . မင်းတို့နှစ်ယောက်က ရံတိုင်စိုက်ဖို့

www.burmeseclassic.com



တိုင်သွားထမ်းကြကွာ . . ."

"ဦးကြီးထွန်း ကျွန်တော်တို့ တိုင်ဘယ်နှစ်လုံး ထမ်းခဲ့ရမှာလဲဗျ. ."

မောင်သိုက်က ဦးကြီးထွန်းကို မေးသည်။

"ဟ - မောင်သိုက်ရဲ့ မင်းတွက်ကြည့်ပါလား . . .။ တစ်ဘက်ကို လေးလုံးစိုက်ရင် အလျား နှစ်ဘက်အတွက်ဆိုတော့ . . . ရှစ်လုံး။ အနံနှစ်ဘက်က တစ်ဘက်ကို နှစ်လုံးစီစိုက်ရင် တိုင် 'ဆယ့်နှစ်လုံး' လောက် လိုတာပေါ့ကွ . . ."

မောင်သိုက်၏ အမေးကို ဦးကြီးထွန်းက စိတ်ရှည်ရှည်နှင့် ရှင်းလင်းပြောပြသည်။

"ဟ - ဒီလိုဆိုရင်၊ ဟော့ကောင် . . . ရွှေမော် . . . မင်းက ခြောက်လုံးထမ်း . . .၊ ငါက ခြောက်လုံးထမ်းမယ်။ လာ . . . သွားစို့"

မောင်သိုက်က ပြောပြောဆိုဆိုနှင့် ရွှေမော်ကိုခေါ်၍ သစ်ထမ်းရန် ထွက်ခွါ သွားလေသည်။

"ဟော့ - ထွန်းအောင် . . . တို့တူးထားတဲ့ ကျင်းတွေက တစ်ကျင်းနဲ့ တစ်ကျင်း ဖြောင့်တန်းနေမှ ဖြစ်မှာနော် . . .။ ဟင်း . . . မင်းတူးတားတဲ့ ကျင်းက အထဲကို နဲနဲဝင်နေတယ်ကွ . . ."

ဦးကြီးထွန်းကား သဘာကြီးဖြစ်သဖြင့် မျက်မှန်း ကောင်းလှသည်။ (၁၀)ပေစီ ကွာဝေးနေသော ကျင်းလေးကျင်း အနက် အမှတ်(၃)ကျင်းမှာ အတွင်းသို့ အနည်းငယ် ဝင်နေသည်ကို တွေ့မြင်နေသည်။ အခြားကျင်းများနှင့် ဖြောင့်တန်းမနေဘဲ အတွင်းသို့ ဝင်နေသော ကျင်းကို တူးသူမှာ ထွန်းအောင်ပင်။

"တွေ့လား . . . မင်းကျင်းက သစ်ပုံဘက်ကို ရောက်ပြီး အထဲကို နည်းနည်း ဝင်နေတယ် . . .။ အဲဒါကို အခု - ပြန်ပြင် တူးလိုက်ကွာ . . ."

ဦးကြီးထွန်းက ဆိုသည်။

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . ."

× × × × ×

[၇]

မြေတိုက် မီးသွေးဖိုကြီးတစ်ခု လုံးဝပြီးမြောက်ရေးမှာ လွယ်ကူသော အလုပ်မဟုတ်၊ ခဲရာခဲဆစ် လုပ်ကိုင်ကြရသည်။ ထို့ကြောင့် သူတို့မှာ နံနက်ဘ ထမင်း စားပြီးသည်နှင့် အနားမယူကြဘဲ၊ မပြီးပြတ်သေးသော လုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင် ကြရလေ၏။

ထွန်းအောင်တို့ မောင်သိုက်တို့ ပြုလုပ်ထားသော သစ်ပုံကြီးမှာ မြေရံတိုင်သာ စိုက်၍ ပြီးသေးသည်။ မြေရံတိုင်များမှာ သစ်ပုံကြီး၏ အနံနှစ်ဘက်လုံးမှလည်းကောင်း၊ အလျား နှစ်ဘက်စလုံးမှ လည်းကောင်း၊ လေးဘက်လေးတန် စိုက်ထားသော တိုင်များကား အကွာအဝေး ညီမျှနေကြသည်။

တိုင်များမှာ ထိုးထွက်လျှက်ရှိသော အရိပ်တို့မှာ သစ်ပုံကြီးဆီသို့ ပြာကျနေကြသည်။

မြေရံတိုင် စိုက်ပြီးဖြစ်သော သူတို့မှာ ၎င်းမြေရံတိုင်များကို ငြမ်းဆင်ဘုတ်ခတ်ကာ မြေပတ်ကားတက်ရန် လုပ်ငန်းစ,ကြရလေသည်။ ငြမ်းဆင်သည်ဆိုရာ၌ သစ်ဝါးများကို လူတက်၍ရစေရန် တစ်ထစ်ပြီးတစ်ထစ် ကြိမ်နှားကြိုးများနှင့် အဆင့်ဆင့် ပြုလုပ်ရသည်။

ထို့အတူ သူတို့ ပြုလုပ်ထားသော မြေရံတိုင်များကိုလည်း မြေပတ်ကားတက်ရန် တိုင်၏ အောက်ခြေမှ စ,ကာ ဝါးလုံး သစ်လုံးတို့ကို တစ်လုံးစီဆင့်၍ ရံတိုင်ဆုံးအောင် အပေါ်သို့ အဆင့်လိုက် အဆင့်လိုက် တက်ရသည်။ ယင်းကဲ့သို့ ပြုလုပ်သည်ကို အရှင်းဆုံးဆိုရသော် ဝါးလုံး(ဝါ)သစ်လုံးကို တုံးလုံးလှဲ၍ စီနေအောင် ခြကာသော ပုံစံပင်။ ၎င်းကို ငြမ်းဆင်သည်ဟုခေါ်သည်။

ယင်းကဲ့သို့ အားလုံးလုပ်ကိုင်၍ ကာရံ တုတ်ခတ်ပြီးသောအခါ သစ်နှင့် ခြံအကြားရှိ လွတ်နေသော နေရာထဲသို့ မြေကြီးများကို ထည့်ရသည်။ ထိုအခါ ရံတိုင်စိုက်၍ ငြမ်းဆင်ထုတ်ခတ်ပြီးမှ မြေထည့်သည်မှ မြေကြီးများ

www.burmeseclassic.com

မှာ အပြင်သို့ ထွက်ကျလာခြင်း မရှိတော့။

မြေကြီးများမှာ သစ်ပုံ မြင့်သလောက် မြင့်၍မြင့်၍ တက်လာသည်။ ထိုကဲ့သို့ မြေကြီးများကို သစ်ပုံနှင့်အညီ မြင့်တက်လာအောင် ပြုလုပ်သည်ကို 'မြေပတ်ကား' တက်သည်ဟု ခေါ်လေသည်။ ထိုကဲ့သို့ အလျား နှစ်ဘက်စလုံးမှ ပြုလုပ်သလို အနံ နှစ်ဘက်စလုံးမှလည်း ပြုလုပ်ကြရလေသည်။

မြေပတ်ကားတက်သည့်နေရာ၌ စနစ်ရှိဖို့ လိုလေသည်။ သစ်ပုံထဲ သို့ မြေကြီးများ မဝင်ရောက်စေရန်လည်း အရေးကြီးသည်။ ထို့ကြောင့် ရံတိုင် မှ ငြမ်းနှင့် ထုတ်တို့ကို တစ်ခါတည်း အပြီးအပြတ် မလုပ်ကြ။ သစ်တစ်လုံး ခံလိုက် မြေဖို့လိုက်နှင့် တစ်ဆင့်စီ တစ်ဆင့်စီ လုပ်ရသည်။ သစ်ပုံထဲသို့ မြေ ကြီးခဲများ မဝင်ရောက်စေရန် အတွက် သစ်ပုံ၏ဘေးတွင် 'အင်ဖက်'များ ကပ် ထားရသည်။ သို့မှသာ သစ်ပုံတွင်းသို့ မြေကြီးများ ဝင်ရောက်ခြင်းကို ဘေး၌ ကပ်ထားသော အင်ဖက်တို့က ကာကွယ် တားဆီးထားလေမည်။

သည်အခါ သစ်ပုံဘေးမှ တုတ်ခတ်၍ ကာရံထားသော မြေပတ်ကား တစ်နည်းအားဖြင့် မြေသား၏ ထုထည်မှာ 'တစ်တောင့်တစ်မိုက်' ရှိနေလေ ပြီ။ ထို့ကြောင့် သစ်ပုံကြီး၏ ဘေးပတ်ပတ်လည်မှာ လေလုံခြုံပြီး မီးသွေးဖို ကို စိတ်ချနိုင်တော့သည်။ နဂိုကတည်းကပင် ယင်းကဲ့သို့ မြေသားမျိုးကို ရ စေရန်အတွက် သစ်ပုံနှင့် မြေရံတိုင်၏ အကွာအဝေးကို 'တစ်တောင့်တစ် မိုက်' ခွါ၍ လုပ်ကိုင်ခဲ့ကြရခြင်းလည်း ဖြစ်၏။

ထွန်းအောင်တို့မှာ သစ်ပုံကြီး၏ လေးဘက်လေးတန် စလုံးကို ရံတိုင် စိုက်ကာ မြေဖို့ကြရသည်။ မြေပတ်ကား တက်ကြရသည်။ တုတ်ခတ်ကြရ သည်။ ငြမ်းဆင်ကြရသည်။

သို့ရာတွင် ကျင်းတူးထားသော မီးထိုးပေါက်ကိုမူ ချန်၍ထားရသည်။ ၎င်းမီးထိုးပေါက်၏ နေရာကို မူရင်းအတိုင်း ကျန်ရစ်စေရန် အပေါ်ပေါက်မှ စင်ဆောက်၍ မြေပတ်ကား တက်ရလေသည်။ ယင်း မီးထိုးကျင်း၏ အပေါ် မှနေ၍ သစ်ပုံနှင့်ကပ်ခါ အနံ 'တစ်တောင့်တစ်မိုက်' ရှိသော စင်ကို ဆောက် ရသည်။ ၎င်းစင်၏ အလျားမှာ သစ်ပုံ၏ အနံအတိုင်း (၉)ပေသာ ရှိရမည် ဖြစ်၏။

ထိုကဲ့သို့ ဆောက်လုပ်ထားသော စင်ကို လေလုံခြုံမှုနှင့် 'မြေမယို' စေရန်အတွက် အင်ဖက်များဖြင့် လေးဘက်လေးတန်စလုံးကို ကပ်ရပြန်သည်။ ပြီးမှ ထိုစင်ထဲသို့ မြေဖို့တင်ရသည်။ အမြင့်မှာလည်း အခြား သုံးဘက်စလုံး တွင် ပြုလုပ်ထားသော မြေပတ်ကား အမြင့်တို့နှင့် တူညီရလေသည်။

ထိုမီးထိုးကျင်းသည် သစ်ပုံကို ကာရံထားသော မြေပတ်ကား၏ အ ပြင်ဘက်သို့ နှစ်ပေ၊ သုံးပေ နီးပါး အစွန်းထွက်နေရသည်။ သို့မှသာ မီးသွေး ဖိုကို မီးထိုးသောအခါ လွယ်ကူစွာ မီးထိုးနိုင်လေသည်။

ထို့ကြောင့် အပေါ်ပိုင်း ဟာလာ ဟင်းလင်းကြီး ဖြစ်နေသော သစ်ပုံ ကြီးကို လေလုံခြုံစေရန်အတွက် အဖုံး,ဖုံးကြရသေးသည်။ သစ်ပုံကြီးကို အဖုံး မဖုံးမီ လေးဘက်လေးတန်ရှိ မြေပတ်ကား တက်ထားသော မြေကြီးများကို စိတ် ရှည်ရှည်ထား၍ ညှိရသည်။ မြေညှိသည့်နေရာတွင် မြေပတ်ကားပေါ်သို့ တက် ရောက်ပြီး လုပ်ကြရသည်မို့ ဟိုဘက်သည်ဘက်ကို သစ်တန်း ကုန်းဘောင် ထိုးပြီး တက်ကြဆင်းကြရသည်။

အားလုံး ပြီးစီးသောအခါ သစ်ပုံကြီးပေါ်တွင် အသင့်ယူဆောင်လာ သော ကောက်ရိုးများကို ခပ်ထူထူလေး ဖြန့်ကြဲ၍ ခင်းလိုက်သည်။ ၎င်း ကောက်ရိုးများ၏ အပေါ်မှ လေးဘက်လေးတန်ရှိ မြေပတ်ကားနှင့်အညီ မြေ ဖို့တင်ကြရသည်။ ၎င်းကို မီးသွေးဖို၏ 'မြေအဖုံး' ဟု ခေါ်တွင်လေသည်။ ၎င်းအဖုံး၏ ထုထည်မှာ တစ်တောင်ကျော်ကျော်မျှ ရှိရမည်ဖြစ်၏။ ထို့နောက် မီးခိုးထွက်ရန် အပေါက်ငယ်လေး သုံးလေးပေါက်လောက် မီးသွေးဖိုပေါ်မှ လက် ယက်ကျင်းငယ်သဖွယ်မျိုး ပြုလုပ်ကာ ထားရှိသည်။ ကျန်နေရာ အားလုံး ကို မြေကြီးများနှင့် ဖုံးအုပ်လိုက်ကြတော့သည်။

မြေတိုက် မီးသွေးဖိုတစ်ခု၏ အကြာဆုံးလုပ်ငန်းမှာ မြေပတ်ကား တက်ရန် ပြုလုပ်ရသော လုပ်ငန်းဖြစ်၏။ ထိုလုပ်ငန်းကို ပြုလုပ်ရန်အတွက် ခုနှစ်ရက် ရှစ်ရက် အချိန်ယူ၍ စိတ်ရှည် လက်ရှည် ပြုလုပ်ရလေသည်။

သည်အခါ မီးသွေးဖိုကြီးမှာ လေးဘက် လေးတန်စလုံးလည်း လုံခြုံ သွားလေပြီ။ အဖုံးလည်း ဖုံးပြီးပြီ။ ထိုကဲ့သို့ အားလုံး ပြီးစီးသွားမှသာ မြေ ကြီးများနှင့် ဆောက်လုပ်ထားသော ၎င်းကို 'မြေတိုက်'ဟု ခေါ်ဆိုလေသည်။

သူတို့မှာ မြေတိုက်တစ်ခု ဆောက်လုပ်ပြီးစီးသွားပြီ ဖြစ်သော်လည်း ၎င်းမြေတိုက်ပေါ်သို့ အလွယ်တကူ တက်နိုင် ဆင်းနိုင်ရန်နှင့် လိုအပ်သလို ပြုပြင်နိုင်ရန် မြေတိုက် မီးသွေးဖို၏ အပေါ်၌ လူတစ်ရပ်ခန့်မြင့်သော တန်း တစ်ခုကို ပြုလုပ်ကြရပြန်သည်။ ပြီးလျှင် ၎င်းတန်းမှ ကြိုးများကို ခိုင်မြဲစွာ ချည်နှောင်၍ နွယ်ကြိုးများကဲ့သို့ တန်းလန်းချထားခြင်း များကိုလည်း ပြု လုပ် ထားရသည်။

သို့မှသာ မြေတိုက် မီးသွေးဖိုပေါ်၌ အရေးကြီးသော အကြောင်း ကိစ္စ တစ်စုံတစ်ခု ပေါ်ပေါက်လာပါက တန်းလန်းချထားသော ကြိုးများကို ကိုင်တွယ်၍ ဖိုပေါ်သို့ လျှင်မြန်စွာ ခုန်တက်၊ ခုန်ဆင်းနိုင်မည်၊ ဖိုပေါ်သို့ ရောက်သည်နှင့် အထက်တွင် ခိုင်ခန့်စွာ ပြုလုပ်ထားသော တန်းကို ကိုင်ဆောင်ကာ မိမိလိုအပ်သလို စိတ်တိုင်းကျ ပြင်ဆင် မွမ်းမံနိုင်သည်။ ပြင် အန္တရာယ်ကိုလည်း မစိုးရိမ်ရဘဲ စိတ်ချလက်ချ ပြုပြင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ မီးသွေးဖို မတော်တဆ ပေါက်ကွဲလျှင်၊ ပေါက်ကွဲသည်။ နှင့်တစ်ပြိုင်နက် အသင့်ပြုလုပ်ထားသော ကြိုးကို ကိုင်ကာ အပေါ်သို့ လွှားကနဲ ခုန်တက်နိုင်မည်။ ခုန်ဆင်းနိုင်မည်။ ထိုပစ္စည်းများမှာလည်း မီးသွေးဖိုတစ်ခု၏ အရေးပါ အရာရောက်သော ပစ္စည်းများပင် ဖြစ်လေသည်။

သူတို့မှာ လူပေါင်း(၆)ယောက်မို့ အလျားပေ(၄၀)၊ အနံ(၉)ပေ၊ အမြင့်(၈)ပေရှိသော မြေတိုက် မီးသွေးဖိုကြီးကို (၈)ရက် (၉)ရက်ကြာမျှ မနားမနေ လုပ်ကိုင်ကြရသည်။ လူပေါင်း(၆)ယောက်ဖြစ်သဖြင့် မီးသွေးဖိုအားလုံးပြုလုပ်ပြီးလျှင် တစ်ဖိုကို နှစ်ယောက်ကျ စုပေါင်း တာဝန်ထမ်းဆောင် ကြရပေမည်။

ငင်းသုံးဖိုပြီး၍ မီးသွေးများကိုပါ ဖော်ပြီးလျှင် နောက်သုံးဖိုကို ဆက်လက်၍ တည်ဆောက်ကြရပေဦးမည်။ ထို့ကြောင့် သူတို့၏ လုပ်ငန်းမှာ နဖူးကချွေး ခြေမကို ကျရုံသာမက မဟာပထဝီ မြေကြီးသို့ပင် ကျသည်အထိ ဆက်လုပ်ကြရပေဦးမည်။

× × × × ×

[၈]

ပထမအသုတ် မီးသွေးဖို သုံးဖိုစလုံး ပြီးစီးသွားပြီး ပထမအသုတ်ထဲက ပထမမီးသွေးဖိုကိုလည်း မီးတင်ထားကြပြီ။ ထို့ကြောင့် ဦးကြီးထွန်းအပါအဝင် လူကြီးသုံးယောက်က မီးအခြေအနေကို ကြည့်ရှုလှေ့လာနေကြစဉ် ဆမင်းချက် ဟင်းချက်ပြီးသွားသည်နှင့် မောင်သိုက်တို့ လူငယ်သုံးယောက်မှာ နံနက်စာကို ကမန်းကတန်း စားသောက်ကာ ညနေစာ တောဟင်း၊ တောင်ဟင်းရှာရန်နှင့် ကြက်ပစ်ငှက်ပစ် ထွက်လာကြသည်။

"ရွှေမော် မင်း ရှေ့ကသွား . . . ကြက်ငှက်မြင်ရင် ငါတို့ကို ပြော၊ ငါနဲ့ ထွန်းအောင်ပစ်မယ်။ လှံနဲ့ထိုးမှ ရမည့် အကောင်တွေ့ရင်လည်းပြော ငါတို့ ထိုးမယ် . . ."

တောထဲရောက်သည်နှင့် မုဆိုးနောက် လိုက်ဖူးသော မောင်သိုက်က ဆရာလုပ်တော့သည်။ ရွှေမော်မှာ သူတို့ထဲ အငယ်ဆုံးဖြစ်သလို မုဆိုးနောက်ကိုလည်း တစ်ခါမှ လိုက်ဖူးသူ မဟုတ်သဖြင့် ရွှေမော်ကို လှံထမ်းခိုင်းသည်၊ လှံမှ သူတို့ထဲ၌ လက်နက်ကြီးဖြစ်သည်။

တောအတွေ့အကြုံ မရှိသော ရွှေမော်မှာ လူကို အန္တရာယ်ပြုနိုင်သော တောတိရစ္ဆာန် တစ်ကောင်ကောင်နှင့် ပက်ပင်း တိုးမိလျှင် မောင်သိုက်နှင့် ထွန်းအောင်တို့လို ရှောင်တတ်မည် မဟုတ်သဖြင့် ကာကွယ်နိုင်ရန် ဖြစ်သည်။ ခါး၌မူ လေးခွကိုယ်စီနှင့်။

လေးခွ၊ ဝါးပြောင်း၊ ခုတ်ဓားပါသော ထွန်းအောင်နှင့် မောင်သိုက်တို့မှာ ဟိုကြည့်သည်ကြည့်နှင့် နောက်က တဖြည်းဖြည်း ကြက်၊ ငှက်၊ ချိုးဝက်၊ တောကြောင်၊ ရှဉ့် စသည် တောကောင်များ အရိပ်အခြေ [illegible] များကို နားစွင့်ကြည့်၍ လိုက်လာကြ၏။

တောထဲရောက်၍ နာရီဝက်ခန့် အကြာတွင် -

"ဝရုး . . . ဝူး၊ ဂရုး . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဝုံး . . ."

"ဟိုက်၊ အမယ်လေး . . . ဟီး . . ဟီး . . ၊ ကို - ကိုသာ . . ." ဟူသော အသံကို ကြားလိုက်ရသဖြင့် မောင်သိုက်နှင့် ထွန်းအောင် တို့မှာ ရွှေမော် အသံကြားရာဆီ ချက်ချင်း ပြေးရောက် သွားကြသည်။

ရွှေမော်မှာ ရုတ်တရက် မတ်တတ်ရပ်ပြီး တစ်ကိုယ်လုံး တစ်ဆက်ဆတ်တုန်ကာ မှင်တက်မိနေ၏။ သူ့ရှေ့ နှစ်လံလောက်အကွာ ဝက်ကပိုင်ချုံထဲတွင် လုံ့တန်းလန်းနှင့် လခြမ်း ဝက်ဝံကြီးတစ်ကောင် အော်ဟိုက် ရုံးကန်နေသည်။ ဝက်ကပိုင်ချုံမှာ လူကြီး လက်ကောက်ဝတ်လောက် ပင်စည်ရှိသော အနွယ်ပင်မျိုးဖြစ်ရာ လိမ္မော်သီး ပမာဏရှိသော ဝင်းဝင်းရဲရဲ စိမ်းစိမ်းဖန့်ဖန့် အနုအရင့် အမှည့်တွေနှင့် ပြွတ်ခဲနေသော ဝက်ကပိုင်ချုံကြီးဖြစ်သည်။

သို့သော် ဤသည်ကို မောင်သိုက်နှင့် ထွန်းအောင်တို့မှာ လောလောဆယ် မကြည့်အားကြ၊ ဝက်ကပိုင် ချုံထဲတွင် လုံ့ငြိပြီး ရှေ့တိုးမရ၊ နောက်ဆုတ်မရ ဖြစ်ကာ "ဝူး . . . ဝူး၊ ဂရူး၊ ဂရူး" အော်မြည် ရုန်းကန်နေသော ဝက်ဝံကို မောင်သိုက်က ဓားနှင့် ပြေးဝင် ခုတ်လိုက်သည်။ ထွန်းအောင်ကလည်း အနီးကပ်ဖြစ်သဖြင့် ဝါးပြောင်းနှင့် တဖြောင်းဖြောင်း ပြေး ရိုက်လိုက်ရာ ဝါးပြောင်း ကျိုးထွက်သွား၏။

အောင်းလုံ့ ငြိ၍ ဝက်ကပိုင်ချုံနွယ်ကြားတွင် ရှေးတိုးမရ၊ နောက်ဆုတ်မရ ဖြစ်နေသော ဝက်ဝံကြီးကို မောင်သိုက်က ခုတ်ဓားရှည်နှင့် သုံးလေချက် ဆက်တိုက်ကြီး ဝင်ခုတ်ပစ်လိုက်သောအခါ၊ ဝက်ဝံကြီးမှာ လုံ့တန်းလန်းနှင့် ဆန့်ငင့်ဆန့်ငင် ဖြစ်နေသည်။

"သားကောင်ကြီး တွေ့ရင် မင်းမထိုးပါနဲ့ တို့ကိုပြောပါ။ ပြောထားရက်နဲ့ သူရဲကောင်းလုပ်ပြီး ထိုးပြီးမှ ခုဘာရပ်ကြည့်နေတာလဲကွ။ မင်းက ထိုးလည်း ပိုင်ပိုင်နိုင်နိုင် ထိုးတာမဟုတ်ဘူး။ မင်း ကံကောင်းတယ်မှတ်။ ဒီ လခြမ်းဝံမျိုးက အင်မတန် ရန်လို ရန်ငြိုးကြီးတာ။ ဝံကိုထိုးတာ လက်လွတ်စပယ် ပစ်ထိုးရလားကွ။ ခွေးကောင်ရဲ့။ မတော်လို့ လုံ့သာကျွတ်သွားရင် ဒီနေရာ နင့်သချိုင်းပဲ။ ဟင်း . . . မောသွားတာပဲ။ ဟာ . . ."

"ဟင် - ရွှေ . . ရွှေမော်"

ဝက်ဝံကြီးကို အသေခုတ်သတ်လိုက်ရသဖြင့် မောသွားသော မောင်သိုက်က ခုတ်ဓားကို စိတ်မော လူမောနှင့် ပစ်ချလိုက်ပြီး၊ ဝက်ဝံ သေမသေ စိုက်ကြည့်ကာ ရွှေမော်ကို ဆဲဆိုနေသည်။ သို့သော် ရွှေမော်မှာကား ယခုထိ စကားပြန်မပြောနိုင်ဘဲ မျက်လုံး မျက်ဆန် အပြူးသားနှင့် မတ်တတ်ငေးနေတုန်း။

"ဟင် - ရွှေ . . . ရွှေမော်၊ ဟော့ကောင် - ဟာ . . . မောင်သိုက်



ဒီကောင့်ကျောကုန်း၊ သွေးတွေဟ။ အကျီလည်း စုတ်ပြဲ . . ."

"ဟင် - ဟာ . . . အေး . . ."

ထွန်းအောင်က ရွှေမော်၏ ကိုယ်ကိုကြည့်ပြီး အထိတ်တလန့် ပြောလိုက်တော့မှ မောင်သိုက်ကလည်း ရွှေမော်၏ကိုယ်ကို ယခုမှ သေသေချာချာ ကြည့်မိလိုက်သည်။

"ဟင် - ရွှေမော်၊ မင်း ထိုးတုံးကတော့ ထိုးပြီး ခုမှ ဘာကြောက်နေတာလဲ . . . ဟင်း . . . ဟော့ကောင်"

ထွန်းအောင်က မတ်တတ်မေ့နေသော ရွှေမော်၏ကိုယ်ကို ကိုင်လှုပ်ပြောနေစဉ် မုဆိုးနောက်လိုက် မောင်သိုင်က ရွှေမော်ကို အပမှီသွားပြီအထင်နှင့် ရွှေမော်၏ ဦးခေါင်းကို ကိုင်လှုပ်ပြီးနားရွက်ကို လိမ်ဆွဲလိုက်တော့မှ 'ဟင်းကနဲ' သက်ပြင်းချကာ ရွှေမော်က-

"ဝံကို ငါထိုးတာ မဟုတ်ဘူးကွ" ဟု ထိုင်ချလိုက်ရင်း ပြော၏။

"ဟင်- မင်းထိုးတာ မဟုတ်ရင် ဟိုမှာ လုံ့တန်းလန်းကြီးနဲ့လေကွာ"

"ငါ့ကိုယ်ပေါ်ကို သူက ခုန်ချတာကွ။ အောင်းလုံ့ကို တောမှာ တောင်မှာ သွားရင် အသင့်ချိန်သွားတာ တကယ်တောကောင်နဲ့ တွေ့လို့ထိုးရင် အားမရှိဘူး။ ပခုံးအပေါ်ကို လှံ့သွား တစ်တောင်လောက် ထောင်ထားပြီး တောကောင်တွေ့တဲ့အခါမှ အရှိန်နဲ့ ရိုက်ချပြီးထိုးရင် ပိုအားရှိတယ် ဆိုတာ မင်းပဲ ပြောဖူးလို့၊ ငါလှံ့ထောင်ပြီး သွားနေတာ ငါ့ကိုယ်ပေါ် သူခုန်ချတော့ ငါလည်း လန့်ပြီး လှံ့ကို မြှောက်လိုက်တာ ထိုးသလို ဖြစ်သွားပြီး လှံ့ကြီး လက်ကလွတ်သွားတာကွ . . ."

ထိုင်လျက်က တုန်တုန်ယင်ယင် ပြောပြနေသော ရွှေမော်၏ အပြောကို ထွန်းအောင်ကသာ မတ်တတ်ရပ် နားထောင်နေသော်လည်း မောင်သိုက်ကမူ အထိတ်တလန့်နှင့် သစ်ပင်ပေါ် ဆတ်ကနဲ မော့ကြည့်လိုက်သည်၊ မောင်သိုက် မျက်လုံးပြူးသွား၏။ အပေါ်မှာ ဝံသိုက်။

မုဆိုးနောက်လိုက် လုပ်ဖူးသော မောင်သိုက်သည် ဝံများနှင့်ပတ်သက်၍ ယခင်က ကိုယ်တိုင် မခုတ်မသတ်ဖူးသော်လည်း မုဆိုးများ ပြောပြထားသဖြင့် နားယဉ်ပါး အသိအကြားရှိသည်။ မြန်မာနိုင်ငံ နေရာ အနှံ့အပြားတွင် ဝက်ဝံသုံးမျိုးကို တွေ့ရတတ်သည်။ အကြီးဆုံးမှာ မြင်းဝံခေါ် ဝက်ဝံ။ အရောင်အသွေးမှာ အနက်ရောင်ဖြစ်ပြီး၊ ရင်ဘတ်ပေါ်တွင် လခြမ်းပုံသဏ္ဌာန် အဖြူကွက်ပါရှိသည်။ ထို့ကြောင့် မုဆိုးများက သူ့ကို [illegible] ဝံ ဟုခေါ်ကြသည်။ 'ဝံပြေးလိုက် ကျားလန့်လိုက်' ဆိုသလို မြေပြင်တွင် လူကိုတွေ့လျှင် အတင်း လိုက်ကိုက်တော့သည်။ ရန်အလိုဆုံးနှင့် အငြိုးကြီးတာ လူကို လုံးဝမကြောက်သော အကောင်ကြီးမျိုးဖြစ်သည်။ လူတို့ တိုက်ရိုက်

www.burmeseclassic.com



သိုက်သောအခါ သူ၏ ရှေ့လက်နှစ်ချောင်းကို ဗောင်ဆင်သမားလို သူ့မျက်နှာအား အကာအကွယ်ယူကာ ပြေးလိုက်လာတတ်သည်။ အမှန်က သူ့နှာနုမှာ နည်းနည်း ထိမိခိုက်မိသည်နှင့် အလွန်နာကျင်တတ်သဖြင့် နှာခေါင်းကို လက်နှင့်ကာ၍ ပြေးလိုက်လာတတ်ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဝက်ဝံဘိ မကြောက်တတ်သော ဝံသတ်သမားများသည် ဝက်ဝံကို ရင်ဆိုင်ပြီး နှာနုကို တည့်တည့်က ဖြတ်ရိုက်သည်။ ထိုအခါ ဝက်ဝံမှာ နာကျင်လွန်း၍ ပြေးတော့၏။

နောက်တစ်မျိုးမှာ ခွေးဝံခေါ် ဝက်ဝံဖြစ်သည်။ အကောင်သေးပြီး ညိုနက်ရောင်ရှိသည်။ ရင်ဘတ်ပေါ်တွင် မြင်းခွာပုံသဏ္ဌာန် အဝါညစ်ရောင် အကွက်ရှိသည်။ အမွေးတိုသည်။ လမ်းလျှောက်သည့်အခါ ခြေလက်များကို ခွင် လျှောက်တတ်သည်။ မလှဲမရှောင်သာမှ လူကို အန္တရာယ် ပြုတတ်သည်။

နောက်တစ်မျိုးမှာ ကြောင်ဝံဖြစ်သည်။ ပေ (၆၀၀၀)ကျော်ရှိသော တောင်တန်းများတွင် အနေများသည်။ အရောင်အသွေးမှာ အနီရောင်ဖြစ်ပြီးမေးနှင့် နားရွက်အတွင်းတွင် အဖြူရောင် အမွေးများပါရှိသည်။ နားနောက်ဘက်၊ ခြေချောင်း လက်ချောင်းများ၊ ရင်ဘတ်နှင့် ဝမ်းဗိုက်တို့မှာ အမည်းရောင်ဖြစ်သည်။ အမွေးထူပွသည်။ အမြီးတွင် အဝါညစ်ရောင် ကွင်းကိုးခု မထင်မရှား ပါရှိသည်။ အမြီးဖျားမှာ အမည်းရောင်ဖြစ်သည်။

ဝက်ဝံများ အားလုံးလိုလိုသည် ညအခါ အစာထွက်ရှာစားကြပြီး နေ့အခါ သစ်ပင်ပေါ် အသိုက်လုပ်၍ နေတတ်ကြသည်။ အသီးအရွက်များကို အမိက စားတတ်ကြသည်။ ကြွက်ငှက်၊ ခါချဉ်နှင့် ငှက်ဥများကိုလည်း စားတတ်သည်။ သူတို့ အကြိုက်ဆုံးမှာ ပျားသလက် ပျားသူငယ် ပျားရည်ဖြစ်သည်။ ဇီးလွယ်ချိန်မှာ နှစ်လကျော် သုံးလခန့်ကြာသည်။ တစ်ခါပေါက်လျှင် နှစ်ကောင်မှ လေးကောင်အထိ ပေါက်တတ်ကြသည်။ ဝက်ဝံတို့၏ သက်တမ်းမှာ ဆယ့်သုံးနှစ်မှ သုံးဆယ်နီးပါး ရှိကြသည်။ သစ်ပင်တက်၊ ရေကူး ကျွမ်းကျင်သည်။ ပူအိုက်သော ရာသီတွင် အိုင်ထဲ အင်းထဲ ရေဆင်းစိမ်တတ်သည်။

ယခု ရွှေမော်ကိုယ်ပေါ် ခုန်ချ ကိုက်ခဲသော ဝက်ဝံမှာ ဝံထဲတွင် အကြီးဆုံး ဖြစ်သည်။ ဤဝက်ဝံမကြီးမှာ သားပေါက်နေသော ဝက်ဝံမ ဖြစ်သဖြင့် အလွန် ရန်လိုနေသည်။ လူကိုသာမဟုတ် သူ့သားသမီးရှိရာ အသိုက်အောက်က ဖြတ်သွားလျှင် ကျားကိုပင် ခုန်ချ၍ ကိုက်တတ်သည်။

မောင်သိုက် အပေါ်ကို မော့ကြည့်လိုက်ရာ ရင်ဘတ်လခြမ်းဖြူကွက်နှင့် လသားအရွယ် ဝံငယ်နှစ်ကောင်မှာ အသိုက်ထဲက ခေါင်းပြူ၍ တစ်ငြဲငြဲ (မတိုးမကျယ်၊ရန်လို)သံနှင့် အောက်ကို ငုံ့ကြည့်နေကြသည်။ သူ့အမေနှင့် လူတို့၏ တိုက်ခိုက်သံကြောင့် ကြောက်ရွံ့နေကြပုံလည်းရသည်။



အမှန်က ဤလိုတောမှာ တောင်မှာသာ မဟုတ်ခဲ့လျှင် ဝံကလေးနှစ်ကောင်မှာ ချစ်စရာလေးတွေ။ သို့သော် မောင်သစ်တို့မှာ ဝံကလေးတွေကို မော့ကြည့်နေဖို့ အချိန်မရ။ ဝက်ဝံမများမှာ တစ်ခါတစ်ခါ အထီးအမတွဲ၍ သုံးလေးငါးကောင် အုပ်ဖွဲ့၍လည်း နေတတ်ကြသည်ကို သိထားသည့်အပြင် ဝံကုတ်ခံထားရသော ရွှေမော့် ကျောကုန်းကလည်း သွေးတွေထွက်လာရာ ဝံသေကြီးကို ထမ်းကာ စခန်းသို့ အူယားဖားယား ပြေးလာကြသည်။

စခန်းရောက်သောအခါ လူကြီးတွေကို ပြောပြပြီး ကျန် ဝံလေးနှစ်ကောင်ကို ဖမ်းရန်၊ ဤတစ်ခါ ဒူးလေးပါယူ၍ ကိုသိမ်းမောင် ကိုကျော်စိန်နှင့် မောင်သိုက်တို့မှာ စောစောကနေရာသို့ ပြေးလိုက်သွားကြသည်။

စခန်း၌မူ ဝံကုတ်ခံရ၍ ယခုထိ ကြောင်ချင်သလို ဖြစ်နေသော ရွှေမော်ကို ဆေးဝါးကုသပြုစုကြရန် ထွန်းအောင်နှင့် ဦးကြီးထွန်းတို့က ကျန်ခဲ့ကြသည်။ ဝံကလေး နှစ်ကောင်ကို သွားမဖမ်းကြရန် တားသော်လည်း မရလိုက်ဘဲ၊ လောဘဇောနှင့် ကမန်းကတန်း ပြေးထွက်သွားကြ၏။ မောင်သိုက်တို့အဖွဲ့သည် ဝံသိုက်ကို ရောက်သွားသည်နှင့် ဝံချီးသာတွေ့ပြီး ဝံကလေးနှစ်ကောင်ကိုရှာမရခဲ့ကြ။ အမှန်က ဝံကလေးနှစ်ကောင်မှာ လူသားများက သူတို့အမေကို သတ်ဖြတ်ထားကြတာ မြင်သဖြင့် ရုတ်တရက် အောက်သို့ ဆင်းမပြေးဝံ့ကြ။ လူလစ်သည်နှင့် ပြေးသွားကြပြီဖြစ်သည်။ ထို့ကြောင့် ဦးကြီးထွန်း၏ဆန္ဒက ပြည့်သွား၏။

မောင်သိုက်တို့ကမူ နံနက်စာ ထမင်းစားပြီးမှ တောထဲ သွားခဲ့ကြသော်လည်း ဝံကလေးနှစ်ကောင်ကို အချောင်ရနိုင်သဖြင့် ထမင်းမေ့ ဟင်းမေ့ လိုက်သွားကြသော ကိုကျော်စိန်နှင့် ကိုသိမ်းမောင်တို့ လက်ချည်း ပြန်လာကြသည်ကို ပြုံးပြုံးကြီး စိုက်ကြည့်နေသော ဦးကြီးထွန်းက-

“အေးကွ၊ တို့တော့ . . . ဒီနှစ် တို့လက်မည်းကြီးတွေနှင့် ရွှေကို ကိုင်ရပြီဟ။ ရန်ကုန် တိရစ္ဆာန်ရုံကိုသာ ဝံကလေးနှစ်ကောင်ကို သွားရောင်းလိုက်ရရင်တော့ မီးသွေးတစ်ဖို တစ်ဆိုင်းစာ အသာကလေးပေါ့ မောင်တို့ရာ . .”

ဟု သရော်လိုက်သည်။

အမှန်က တစ်သက်လုံး တောထဲတောင်ထဲ နေလာခဲ့သော ဦးကြီးထွန်းကား ယခုမှ ဝံကလေး သွားဖမ်းကြမည် ဆိုသည်ကို စောစောတပင် အတတ်သိ၍ တားခဲ့သေး၏။ သို့သော် ကိုကျော်စိန်နှင့် ကိုသိမ်းမောင်တို့မှာ လောဘဇောနှင့် မောင်သိုက်စကားကြောင့် ချက်ချင်း ပြေးလိုက်သွားကြခြင်း ဖြစ်သည်။

ယခု ဦးကြီးထွန်းက သူတို့ကို စကားနှင့် သရော်လိုက်သော ရှက်ရွှင်းနှင့် ပြုံးနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခု ကြုံတုန်း မင်းတို့ကို ငါ တစ်ခုပြောထားရဦးမယ်။ နောက်ခါ နောင်ခါ အကြောင်းတိုက်ဆိုင်လို့ ဝံကလေးတွေကို ရလျှင်လည်း မီးသွေးဖိုထဲ ကိုတော့ ယူမလာကြနဲ့။ ယူမယ်ဆိုရင် တစ်ခါတည်း ရွာကို အပြတ်ယူသွားကြ။ ဟုတ်လား . . ."

"ဘယ်လိုဖြစ်လို့လဲ ဦးကြီးထွန်း"

"အဲဒါ - ငါ စောစောကပင် ပြောမလို့ကွ။ မင်းတို့က ရွှေတွင်းတွေ့တဲ့အတိုင်းပဲ၊ ဂမူးရှူးထိုး ပြေးလိုက်သွားကြတော့ ပြောဖို့မရလိုက်ဘူး။ တို့ မင်းကျွန်ဘဝ ငါ့အသက် လေးဆယ်လောက်ကပေါ့ကွာ။ ရိုးမထဲ မီးသွေးလာဖုတ်ကြရင်း သေန်းဆိုတဲ့ အကောင်နဲ့ မောင်လူကြီးဆိုတဲ့နှစ်ကောင် ချင်းရွာ သွားပြီး ခေါင်ရည်အိုး ဝယ်လာကြတယ်။ အဲဒီတုံးက ဖိုသုံးဖိုစလုံး မီးသွင်းထားပြီး ပြီဆိုတော့ တစ်ရက်နားနေကြတဲ့ အချိန်လေ။ အဲဒါ စမ်းနားမှာ ခေါင်ရည်သောက်ပြီး ကဇော်ဖုတ်တွေကို ခေါင်အိုးနဲ့အတူ သည်အတိုင်း စမ်းနားပစ်ထားခဲ့ကြတယ်။ မနက် ထင်းခုတ်တက်ကြတော့ ဝံမကြီးတစ်ကောင်နဲ့ သူ့ကလေးနှစ်ကောင်ကို ကဇော်ဖတ်မူးပြီး ယိုင်ထိုးယိုင်ထိုးနဲ့ စမ်းနားမှာ တွေ့ပါလေရော၊ ချင်းတွေက နံသာပု ငှက်ပျောနဲ့ လောလောလတ်လတ် ဖေါက်ထားတဲ့ ခေါင်ရည်အိုးဆိုတော့ ငှက်ပျောသီး ကဇော်ဖတ်တွေက ဘယ်ပျော်ဦးမလဲ။ အဲဒါ ညညမှ အစာထွက်ရှာကြတဲ့ ဝံသားအမိကလည်း တွေ့ရောဆိုပါတော့။ ဘယ်ပြောကောင်းမလဲ၊ အကုန်တီးကြတော့တာပေါ့။ အမကြီးကတော့ သူ့သားသမီးတွေကို ညာလို့ နည်းနည်းပဲစားတားလား။ ဒါမှမဟုတ်လည်း သူက အကောင်ကြီးဆိုတော့ သိပ်မမူးလို့ လူရိပ်မြင်တာနဲ့ လစ်တာပေါ့ကွာ။ ကလေးနှစ်ကောင်ကတော့ ကဇော်မူးပြီး ယိုင်တိယိုင်တိုင် ပြေးကြပေမယ့် လူ့လက် ဘယ်လွတ်လိမ့်မတုံး။ အဲဒါနဲ့ နှစ်ကောင်စလုံး ဖမ်းလာကြတယ်"

"အဲဒီခေတ်တုံးကတော့ တိရစ္ဆာန်ရုံသွားရောင်းမှာတို့ ဝံသည်းခြေယူမှာတို့ ဘာတို့ နားမှမလည်ကြသေးတာ။ မောင်လူကြီးက ချစ်စရာလေးတွေမို့ သူ့ အိမ်မှာ မွေးထားမယ်ပေါ့၊ မှတ်မိသေးတယ်။ အတူတူရလာကြတာ သူမွေးရင် သေန်းကလည်း သူတစ်ကောင် မွေးမယ်နဲ့ စကားတောင်များကြသေးတယ်။ ဒါနဲ့ မီးသွေးခြင်းကြားတွေထဲကို ထည့်ထားကြတယ်။ တစ်ရက်နှစ်ရက်ကဘဲ ရွာက လှည်းသွားဆင့်ရင်း ယူလာတဲ့ ငှက်ပျောသီးတွေ ကျွေးကြ၊ ပဲလှော်ကျွေး ကြပေါ့ကွာ။ ဝံကလေးနှစ်ကောင်ကလည်း စားတယ်ဟ။ ရင်ဘတ်အဖြူ လခြမ်းလေးနဲ့ တကယ့်ချစ်စရာလေးတွေဟ။ အဲဒါနဲ့ သူ့အကောင် ငါ့အကောင်ဆိုပြီး မီးသွေးခြင်းကြားထဲထည့်ပြီး၊ ဝံကလေးခြင်းကို ဖက်အိပ်ကြတယ်။ ည လည်းကျရော ဘယ်ပြောကောင်းမလဲ လခြမ်းမကြီး လိုက်လာပြီး၊ အဲဒီနှစ် ကောင်ကို ကိုက်တာ၊ ငါတ ကျားတက်ဆွဲတယ် အောက်မေ့လို့



ဘဲခေါင်မိုးပေါ် ဘယ်ကဘယ်လို ရောက်သွားမှန်းတောင် မသိလိုက်ဘူး။ အဲဒီခေတ်က တို့ ရိုးမကျားကလည်း အရမ်းပေါကိုးဟ . . ."

ဦးကြီးထွန်း စကားအဆုံးမှာ အားလုံး ဝိုင်းရယ်ကြသဖြင့် ဦးကြီးထွန်းသည်း အတိတ်ကိုသတိရပြီး ရယ်လိုက်သည်မှာ မျက်ရည်ပင် ထွက်ကျသည်။

"နောက်တော့ကော ဘယ်လိုဖြစ်သွားလဲ ဦးကြီးထွန်း"

ထွန်းအောင်က အရယ်တစ်ဝက်နှင့် ဦးကြီးထွန်းကိုမေး၏။

"ဘယ်လိုဖြစ်ရမလဲကွ။ မနက်မိုးလင်းတော့ ရွာကို လှည်းဆင့်ပြီး မောင်လူကြီးကို ရွာက မြို့ဆေးရုံ ပို့လိုက်ရတယ်။ သေန်းကတော့ အပြင်လူနာလေ"

"ဟား . . . ဟား . . . ဟား . . . ဟား . ."

"ဝက်ဝံ သားအမိကကော ဦးကြီးထွန်း"

"ဝက်ဝံ သားအမိကတော့ . . . လွတ်သွားတာပေါ့ဟ။ မီးသွေးခြင်း ခနော်နီ ခနော်နဲ့ ဘယ်ခံနိုင်လိမ့်မတုံး။ ကိုက်ဖြတ် ထွက်ပြေးသွားကြမှာပေါ့၊ ဝက်ဝံထဲမှာ ဒီ လခြမ်းဖြူဝံတွေက အင်မတန် ဒေါသကြီးတာကွ။ သူတို့စိတ်ပေါက်လာရင် နွားတွေ ကျွဲတွေတောင် ဝင်ကိုက်တာ။ ဘာမှတ်လဲ။ ကဲ - သိမ်းမောင်တို့ ကျော်စိန်တို့ ရန်ကုန်ကို ဝက်ဝံလေး အရောင်းမသွားကြမီ တို့နောက်တစ်ဖိုကို မီးတင်ဖို့ လုပ်ကြပါဦးကွ"

ဟု ဦးကြီးထွန်းက ဆိုလိုက်ရာ၊ တဟားဟား ဝိုင်းရယ်လိုက်ကြပြန်သည်။ ရလာသော လခြမ်းမကြီးသည်းခြေကို ခွဲကြရာ၊ မောင်သိုက် ကြောက်ကြောက်လန့်လန့်နှင့် ရမ်းရရာ ပြေးခုတ်ထားသဖြင့် သည်းခြေအိတ်ပေါက်ကာ သည်းခြေမရလိုက်ဘဲ၊ အရေခွံနှင့်သာ ကြေနပ်လိုက်ကြရလေသည်။

× × ×. × ×

www.burmeseclassic.com



## [၉]

ယခုဆိုလျှင် သူတို့ တောထဲရောက်နေကြသည်မှာ တစ်လခန့်ပင် ရှိချေပြီ။ ထိုအတူ မီးသွေး သုံးဖိုစလုံးကိုလည်း ပြုလုပ်ပြီးစီးနေကြလေပြီ။ ပထမဆုံး ပြုလုပ်ပြီးခဲ့သော မီးသွေးဖိုကြီးကိုလည်း မီးတင်ပြီးသလို၊ ဒုတိယ ဖိုကြီးလည်း မီးတင်ပြီးချေပြီ။

တတိယဖိုကိုမူ လုံးဝ မီးမတင်ရသေး။ မြေတိုက်ဆောက်လုပ်ခြင်း လုပ်ငန်းသာ ပြီးစီးသေးသည်။ ထို့ကြောင့် သူတို့မှာ တတိယဖိုကို မီးတင်ရန် အတွက် ပြင်ဆင်နေကြလေသည်။

သစ်ကိုင်းခြောက်များနှင့် သစ်တုံးဆွေးများကို စုစည်း၍ တတိယ မီးသွေးဖို၏ အောက်၌ရှိသော မီးထိုးကျင်းထဲသို့ စနစ်တကျ ထိုးထည့်ကြသည်။ ထို့နောက် ရေနံဆီနှင့် အဝတ်စုတ်ကိုပတ်၍ မီးထုတ်ကြီးများ လုပ်ကာ ထို သစ်ဆွေး သစ်ခြောက်များ ထည့်ထားရာ ကျင်းထဲသို့ မီးရှို့ပြီး ထည့်သွင်းထား လိုက်ကြသည်။ ထိုအခါ ကျင်းထဲ၌ရှိသော သစ်ဆွေး သစ်ခြောက်တုံးများကို မီးတုတ်မှ မီးတောက်တို့က တဟုန်းဟုန်း တဖျစ်ဖျစ်နှင့် လောင်ကျွမ်းလေတော့ သည်။ ထိုသစ်ဆွေး သစ်ခြောက်များမှတစ်ဆင့် သူတို့ပြုလုပ်ထားသော မြေ တိုက် မီးသွေးဖိုကြီးကို ကူးစက်ကာ လောင်ကျွမ်းစေသည်။ ဤကဲ့သို့ မီးထိုး ကျင်းမှ မီးတောက်တို့သည် မီးသွေးဖိုကြီးကို မီးကူးစက် လောင်ကျွမ်းစေရန် နေ့တစ်ဝက်မျှ ဂရုစိုက်ပြီး မီးထိုးနေကြရလေသည်။

ထွန်းအောင်နှင့် ရွှေမော်သည် ဦးစွာပြီးစီး၍ မီးတင်ထားပြီးဖြစ်သော ပထမ မီးသွေးဖိုကို တာဝန်ယူကြရသည်။ ကိုကျော်စိန်နှင့် ဦးကြီးထွန်းက ဒု တိယဖို။ တတိယဖိုကိုမူ မောင်သိုက်နှင့် ကိုသိမ်းမောင်တို့က အသီးသီးတာ ဝန်ယူ၍ လုပ်ကိုင်နေကြလေသည်။

"ဟေ့ - မောင်သိုက်၊ နားထောင်စမ်း၊ နားထောင်စမ်း . . . အဲဒါ မင်းတို့ဖိုကို မီးစွဲနေတဲ့ အသံပဲ . . . "

ဦးကြီးထွန်းသည် မနက်ကတည်းက မီးတင်ထားသော မောင်သိုက် တို့၏ တတိယဖိုနားသို့ ရောက်လာသည်။ ပြီးလျှင် မြေတိုက် မီးသွေးဖိုကြီး နားသို့ကပ်ကာ နားထောင်ရင်း ဆိုသည်။ ထို့ကြောင့် မောင်သိုက်နှင့် ကိုသိမ်း မောင်တို့မှာလည်း ဦးကြီးထွန်းနည်းတူ ဖိုနားသို့ကပ်၍ မီးသံကို နားထောင် လိုက်ကြသည်။

"အထဲကတော့ တဟီးဟီးနဲ့ မြည်နေတာပဲ . . . ဦးကြီးထွန်းရဲ့ . . . ပြီးတော့ မီးခိုးထွက်ဖို့ ဖွင့်ထားတဲ့နေရာကလည်း မီးခိုးတွေ မှန်မှန်ထွက်နေပြီ"

မောင်သိုက်ကဆိုသည်။

"အေး . . . အဲဒါဟာ မီးသွေးဖိုကို မီးစွဲနေပြီးဆိုတဲ့ လက္ခဏာပဲ၊ ဒါပေမယ့် မီးကိုတော့ အရှိန်ရအောင် ထားရဦးမယ် . . . ကျင်းထဲကို မီးထပ်ထိုး ဦး၊ ငါ ထွန်းအောင်တို့ဖိုကို သွားကြည့်ဦးမယ် . . . ။ မင်းတို့ဖိုကို မီးစွဲလို့ ဘယ်တော့မှ မငြိမ်းတော့ဘူးဆိုမှ မီးထိုးကျင်းကို အလုံ ပိတ်ပစ်ရမယ်ကွ"

ဦးကြီးထွန်းက ပြောပြောဆိုနှင့် ထွန်းအောင်တို့ ဖိုရှိရာသို့ ရောက် လာသည်။ ဦးကြီးထွန်းမှာ မီးသွေးလုပ်ငန်းကို လုပ်ကိုင်ရာတွင် ဝါရင့်ပြီး ကျွမ်းကျင်သူပင်။ ထို့ကြောင့် ထွန်းအောင်တို့၏ လုပ်ပုံကိုင်ပုံကို ဟုတ်,မဟုတ် လိုက်လံ စစ်ဆေးနေခြင်းလည်း ဖြစ်၏။

သူတို့၏ ဖိုခုံလောက်ဆိုင် ပြုလုပ်ထားသော မီးသွေးဖိုကြီး သုံးဖိုမှ မီးခိုးမဲမဲတို့သည် ကောင်းကင်ထက်သို့ အပြိုင်တက်နေကြလေပြီ။ ဟိုအဝေး ဝေးသီမြင့်ခေါင်သော ရိုးမကြီးကိုလည်း ထိုးဖောက်၍ ကျော်တက်နေကြလေ ပြီ။

သူတို့ပြုလုပ်ထားသော မီးသွေးဖိုကြီးသုံးဖိုမှာ အနည်းငယ် အလှမ်း ဝေး၏။ သို့ရာတွင် မီးသွေးဖိုကြီး သုံးဖိုမှ ထွက်နေသော မီးခိုးမဲမဲတို့မှာ ကောင်း ကင်ပေါ်သို့ ရောက်သည်နှင့် အားလုံး ပေါင်းစပ်သွားကြလေသည်။ တိမ်ညို တိမ်ကြားဆီသို့ တိုးဝင်သွားကြလေသည်။ မိုးကုတ်စက်ဝိုင်းဆီသို့လည်း တ ရွေ့ရွေ့ ချီသွားကြလေပြီ။

ယခုအချိန်၌ မောင်သိုက်တို့၏ တတိယဖိုမှာလည်း မီးစွဲနေချေပြီ၊ ထို့ကြောင့် ၎င်းတတိယဖို၏ မီးထိုးကျင်းကို မြေကြီးများနှင့် ပိတ်ဆို့လိုက်ကြ လေသည်။

ထိုစဉ် ထွန်းအောင်တို့၏ လက်ျာဘက် အတော်ဝေးဝေးဆီမှ [illegible] မားသော မီးခိုးလုံးမဲမဲကြီးများကို တွေ့မြင်ရသည်။ ထိုမီးခိုးလုံး မဲမဲ[illegible] ထဲမှ မီးတောက်မီးပွားတို့ကိုလည်း တွေ့မြင်နေကြရသည်၊ [illegible] သော ရိုးမကြီးကို ကျော်တက်၍ ကောင်းကင်တွင် မီးပွားကြီး[illegible] သာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမီးခိုးမီးပွားများနှင့် ထွန်းအောင်တို့၏ မီးသွေးဖိုများမှ ထွက်သော မီးခိုးလုံးတို့သည်လည်း ကောင်းကောင်တစ်နေရာ၌ စုစည်းပေါင်းစု သွားကြပြန်သည်။ ထိုအခါ တောမီးလောင်သည့်ပမာ မီးခိုးတို့သည် ကောင်းကင်ပြင် တစ်ခုလုံးကို မဲညစ်ညစ် ဖြစ်လာစေသည်။

"ဟေ့ကောင် ထွန်းအောင်. . . ဟိုမှာ ကြည့်စမ်း . . . ကြည့်စမ်း . . . မီးခိုးတွေထဲမှာ မီးပွားတွေပါရောပြီး ကောင်းကင်ပေါ်ကို တက်နေပါလား. . .။ ဧကန္တ. . . ဟို. . . စံကျော်ဆိုတဲ့ကောင်တွေရဲ့ . . . ဖိုတော့ ပေါက်ကွဲပြီနဲ့ တူတယ်ကွ . . ."

မီးသွေးလုပ်ငန်း အတွေ့အကြုံအရ ဦးကြီးထွန်းလောက် ရင့်ကျက်မှုမရှိသေးသော်လည်း၊ အနည်းငယ် နားလည်သဘောပေါက်သော ကိုသိမ်းမောင်က ထွန်းအောင်ကို အော်ပြောသည်။

ကိုသိမ်းမောင်၏ အော်ဟစ် ပြောဆိုမှုကြောင့် ထွန်းအောင်တို့မှာ စိတ်ဝင်တစား ဖြစ်သွားကြသည်။ ထို့ကြောင့် ကိုသိမ်းမောင် ညွှန်ပြရာသို့ စိုက်ကြည့်လိုက်ကြသည်။

မှန်၏။ သူတို့ စိုက်ကြည့်နေစဉ်၌ပင် မီးတောက် မီးပွားတို့မှာ ပို၍ ပို၍ များပြားလာသည်ဟု ထင်ရသည်။ ထို့ပြင် မီးခိုးမဲမဲတို့နှင့်အတူ ကောင်းကင်ယံသို့ မီးရောင်မီးညွန့်တို့က တစ်လက်လက်တောက်ပပြီး တက်လာသည်။

တွေ့မြင်နေရသော မြင်ကွင်းကြောင့် သူတို့ ရင်ထဲတွင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိကြသည်။ အကြောင်းမူ မီးသွေးတစ်ဖို ဖြစ်မြောက်ရေးအတွက် မြေတိုက်တစ်ခု ဆောက်လုပ်ကြရသည်မှာ တစ်လကိုးသီတင်း အပင်ပန်းခံကာ ဆောက်လုပ်ကြရသည်။

ယခုလို မီးသွေးဖိုကြီးမှာ မီးသွေးဖြစ်ခါနီး အချိန်သို့ ရောက်ခါမှ မီးအားကောင်းလွန်းပြီး ပေါက်ကွဲခဲ့သည်ရှိသော် . . .။ ထိုပေါက်ကွဲ၍ ထွက်ပေါ်လာသော မီးကို နိုင်အောင် သတ်နိုင်လျှင် သတ်။ မသတ်နိုင်ပါက မီးသွေးဖိုကြီး တစ်ခုလုံး ပြာဖြစ်သွားနိုင်သည်။

"ဟေ့ - ထွန်းအောင်တို့ မောင်သိုက်တို့ . . . ကျော်စိန်တို့ လာကြဟေ့. . .။ ဟိုလူတွေရဲ့ ဖိုကြီး . . . ပေါက်နေပြီ။ ပေါက်ထွက်တဲ့ မီးတွေကို နိုင်အောင် မသတ်နိုင်တော့ဘူးနဲ့တူတယ်။ လာ. . . လာ. . . တို့သွားပြီ. . ဝိုင်းလုပ်ပေးကြရအောင်ဟေ့"

ဦးကြီးထွန်းက မိမိတို့၏ မီးသွေးဖိုများကို လိုက်လံ စစ်ဆေးနေရင်းက အော်၍ ပြောသည်။ ပြီးလျှင် သူကိုယ်တိုင်လည်း စံကျော်တို့မီးသွေးဖို ပေါက်ကွဲရာသို့ အကူအညီပေးရန် ချက်ချင်း ပြေးလိုက်သွားလေတော့သည်။

ထွန်းအောင်တို့မှာ ဦးကြီးထွန်း ထွက်ပြေးသွားရာကို ငေးကြည့်ပြီး၊



ကြောင်ငိုင်နေမိကြသေး၏။ ဦးကြီးထွန်း၏ အပြုအမူကိုလည်း ကျန်လူများက သဘော မပေါက်ချေ။

"ဟေ့ကောင် . . . ရွှေမော်ဘို့ မောင်သိုက်တို့ လိုက်သွားကြပါကွာ. . ပြစ်ပြီးတာလဲ ပြီးမှပဲ . . . လုပ်ဖော်ကိုင်ဘက်ချင်းဆိုတာ . . . တစ်ယောက် ဒုက္ခရောက်တဲ့အခါ တစ်ယောက်က ကူညီရတယ်ကွ . . . သွားကြ. . . သွားကြ။ ငါ ဒီမှာ စောင့်နေရစ်ခဲ့မယ် . . ."

ကိုကျော်စိန်က ဆိုသည်။ ထွန်းအောင်တို့ လူငယ်တွေမှာ ဖြစ်ပြီးခဲ့သော ကိစ္စကြောင့် သိပ်ပြီး အကူအညီ မပေးလိုကြ။ သို့ရာတွင် လူကြီးတွေကလည်း အတင်း ကူညီရန် လွှတ်နေကြပြန်သည်။

"လာကြပါကွ. . . သွားကြမယ်. . . ဦးကြီးထွန်းတောင် ပြေးသွားပြီပဲ။ တကယ်လို့ တို့ဖိုပေါက်နေတာ တွေ့ရင်လဲ သူတို့ ကြည့်နေမှာ မဟုတ်ပါဘူးကွ။ လာကြကွာ. . . သွားကြမယ်. . ."

ထွန်းအောင်တို့ ပေကပ်ကပ် လုပ်နေသဖြင့် ကိုသိမ်းမောင်က သပ်ဆင့် အော်ပြောပြန်သည်။ ပြီးလျှင် ကိုသိမ်းမောင်ကလည်း ဦးကြီးထွန်း နောက်သို့ ပြောပြောဆိုဆိုနှင့် ပြေးလိုက်သွားလေတော့သည်။ ထို့ကြောင့် သူတို့မှာ မနေသာတော့။ ကိုသိမ်းမောင် ပြေးသွားရာနောက်သို့ ရွှေမော်၊ ထွန်းအောင်၊ မောင်သိုက်တို့က အတူ လိုက်ကြရလေတော့၏။

သူတို့ မီးသွေးဖုတ်ရာ နေရာနှင့် စံကျော်တို့ မီးသွေးဖုတ်နေကြသည့် နေရာမှာ အတော် အလှမ်းဝေးလေသည်။ ထွန်းအောင်တို့ကမူ လူကြီးတွေ၏ အတင်း ခိုင်းစေမှုကြောင့်သာ ယခုလို မလွှဲသာ မရှောင်သာ လိုက်ခဲ့ကြရခြင်း ဖြစ်၏။ စိတ်ထဲကမူ မည်သူမှ မပါသဖြင့် တက်တက်ကြွကြွလည်း မနှိုးကြ၊ သပတ်ပေးထားသော စက်ရုပ်ကဲ့သို့သာ။

× × × × ×

www.burmeseclassic.com

{၁၀}

သူတို့၏ ရှေ့မျောက်တွင် အလျား ပေ(၃၀)ကျော်၊ အနံ(၉)ပေနှင့် အမြင့် (၆)ပေမျှရှိမည်ဟု ခန့်မှန်းရသော မြေတိုက် မီးသွေးဖိုကြီး နှစ်ဖိုကို တွေ့မြင်ကြရသည်။ ၎င်းမီးသွေးဖိုကြီး နှစ်ဖိုမှာ တောင်နှင့်မြောက် တန်းနေကာ မျက်နှာချင်းဆိုင် အနေအထားမျိုး တည်ရှိနေ၏။

တောင်ဘက်မှ မီးသွေးဖိုကြီးမှာ မီးခိုးတစ်လူလူနှင့် ပုံစံမှန် အနေအထားအတိုင်းပင် တည်ရှိနေ၏။ သို့ရာတွင် မြောက်ဘက်၌ တည်ထားသော မီးသွေးဖိုကြီးကမူ တောင်ဘက်တွင်ရှိသော မီးသွေးဖိုကဲ့သို့မဟုတ်။ ထိုမီးသွေးဖိုကြီးမှာ မီးတောက် မီးလျှံတို့နှင့် ဝိုင်းရံနေသည်။ မီးတောက်၊ မီးလျှံတို့သည် လူ့တစ်ရပ်ခန့် မြင့်တက်၍ တဟုန်းဟုန်း တောက်လောင်နေသည်။ ထိုနီရဲနေသော မီးတောက်ကြီးထဲမှ မီးတောက်၊ မီးပွား၊ မီးလျှံတို့မှာ တဖွားဖွားနှင့် မီးပန်းလွှတ်သကဲ့သို့ ဖြစ်နေသည်။

၎င်းမီးပွားတို့မှာ တအူအူထွက်နေသော မီးခိုးမဲမဲတို့နှင့်အတူ ရောယှက်ကာ မိုးကောင်းကင်သို့ လုယက်တက်နေလေသည်။ တစ်ချက်တစ်ချက်တွင် "ဖြောင်းဖြောင်း ဖြစ်ဖြစ်" နှင့် ကျယ်လောင်စွာ မြည်ဟီး၍ ပေါက်ကွဲသံတို့ကိုလည်း ကြားနေရသည်။ ယင်းကဲ့သို့ ကျယ်လောင်စွာ ပေါက်ကွဲနေသော အသံတို့နှင့်အတူ မီးညွန့်၊ မီးပွားတို့ကလည်း တစ်ဖွားဖွားနှင့် အသဲယားစရာပင် ကောင်းလှလေသည်။

ထွန်းအောင်တို့မှာ မြင်တွေ့နေရသော မြင်ကွင်းကိုကြည့်၍ သက်ပြင်းချမိကြသည်။ မီးပွားများ တစ်ဖွားဖွားနှင့် မီးတောက်၊ မီးလျှံများကြားရှိ မီးသွေးဖိုကြီးပေါ်တွင် ဦးကြီးထွန်းကိုလည်း တွေ့မြင်ရလေသည်။ ဦးကြီးထွန်းနှင့်အတူ အခြား လူကြီးတစ်ယောက်ကိုလည်း တွေ့မြင်လိုက်ရ၏။

သူတို့ နှစ်ဦးစလုံး၏ ဟန်ပန်မှာ တက်တက်ကြွကြွနှင့် အားရစရာတော့ ရှိလှသည်။ သူတို့ နှစ်ဦးစလုံးမှာ ခါးတောင်ကို မြှောင်အောင် ကြိုက်



သားကြသည်။ ပြီးလျှင် အင်္ကျီဝတ်မထားဘဲ ကိုယ်လုံးတီးမို့ သူတို့၏ အသားအရည် တို့မှာ မီးရောင်ကြောင့် ဝင်းပြောင်နေသည်။ သူတို့ နှစ်ယောက်သည် မီးသွေးဖိုကြီးပေါ်၌ မီးတောက် မီးပွားတို့၏ အပူဒဏ်ကို ကြံ့ကြံ့ခံရင်း တစ်တောင်ကျော်ကျော်မျှရှိသော သစ်ဖြတ်တုံးတို့ကို မီးတောက်ကြီးများထဲသို့ အားကြိုးမာန်တက် ပစ်သွင်းနေကြသည်။

ထွန်းအောင်တို့ထက် အရင် ဤနေရာသို့ ရောက်ရှိနေသော ကိုသိမ်းမောင်သည် အခြား လူတစ်ယောက်နှင့်အတူ သစ်ဖြတ် တုံးတို့များကို သယ်ပိုးကာ ဦးကြီးထွန်းတို့ ဆီသို့ အပို့အယူ လုပ်ပေးနေသည်။ ဦးကြီးထွန်းမှာ ကိုသိမ်းမောင်တို့ သယ်ပိုးပေးသော သစ်ဖြတ်တုံးများကို ယူ၍ တဟုန်းဟုန်း ဘဖြစ်ဖြစ် တောက်လောင်နေသော မီးတောက်ကြီးများထဲသို့ ချိန်ရွယ်ကာ ပစ်သွင်းနေသည်။

သို့ရာတွင် မီးတောက်ကြီးများမှာ မငြိမ်းသေးသည့်အပြင် သစ်တုံးတစ်တုံး ပစ်သွင်းလိုက်တိုင်း ပစ်သွင်းလိုက်တိုင်း ဟုန်းကနဲ ဟုန်းကနဲ ထထတောက်နေသည်။ အားကြိုးမာန်တက် လုပ်နေကြသော်လည်း မီးအားက ပိုမိုပြင်းအား ကောင်းနေသဖြင့် နိုင်ပုံ မပေါ်ချေ။ သည်အတိုင်းဆိုလျှင် မီးသွေးတစ်ဖိုလုံးပင် ပြာဖြစ်ရပေတော့မည်။

"ဟေ့ . . . ထွန်းအောင်တို့ . . . မောင်သိုက်တို့ . . . လုပ်ကြပါဦးဟ၊ ဘာဖြစ်လို့ ရပ်ပြီး ကြည့်နေကြတာလဲ . . ."

ဦးကြီးထွန်းက ငိုင်ပြီး ရပ်ကြည့်နေကြသော မိမိလူများကို မီးသွေးဖိုပေါ်မှ အော်ပြောသည်။ ဦးကြီးထွန်းတို့မှာ မီးတောက်၊ မီးလျှံများနှင့် သူနိုင်ကိုယ်နိုင် သတ်ပုတ်နေကြသည်ဟု ဆိုလျှင်လည်း မမှားနိုင်ချေ။ သည်အတိုင်းသာ ထွန်းအောင်တို့က ရပ်ကြည့်နေကြမည်ဆိုလျှင် မကြာမီ ပြာပြင်တော့မည်။ တစ်ဟုန်းဟုန်းနှင့် အရှိန်ကောင်းစွာ တောက်လောင်နေသော သည်မီးလျှံကြီးများကို သည်လူအားနှင့် ဘယ်နည်းနှင့်မျှ ဦးကြီးထွန်းတို့ နိုင်တော့မည်မဟုတ်။

ထို့ကြောင့် အချိန်ကြာလျှင် မီးသွေးဖိုပေါ်မှ မုချ ခုန်ဆင်း၍ ကိုယ်လွတ်ရုန်း ပြေးကြမည့် ကိန်းမျိုး ကြုံလာချေမည်။ လေကလည်း [illegible] တိုက်ခတ်နေသဖြင့် မီးပွား၊ မီးတောက်တို့က ပို၍ အားကောင်း[illegible] ဖြစ်၏။

ဤသည်တို့ကြောင့်လည်း ထွန်းအောင်တို့မှာ [illegible] ကြည့်မနေနိုင်ကြတော့။ ဝိုင်းဝန်းလုပ်ကိုင်ရန် ပြင်ဆင်ကြ[illegible]

ထွန်းအောင်တို့နှင့်စ၍ စကားများခဲ့သော [illegible] အခြား လူတစ်ယောက်ကိုလည်း သည်နေရာတွင် [illegible]

www.burmeseclassic.com



ဖောက်နေသည်ကိုလည်း ထွန်းအောင်မသိ။

"ဟော့ . . . ထွန်းအောင် . . . မင်းဒီကိုလာခဲ့ . . . ရွှေမော်နဲ့မောင်သိုက်တို့က သစ်တုံးအခြောက်တွေကို ရေဖျန်းပြီး ဒီကို ယူခဲ့ကြဟော့"

ဦးကြီးထွန်းက သူ၏ အောင်မြင် ခန့်ညားသော အသံနှင့် အော်ဟစ်၍ အမိန့်ပေးနေသည်။ ထို့ကြောင့် သစ်ဖြတ်တုံးများကို ဝိုင်းဝန်း၍ သယ်ပေးနေ၍ ပြင်ဆင်နေသော ထွန်းအောင်တို့သည် ဝတ်ထားသော အကျႌကို ကမန်းကတန်း ချွတ်ရတော့သည်။ ခါးတောင်းကို မြောင်အောင် ကျိုက်ရတော့သည်။ ပြီးလျှင် ရုတ်ချည်းပင် မီးသွေးဖိုပေါ်မှ တန်းလန်းချထားသော ကြိုးတစ်စကို ဆွဲ၍ ဖိုပေါ်သို့ လွှားကနဲ ခုန်တက်လိုက်ကြရလေသည်။

ကိုသိမ်းမောင်က သစ်ဖြတ်တုံးဘိုများကို ရေပုံးကြီးနှင့် ရေဖျန်းပေးနေသည်။ မီးသွေးဖိုထဲသို့ ပစ်ထဲ့နေသော သစ်တုံးများမှာ ခြောက်နေသဖြင့် ယခုလိုဖြစ်ရသည်ဟု ဦးကြီးထွန်းက ယူဆလေသည်။ ယင်းကြောင့်လည်း သစ်ဖြတ်တုံးများကို ယခုလို ရေဖျန်းခိုင်းခြင်း ဖြစ်၏။

မောင်သိုက်နှင့် ရွှေမော်တို့အပြင် အခြား လူတစ်ယောက်သည် ရေဖျန်းထားသော သစ်တုံးများကို သွက်လက်စွာ သယ်ပိုး၍ ထွန်းအောင်တို့ ဆီသို့ ယူလာသည်။

ဦးကြီးထွန်းနှင့် သည်မီးသွေးဖိုကို ဦးစီးလုပ်ကိုင်သော လူကြီးတို့မှ မောင်သိုက်တို့ သယ်ပိုးပေးသော သစ်တုံးများကို လျင်မြန်စွာလှမ်းယူကြသည်။ ပြီးလျှင် ၎င်းသစ်တုံးတိုများကို တဟုန်းဟုန်း တောက်လောက်နေသော မီးတောက် မီးကြီးများထဲသို့ အားကြိုးမာန်တက် ပစ်ထည့်ကြရသည်။ မီးသွေးဖိုပေါ်မှ တောက်လောင်နေသော မီးအရှိန်ကြောင့် ထွန်းအောင်တို့မှာ အပေါ်ပူ အောက်ပူ ဖြစ်နေကြသည်။ ထို့ပြင် မီးပေါက်မီးပွားများက ကိုယ်တုံးလုံးဖြစ်နေသော သူတို့၏ ကိုယ်ပေါ်သို့ ကျရောက် ကပ်ငြိလေသည်။ ယင်းအပူဒဏ်ကြောင့်လည်း အသဲစွဲလောက်အောင် ပူလောင်နာကျင်ကြရသည်။ ပြီးလျှင် ပင်ပန်းလွန်းသော ဒဏ်ကြောင့်လည်း သူတို့မှာ ဇော်ချွေးများပင် ပြန်ခဲ့ကြ၏။

သို့ရာတွင် မီးပူက ပူပါစေ၊ မီးပွားများ ကပ်ငြိ၍ အသားအရည်တို့၌ အဖုအပိန့်များ ထွက်လျှင်လည်း ထွက်ပါစေ၊ သူတို့က အရှုံးမပေးဘဲ အနိုင်ရရှိစေရန်အတွက် ဇွဲရှိရှိနှင့် ကြံ့ကြံ့ခံ လုပ်ကိုင်နေကြရသည်။

"ထွန်းအောင် ပစ် . . . ပစ် . . . မြန်မြန်ပစ်ထည့်။ သစ်ပေးဦး . . . ထည့်သစ်ပေးဦး . . . ထည့်သစ်ပေးဦး . . . လိုသေးတယ် . . ."

မီးတောက်မီးလျှံထဲသို့ ရေဖျန်းထားသော သစ်ဖြတ်တုံးအစိုများကို ပစ်သွင်းနေကြရသည်။ သစ်သယ်ပေးသော လူများပင် မနိုင်တော့။ ဤသည်



ထို့ကြောင့်လည်း ဦးကြီးထွန်းက မောင်သိုက်တို့ကို အော်ပြောရင်း ထွန်းအောင်ကိုပါ အော်ပြောလိုက်သည်။

"ပစ် . . . ပစ်ပါတယ် ဦးကြီးရဲ့ ဟာ . . . တော်သေးရဲ့"

ထွန်းအောင်က ဦးကြီးထွန်းကို ပြန်ပြောရင်း သစ်ဖြတ်တုံး တစ်တုံးကိုယူ၍ မီးတောက်ထဲ ပစ်ထဲ့လိုက်ရာ လောကြီးလွန်းသဖြင့် ဘေးတက်ဘက်သို့ လွဲချော်သွားသည်။

"ဟ . . ဟ . . ထွန်းအောင်၊ ကြည့်ပြု ပစ်မှပေါ့ကွ။ မတော်တဆ သိမှန်သွားရင် ဖိုပေါ်ကလူ တစ်ခါထဲ ကျွမ်းပစ်ကျသွားမယ်၊ ချိန်ဆပြီး ပစ်ပေးစမ်းပါ"

ဦးကြီးထွန်းက ထွန်းအောင်၏ အပြုအမူကို ကြည့်၍ဆိုသည်။ ဦးကြီးထွန်း ပြောသည်မှာလည်း မှန်သည်။ ထွန်းအောင် လောကြီး၍ လွဲချော်ကာ ပစ်မိသော သစ်တုံးမှာ ဦးကြီးထွန်း၏ ဝဲဘက်တွင် နေရာယူထားသော လူကြီးကို ထိမှန်ရန် ပွတ်ကာသီကာ ဖြစ်သွားသည်။ အကယ်၍ ထွန်းအောင်၏ လက်ချက်ကြောင့် ထိုလူကြီးကို ထိမှန်မိပါက သက်သာမည်မဟုတ်၊ ဖိုအောက်သို့ ကျွမ်းပစ်ကျလျှင် တော်သေးသည်။ မီးတောက်၊ မီးလျှံထဲသို့ ထိုးကျသွားပါလျှင် တစ်ခါတည်း မီးသဂြိုဟ်ပြီးသား ဖြစ်သွားနိုင်သည်။

"အို- မတော်တဆ ဖြစ်တာပဲ၊ ကိစ္စမရှိပါဘူး။ ဟော့ - အောင်ရွှေမြကြီးသယ်ဖို့ လုပ်တော့ဟော့"

ထိုလူကြီးက ထွန်းအောင်ကို ပြောရင်းနှင့် သူ့လူဆီသို့လည်း အော်၍ ပြောလိုက်သည်။

"ဟုတ်တယ်ဟော့ . . မီးညွန့်ကျိုးသွားပြီဟ"

ဦးကြီးထွန်းကလည်း မီးညွန့် ကျိုးသွားပြီဖြစ်ကြောင်း အားပါးတရ အော်ပြောလိုက်သည်။

"ဟိုက်"

ဦးကြီးထွန်းဘေးမှ လူကြီးသည် 'ဟိုက်ခနဲ' အော်ကာ မီးသွေးဖို၏ အပေါ်မှ ပြုလုပ်ထားသော တန်းကို ကိုင်၍ နောက်သို့ ရုတ်ချည်း ကျန်ဆုတ်လိုက်သည်။ ထို့ကြောင့် ထွန်းအောင်က ထိုလူကြီးကို ဆီး၍ ဖမ်းထားလိုက်ရ၏။

"အေး . . . ကျေးဇူးပဲကွာ . ."

သူက ဆိုသည်။ ပြီးလျှင် သူ၏ဝင်းပသော မျက်[illegible] ထွန်းအောင်ကို ကျေးဇူးတင်စွာ ပြုံးပြလိုက်သည်။ သူ၏ အပြုံးကြောင့် ထွန်းအောင်၏ ရင်ထဲတွင် နွေးကနဲ ခံစားလိုက်ရသည်။

ထိုလူကြီးမှာ လျှင်မြန်၍ တော်သေးသည်၊ [illegible]

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘဝကို တွေးရဲစရာပင်မရှိ။ အကြောင်းမှု သူရပ်နေသော နေရာမှ ဖိုအဖုံးအအုပ် မြေကြီးများမှာ မီးအပူဒဏ်ကြောင့် အက်ကွဲသွားခြင်းပင် ဖြစ်၏။

ထိုသို့ အက်ကွဲသွားသည်နှင့် ဖိုတွင်းမှ လိုက်၍ လောင်နေသော မီးသွန့်တို့က အပြင်သို့ "ဝူး"ကနဲ ပေါက်ထွက်သောကြောင့်ပင်တည်း။

ပမာဆိုရသော် ရေအပြည့်ထည့်ထားသည့် ပလပ်စတစ်အိတ် တစ်လုံးကို အပ်နှင့် ဖောက်လိုက်သောအခါ အတွင်းရှိရေများက ပန်းထွက်လာသော ပုံစံမျိုးပင်။ မီးတောက်တို့က တန်း၍ အထက်သို့ တက်လာပြန်ချေပြီ။

ယခုမှခက်၏။ တစ်နေရာ ပေါက်လို့မှ ဖာ၍မပြီးသေး နောက်တစ်နေရာက ထပ်ဆင့်၍ ပေါက်လာပြန်၏။

"သစ်ပေးဟေ့. . . သစ်ပေးဦး၊ မြေကြီးကို တောင်းထဲ ထည့်ပြီး အသင့် ဆောင်ထားကြ။ ကြားလား. . .။ အေး . . . အေး. . . ဟုတ်ပြီ. . . ဟုတ်ပြီ. . ."

ဦးကြီးထွန်းက တက်ကြွသောအသံနှင့် အော်ပြောပြန်သည်။ ထို့နောက် ထွန်းအောင်တို့ သုံးယောက်သားမှာ သစ်ဖြတ်တုံးများဖြင့် မီးဖိုပေါက်ကွဲရာ မီးညွှန့်များ ဖြာထွက်နေသည့် အပေါက်ထဲသို့ သွက်လက်စွာ ပစ်ထည့်ကြရပြန်သည်။

ခဏကြာသော်၏။ ထွန်းအောင်တို့၏ အင်တိုက်အားတိုက် ကြိုးစားမှုကြောင့် တောက်ခင် မီးညွှန့်ကျိုးသွားသည်။ လေလည်း ငြိမ်သွားပြီ။

"ပစ်ထည့်ဦး. . . ပစ်ထည့်ဦး. . . မရသေးဘူး. . . မရသေးဘူး။ ဒါက ခဏလေးငြိမ်သွားတာ၊ သစ်တုံးတွေကို ပေါက်ထွက်နေတဲ့ အပေါက်ထဲမှာ ကြပ်သိပ်နေအောင် ထည့်ရမှာ၊ အဲဒါမှ မီးညွှန့်တွေ အပြင်ကို မထွက်နိုင်မှာ၊ သစ်ဖြတ်တုံးတွေကို ကြပ်ပိတ်နေအောင် ထပ်ကြည့်ကြဦး"

ထွန်းအောင်ဘေးမှ လူကြီးကလည်း အော်ပြောပြန်သည်။ ထို့ကြောင့်လည်း ထွန်းအောင်တို့မှာ သစ်ဖြတ်တုံးများနှင့် အပေါက်နေရာများကို ကြပ်နိုင်သမျှ ကြပ်သိပ်အောင် ပစ်သွင်း ပိတ်ဆို့ ဖာထေးကြရပြန်သည်။ ယခုမှပင် မီးသွေးဖိုကြီးမှ ပေါက်ကွဲ၍ ထွက်ပေါ်လာသော မီးတောက်၊ မီးလျှံများမှာ လုံးဝ ငြိမ်သွားကြလေသည်။ စိတ်ချရသော အနေအထားသို့ ရောက်ရှိသွားချေပြီ။

"မြေ ဝင်တော့ဟေ့. . ."

ဦးကြီးထွန်းက အော်ပြောသည်။

"ရမယ်. . . ရမယ်. . . ဟေ့ မောင်သိုက် . . . လုပ်ဦးကွ. . ."

ပြောပြောဆိုဆို ကိုသိမ်းမောင်နှင့် မောင်သိုက် တို့မှာ မြေကြီးများ [illegible] သူတို့ဆီသို့ သယ်ပို့ပေးကြသည်။ ထွန်းအောင်



တို့ကလည်း ကိုသိမ်းမောင်တို့ သယ်ပိုးပေးသော မြေကြီးတောင်းများကို လှမ်းယူကြသည်။ ပြီးလျှင် ယခုမှ လုံးဝ မီးငြိမ်းသွားသောနေရာ၊ တစ်နည်းအားဖြင့် မီးသွေးဖို ပေါက်ကွဲ၍ သစ်ဖြတ်တုံးများ ကြပ်ညပ်အောင် ထိုးသိပ်ထည့်ထားသော နေရာကို တစ်တောင်းပြီး တစ်တောင်း လောင်းချလိုက်ကြလေသည်။

ထို့နောက် လောင်းချလိုက်သော မြေများကို ညီအောင်ညှိကာ သက်ယက်ကျင်း သဏ္ဌာန်မျိုး ပြုလုပ်ပြီး မီးခိုးထွက်ရန် အပေါက်များ ဖေါက်ထားလိုက်ကြသည်။ ပြီးလျှင် အသင့်ပြုလုပ်ထားသော တစ်တောင်နီးပါး ရှည်လျားကာ ထု လက်သီးဆုပ်မျှရှိ "ခုံဖိနပ်" ကြီးများ ကိုယ်စီ စီး၍ ထိုနေရာအားလုံးကို ပိုမိုပြီး သိပ်သည်းသွားရန်အတွက် နင်းသိပ်ပေးရသည်။ အကယ်၍ မိမိ နင်းသိပ်ပေးနေသော နေရာမှာ အောက်သို့ကျွံကျသွားမည်ဟု အဆင်ရှိလျှင် ဆက်၍ မနင်းရ။ အထက်တွင်ရှိသော တန်းကိုကိုင်၍ ကိုယ်ကို မော့ထားလိုက်ရသည်။ သို့မဟုတ်ပါက လူတစ်ယောက်လုံး မီးဖိုထဲသို့ ကျွံပြီး ကျသွားနိုင်သည်။ သည်အခါ ထိုလူ၏ ဘဝကို တွေးရဲစရာပင် မရှိ။

ယခု ထွန်းအောင်တို့မှာ မီးသွေးဖို၏အပေါ်မှ ပြုလုပ်ထားသော တန်းကို ကိုင်၍ သတိနှင့် နင်းသိပ်နေကြရသည်။ သို့ရာတွင် သူတို့အားပြု၍ ကိုင်ထားသော တန်းမှာ မီးလောင်ထားသဖြင့် ခိုင်မခိုင် စိတ်မချရ။ ပို၍ သတိထားနေကြရသည်။

ထိုကဲ့သို့ ထွန်းအောင်တို့ မပြုလုပ်၍လည်း မဖြစ်။ အကြောင်းမီးသွေးဖိုက ပေါက်သဖြင့် အတွင်းရှိ မီးခဲများမှာ နေရာတကျ မရှိဘဲ ပြန့်ကျဲနေမည်။ သို့မဟုတ် စုပြုံနေမည်။ ထို့ပြင် ဟာသည့်နေရာ၌ ဟာပြီး [illegible]သည့်နေရာက လွတ်နေသေးသည်။

ဤသည်တို့ကြောင့် မီးသွေး မဖြစ်သေးသော မီးခဲများကို အတွင်း၌ နေရာတကျ ဖြစ်စေရန်အတွက် ယခုလို အထူး ပြုလုပ်ထားသော ခုံဖိနပ်ကြီးများစီး၍ နင်းသိပ်ပေးနေကြရခြင်းပင်တည်း။

"သတိထားပြီး နင်းဟေ့. . . အောက်ကို ကျွံကျသွားမယ်. ."

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့. . ."

ဦးကြီးထွန်းက ထွန်းအောင်တို့ကို သတိပေးစကား ဆိုသည်။

"သိပ်ပြီး ကျေးဇူးတင်တာပဲ ဦးဖိုးထွန်းရာ. . . ကျွန်တော်တို့နှစ်ယောက်ထဲသာဆိုရင် ဒီမီးကို ဘယ်လိုမှ နိုင်မှာမဟုတ်ဘူးဗျ။ ခင်ဗျားတို့နှစ်ယောက်ကလည်း ဒီနေ့မှ ရွာကို ပြန်သွားကြတော့ ခက်တာပေါ့၊ အခုလို ခင်ဗျားတို့ လာပြီးကူညီတဲ့ ကျေးဇူးကို ကျွန်တော် ဘယ်လိုလုပ်ပြီး ပြန်ဆပ်ရမှန်းတောင် မသိတော့ဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းအောင်တို့ ကိစ္စများပြီး၍ မီးသွေးဖိုပေါ်က ဆင်းလာကြစဉ် လမ်း၌ ဦးကြီးထွန်းကို သူ့ဘေးမှ လူကြီးက ဆိုသည်။

"အို - ကိစ္စမရှိပါဘူး ဦးကျော်ခိုင်ရယ်၊ ခင်ဗျားတို့ ကျုပ်တို့တစ်တွေဟာ လူချင်း အမျိုးမတော်ကြပေမဲ့၊ အလုပ်ချင်းက အမျိုးတော်နေကြတော့ တစ်ယောက်နဲ့တစ်ယောက် ကူညီကြရမယ့် ဝတ္တရားဆိုတာ ရှိပါတယ်။ ကဲ - တို့လဲ ပြန်ကြဦးမှ ဦးကျော်ခိုင်ရေ. . .၊ ဟိုတုန်းက လူငယ်တွေကြောင့် ဖြစ်ပျက်ခဲ့တာကိုလည်း ဘယ်လိုမှ မအောက်မေ့ပါနဲ့။ ကျုပ်တို့ ဖိုတွေကိုလည်း သိပ်ပြီး စိတ်ချထားလို့ မရသေးဘူးဗျို့"

ဦးကြီးထွန်းတို့မှာ သူတို့အချင်းချင်း နံမည်များကိုပင်ခေါ်၍ ပြောဆိုကြချေပြီ။ တစ်ဦးတစ်ယောက်၏ စိတ်ကောင်း စေတနာနှင့် မေတ္တာတရားတို့သည် တစ်ဦးတစ်ယောက် အပေါ်သို့ ကူးစက်တတ်သည်မှာ ဓမ္မတာပင်တည်း။

ယခုမှပင် အခြားအဖွဲ့ခေါင်းဆောင်ဖြစ်သော လူကြီး၏ အမည်မှာ ဦးကျော်ခိုင်ဖြစ်ကြောင်း ထွန်းအောင်တို့က သိရှိကြရလေသည်။

ဦးကျော်ခိုင်သည် ဦးကြီးထွန်း၏ အဖွဲ့သားများအားလုံးကို ကြည့်ပြီး လှိုက်လှိုက်လှဲလှဲကြီး ပြုံးပြ၍ ပြောသည်။ ထို့အတူ သူ့ဘေး၌ရပ်နေသော ကိုအောင်ရွှေ ဆိုသူကလည်း ကျေးဇူးတင် ဝမ်းမြောက်သော မျက်လုံးများနှင့် ထွန်းအောင်တို့ အဖွဲ့ကို စိုက်ကြည့်နေသည်။

ထိုအချိန်တွင် ဦးကျော်ခိုင်က အားလုံးကိုကြည့်၍ -

"ခဏလေး. . .ခဏလေး. . ."

ဟုဆိုကာ၊ သူ့တဲထဲသို့ ပြေးဝင်သွားသည်။ ပြီးလျှင် ရုတ်ချည်းပင် ထွန်းအောင်တို့ဆီသို့ ပြန်လာပြီး၊ လက်ထဲတွင် ကိုင်ဆောင်လာသော ကွမ်းရွက်များကို အနီးရှိ ရေပုံးထဲသို့ နှစ်ဆေးလိုက်သည်။ ထို့နောက် သူသည် ကွမ်းရွက်များကို လက်နှစ်ဘက်နှင့် လုံးချေကာ အရည်ရအောင် ညှစ်သည်။

ထွန်းအောင်သည် ဦးကျော်ခိုင်၏ အပြုအမူကို စိတ်ဝင်စားစွာကြည့်နေမိသည်။ သူလုံးချေ၍ အရည်ရရန် ပြုလုပ်နေသော ကွမ်းရွက်များမှာ ဆယ့်လေးငါးရွက်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

"ကဲ - ဦးဖိုးထွန်း၊ ခင်ဗျားကိုယ်ကို မီးပွားလွင့်ကပ်ထားလို့ ပူနေမယ်။ ဒီ ကွမ်းရွက်ရေလေး လိမ်းလိုက်မှ အေးပြီး၊ ပျောက်သွားမှာဗျ။ တော်ကြာ အပူဖုတွေ ထွက်လာရင်ခက်မယ်။ ဟော့ . . .အောင်ရွှေ၊ ဒီက မောင်ထွန်းအောင်ကိုလည်း ကွမ်းရွက်စိမ်းရေ လိမ်းပေးပါကွာ. . .၊ ရော့ . . .ရော့"

ဦးကျော်ခိုင်က ပြောပြောဆိုဆိုနှင့် ဦးကြီးထွန်း၏ ခြေလက်နှင့် တစ်ကိုယ်လုံး ကွမ်းရွက်စိမ်းရေ ညှစ်၍ လိမ်းပေးသည်။ ထို့အတူ ကိုအောင်ရွှေကလည်း ထွန်းအောင် တစ်ကိုယ်လုံးကို စေတနာ အပြည့်နှင့် ကွမ်းရွက်စိမ်းရည်များ လိမ်းပေးသည်။



သည်အခါမှပင် မီးပွားများ ကိုယ်ကို ကပ်ငြိ၍ ပူနေသော ဒဏ်ရာတို့မှာ ရုတ်ချည်း သက်သာသွားသည်။ ကွမ်းရွက်စိမ်း၏ အစွမ်းထက်မှုကို တွေ့ သိရှိရလေတော့သည်။

သူတို့၏ ပြုစုယုယမှုကြောင့် ပူစပ်ပူလောင် ဖြစ်နေသော အသားများအေးသွားသလို၊ ထွန်းအောင်တို့၏ ရင်ထဲမှာလည်း ပီတိဖြစ်ခြင်း၊ ဝမ်းသာခြင်းတို့နှင့်အတူ နွေးထွေးသွားရသည်။ နှလုံးသား သည်းပွတ်အစုံတို့သည်လည်း ငြိမ့်ငြိမ့်နှင့် တသိမ့်သိမ့်တုန်ကာ အေး၍ အေး၍ သွားရသည်သာ. . .။

ယခုလို မီးပွားများ လွင့်စင်မှုကြောင့် အသားများ ပူစပ်ပူလောင်ဖြစ်ခဲ့သော် ကွမ်းရွက်စိမ်းရည်နှင့် သကြားကို ရောနှော၍ လိမ်းပေးရသည်။ ထိုအခါ အသားမှာအေး၍ အဖုအပိန့် ထွက်ခြင်းမှာ သက်သာရာ ရစေသည်။ ယခုရာတွင် . . . သူတို့၏ တောထဲမို့ သကြားကမရှိ။ ထို့ကြောင့် ကွမ်းရွက်စိမ်းရည် တစ်ခုတည်းကိုသာ အားကိုးကြရသည်။

မည်သို့ဆိုစေ ကွမ်းရွက်စိမ်းရည်မှာ မီးသွေးဖုတ်သမားများ၏ သက်ကိုင်ထားရသော ဆေးမြီးတို ကောင်း တစ်လက်ဖြစ်သည်။

"နောက်ကိုလည်း ကျွန်တော်တို့တဲကို လာပြုလည်ပါဗျာ. . . ဦးကြီးတို့ အကူအညီ လိုတဲ့အခါလည်း ကျွန်တော်တို့ကို ပြောပါ။ အချိန်အခါ မရွေး တတ်နိုင်တဲ့ဘက်က ကူညီဖို့ အသင့်ပါပဲ ခင်ဗျား. . .။ ရောက်လက်စနဲ့တော့ မထူးပါဘူး တဲထဲဝင်ပြီး၊ ရေနွေးကြမ်းလေး ဘာလေး သောက်သွားကြပါဦး. . ."

ထွန်းအောင်ကို ကွမ်းရွက်စိမ်းရည်များ လိမ်းပေးနေသော ကိုအောင်ရွှေ ဆိုသူကလည်း လေးလေးစားစားဆိုသည်။ ထို့ကြောင့်လည်း ထွန်းအောင်တို့မှာ ကိုအောင်ရွှေ၏ ဖိတ်ခေါ်ချက်ကို မငြင်းသာပေ။ ပင်ပန်းနွမ်းနယ်နေကြသူများ ဖြစ်သည့်အားလျော်စွာ ရေနွေးကြမ်းကို ဇိမ်နှင့်သောက်၍ ခဏတာမျှ အမောအပန်း ဖြေလိုကြသည်။ သို့သော် ထွန်းအောင်တို့မှာ ရေနွေးကြမ်းကို ဇိမ်နှင့်သောက်ပြီး အမောအပန်း ဖြေနိုင်ကြသော အချိန်ကမရှိ။ သူတို့၏ မီးသွေးဖိုများအတွက်ကိုလည်း အမြဲတန်း ပူပန်နေကြရသည်။

"မသောက်တော့ပါဘူးဗျာ. . .။ ဘယ်လိုမှ မအောက်မေ့ပါနဲ့. . .၊ ကျွန်တော်တို့ ဖိုတွေကိုလည်း သိပ်ပြီး စိတ်မချရသေးလို့ပါ။ နောက်မှပဲ လာလည်ပါရစေ။ အခုတော့ သွားလိုက်ဦးမယ်ဗျာ. . ."

ဦးကြီးထွန်းက ဦးကျော်ခိုင်တို့ ဖိတ်ခေါ်ချက်ကို အားနာစွာနှင့် ငြင်းဆယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ. . .၊ ဟုတ်ကဲ့. . . ဟုတ်ကဲ့. ."

ဦးကျော်ခိုင်ကလည်း ဦးကြီးထွန်းကို ပြန်လည် ပြောကြားလိုက်သည်။ ထို့နောက် သူတို့သည် တစ်ဦးနှင့်တစ်ဦး ကြည့်ပြီး အပြုံးခြင်း ဖလှယ်လိုက်ကြသည်။ ထိုအခါ ပင်ပန်း နွမ်းနယ်မှု အားလုံးတို့သည်လည်း ထွန်းအောင်တို့ထံမှ ကြက်ပျောက်၊ ငှက်ပျောက်၊ ပျောက်ကွယ် သွားကြလေတော့သည်။

× × × × ×

[၁၀]

"ဦးကြီးထွန်း ဒီလူတွေရဲ့ ဖိုပေါက်တာက ကြောက်စရာကြီးဗျာ. .၊ ကျွန်တော်တော့ ကုန်ရော အောက်မေ့တာဗျ။ အခုလို လူနိုင်သွားလို့ တော်သေးတာပေါ့။ နို့မို့ရင်တော့လား. . . မွဲရောပဲ. . ."

အားလုံး မိမိတို့ မီးသွေးဖိုရှိရာ တဲဆီသို့ ပြန်လာရင်း လမ်း၌ ထွန်းအောင်က ဦးကြီးထွန်းကို စကားစ,လိုက်သည်။

"အေး - ဟုတ်တယ်နော်၊ ငါတော့ ဟို ဦးကျော်ခိုင်ဆိုတဲ့ လူကြီးလည်း သေရော အောက်မေ့တာ. . .။ သူ့ဘေးက မီးတောက်ကြီးက ဟူးကနဲ ထပြီး တောက်လာတာကို ရှောင်လိုက်နိုင်လို့ပေါ့။ မခုန်သာ မခုန်လိုက်နိုင်တော့ တစ်ခါထဲ အသက်ပျောက်ပဲ. .။ မီးသွေးဖိုကြီးက မီးတောက်၊ မီးပွားတွေကလည်း တဖြောက်ဖြောက် တဖွားဖွားနဲ့ . . ဟီး. . . ကြောက်စရာကြီးကွာ. . ."

ထွန်းအောင်၏ စကားကို ဦးကြီးထွန်းက မည်သို့မျှ ပြန်မပြော။ သူ၏ ဟန်ပန်က လမ်းလျှောက်နေရင်းနှင့် တစ်စုံတစ်ခုကို တွေးတောနေဟန်ရှိသည်။ ထို့ကြောင့် မောင်သိုက်က သူ၏ ထင်မြင်ချက်ကို ဝင်ရောက်ပြောဆိုသည်။ ပြောဆိုရင်းနှင့် သူ့ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်ပြလိုက်သည်။

မောင်သိုက်၏ အပြောကြောင့် ထွန်းအောင်၏ မျက်လုံးထဲတွင် မီးသွေးဖိုကြီး ပေါက်ကွဲနေပုံကို ပြန်လည်၍ မြင်ယောင်လာသည်။ သည်အခါမှပင် ကြောက်စိတ်တွေနှင့်အတူ ကြက်သီးများ တဖြန်းဖြန်းထလာသည်။ ထို့နောက် မီးတောက်၊ မီးပွားတို့၏ ကပ်ငြိခြင်းခံရသော အသားအရေတို့မှ စပ်ပူလောင်နှင့် တစ်မျိုးကြီးဝေဒနာကို ခံစားလာရပြန်သည်။ သို့သော် ထွန်းအောင်တို့အဖို့ သည်မျှ ထိထိုက်မှုမျိုးသည် အဆန်းမဟုတ်၊ ကြုံတွေ့နိုင်သည်သာပင်။

"သူတို့မီးသွေးဖို ဒီလောက်တောင် ကြီးကြီးကျယ်ကျယ် ပေါက်ကွဲ

www.burmeseclassic.com



တာ ဘာဖြစ်လို့လဲ သိလား. . .၊ အဲဒါ ရိုးရိုးပေါက်ကွဲတာ မဟုတ်ဘူး. . ကွ"

ဦးကြီးထွန်းက အားလုံးကို တစ်ချက်ဝေ့ကြည့်ရင်း မေးသည်။ ဦးကြီးထွန်း၏ အမေးစကားကို သူတို့မှာ မည်သူမျှမဖြေတတ်ကြ။ မြေတိုက်မီးသွေးဖို ဆိုသည်မှာ လောင်စာကုန်ခမ်းပါက ကျုံ့နိမ့်၍ ကျသွားတတ်သည်။ ထိုအခါ မြေတိုက်မီးသွေးဖိုပေါ်က ဖုံးအုပ်ထားသော မြေသားများမှာ ကွဲအက်သွား၏။ ထိုကွဲအက်သွားသော မြေအကွဲကြားမှ ဖိုအတွင်း၌ရှိသော မီးတောက်မီးလျှံတို့မှာ အပြင်သို့ ထွက်လာတော့သည်။ ယင်းကဲ့သို့ အနည်းနှင့်အများဆိုသလို ပေါက်ကွဲတတ်ကြသည်မှာ မြေတိုက်မီးသွေးဖိုတို့၏ ဖြစ်ရိုးဖြစ်စဉ်ဓမ္မတာပင်တည်း။

ထိုသို့ပေါက်ကွဲလာသော နေရာကို သစ်ဖြတ်တိုတို့နှင့် ထိုးကြိတ်၍ ကြပ်နေအောင် သိပ်ထည့်ရသည်။ ထို့ပြင် ၎င်းနေရာကို မြေကြီးများနှင့် ထပ်မံ၍ ခဲရာခဲဆစ် အုပ်ဆိုင်းကာ ၎င်းဖိုကို ဖာထေးကြရလေသည်။

ထို့ကြောင့် မီးသွေးဖုတ်သမားများ ဆိုသည်မှာ လုပ်ငန်းကို လုပ်ရန်အတွက် ဇွဲနပဲရှိရသည်။ သတ္တိရှိကြရသည်။ အားမာန်အပြည့်နှင့် သွက်လက်ချက်ချာသော လုပ်အားလည်း လိုအပ်သည်။ သို့မှသာ အောင်ပွဲရနိုင်မည်ဖြစ်၏။

မည်သို့ဆိုစေ ယခုကိစ္စ၌ ဦးကြီးထွန်း၏ အမေးစကားက ထူးဆန်းနေသည်။ ထို့ပြင် စံကျော်တို့၏ မီးသွေးဖိုကြီး ပေါက်ကွဲပုံမှာ ကြောက်စရာ၊ လန့်စရာ ကောင်းသည်။

သူတို့တစ်သက် မကြုံဘူးသော ပေါက်ကွဲမှုပင်။ ကံကောင်း ထောက်မ၍သာ ယခုလို ပြဿနာ ရှင်းသွားခဲ့သည်။ သို့မဟုတ် ပါက မီးသွေးဖိုကြီးပေါ်က ခုန်ဆင်းပြီး ထွက်ပြေးကြရမည့် ပုံစံမျိုး။ ထို့ကြောင့်လည်း ဦးကြီးထွန်း၏ အမေးကို လူငယ်တွေမှာ မဖြေနိုင်ပဲ ငိုင်တွေသွားသည်။

ထိုအခါ ကိုသိမ်းမောင်က -

"ဟုတ်မယ်ဗျ၊ ဦးကြီးထွန်း. . . မီးပွားတွေက အရမ်းတက်ပြီး၊ ဟိုနေရာက ထ ပေါက်လိုက်. . .၊ ဒီနေရာက ထ ပေါက်လိုက်နဲ့. . . တစ်ခုခုတော့ တစ်ခုခုပဲလို့ . . . အောက်မေ့ပြီး၊ စဉ်းစားနေတာ. . . ဗျ"

ကိုသိမ်းမောင်က သူ၏ထင်မြင်ချက်ကို ဆိုသည်။

"အေးပါကွ. . ၊အဲဒါ - မင်းတို့အားလုံး. . မြဲမြဲမှတ်ထားကြ၊ "ဇီးဖြူသား" တွေ ပါလို့ အခုလို ဖြစ်တာ. . ."

"ဟင်. . . ဟုတ်လား. . . ဦးကြီးထွန်း"

ထွန်းအောင်က အံ့အားသင့်စွာနှင့် ရေရွတ်လိုက်သည်။ မောင်သိုက်ကခေါင်းတညိတ်ညိတ် လုပ်နေသည်။ ကိုသိမ်းမောင်ကတော့ ခပ်ပြုံးပြုံး ရှိနေ၏။ ရွှေမော်က ဦးကြီးထွန်းကို ပါးစပ် အဟောင်းသားနှင့် စိုက်ကြည့်နေသည်။

"ဟုတ်ယုံတင် ဘယ်ကမလဲ ဟုတ်လိုက်သမျှ ဟိုဘက်တောင် လွန်နေသေးတယ်။ ဇီးဖြူသားဟာ မီးသွေးဖုတ်တဲ့နေရာမှာ ဘယ်တော့မှ ကောင်းကျိုးမပေးဘူး။ အခုတောင်မှ . . လူနိုင်လို့. . .။ မနိုင်ရင်. . . တစ်ဖိုလုံးပေါက်ကွဲပြီး လုံးဝ ပျက်စီးသွားနိုင်တယ်။ ဒါကြောင့် တို့ဖိုကို လုပ်တုံးက ငါကိုယ်တိုင် သစ်ကောင်းဝါးကောင်းတွေ ရွေးပြီး ဂရုတစိုက် လုပ်တာပေါ့၊ တွဲ့ဖိုမီးသွေးဖိုကို စပြီးဆောက်တုံးက ပယ်ပစ်ခဲ့တဲ့ သစ်တွေကို မင်းတို့မှတ်မိမှာပေါ့. . ."

"မှတ်မိတာပေါ့ဗျ. . .။ မှတ်မိလွန်းလို့ ဦးကြီးထွန်းနဲ့ ကျွန်တော်နဲ့တောင် စကားများရသေးတယ် မဟုတ်လား. . . ဗျ"

ဦးကြီးထွန်း၏ စကားကို မောင်သိုက်က ဝင်ထောက်သည်။ ထိုစဉ်က မောင်သိုက်နည်းတူ ထွန်းအောင်လည်း ဦးကြီးထွန်းကို စိတ်ခုမိခဲ့သည်။

ထွန်းအောင်တို့ မီးသွေးဖိုများကို စတင်၍ တည်ဆောက်ခဲ့စဉ် သစ်အတော်များများကို ဦးကြီးထွန်းက "ဒီသစ်တွေဟာ သုံးမရဘူး" ဟူ၍ ပြောဆိုပြီး ပယ်ပစ်ခဲ့သည်။ ထို့ကြောင့် ထွန်းအောင်၏စိတ်ထဲ၌ လိပ်ခဲတည်းလည်း ဖြစ်ကာ "ဒီသစ်တွေဟာ . . . ဘာသစ်တွေလဲ ဦးကြီးထွန်း၊ ဘာဖြစ်လို့ သုံးမရတာလဲ"ဟု မေးလိုက်ချင်သော်လည်း၊ မမေးရဲဘဲ အောင့်အီး၍ နေခဲ့ရသည်။ ပြီးလျှင် ထိုစဉ်က ဦးကြီးထွန်း စိတ်တိုနေသဖြင့် နောက်မှပဲ အေးအေးဆေးဆေး မေးကြည့်မည်ဟု စဉ်းစားထားသော်လည်း တစ်ခါမှ မမေးဖြစ်ခဲ့၊ စကားလည်း မစပ်မိဖြစ်ပဲ နေခဲ့ကြသည်။

ယခုမှပင် ထွန်းအောင်တို့အဖို့ အားလုံးကို ရေလည်လာတော့သည်။ မမေးရဲဘဲနှင့် ဖြစ်ပျက်လာသော ဖြစ်ရပ်က သူတို့ကို အဖြေပေးချေပြီ။ သူတို့လို မီးသွေး ဖုတ်လုပ်သူများအတွက် ဇီးဖြူသား၏ အန္တရာယ်မှာ မသေးလှကြောင်းလည်း ဦးကြီးထွန်းက ဆက်လက်၍ ပြောပြသည်။

"အေး . . . အဲဒီတုံးက မင်းတို့လူငယ်တွေ. . . ငါ့ကို စိတ်ဆိုးကြတယ်ဆိုတာ . . . ငါလဲ သိသားပဲ၊ ဒါပေမယ့် ငါက မင်းတို့ကို ဘာမှ မပြောခဲ့ဘူးတကယ်လို့သာ အဲဒီသစ်သားတွေကို နမြောပြီး ထည့်လိုက်ကြမယ် ဆိုရင် အခုလောက်ဆို တို့ဖိုတွေလည်း ကြည့်ကောင်းရောပေါ့ကွာ. . .၊ ဇီးဖြူသားရဲ့ တန်ခိုးကို မင်းတို့ ကောင်းကောင်းကြီး တွေ့ရမှာပေါ့၊ ဒါကြောင့် တို့ရှေးရှေးက မီးသွေးဖုတ်တဲ့ လူများက ပြောဖူးတယ်' ဇီးဖြူကို ရှောင် ဘိုအောင်ခဆင်းရဲ' ဘူးတဲ့ . . ."

ထွန်းအောင်တို့ မီးသွေးဖို တည်ဆောက်ခဲ့စဉ်က ဒီသစ်တွေဟာ သုံး

www.burmeseclassic.com



ရှေးဘူးတု ဦးကြီးထွန်းက ပြောဆိုကာ ပယ်ပစ်ခဲ့သော သစ်သားများမှာ ဇီးဖြူသားများဖြစ်ကြောင်း ယခုမှ ရှင်းရှင်းလင်းလင်း သိရတော့သည်။ သည်အခါ မီးသွေးဖို စတင်၍ တည်ဆောက်ခဲ့စဉ်က အဖြစ်အပျက်များကို ပြန်လည်တွေးတောကာ ဦးကြီးထွန်းအား ကျေးဇူး တင်ကြရပြန်သည်။

"ဇီးဖြူသားဟာ ဘယ်လောက်ထိအောင် လိုက်ပြီး ဒုက္ခပေးတတ်သလဲဆိုရင်. . . ဇီးဖြူသားကို ဖုတ်ပြီးလို့ မီးသွေးဖြစ်ပြီ ဆိုပါတော့ကွာ. . . အဲဒီမီးသွေးကို အသုံးပြုရင် မီးဖိုထဲမှာဖြစ်စေ ဘယ်နေရာမှာသုံးသုံး၊ သုံးချင်တဲ့နေရာမှာသုံး၊ သူ့ကိုမီးစွဲတာနဲ့ ဖြတ်ကနဲ. . . ဖြတ်ကနဲ. . ထ,ထပြီး ပေါက်တာပဲ။ ဒီတော့ မီးပွားတွေက တဖွားဖွားဖြစ်ပြီး. .၊ အကျီတွေပေါ်ကို ကျပြီး ပေါက်မယ်။ လူတွေရဲ့ မျက်လုံးမျက်ဆန်တွေထဲ ဝင်မယ်။ အဲဒီလို လူတွေကို အန္တရာယ် အမျိုးမျိုးပေးတယ်။ နောက်ပြီးတော့ ဈေးကောင်းလဲ ဘယ်တော့မှ မရဘူး။ မီးသွေးတွေ အများကြီးထဲမှာ ဇီးဖြူသားမီးသွေး နဲနဲပါတာနဲ့ ဝယ်သူတွေက မီးသွေးအညံ့လို့ သတ်မှတ်ကြတယ်"

"ဒါကြောင့်. . . တို့တတွေဟာ တို့ကို ဘယ်တော့မှ ကောင်းကျိုးမပေးတဲ့ ဇီးဖြူသားကို ကြပ်ကြပ် ရှောင်ရမယ်ကွ"

ဦးကြီးထွန်းက မီးသွေးဖုတ်ရာတွင် ဇီးဖြူသားကို အမြဲတန်း ရှောင်ကြဉ်သင့်ကြောင်း စီကာပတ်ကုန်း ပြောပြသည်။ ထို့ပြင် ဖြစ်ပျက်ပြီးခဲ့သော ဖြစ်ရပ်များကို ပမာထား၍ သူတို့လူငယ်များ အားလုံးကို သင်ခန်းစာ ယူစေသည်။

ထို့ကြောင့်လည်း သူတို့၏ မီးသွေးဖိုများ အားလုံးတွင် ယောက်ကြန့်သား၊ ထောက်ရှာ၊ နဘဲ၊ ပတ်မ၊ သပြေ၊ အင်နှင့် ပျဉ်းကတိုးသားတို့ကိုသာ အဓိကရွေးချယ်၍ ဦးကြီးထွန်းက ဖုတ်လုပ်စေခဲ့သည်။

အခြား မီးသွေးဖုတ်လုပ်နိုင်သော အသားများမှာ သန်း၊ ဒဟတ်၊ ထိန်၊ ရုံး၊ ရေမှိန်၊ မြောက်ချော၊ မြင်းဂ၊ မဓမနှင့် မာလကာအသားများ အပါအဝင် သစ်မာအားလုံးကို မီးသွေး ဖုတ်လုပ်နိုင်လေသည်။

မီးသွေးအကောင်းဆုံးကို အလိုရှိလျှင် ယောက်ကြန့်နှင့် ပျဉ်းကတိုးသားများကိုသာ ဖုတ်လုပ်ပါက အကောင်းဆုံး မီးသွေးကို ရရှိနိုင်လေသည်။ ထို့ကြောင့် မီးသွေး ကောင်းမကောင်း ခွဲခြားရာတွင် မီးသွေးဖုတ်လုပ်သော သစ်သားများအပေါ်၌သာ မူတည်လေသည်။

"ဒီအကြောင်းကို ဦးကျော်ခိုင်က မသိဘူးလား. . ."

ထွန်းအောင်က စူးစမ်းဟန်နှင့် ဦးကြီးထွန်းကို မေးကြည့်သည်။

"ဟ - ဦးကျော်ခိုင်လည်း မသိဘဲနေပါ့မလား၊ သူ့လူတွေက ပြီးစလွယ်လုပ်လို့ အခုလို ဖြစ်ရတယ်ဆိုတာ သူလဲ သိတာပေါ့ ထွန်းအောင်ရ၊ ဖြစ်ပြီးမှတော့ ဘာမှ မတတ်နိုင်တော့ဘူးပေါ့"

ဦးကြီးထွန်းကလည်း ထွန်းအောင်၏ အမေးကို အကျိုးသင့် အကြောင်းသင့် ရှင်းလင်းပြောပြသည်။

"အံမယ် . . . ဦးကြီးထွန်းက ဇီးဖြူသား မကောင်းကြောင်းချည်းဝဲ ပြောနေတာပဲ၊ ဇီးဖြူသားက ဒီနေရာမှာ အသုံးမကျပေမဲ့ အသုံးကျတဲ့ နေရာတွေ အများကြီး ရှိတယ်ဗျ 'ဇီးဖြူ ဖန်ခါး ရဟန်းစား' ဆိုတာ ဦးကြီးထွန်း ကြားဖူးမှာပေါ့ဗျ"

မောင်သိုက်က ခပ်တည်တည် ဟန်တစ်လုံး ပန်တစ်လုံးနှင့် ဆိုပြန်သည်။ ထို့ကြောင့် ထွန်းအောင်တို့မှာ မောင်သိုက်၏စကားကို စိတ်ဝင်စားသွားကြပြန်သည်။

"ကြားဖူးတာပ မောင်ရယ်။ ဇီးဖြူသီးတို့ ဖန်ခါးသီးတို့ဆိုရင် ရဟန်းတွေအတွက် ဆေးဝါးအမှတ်နဲ့ အမြဲတန်း စားသုံးသင့်တယ်ဆိုတာ ငါလည်း သိပါတယ် ဟ. . . ဇီးဖြူ၊ သျှိသျှား၊ သဖန်းခါးတဲ့။ ပြီးတော့ ဗုဒ္ဓကိုယ်တော်ဘိုင်က သူတပည့် သံဃာများကို ဇီးဖြူ ကျစု၊ ဖန်ခါးသီးတွေကို နွားနောက်သေးရည်နဲ့ စိမ်သောက်ကြဖို့ ဆေးနည်း ပေးခဲ့တယ်လေကွာ. . ."

ဦးကြီးထွန်းက မောင်သိုက်၏စကားကို ပြန်ချေလိုက်သည်။

"ဒါတင် ဘယ်ကဦးမလဲဗျ၊ ရှင်ဥတ္တမကျော်က ဇီးဖြူသီးကို ဖွဲ့နွဲ့ရေးသီထားတဲ့ တောလားဆိုတာ ရှိသေးတယ်"

သည်တစ်ချီ၌ မောင်သိုက်က လက်မ,ထောင်ချေပြီ။ သူ့ကိုယ်သူ တာအတ်ပေတတ် ပုံစံဖမ်းကာ သဒ္ဒါကိုးခေါက် စာဖြိုးဖြောက်နှင့် ဟိတ်ဟန် ထုတ်နေ့ပြန်သည်။

မည်သို့ဆိုစေ၊ မောင်သိုက်ပြောဆိုသော ရှင်ဥတ္တမကျော်တောလားဆိုသည်ကိုတော့ ထွန်းအောင်တို့က ကြားချင်နေကြ၏။

ထို့ကြောင့် ကိုကျော်စိန်က -

"ဆိုစမ်းပါဦးကွ . . . မင်းတောလားက၊ ဇီးဖြူအကြောင်းကို ဘယ်လိုများဆိုထားလို့လဲ. .၊ တို့က မီးသွေးဖုတ်ပြီး တစ်သက်လုံး ထမင်းစားကြရမယ့် လူတွေဆိုတော့ ဇီးဖြူသားရော၊ ဇီးဖြူသီးရော သိထားမှ ဖြစ်မယ်"

"အဟမ်း . . . ဒီလိုဗျ. . ကိုကြီးစိန်ရဲ့ -

သီးကင်းနုစ၊ တစ်ချို့ကမူ၊
သြဇရသာ၊ နုတ်သုဓာသို့၊
ချိုစွာသဘော်၊ ငှက်ပျော သခွါး၊
သဖန်းခါးနှင့်၊ သျှိသျှား သံပုရာ၊
သြဇာ သရက်၊ ဖက်သက် သရော်၊



www.burmeseclassic.com

www.burmeseclassic.com



မြင်ရှင်တော်ကို၊ ပူဇော်အံ့ငှာ၊
သီးကြရှာ၏ . . . . . တဲ့။

အမိပ္ပါယ်ကတော့ - အဲဒီ စာထဲမှာပါတဲ့ သစ်သီးဝလံ အပေါင်းတို့ဟာ ရှင်တော်ဗုဒ္ဓ မြတ်စွာဘုရား . . . ကပိလဝတ် နေပြည်ကို ကြွချီတော်မူတဲ့အခါ မြတ်စွာဘုရားကို ပူဇော်အံ့ခြင်းအတွက် ဒီအသီးတွေဟာ . . . သူ့အလိုလို သီးပွင့်ကြတယ်လို့ ဆိုလိုတာပါပဲ . . ."

အသံနေ အသံထားနှင့် လူတတ်ကြီးလုပ်ကာ ရွတ်ဆိုပြနေသော မော်သိုက်ကို ဦးကြီးထွန်းက ဒီကောင်လေး ဦးကျော်ခိုင်တို့ မီးသွေးဖိုကို သွားကူကြခြင်းနှင့် ပတ်သက်၍ စိတ်ထဲ မကြည်မလင်ဖြစ်နေတာ ပျော်ရွှင်သွားပါစေ၊ စိတ်ကျေနပ်သွားပါစေ ဟူသော သဘောနှင့် ပြုံးစိစိလုပ်ကြည့်နေစဉ် ကိုသိမ်းမောင်ကြီးက -

"မောင်သိုက် - မင်းရွတ်ပြတာတော့ ကျောင်းစရစ်တော လှည်းမောင်းသွားသလို နားထောင်လို့ ကောင်းသားကွ။ ဒါပေမဲ့ တို့ စောစောက ပြောနေကြတဲ့ ဇီးဖြူသားအကြောင်းလည်း မင်းရွတ်ပြတဲ့စာထဲ တို့ မကြားလိုက်မိပါလား" ဟု မေးလိုက်သည်။

"ဟဲ . . . ဟဲ . . .၊ ကိုကြီးသိမ်းတို့က စာကြီးပေကြီးမသင်းဘူးကြတော့လည်း ဘယ်ကြားမိလိုက်မလဲ။ စာကြီးပေကြီးထဲ သျှိသျှာဆိုတာ ဇီးဖြူကိုပြောတာဗျ။ တစ်ချို့အရပ်တွေမှာ ဇီးဖြူကို သျှားဖြူ သျှသျှာ၊ တရှားသီးလို့လဲ ခေါ်ကြတယ်။ ဘယ်လိုခေါ်ခေါ် မူရင်းကတော့ ရှင်ဥတ္တမကျော် တောလားထဲပါသလို သျှိသျှားဟာ အမှန်ပါပဲ . . ဟဲ . . ဟဲ . . ဟဲ . . ဟဲ"

"အံမယ် . . . ဒါကတော့လည်း . . တို့ကိုရွှေသိုက်က အဟုတ်ကြီးပဲကွ"

"ဒီတင်မကသေးဘူးဗျ၊ ကျုပ်တို့ လယ်ယာသမားများအတွက် စပါးမှည့်ပြီး ကောက်ရိတ်တော့မယ်ဆိုရင် . .၊ သျှားဖြူသီးကို စပါးခင်းထဲ ကြဲလိုက်ရင်၊ မြွေဆိုး၊ မြွေပွေးဟူသမျှ အားလုံး ပြေးသတဲ့ဗျ"

"တို့တောင်သူ လယ်သမားတွေအတွက် တန်ဖိုးရှိလိုက်တာ သိုက်ရာ၊ လုပ်စမ်းပါဦး၊ ဇီးဖြူ သျှိသျှားသီးဟာ နောက်ဘယ်အရာတွေမှာ အသုံးဝင်သေးသလဲကွ"

"ကြီးကြီးကျယ်ကျယ် ပြောတယ်တော့ . . . မထင်ကြပါနဲ့ပေါ့ဗျာ . . ဟဲ . . . ဟဲ . ."

"မထင်ပါဘူးကွာ . . . မထင်ပါဘူး။ မင်း ဒီလိုဗဟုသုတ စုံတာ ရှာတုံးက တစ်ခါမှ မကြားမိဘူး။ ခု တောထဲတောင်ထဲရောက်မှ သိရတာ နှမြောတယ်ကွာ . . ."



ကိုကျော်စိန်တပါ မောင်သိုက်ကို ပင့်ပေးလိုက်ပြန်သည်။

"ဘေသဇ္ဇမဉ္ဇူကျမ်းမှာ ဇီးဖြူသီးဟာ အလုံးစုံသော ဒေါသကို ပယ်ဖျောက်နိုင်၏။ မျက်စိနာကို ပယ်ပျောက်တတ်၏။ သုတ်ဓာတ်ကို တိုးပွားစေ၏။ ချဉ်သော အရသာ ရှိသောကြောင့် လေကိုနိုင်၏။ ချိုသော အရသာ အေးသောဂုဏ်တို့နှင့် ယှဉ်သောကြောင့် သလိပ်ကို ပယ်ဖျောက်နိုင်၏။ အသီးထဲတွင် အမြတ်ဆုံးဟု ဆိုအပ်၏ - တဲ့"

မောင်သိုက်သည် ဗိန္ဒောဆရာပုံဖမ်းကာ စာသံပေသံနှင့် ထပ်ဆင့်၍-

"ယောအတွင်းဝန် ဦးဖိုးလှိုင်ရဲ့ ဥတုဘောဇန သင်္ဂဟကျမ်းမှာလည်း ဇီးဖြူသီးရဲ့ အာနိသင်ကို ရတ္တပိတ်နာ၊ မောဟနာကို နိုင်၏။ သုတ်ဓာတ်တိုးအလွန် တိုးပွားနိုင်၏။ ရသယနမျိုးဖြစ်၏။ ချဉ်သောကြောင့် သည်းခြေနာကို နိုင်၏။ အဆိမရှိ။ ဖန်သောအရသာရှိသောကြောင့် သလိပ်ကိုနိုင်၏။ ထို့ကြောင့် ဇီးဖြူသီးသည် ဒေါသသုံးပါးကိုနိုင်၏။ အသီးတို့တွင် လူသားတို့နှင့် အသင့်တော်ဆုံး ဖြစ်၏။ အစ အလယ် အဆုံး သုံးပါးလုံး၌ စားသုံးသင့်၏လို့ အဆိုအမိန့် ရှိခဲ့တာကိုးဗျ။ နောက်ပြီးတော့ . . ."

"ဟေ့ကောင်၊ တော်တော့၊ ငါတို့ ထင်းသစ်ရှာဖို့ တောကြည့်စရာ ရှိသေးတယ်။ မင်း နောက်ပြီးတော့က ဆုံးမှာမဟုတ်ဘူး။ ပြီးတော့ ငါတို့က တောထဲတောင်ထဲ လာပြီး ဗိန္ဒောဆရာလုပ်ဖို့ သစ်သီးဝလံ ဆေးပင် ဆေးမြစ် ရှာနေတာမဟုတ်ဘူး။ မီးသွေးဖုတ်ဖို့ လာကြတာ"

ဤတစ်ခါတော့ ကိုသိမ်းမောင်ကြီးက မောင်သိုက်၏ ဇီးဖြူသီး ဋီကာကို နားကြားပြင်း ကပ်လာသဖြင့် အော်ပြောလိုက်ရာ၊ ကိုကျော်စိန်က -

"ကိုသိမ်း - ဒီကောင်က အသံလည်းကောင်းတော့ ဒီတစ်နှစ် မီးသွေးဖိုဖေါ်ပြီးရင် နောက်နှစ်တွေမှာ မီးသွေးဖုတ် လုပ်မစားတော့ဘူးတဲ့"

"ဟင် - ဘာလုပ်စားတော့မတဲ့လဲ . . ."

"ဦးရှင်ကြီးပဲ တင်စားတော့မယ်တဲ့"

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဟဲ - ဟဲ . ."

"ဟီး . . ဟီး . . ဟီး . ."

အားလုံးပွဲကျသွားကြစဉ် ဦးကြီးထွန်းက -

"ဟေ့ကောင်တွေ . .၊ တောမှုတောင်မှာ တော်ကြတော့"

ဟု အော်လိုက်ရာ အားလုံး ငြိမ်သွားကြလေသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

[၁၂]

ကြီးမားသော အကိုင်း၊ အခက်၊ ဖြောင့်တန်းသော သစ်ကိုင်းကြီးများကို ရွေးသူကရွေး၊ သင်သတ်သူကသတ်၊ သစ်ရှာထွက်သူကထွက်နှင့် အလုပ်စ,ကြရသည်။

စခန်းတဲနှင့် မနီးမဝေးရှိ အနောက်ဘက်တောတွင် ဦးကြီးထွန်းနှင့် ထွန်းအောင်တို့ မီးသွေးဖုတ်သစ်ရှာနေကြသည်။ နေမွန်းစောင်းကြီးခန့်တွင် စမ်းချောင်းတစ်ခုနား အရောက် ထွန်းအောင်က ခြေလှမ်းတုံ့၍ သစ်ပင်ပေါ် မော့ကြည့်၏။ ပင်စည်မှာ ဖြောင့်တန်း၍ လူကြီးသုံးထွာခန့် ရှိသည်။ မီးသွေးဖုတ်ရန် အလွန်ကောင်းသော သပြေကြီးပင်။

သို့သော် လူသုံးလေးရပ် အမြင့်ရှိ သစ်ပင်ခွကြား တစ်နေရာတွင် ရွှေဖရုံသီးကြီးခန့်ရှိ အလုံးတစ်လုံးကို လှမ်းမြင်ကြရသည်။ အစကမူ ခါချဉ်အုံထပ်လား ထင်မိလိုက်သည်။ ခါချဉ်အုံထုပ်ဆိုလျှင် ကိစ္စမရှိ၊ တစ်ထုပ်မက ဘယ်နှစ်ထုပ်ရှိရှိ မီးသွေးထင်းပင်ကို ခုတ်လှဲကြမည်သာ။

သေသေချာချာ ကြည့်တော့ ခါချဉ်ထုပ်မဟုတ်၊ ခါချဉ်ထုပ်တို့မည်သည် သစ်ရွက်များကို လုံးစည်း၍ ခါချဉ်ကောင်များ အထုပ်လုပ်တတ်ကြ သဖြင့် သစ်ပင်ဖျား ကိုင်းဖျား၌သာရှိသည်။ ယခုမူ လူသုံးရပ်ခန့်မြင့်သော ခွကြား၌သာ။ ထွန်းအောင် သေသေချာချာ စိုက်ကြည့်သောအခါ ရွှေဖရုံသီးကြီးလောက်ရှိသော ထိုအထုပ်အလုံးမှာ သစ်ရွက်သစ်ခက်ဆို၍ ဘာမှမရှိဘဲ မြေသားလုံးကြီး ဖြစ်နေသည်။ မြေပဒူအုံလုံးဟု ထင်ရအောင်ကလည်း ပဒူများမှာ မြေကြီးထဲ၌သာ ဂလိုင်ခေါင်းနှင့် အိမ်ဖွဲ့တတ်ကြသဖြင့် မြေပဒူအုံလည်းမဖြစ်နိုင်။ သာမာန် ပျားအုံလည်းမဟုတ်၊ ပျားအုံဆိုလျှင် အုံပေါ်တွင် ပျားကောင်များကို မြင်ရမည်။ ယခု မည်သည့် ပျားတစ်ကောင်တစ်လေကိုမျှ မမြင်ရ၊ ပြီးတော့ မြေလုံးကြီးက ချောမွတ်နေသည်။ ထို့ကြောင့် -

"ဦးကြီးထွန်း ဒီမှာ တစ်ပင်တော့တွေ့တယ်၊ လာကြည့်ပေးပါဦး"

ဟု ဦးကြီးထွန်းကို အသံပေး လှမ်းခေါ်လိုက်သည်။

သူနှင့် မနီးမဝေးတွင် မီးသွေးဖို ထင်းပင်ရှာနေသော ဦးကြီးထွန်းက



သူ့အနားကို ရောက်လာသည်။ ထိုအချိန်ထိ ထွန်းအောင်က သစ်ပင်ပေါ် မော့ကြည့်နေတုန်း။

"သစ်ပင်တွေ့ရင်လည်း ဓားထစ်အရာပြထားခဲ့ရင်ပြီးတာပဲ၊ ဘာလို့ ခေါ်ရတာတုံး၊ မင်းဘာကို မော့ကြည့်နေတာလဲ. ."

"မော့ကြည့်ဆို ဟိုသစ်ပင်ခွကြားမှာ မြေလုံးကြီးတစ်လုံးကို ဘာမှန်း မသိလို့ လှမ်းခေါ်ရတာ၊ ပျားအုံ ခါချဉ်အုံလည်းမဟုတ်လို့"

ထွန်းအောင်နည်းတူ ဦးကြီးထွန်းကလည်း သစ်ပင်ပေါ် မော့ကြည့်လိုက်သည်။ ပြီးတော့ ထွန်းအောင်မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ပြီးတော့ ထိုသစ်ပင်၏ပင်စည်ကို ကြည့်သည်။ ပြီးတော့မှ ပင်စည်တစ်နေရာကို- လက်ညှိုးထိုးပြသည်။ ဘာမှန်းမသိသေးသော ထွန်းအောင်က ဦးကြီးထွန်း လက်ညှိုးထိုးပြထားသော ပင်စည်ကို ကြည့်မိလိုက်သည်။

ပင်စည်ထစ်ပင်လုံးတွင် အောက်မြေကြီးမှ အပေါ်မြေကြီးလုံးထိပ်အထိ ရွှံ့စေးတွေပေကျံနေသော စွပ်ကြောင်းလို အကြောင်းတစ်ကြောင်းကို မြင်ရသည်။ ထိုပင်စည် သစ်ခွပေါ်က စွပ်ကြောင်းမှာ လူကြီးလက်သုံးလုံးခန့် အနံရှိသည်။ ပြီးတော့ ရွှံ့စေးတွေမှာ လတ်လတ်ဆတ်ဆတ် အစိုပင် ရှိနေတုန်း။

"အဲ - ဒါ . . ဒါ. . ဘာကောင် ကြောင်းလဲဟင် ဘကြီးထွန်း၊ ခြကြောင်းဆိုလည်း ဒီလောက် အနံမကျယ်ပါဘူး။ ဘာ. . ဘာကောင်ကြောင်း လဲဟင်"

ဦးကြီးထွန်းက သူ့မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်ပြီး -

"အိမ်း - ဒီစွပ်ကြောင်းက မြေစေးတွေနဲ့ လတ်လတ်ဆတ်ဆတ်ပဲ ရှိသေးတယ်ဆိုတော့၊ ခဏနေပါဦးကွာ။ ငါသေသေချာချာကြည့်ပါဦးမယ်"

ဟု ပြောပြီး၊ ပင်စည်ပေါ်က သစ်ခွတွေမှာ ကပ်နေသော မြေစေးများကိုကြည့်လိုက် အပေါ်က မြေလုံးကိုကြည့်လိုက်နှင့် ခဏအကြာမှာတော့ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ထွန်းအောင်၏လက်တစ်ဖက်ကို တစ်နေ့ ကတန်းဆွဲကာ ထိုသစ်ပင်နှင့် မနီးမဝေးသို့ ခေါ်ချလာသည်။

"မင်း - မင်း . . . ဘာထူးခြားလဲ အဲဒီသစ်ပင်ကိုကြည့်နေ၊ အသံ တိတ်ကလေးနေ စကားမပြောနဲ့။ အတော်ကြာ မင်းမြင်ရလိမ့်မယ်"

ဟု ပြောကာ၊ ဇင်ပြွန်းပင်ကြီးတစ်ပင်ကို အကာအကွယ်ယူပြီး နှစ်ယောက်သား ငြိမ်ငြိမ်လေး စောင့်ကြည့်နေကြသည်။

မကြာပါချေ။ သစ်ရွက်ခြောက်များကို တခြောက်ခြောက်နင်း၍ လာနေသံကို ကြားရသည်။

"ဘာ . . . ဘာကောင်လာ. . ."

www.burmeseclassic.com

www.burmeseclassic.com



ထွန်းအောင်၏ စကားမဆုံးမီပင် ထွန်းအောင်၏ ပါးစပ်ကို ဦးကြီးထွန်းက သူ့လက်နှင့် လှမ်းပိတ်လိုက်သည်။ ပြီးမှ နှစ်ကိုယ်ကြားရုံလေသံနှင့်-

"မင်းကို စကားမပြောနဲ့လို့ စောစောကပြောပြီးပြီ မဟုတ်လား"

ဟု စိတ်တိုးသွားသလို ပြောလိုက်သည်။ ထိုအခါ ထွန်းအောင်မှာလည်း ပါးစပ်ပိတ်ထားလိုက်ရ၏။

သစ်ရွက်ခြောက်များပေါ်  တဖြောက်ဖြောက် ဓာက်နင်းလာသံနှင့် အတူ လူကြီးလက်မောင်းခန့်ရှိ ခေါင်းတွင်လည်း အမောက်နီကြီးနှင့် တစ်ကိုယ်လုံး ရဲရဲတွတ်တွတ် နီနေသော မြွေကြီးတစ်ကောင်းသည် မြေထုပ်လုံးရှိသော သပြေပင်ပေါ် တဖြည်းဖြည်း တက်သွားသည်။ သစ်ပင်ခွကြားရှိ မြေလုံးပေါ်ကို ရောက်သောအခါ ထိုမြေလုံးကို သူ့ပိုက်နှင့် ခွေရစ်လှည့်ပြီး ပွတ်တိုက်နေသည်။ ထို့နောက် မြေထုပ်လုံးထဲ ဝင်သွားပြီး ခေါင်းဖော်ကာ မြေထုပ်လုံးထဲတွင် လှည့်ပတ်နေပုံရပြန်၏။ ဖော်ထားသော သူ့ခေါင်းက အရှေ့အနောက် တောင်မြောက် ပတ်ချာလည်နေသည်။

ခဏအကြာမှာ မြွေကြီးသည် မြေထုပ်အလုံးထဲကထွက်ပြီး စောစောက သူတက်လာသော လမ်းကြောင်းအတိုင်း ပြန်ဆင်းလာကာ စောစောက သူလာရာ စမ်းချောင်းဘက်သို့ ဆင်းသွားပြန်သည်။ သူဆင်းသွား၍ တရွှဲရွဲ သစ်ရွက် ကျိုးကျေသံ ပျောက်သွားသည်နှင့် ဦးကြီးထွန်းက ထွန်းအောင်ကို လက်လှမ်းဆွဲတာ သူတို့စခန်းတဲရှိရာသို့ လာလမ်းအတိုင်း ခေါ်လာလေသည်။ ခြေလှမ်း နှစ်ဆယ်ပင် မပြည့်သေး ဦးကြီးထွန်းက -

"အဲဒီ မြွေမျိုး မင်းမြင်ဖူးလား"ဟု မေးသည်။

"ဟင့်အင်း၊ မမြင်ဖူးဘူးအဘ၊ အဲဒီမြွေက တစ်ကိုယ်လုံး တွတ်တွတ်နီပြီး အမောက်နဲ့ပါလား. . ."

"ဟုတ်တယ်ကွ၊ ဒီမြွေကို နဂါးပတ်မြွေလို့ ခေါ်တယ်။ အဆိပ်အလွန်ပြင်းတယ်။ ရန်သူကို ကိုက်ရင်လည်း လေထဲက ပျံဝဲကျလာပြီး၊ ရန်သူကို လိမ်ပတ်ပြီး ကိုက်တတ်တယ်။ လေထဲကိုလည်း ပျံနိုင်တယ်။ အသားလွတ် လေထဲပျံတက်တာမျိုးတော့ မဟုတ်ဘူး။ မြင့်တဲ့သစ်ပင်တွေကနေ နိမ့်တဲ့သစ်ပင်တွေပေါ် ခုန်ဆင်းပျံဝဲလာတတ်တယ်။ ရှုံးပျံတို့လိုပေါ့ကွာ"

"အဘပြောမှ စောစောက ကျွန်တော် အပေါ်မော့ကြည့်နေမိတာ ခု တွေးပြီး၊ ကြက်သီးထလိုက်တာ။ တကယ်လို့ အဲဒီမြွေသာ သစ်ပင်ပေါ်ရှိနေခဲ့ရင် ကျွန်တော် တွေးတောင်မတွေးရဲဘူး"

"မင်းသစ်ပင်ပေါ် မော့ကြည့်နေပေမဲ့ ခုန်ဆင်းပြီးတော့ ကိုက်မှာမဟုတ်ဘူး။ ဒီမြွေက ရန်တော့မလိုဘူးကွ။ သူ့ကို နာနာကျင်ကျင်ဖြစ်အောင် မလုပ်ရင် လုံးဝ အန္တရာယ်မပြုတတ်ဘူး။ သူ့ကိုယ်ကို တက်နင်းမိတာတို့ သူ့



ကို လိုက်ရိုက်တာတို့ ဆိုရင်တော့ သေဖို့သာပြင်ပေတော့။ မြွေပွေးလိုမျိုး ပေါ့ကွာ။ တို့ငယ်ငယ်တုံးက မီးသွေးဖုတ်သမား တစ်ယောက်ဟာ အမောက်နီနီနဲ့ မြွေက သိပ်လှတယ် ရွာမှာပြဖို့ဆိုပြီး လိုက်ရိုက်တာ နဂါးပတ်မြွေကိုက်လို့ ချက်ချင်းသေပြီး၊ တောထဲ သင်္ဂြိုဟ်ထားခဲ့ကြရတယ်လို့ တို့အဘိုးက တစ်သက်လုံး မှတ်ဖို့ ပြောပြသွားတာ"

"ဒါနဲ့ အပေါ်မှာ မြေစေးလုံးကြီးက သူ့အသိုက်လားအဘ။ မြေစေးနဲ့ မြွေသိုက်လုပ်တာ ကျွန်တော်တော့ တစ်ခါမှ မမြင်ဖူးပါဘူး"

"ဟုတ်တယ် ထွန်းအောင်၊ ဒီမြွေက မြေစေးနဲ့ပဲ အသိုက်လုပ်တာကွ။ တစ်ခြားမြွေတွေလို သစ်ရွက်ဝါးရွက်တွေနဲ့ အသိုက်မလုပ်တတ်ဘူး။ မြေစေးနဲ့ အသိုက်လုပ်ပြီးမှ အတွင်းထဲကို သစ်ရွက်မြက်ခြောက်တွေထဲ့ပြီး၊ ဥအုတာ"

"ဟင် - အဲဒါဆို စောစောက သူ စမ်းချောင်းထဲမှာ မြေစေး၊ ရွှံ့စေး သွားယူတာလား. ."

"ဟုတ်တယ်၊ မင်းလှမ်းခေါ်လို့ ငါလာကြည့်တော့ ပင်စည်မှာ မြေစေးစွပ်ကြောင်းရာကို တွေ့လို့ ငါလည်း သူမြေစေးသွားယူနေတယ်ဆိုတာ သိရတာပေါ့။ မြေစေးက လတ်လတ်ဆတ်ဆတ် အစိုကြီးမို့ ငါလည်းသိတာကွ၊ အဲဒါကြောင့် မင်းမြင်ဖူးတယ်ရှိအောင် တမင်စောင့်ကြည့်ပြီး ပြရတာ"

"သူ မြေစေးသွားယူတာကလည်း ကိုက်ချီလာတာ မမြင်မိလိုက်ပါဘူး။ ဘာနဲ့ ဘယ်လိုများ သပြေပင် အမြင့်ကြီး ခွကြားရောက်အောင် သူယူလာတာလဲ"

"သူ စမ်းချောင်းထဲက မြေစေးတွေကို သူ့ခြေထောက်တွေနဲ့ ညှပ်ပြီး သူလာတာလေကွာ"

"ဟင် . . အဘ၊ မြွေမှာလည်း ခြေထောက်ရှိလို့လား။ စောစောက ခြေထောက်လည်း မမြင်မိပါလား"

"ဟဲ . . ဟဲ. ."

ဦးကြီးထွန်းက ရယ်ပြီး -

"မြွေမြွေချင်း ခြေမြင်တယ်ဆို မဟုတ်လား. .၊ သူ့ခြေထောက်ကို မင်း မြင်ရအောင် မင်းက မြွေမို့လို့လား"

"မြွေမြွေချင်း ခြေမြင်တယ်ဆိုတာ သက်သက် တင်စားပြောကြတာ ဓဟုတ်လား အဘရယ်၊ မြွေမှာ ဘယ်လိုလုပ် ခြေရှိနိုင်ပါ့မလဲ"

"ဟဲ - ဟဲ၊ မင်းကလဲ အလားကြီးပဲ။ ဟော့ကောင် မြွေမှာ ခင်ဗျားတို့လို ခြေက နှစ်ချောင်းတောင်မဟုတ်ဘူး၊ အများကြီးကွ၊ မြွေခြေဆိုတာ မြွေဝမ်းဗိုက်မှာပဲရှိတာ၊ ဘယ်လိုပြောရမလဲ အဲ . . . မင်း. . . ကင်းခြေများတို့ ခြေတူးစက်တို့ မြင်ဖူးလား. . ."

www.burmeseclassic.com

www.burmeseclassic.com



"မြင်ဖူးတာပေါ့ အဘရယ်၊ အလျှင်တစ်နှစ်က မြို့သွားရင်း လမ်းလုပ်နေကြတာ တွေ့ဖူးတာပဲ"

အဲဒါဆိုရင်တော့ မင်းကို မြေခြေထောက် ပြောပြဖို့ လွယ်သွားပြီး မင်းမြင်ဖူးတဲ့ တင့်ကားတို့၊ မြေထိုးစက်တို့မှာ ချိန်းကြိုးလည်လာမှ ရှေ့ကိုသွားလို့ရတယ် ဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီ ချိန်းကြိုးတွေ ကြားထဲမှာ မြေတွေပါမလာဘူးလား။ အဲသလိုပဲ ဒီနဂါးပတ်မြွေဆိုတာ ဝမ်းဗိုက်မှာ ချိန်းကြိုး အဆက်တွေလိုပဲ အရစ်ရစ် အထစ်ထစ် ပါတယ်လေကွာ။ ဒါတော့ မြွေတိုင်း ပါပါတယ်ကွာ။ ထူးခြားတာက မင်းစောစောက မြင်လိုက်ရတဲ့ အမောက်ထထောင်ထောင်နဲ့ နဂါးပတ်မြွေဟာ အဲဒီ ဝမ်းဗိုက်က အရစ်ရစ် အထစ်ထစ်တွေကြားထဲ မြေစေးတွေကို သယ်လာပြီး သူ့အသိုက်ကို ရွှံ့စေး၊ မြေစေးတွေနဲ့ မွမ်းမံ ပြုလုပ်တယ်။ အဲဒါ နဂါးပတ်မြွေတွေရဲ့ ထူးခြားချက်ပဲ။ ဒီမြွေကို တစ်ချို့က မြေလျှိုး မိုးပျံနိုင်တယ်လို့တောင် ပြောကြတာ"

"မြေလျှိုး ဆိုတာက မြေကြီးထဲကိုလည်း ဖောက်ဝင်သွားနိုင်တယ်လို့ ဆိုလိုတာလား။ နဂါးပတ်မြွေတွေ အဲသလို မြေလျှိုးသွားတာကော အဘ မြင်ဖူးလားဟင်"

ထွန်းအောင်မှာ နဂါးပတ်မြွေ၏ ထူးခြားပုံကို စိတ်ဝင်စားလွန်း၍ တစ်လမ်းလုံး မေးလာ၏။

"နဂါးပတ်မြွေ မြေလျှိုးသွားတာတော့ ငါမမြင်ဖူးပါဘူး။ တို့ဘွားဘွားများ ပြောပြဖူးတာ မင်းကို ပြောပြတာပါ။ မြေအမာကြီးထဲ မဝင်နိုင်ပေမယ့် မြေပျော့တွေ ဆိုရင်တော့ သူ့အမောက်ကြီးနဲ့ မြေကိုထိုးခွဲပြီး ဝင်ချင်ဝင်သွားမှာပေါ့။ စောစောက မင်းတို့ငါတို့ မြင်လိုက်ကြတဲ့ နဂါးပတ်မြွေလည်း စမ်းချောင်းထဲက မြေပျော့ထဲ အဲသလို ထိုးဝင်ပြီး ဝမ်းဗိုက်ထဲက သူ့ခြေ အရစ်အရစ်ထဲ ကုတ်ခြစ် ထည့်ယူလာတာလားမှ မသိတာ"

"အေး. . . နော် အဘ၊ ဒီမြွေဟာ တကယ်ဆန်းတာပဲ"

ထွန်းအောင်နှင့် ဦးကြီးထွန်းတို့မှာ နဂါးပတ်မြွေအကြောင်း ပြောရင်း နေလုံးသစ်ဆိုင် မတင်မီမှာ သူတို့ မီးသွေးဖိုရှိရာ စခန်းတဲသို့ ရောက်လာကြလေသည်။

× × × × ×

[၁၃]

သူတို့၏ မီးသွေးဖိုများကို မီးရှို့ထားခဲ့ကြသည်မှာ တစ်လခွဲခန့်ပင် ရှိချေပြီ။ ထို့ကြောင့် ပထမဦးဆုံးသော မီးသွေးဖို မြေတိုက်၏အဖုံးမှာ လောင်စာကုန်သွားသော နေရာ၌ နိမ့်ကျ၍ ကျသွားသည်ကို တွေ့မြင်ကြရသည်။ သင်းကဲ့သို့ နိမ့်ကျ၍ကျသွားသော နေရာများကို အထူးပြုလုပ်ထားသော ခုံနပ်အထူကြီးများ စီးကာ နင်းသိပ်ပေးကြရာတွင် ဖိုပေါ်ကိုတက်၍ စွန့်စွန့်စားစား နင်းသိပ်ပေးကြရ၏။ မီးပူသည့်ဒဏ်၊ မီးခိုး ခိုးသည့်ဒဏ်ကို ကြံ့ကြံ့ခံ၍လုပ်ကိုင်ကြရသည်။ ထို့ကြောင့် သူတို့မှာ ချွေးဒီးဒီးကျမျှ ပင်ပန်းကြလေသည်။

ထို နိမ့်လျှောလျှော ဖြစ်နေသော ပထမ မီးသွေးဖို၏ မီးခိုးထွက်ရာ အပေါက်မှ အချို့မီးခိုးတို့သည် ဖြူ၍နေသည်။ အချို့မီးခိုးတို့မှာ မဲ၍နေသည်။ ၎င်းသည်ကို ကြည့်ခြင်းအားဖြင့် လောင်စာကုန်သည့်နေရာမှ ထွက်သော မီးခိုးတို့မှာ ဖြူ၍ တငွေ့ငွေ့နှင့် တောင်းကင်သို့ တက်နေသည်။ လောင်စာမကုန်သေးသည့်နေရာမှ ထွက်နေသော မီးခိုးမှာ မဲနေကြောင်းကိုလည်း မီးခိုးတို့ ကြည့်၍ မှတ်သား သိရှိရလေသည်။

မည်သို့ဆိုစေ မီးခိုးမဲမဲနှင့် မီးခိုးအဖြူတို့မှာ အတူရော၍ တောင်းကင်ပေါ်သို့ တက်နေကြသည်ကား အမှန်ပင်။

ထို မီးသွေးဖိုကြီးမှာ ရက်ကြာလာသည်နှင့်အမျှ နိမ့်လျှောလျှော ချောက်ကြီး ဖြစ်နေသည့်အပြင် မီးခိုးမဲမဲများ နည်းသွားကာ မီးခိုးဖြူဖြူတို့သာ တစထက်တစ များပြားပြီး ထွက်လာနေသည်။ အကြောင်းမူ ထိုမီးသွေးဖို၏ သုံးချိုးနှစ်ချိုးမှာ မီးလောင်ပြီး ဖြစ်နေပေပြီ။ မြေတိုက် မီးသွေးဖိုအတွင်းမှ သစ်တုံးတို့သည်လည်း မီးခဲအဖြစ်သို့ ကူးပြောင်းကြချေပြီ။

ထို့အတူ ဒုတိယ ပြုလုပ်ထားသော မီးသွေးဖိုကြီးနှင့် တတိယပြုလုပ်ထားသော မီးသွေးဖိုကြီးများမှာလည်း မီးစွဲနေကြချေပြီ။ ထိုနေရာမှ မီးခိုးမဲတို့မှာ ကောင်းကင်ပေါ်သို့ တလူလူ အူတက်နေသည်။ တိမ်တိုက်ကြီးများသို့ အရှိန်အဟုန်နှင့် တိုးဝင်ရွေ့လျားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေတိုက် မီးသွေးဖို တစ်ခု၏ မီးလောင်ပုံမှာ ပထမ မီးထိုးကျင်းရှိရာ နွားတုံးထိပ်ကို ခင်းခဲ့ထားသောဘက်မှ စတင်ကာ တစ်တုံးပြီးတစ်တုံး အစီအစဉ်အတိုင်း လောင်ကျွမ်းသွားသည်။ ယင်းကဲ့သို့ လောင်ကျွမ်းရာ၌ အစမှအဆုံးတိုင် တစ်ဘက်နွားတုံးထိပ် မြေတိုက်၏ အဆုံးသို့ ရောက်အောင် သူ့အရှိန်နှင့်သူ လောင်ကျွမ်းသွားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ပထမဆုံး ပြုလုပ်သော မီးသွေးဖိုကြီး၏ သုံးချိုးနှစ်ချိုး ကျော်ကျော်မှာ မီးခဲဖြစ်နေချေပြီ။ ကျန် တစ်ချိုးနီးပါးလောက်မှာ မီးခိုးမဲမဲများထွက်ကာ လောင်ကျွမ်းဆဲပင် ရှိသေး၏။ သို့ရာတွင် မီးခိုးအဖြူများကသာ များပြီး အမဲများမှာ တစထက်တစ နည်းသွားသည်။

သည်အခါ ပထမ မီးသွေးဖိုကြီးကို တူးဖေါ်ရန် အချိန်သို့ ကျရောက်လာပြီဖြစ်၏။ အကြောင်းမူ မီးခိုးအဖြူများ ထွက်နေသော မီးသွေးဖိုကြီး၏ သုံးချိုးနှစ်ချိုး ကျော်ကျော်မှာမီးခဲအဖြစ်သို့ ကူးပြောင်းနေချေပြီ။ ထို့ကြောင့် မီးသွေဖို တစ်ဘက်ထိပ်မှ မီးခဲများကို တူးဖေါ်ပြီးသည်နှင့် မီးလောင်ဆဲဖြစ်သော အခြားသစ်တုံးတို့မှာလည်း မီးခဲအဖြစ်သို့ မကြာမီ ကူးပြောင်းလာကြပေတော့မည်။

ဤသည်ကို မီးသွေးဖုတ်သူတိုင်း နှိုင်းချိန်တတ်ရသည်။ မြေတိုက် မီးသွေးဖို၏ သည်မှာဘက်ကို ဖျက်၍၊ မီးသွေးများ ဖေါ်ပြီးသည်နှင့် ဟိုမှာဘက်ရှိ မီးလောင်ဆဲ သစ်တုံးတို့မှာလည်း မီးခဲဖြစ်ပြီး အနေတော် အချိန်သို့ ရောက်အောင် ချိန်ဆရခြင်းဖြစ်၏။

ယခု သူတို့၏ ပထမမီးသွေးဖိုကြီးကို တူးဖေါ်၍ မီးခဲမှာ မီးသွေး အဖြစ်သို့ပြုလုပ်ရန် အချိန်သို့ ကျရောက်ချေပြီ။ ထို့ကြောင့်လည်း လူအားလုံး စုပေါင်းကာ ၎င်းဖိုကြီးကို ဦးစွာ မီးသွေး ဖေါ်ကြရပေတော့မည်။ ပထမဖိုကြီးကို တူးဖေါ်ပြီးသည်နှင့် ဒုတိယဖိုမှာလည်း မီးသွေးဖေါ်ရန်အချိန်သို့ တူ ရောက်နေပေမည်။ ထို့အတူ ဒုတိယဖိုကို တူးဖေါ်ပြီးသည်နှင့် တတိယဖိုမှာလည်း အနေတော်သို့ ရောက်ရှိလာတော့မည်မှာ မုချပင်။

ဤသည်တို့ကြောင့်လည်း သူတို့မှာ စုပေါင်းစနစ်ဖြင့် ပထမ မီးသွေးဖိုကြီးကို တူးဖေါ်ရန် လုပ်ငန်း စတင်ကြရလေတော့သည်။

ထွန်းအောင်တို့၏ မြေတိုက် မီးသွေးဖိုများကို စံကျော်တို့ မီးသွေးဖို ပေါက်ကွဲ ကတည်းက ထိုအဖြစ်ဆိုးမျိုး မတွေ့ကြုံရအောင် အတတ်နိုင်ဆုံး ဂရုစိုက်ခဲ့ကြသည်။ သတိထား၍ စောင့်ကြည့်ခဲ့ကြသည်။

သူတို့၏ စုပေါင်းစနစ်နှင့် လုပ်ငန်းကို စတင်ကြလေပြီ။ မီးသွေးဖို နွားတုံး ထိပ်တစ်ဘက် မီးထိုးကျင်းရှိရာမှစ၍ မီးဖိုထဲမှ မီးခဲများကို အပြင်သို့ ထုတ်ယူကြရမည်ဖြစ်၏။ ထို့ကြောင့် မြေတိုက် မီးသွေးဖို၏ မီးထိုးကျင်း



အပေါက်မှ ပိတ်ဆို့ထားသော မြေကြီးများကို ပေါက်ပြား၊ သံထွန်ခြစ်တို့နှင့် ပယ်ရှားပစ်နေရသည်။ ယင်းအပေါက်မှ ပိတ်ဆို့ထားသော မြေကြီးများကို ဖယ်လိုက်သောအခါ ထိုမီးသွေးဖို၏ မီးထိုးကျင်းထဲ၌ မီးခဲများနှင့် ပြည့်ကျပ်နေသည်ကို ဦးစွာ တွေ့မြင်ရ၏။ ထိုကျင်းထဲမှ မီးခဲ နီနီရဲရဲကြီးများကို သံထွန်ခြစ်နှင့် အပြင်သို့ ဆွဲထုတ်ကြရ၏။

သူတို့အားလုံး၏ ခြေထောက်များတွင် အပူဒဏ်ကို ခံနိုင်စေရန် အတွက် သစ်သားခုံဖိနပ် အထူကြီးများကို စီးထားကြသည်။ ထို့အပြင် ကိုယ်လုံးတီးနှင့် လုံချည်ကို ခါးတောင်းကြိုက်ထားကြသည်။ အားလုံးမှာ ဖိုထဲမှ မီးခဲများကို မီးသွေးအဖြစ်သို့ ကူးပြောင်းစေရန် လုပ်ဆောင်နေကြခြင်း ဖြစ်၏။

ထွန်းအောင်နှင့် ကိုသိမ်းမောင်က သံထွန်ခြစ်ကိုင်၍ ဖိုထဲမှမီးခဲများကို အပြင်သို့ ယက်ထုတ်ပေးနေကြရသည်။ ထို့အတူ ဦးကြီးထွန်း၊ မောင်သိုက် ရွှေမော်နှင့် ကိုကျော်စိန်တို့ လေးယောက်မှာ လက်ဆွဲခြင်း တစ်ယောက် တစ်ခုစီ ကိုင်ထားကြသည်။ သူတို့သည် ကိုသိမ်းမောင်တို့ ဖိုထဲက ယက်ထုတ် ပေးသော မီးခဲများကို လက်ဆွဲခြင်းထဲသို့ ထည့်ကာ မီးခဲသယ်ယူသော လုပ်ငန်းအတွက် တာဝန်ယူကြသည်။

"ဟေ့ ရွှေမော် ၊ ပန်းခရားထဲမှာ ရေရှိရဲ့လား . . ."

ထွန်းအောင်က သံထွန်ခြစ်နှင့် မီးခဲများကိုယက်ယင်း ရွှေမော့်ကို မေးသည်။

"အေး . . . ရှိတယ်၊ ငါ ထည့်ထားတယ်။ ကဲ . . မြန်မြန်လုပ်ကြွာ ကြာတယ် . . ."

ဖိုတွင်းမှ ထွက်လာသော မီးခဲတုံးကြီးများမှာ အချို့လည်းမဲလို့၊ အချို့ လည်းရဲလို့။ မီးကပူပူ၊ နေကပူပူ၊ မီးခိုးတလူလူနှင့် သူတို့တတွေမှာ ချွေးတွေ တလည်း တစ်ကိုယ်လုံး ရေချိုးထားသလို ဖြစ်နေသည်။

မီးခဲများကို သံထွန်ခြစ်နှင့် အပြင်သို့ ယက်ထုတ်လုပ်သောအခါ ကိုသိမ်းမောင်က သူ့လက်ထဲတွင်ရှိသော ပန်းခရားထဲမှရေနှင့် ထိုမီးခဲရဲရဲများ ကို ပက်ဖျန်းလိုက်သည်။ ထို့ကြောင့် မီးခဲရဲရဲတို့မှာ တရှဲရှဲနှင့်မြည်ကာ မီးခိုး အဖြူများ ထွက်လာသည်။ ထိုကဲ့သို့ မီးခဲများကို ရေဖျန်းလိုက်ခြင်းမှာ အပူ အနည်းငယ် သက်သာအောင် ပြုလုပ်ခြင်းပင်ဖြစ်၏။ ထိုသို့ပြုလုပ်ပြီးသော မီးခဲများကို အနီးရှိ "ဂျပ်ပြား"နှင့် ကျုံးကာ အသင့်ပြုလုပ်ထားသော လက် ဆွဲခြင်းကြီးထဲသို့ ထည့်ရသည်။ ၎င်း လက်ဆွဲခြင်းထဲတွင် မီးခဲများပြည့်သော သောအခါ မီးခဲသယ်ယူသောလူက သယ်ဆောင်၍သွားသည်၊ ယင်းကဲ့သို့ တစ်ခြင်းပြည့်လိုက် တစ်ခြင်းထည့်လိုက် တစ်ခြင်းသယ်လိုက်နှင့် ပြုလုပ်နေ ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးခဲသယ်ယူသော လက်ဆွဲခြင်းကြီးများမှာ ကြိမ်များဝါးများဖြင့် သီးသန့် ခိုင်ခန့်အောင် ပြုလုပ်ထား၏။ "ဂျပ်ပြား" ဆိုသည်မှာ သစ်သားပြားနှစ်ပြားကို ခေါ်ဆိုခြင်းဖြစ်သည်။ ၎င်းကို ထိပ်ဝိုင်းကလေး ပြုလုပ်ထားခြင်းအားဖြင့် ကိုင်၍တွယ်၍ ကောင်းသည်။ ပုံသဏ္ဌာန်မှာ "နှစ်ပေ" နီးပါးရှိပြီး ယပ်တောင်ကဲ့သို့ ဖြစ်သည်။

မီးသွေးများ ထည့်ပေးလိုက်သော ကြိမ်ဆွဲခြင်းကို ရွှေမော်တို့က သယ်ဆောင်သွားသည်။ ပြီးလျှင် အနံ ၄-ပေ၊ အလျား ၄-ပေ၊ အနက် ၃-ပေ ရှိသော ကျင်းထဲသို့ နှစ်ချလိုက်သည်။ ထိုကျင်းထဲ၌ ရေများအပြည့်ထည့်ထားသည်။ မီးခဲများနှင့် ခြင်းကိုပါ ၎င်းရေထဲသို့ နှစ်ချလိုက်သောအခါ ကျင်းထဲမှ ရေတို့သည် "တဘွမ်းဘွမ်း"နှင့် ဆူပွက်၍ မြည်ဟီးသွားလေသည်။

"ရွှေမော်ရေ . . . မီးခဲတွေကို ရေထဲနှစ်တဲ့နေရာမှာ ခပ်ကြာကြာလေးနှစ်ဟေ့၊ ဟ . . မောင်သိုက်တို့ . . . သယ်ကြပါဟ၊ ဒါမှ မြန်မြန်ပြီးမှာ"

ဦးကြီးထွန်းက မီးသွေးခြင်းကို သယ်ယူရင်း သတိပေးစကားဆိုသည်။ ဦးကြီးထွန်း ပြောသည်မှာ အမှန်ပင် ဖြစ်လေသည်။ မီးခဲများကို ကျင်းထဲရှိရေထဲသို့ နှစ်ရာတွင် အနည်းဆုံး သုံးမိနစ်ခန့်မှ စိမ်ထားရလေသည်။ သို့မှသာ မီးခဲအတွင်းရှိ လှိုက်လောက်နေသော မီးစွယ် မီးပွားများ ငြိမ်းသေသွားပေမည်။ အကယ်၍ ရေစိမ်နည်းလျှင် မီးခဲ အပြင်မှမီးသာ ငြိမ်းသေသွားသော်လည်း အတွင်း၌ လှိုက်လောင်နေသော မီးက ကျန်နေတတ်သည်။ မီးသွေးဖြစ်၍ တလင်းတွင် ပုံထားပြီးကာမှ ယင်းက ထ၍ မီးတောက်လောင်တတ်၏။ ထို့ကြောင့် မီးသွေးအားလုံး ပြာဖြစ်သွားရသော အဖြစ်မျိုးကိုလည်း ယခင်က ကြုံတွေ့ဖူးကြရသည်။

ဤသည်တို့ကြောင့် သူတို့မှာ ထိုကဲ့သို့ မဖြစ်စေရန်အတွက် အလုပ်ကို အထူး ဝီရိယကြီးစွာနှင့် လုပ်ကိုင်နေကြရသည်။ ယခုဆိုလျှင် သူတို့၏ ပထမ ပြုလုပ်ထားသော မီးဖိုထဲမှ မီးခဲတို့သည် မီးသွေးအဖြစ်သို့ တစ်မုဟုတ်ချင်း လျှင်မြန်စွာ ကူးပြောင်းနေကြပြီ။ သည်တစ်ဖို ပြီးလျှင်လည်း နောက်တစ်ဖိုကို လုပ်ကြကိုင်ကြရပေဦးမည်။ ဆွဲခြင်းငါးလုံးနှင့် လူပေါင်း ခြောက်ယောက် အလဲအလှယ် လုပ်ကြသည်မို့ သူတို့လုပ်ငန်းမှာ များစွာ တွင်ကျယ်လျက်ရှိသည်။

ရွှေမော်၊ ဦးကြီးထွန်း၊ မောင်သိုက်နှင့် ကိုကျော်စိန်တို့မှာ ရေနှစ်ထားပြီးသော မီးသွေးခြင်းများကို ရေစစ်၍ မီးသွေး "တလင်း" ပြောင်ပြောင်ပေါ်တွင် တစ်ခြင်းပြီးတစ်ခြင်း သယ်ပိုးကာ ဖြန့်ခင်းနေကြသည်။ မီးသွေးခဲတို့သည် ဖြိုးဖြိုးဖြောက်ဖြောက်နှင့် မြည်နေကြတုန်း၊ မဲမှောင်နေသော မီးသွေးများမှ အငွေ့ဖြူဖြူတို့သည်လည်း တလူလူထွက်နေကြတုန်း။



ထိုကဲ့သို့ အငွေ့ဖြူဖြူများ ပျောက်ကွယ်သွားသောအခါ ရေစိုနေသော မီးသွေးခဲတို့သည် ခြောက်သွားကြလေသည်။ မခြောက်၍လည်းမရပေ။ နေ၏အပူရှိန်ကြောင့်လည်းကောင်း၊ မီးခဲတို့၏ဘဝမှ မီးသွေးဘဝသို့ ရုတ်ခြည်း ကူးပြောင်းခဲ့ရခြင်းကြောင့် လည်းကောင်း၊ ယခုလို အငွေ့တထောင်းထောင်းထကာ ခြောက်သွားရခြင်းဖြစ်သည်။

သူတို့သည် မီးထိုးကျင်းထဲမှ မီးခဲများကို သတ်ယူပြီးကြသည်နှင့် အလုံပိတ်ထားသော မြေတိုက်၏ တစ်ဘက်အကန့်ကို ဖျက်၍ ဖွင့်လိုက်ကြ၏။ ယင်းကဲ့သို့ ဖွင့်လိုက်သော နေရာမှာ မီးထိုးကျင်းရှိရာဘက် တစ်နည်းအားဖြင့် စင်ခံထားသောဘက်ကို ဖျက်လိုက်ခြင်းပင်။

သူတို့မှာ ဖေါ်ထားပြီးသော မီးသွေးပုံကို ကြည့်ကာဝမ်းသာအားရဖြစ်ပြီး မီးသွေးအိတ်ပေါင်း မည်ရွေ့မည်မျှ ရနိုင်သည်ကို ခန့်မှန်းနေကြသည်။ သာမာန်အားဖြင့် အလျား ပေ ၄၀၊ အနံ ၉ ပေ၊ အမြင့် ၈ပေ၊ ရှိသော မီးသွေးဖိုကြီး တစ်ဖိုလျှင် အိတ်ပေါင်း ၁၅၀ မှ ၁၈၀ အထိ ရရှိနိုင်သည်။ မီးသွေးအိတ်၏ ပမာဏမှာ အလျား လက်မ ၄၀၊ အနံ ၂၅ လက်မ အလေးချိန်အားဖြင့် ပိဿာ နှစ်ဆယ်ကျော်၊ ပေါင် ၉၀ ခန့်ရှိသည်။

သို့သော် အလေးချိန်ဆိုသည်မှာ အမှန်ယူ၍ မရ၊ မီးသွေး အပွအတျစ်ကိုလိုက်၍ အနည်းအများရှိသည်။ ထို့ကြောင့် သူတို့မှာ အလေးချိန်ကို အမိကမထားဘဲ ဂါလံဝင်ပုံးနှင့် ၆-ပုံးလျှင် တစ်အိတ်ဟု ခန့်မှန်းနေကြသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ယခင်က မီးသွေးထွက်နှုန်းမှာ တစ်နှစ်လျှင် တန်ချိန်ပေါင်း (နှစ်သိန်းသုံးသောင်းခန့်)၊ အိတ်ရေ (ခုနှစ်သိန်းခန့်) ထုတ်လုပ်ဖြန့်ဖြူးခဲ့သော်လည်း၊ ယခုအခါ ရေနံဆီမီးဖို လုံးဝ ပျောက်ကွယ်သွားသဖြင့် မီးသွေးနှင့် ထင်းတို့ကိုသာ မြို့ကြီးပြကြီးများ၌ပင် သုံးစွဲလာကြသဖြင့် မီးသွေးဈေးက ခေါင်ခိုက်လာသလို မီးသွေး ထုတ်လုပ်မှုတန်ချိန်မှာလည်း သန်းနှင့်ချီ၍ ထုတ်လုပ်လာကြသည်။

မြန်မာတစ်နိုင်ငံလုံးတွင် မီးသွေးထွက်သော အရပ်ဒေသတို့မှာ မန္တလေးတိုင်း (သစ်တောတိုင်း)၊ ချင်းတွင်း(သစ်တောတိုင်း)၊ မြစ်ကြီးနားတသာ အရှေ့/အနောက်၊ မူးမြစ်ဝှမ်းတလျှောက်၊ မတ္တရာ၊ ယော၊ ဖုံ့ရွာ၊ စစ်ဆောင်း (သစ်တောတိုင်း)၊ တောင်ကြီး၊ ရမည်းသင်း၊ ပျဉ်းမနား၊ ဧရာဝတီ (သစ်တောတိုင်း)၊ ပြည်၊ သရက်၊ ဇီးကုန်း၊ သာယာဝတီ၊ ပဲခူး၊ ဓနိလယ်ထားဝယ်၊ ဟင်္သာတ၊ မြောင်းမြခရိုင်တို့ ဖြစ်သည်။

ယခုအခါ သစ်တောများ ပြုန်းတီးမှုကြောင့် မီးသွေးအထွက်နည်းသွားသလို ဈေးကလည်း ကြီးမြင့်လာသည်။ မီးသွေးအိတ်တွေမှာလည်း နှီးပါးခြင်း၊ ဂုံနီအိတ်မှ မြွေရေခွံအိတ်သို့ အသွင်ပြောင်းလာသည်။ အိတ်ခွံတွေက

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပြောင်းပြောင်း သူတို့မီးသွေးမှာ အကြီးအသေး အမှုံအမွှားကအစ ပစ်ရသောအရာဆို၍ ဘာမှမရှိ၊ အိမ်ရှင်မများ၏ မီးဖိုချောင်မှသည် ပန်းပဲဖို၊ နံပြားဖို၊ အဂ္ဂိရပ်ဖို၊ နောက်ဆုံး အမှုန့်အမွှားမှာ အမွှေးတိုင် ဖုံးကြည်မီးသွေးတောင့်အထိ ဈေး ရကြမည်ဖြစ်သည်။

ထို့ကြောင့် မီးသွေးတစ်ပိဿာလျှင် တစ်မတ် ငါးမူး၊ ခေတ်ကပင် တောထဲတောင်ထဲ မီးသွေးဖုတ်၍ အသက်မွေးဝမ်းကြောင်း လုပ်လာသော ဦးကြီးထွန်းတို့မှာ ယခု မီးသွေး တစ်ပိဿာကို ၂၅၀/၃၀၀ ထိ ဈေးရကြတော့မည် ဆိုသောအခါ တဲလင်းထဲတွင် ပုံထားသော မီးသွေးပုံကြီးကို ကြည့်ပြီး ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်နေကြလေသည်။

× × × × ×

[၁၄]

ပထမ တစ်ဆိုင်းဖြစ်သော မီးသွေးဖိုမှ မီးသွေးများကိုဖော်ပြီး ဒုတိယဆိုင်းကို မီးမသွင်းမီ တစ်ရက်တွင် ကိုကျော်စိန်နှင့်ရွှေမော်တို့က နံနက်စာစားပြီး စမ်းအင်းထဲ ငါးပက်ရန် ထွက်သွားကြသည်။ ဦးကြီးထွန်း အပါအဝင် ကျန်လူများမှာ ဒုတိယဆိုင်းအတွက် ဒုတိယဖိုအတွက် လိုအပ်သည်များကို စခန်း၌ ပြုပြင်နေကြသည်။

နေမွန်းစောင်းကြီးလောက် အရောက်တွင် ရွှေမော် အူလျားဖားလျားနှင့် စခန်းသို့ ပြေးချလာသည်။ ခရိုးရောက်မဆိုင်း အမောဟိုက်သံကြီးနှင့် -

"ကိုကြီးစိန်က ဓားလှံယူပြီး ချက်ချင်း လိုက်လာခဲ့ကြတဲ့"

ရွှေမော့်စကားကြောင့် အားလုံးမှာ ချက်ချင်းအံ့အားသင့် အထိတ်တလန့် ဖြစ်သွားကြသည်။ ထို့ကြောင့် အားလုံးကလည်း ပြိုင်တူပင် မတ်တတ်ထရပ်လိုက်မိကြသည်။

"ဟင် - ဘာဖြစ်လို့လဲကွဲ့ ရွှေမော်၊ ကျော်စိန် ဘာဖြစ်လို့လဲ"

"ဆတ် . . ဆတ်ဖားကြီးနှစ်ကောင် ဘာလုလို့ ခတ်နေကြတာကြာပြီ၊ ပါးစပ်က အမြှုပ်တွေတောင် ထွက်နေကြပြီ။ အဲဒါ ရေထဲဆင်းရင် ဝိုင်းခုတ်ကြရအောင် အမြန်လိုက်လာခဲ့ကြပါ ပြောခိုင်းလိုက်လို့ ပြေးလာခဲ့ရတာ၊ လုပ်ကြပါဗျ မြန်မြန်"

ဤမျှဆိုလျှင် အားလုံးသဘောပေါက်ကြသည်။ ဆတ်ဖားကြီးများ တာလုကြပြီ ဆိုလျှင် တစ်ကောင်နှင့်တစ်ကောင် အရှုံးပေး၍ မပြေးခင်း နေရာပိုင်နက် 'တာ' ကို မစွန့်မချင်း အသေအလဲ ဝှေ့ခတ် တိုက်ခိုက်ကြသည်။ မောလာလျှင် ရေထဲဆင်းပြီး ရေစိမ်ကြသည်။ ရေစိမ်ရင်း ရေထဲ၌လည်း တစ်ကောင်နှင့်တစ်ကောင်း ဝှေ့ခတ်ကြပြန်သည်။ ယခု ပါးစပ်မှ အမြှုပ်ထွက်နေကြပြီဆိုလျှင် မကြာမီ ရေအိုင်ထဲ ဆင်းကြတော့မည်။ ထိုအခါ ရေအိုင်ထဲ၌ ရုတ်တရက် မပြေးနိုင်သော ဆတ်ဖားကြီးနှစ်ကောင်ကို သူတို့က ထိုးခုတ် သတ်ဖြတ်ကြရမည်။ ထို့ကြောင့် ကိုသိမ်းမောင် ခေါင်းဆောင်၍ ထွန်းအောင်တို့မှာ ချက်ချင်း လှံဆွဲဓားဆွဲ၍ အခေါ်လာသူ ရွှေမော်နှင့် တို

www.burmeseclassic.com

www.burmeseclassic.com



ကျော်စိန်ရှိရာသို့ ပြေးလိုက်လာကြသည်။ တဲစောင့်၊ ဖိုစောင့်အဖြစ်မှ ဦးကြီးထွန်းကို ထားခဲ့ကြ၏။

အသံတိတ် ပြေးလိုက်လာကြရာ မကြာမီ ရွှေမော်လမ်းပြမှုနှင့် ဆတ်ဖားကြီးနှစ်ကောင် နယ်လှ ဝှေ့ခတ်နေကြသော အနီးအနားရှိ ကိုကျော်စိန် ချောင်းကြည့်နေရာသို့ ရောက်လာကြသည်။ ဝှေ့ခတ်နေကြသော ဆတ်ဖားကြီးနှစ်ကောင်က စမ်းချောင်းဘေး မြက်စိမ်းသောင်ပြင်တွင် ဖြစ်ပြီး၊ ကိုကျော်စိန်ချောင်းကြည့်နေရာက စမ်းအထက် သစ်တောအုပ်တွင်ဖြစ်ရာ မြင်ကွင်းမှာ ရှင်းနေလေသည်။

"သိမ်းမောင် ဒီကောင်နှစ်ကောင် ဘယ်တုံးကပင် ဘာလု ဝှေ့ခတ်နေကြလဲ မသိဘူးကွ၊ ငါနဲ့ ရွှေမော်က ချိုချင်းတိုက်၊ ခေါင်းချင်းပစ်သံကြားလို့ သွားချောင်းကြည့်ကြတာ ဆတ်ဖားကြီးတွေ ဖြစ်နေတယ်။ အဲဒါကြောင့် မင်းတို့ကို အခေါ်လွှတ်ရတာ။ ခုတွေလား၊ မောလွန်းလို့ ပါးစပ်က အမြှုပ်တွေ တောင်ထွက်နေပြီ၊ မကြာခင် ရေထဲဆင်းကြလိမ့်မယ်။ အဲဒီအခါကျမှ တို့ ပြေးဆင်းပြီး ထိုးခုတ် သတ်ယူကြရမှာ၊ ခု မင်းတို့အားလုံး ငြိမ်ငြိမ်လေးကြည့်နေကြ၊ နှစ်ကောင်စလုံး ရေထဲဆင်းပြီး အမောပြေ ဝှေ့ခတ်ကြတော့မှ ငါတို့က ပြေးဆင်း ခုတ်ထိုးကြရမှာ"

ကိုကျော်စိန်က ကိုသိမ်းမောင်နှင့် အားလုံးကို တိုးတိုးတိုးတိုးနှင့် သူ့စိမ်ချက်ကို ပြောပြနေသည်။ သူပြောသည်မှာ အမှန်ပင်ဖြစ်သည်။ တစ်နေ့လုံး ဝှေ့ခတ်ထားကြသော ဆတ်ဖားကြီးနှစ်ကောင်မှာ ဒဏ်ရာဒဏ်ချက်တွေနှင့် မောဟိုက်နေကြပြီ။ တစ်ချက်တစ်ချက်တွင် တစ်ကောင့်လည်ပင်တစ်ကောင်တင်၍ ခဏ ငြိမ်နေကြသည်လည်းရှိသည်။ ပြီး သတိရသည်နှင့်ဝှေ့ခတ်ကြပြန်၏။

သူတို့အားလုံး စောင့်ကြည့်နေကြစဉ် ကွမ်းတစ်ယာညက်ခန့်အကြာမှာပင် ချိုရင်းက သွေးထွက်နေသော ဆတ်ဖားကြီးသည် ယိုင်တီယိုင်တိုင်နှင့် ရေအိုင်စမ်းထဲ ဆင်းသွား၏။ ထိုအခါ နောက်တစ်ကောင်ကလည်း ယိုင်နဲ့ယိုင်နဲ့နှင့် ရှေကအကောင်နောက် လိုက်သွားသည်။ နှစ်ကောင်စလုံးမှာ အားကုန်နေကြသဖြင့် ပြေးလည်း မပြေးနိုင်ကြတော့၊ ရေထဲရောက်သည်နှင့် နှစ်ကောင်စလုံးမှာ တစ်ကောင်နှင့်တစ်ကောင် ဂရုမစိုက်နိုင်ကြတော့ဘဲ စမ်းရေထဲ သူတို့ကိုယ်လုံးကို နှစ်မြှုပ်ပစ်လိုက်ကြသည်။ ပြီး တစ်ကောင်နှင့် တစ်ကောင် စိမ်းစိမ်းကြီး စိုက်ကြည့်နေကြရာမှ ရုတ်တရက် ထရပ်လိုက်ကြပြန်သည်။ ရေအနက်မှာ သူတို့နှစ်ကောင်၏ ပေါင်လည်ထိ နစ်မြုပ်နေသည်။

ရုတ်တရက် ထရပ်လိုက်သော ဆတ်ဖားကြီးတစ်ကောင်မှာ ရေထဲရှိ ကျောက်တုံးကျောက်ခဲနှင့် ခလုတ်ကသင်း တိုက်၍လား သဲကျွံ၍လားမသိ



ယိုင်သွားစဉ် နောက်တစ်ကောင်က သူ၏လည်ပင်းကို ဝင်အောင်းသည်။ သို့သော် ထိုအကောင်မှာလည်း မောဟိုက်၍ ယိုင်တီယိုင်တိုင် ဖြစ်နေရာ လည်ပင်းကို မဝှေ့ခတ်မိဘဲ၊ တံပိုးကြီးအောက် လက်လှုပ်ထဲ ချိုရှည်ကြီးအခက်အလက်တွေ ဝင်သွားရာ ပထမကောင် ရေထဲလဲကျသောအခါ သူပါမထိမ်းနိုင်ဘဲ နှစ်ကောင်စလုံး ရေထဲလဲကျသွားကြပြန်သည်။

ထိုအချိန်မှာပင် ကိုကျော်စိန်က -

"လာဟေ့ . . . ထိုးကြ. . ခုတ်ကြဟ. . "ဟု အော်ဟစ်လိုက်ကာ ဆတ်ဖားကြီးနှစ်ကောင် ရှိရာသို့ ပြေးဆင်းသွားကြသည်။ ကိုကျော်စိန် နည်းတူ ရေအိုင်ထဲက ဆတ်ဖားကြီးနှစ်ကောင်ကို လှံငါးယောက် ထိုးခုတ်လိုက်ကြရာ စမ်းအိုင်တစ်ခုလုံးမှာ ဆတ်သွေးတွေနှင့် ချင်းချင်းနီသွားလေသည်။

သူတို့သည် ဆတ်ဖားကြီးနှစ်ကောင်ကို ချေလက်တုတ်နှောင်ပြီး ထမ်းချလာကြ၏။ ညနေစာကို ဆတ်ကလီစာနှင့် အဝအပြစားကြသည်။ ဆတ်သားများကိုမူ အမြှောင်းမြှောင်း၍ တဲခေါင်မိုးပေါ် လှမ်းထားကြသလို တဲရှေ့က မီးဖိုကြီးနှစ်ဖို၌လည်း ကျပ်တင်ကြ၏။ ဆတ်ဖားကြီးနှစ်ကောင်၏ အသားများမှာ ပိဿာတစ်ရာ ကျော်သဖြင့် မီးသွေးဖိုကြီးပတ်ပတ်လည်၌ပင် ဆတ်သားများကို ကျပ်တိုက်ထားလိုက်ကြသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

## [၁၅]

ထွန်းအောင် တစ်ရေးနိုးလာ၏။ အချိန်မှာ ညဆယ့်တစ်နာရီခန့်ရှိပြီ။ ခါတိုင်းညတွေလိုပင် ညငှက်များနှင့် ပိုးကောင်မွှားကောင်များ အော်မြည်သံက တဲပတ်ဝန်းကျင်တွင် ညံစီနေ၏။ ရှုံမကြီးထဲက ဆင်ဟီးသံ၊ ကျားဟိန်းသံ၊ ဆတ်တစ်သံ၊ ဝံအီသံနှင့် ချေ(ဂျီ)ဟောက်သံများကိုတော့ ယနေ့ည မကြားရ။ လဆန်း ၁၄-ရက် လက အပြင်တွင် ထိန်ထိန်သာနေသည်။

ထွန်းအောင် တပိုတပါးသွားရန် ထလိုက်သည်။ သူ့နှာခေါင်းထဲ သစ်ရွက်ခြောက် မီးရှို့နံ့လိုလို ညော်နံ့တစ်ခုကို ရှူရိုက်မိလိုက်သည်။ တောမီးလောင်ရာက အနံ့လားဟု တွေးမိလိုက်သည်။ သို့သော် ညဦးကလည်း ဘယ်နေရာမှာမှ တောမီးလောင်နေသည်ကို မမြင်ရ။ နွေလေရူးက တစ်ချက်တစ်ချက် သစ်တောထဲ ဝင်မွှေ့နေ၏။ ညော်နံ့ကပိုနံလာသည်။ သူတို့တဲမှာ တောစတွင်ဖြစ်သဖြင့် တောမီးလောင်လျှင် တဲက စိတ်မချရ၊ ထို့ကြောင့် အပြင်သို့ထွက်လာသည်။

မဲမဲသဏ္ဍာန် တစ်ခုသည် စံကျော်တို့တဲရှိရာ တောအုပ်ဘက် ဝင်သွားသည်ကို ရိပ်ကနဲ မြင်လိုက်ရသည်။ ပင်စည်သစ်ကိုင်း အရွက်အခက် အကြိုအကြားမှ ဖြာဆင်းထိုးကျလာသော လရောင်အောက်တွင် လူလား၊ တိရစ္ဆာန်လား သဲသဲကွဲကွဲ မမြင်လိုက်ရတော့။ မီးသွေးခိုးရန် လာသူလား။ ဝက်ဝံလား၊ ခွေးအ,တွေလား ဝေခွဲမရ။ ဆတ်နှစ်ကောင်ရလာ၍ ပေါကြသော ညက ဆတ်သားကင်များကို တောကြောင်နှင့် ခွေးအ,တွေ လာဆွဲ၍ တစ်ညလုံး အလှည့်ကျ စောင့်ခဲ့ကြရသည်ကို သတိရသွားသည်။ ယခုတော့ ဆတ်သားကျပ်တိုက်များကို တဲထဲသွင်းထားပြီး ဆတ်သားခြောက်များကိုလည်း သစ်ခုတ်သမားများနှင့် ရွာသို့ပို့လိုက်ကြသည်မှာ နှစ်ရက် သုံးရပ်င်ရှိသွားလေပြီ။

လူတော့ ဘယ်နည်းနှင့်မျှမဖြစ်နိုင်။ ညကြီးသန်းခေါင် သည်နေရာသို့ လူကလာရောက်ရန် အကြောင်းမရှိ။ တောတိရစ္ဆာန်တစ်ကောင်ကောင်သာ ဖြစ်ရမည်ဟုတွေးပြီး တလင်းပြင်ရှိ မီးသွေးပုံဘက် လှမ်းကြည့်လိုက်သည်။



"ဟိုင်း"ဟု ထွန်းအောင်ပါးစပ်က အာမေဋိတ်သံ ထွက်သွားသည်။ မီးသွေးပုံကြီးပေါ်တွင် မီးခိုးမဲမဲတွေက အူထွက်နေပြီ။

ထွန်းအောင် တဲထဲသို့ ကမန်းမကန်းပြေးဝင်လာသည်။

"ဦးကြီးထွန်း . . ဦးကြီးထွန်း. ."

"ဟင် - ဘာလဲကွ၊ ဘယ်သူလဲ. ."

ဦးကြီးထွန်းမှာ အအိပ်ဆတ်သူဖြစ်သဖြင့် ချက်ချင်းထထိုင်သည်။

"ကျွန် - ကျွန်တော်တို့ မီးသွေးဖိုက မီးခိုးတွေထွက်နေတယ်။ စောစောကလည်း ဘာကောင်ကြီးလည်းမသိဘူး။ ကျွန်တော် နိုးနေတာကြာပြီဗျ"

ထွန်းအောင်က ဦးကြီးထွန်းကို အထိတ်တလန့်နှင့် ပြောသည်။ ဦးကြီးထွန်းမှာလည်း အထိတ်တလန့်နှင့် ချက်ချင်း မတ်တတ်ထသည်။

"ဟေ - ဟုတ်လား၊ ခုကော ရှိသေးလား"

"မရှိတော့ဘူး၊ စံကျော်တို့တဲဘက်က သစ်တောထဲဝင် ပြေးသွားပြီ"

"ဟ - အဲဒါဆို ခုမှ ပြောရလားထွန်းအောင်ရဲ့၊ ဝက်ဝံသာဆို အားလုံး မသာပေါ်ကုန်မယ်။ တို့တဲက လုံတာမဟုတ်ဘူး။ ဟေ့ကောင်တွေ . . . မြန်မြန်ထကြစမ်း"

ဦးကြီးထွန်းက "ထကြစမ်း"ဟူသော အသံနှင့်အတူ စောစောကဝင် နိုးနေကြသူတွေ အားလုံးမှာ ချက်ချင်း မတ်တတ်ထရပ်လိုက်ကြသည်။

"ထွန်းအောင်၊ မင်း ဘာရပ်နေတာလဲ။ မီးတုတ် တစ်တုတ်မြန်မြန်ထွန်း၊ လာ. . လား. ."

ဟု ပြောကာ ဦးကြီးထွန်း မီးသွေးပုံရှိရာဘက် ချက်ချင်းပြေးသွား၏။ ထွန်းအောင်က မီးတုတ်တစ်တုတ် ထွန်းညှိပြီး နောက်ကပြေးလိုက်ရသည်။

"ဟိုက် - ငါထင်တဲ့ အတိုင်းပါဘဲလား၊ ဟောဒီဘက် မီးသွေးပုံကြီးကို မီးစွဲလောင်နေပြီဟ၊ ကြည့်စမ်း . . ကြည့်စမ်း. . ၊ အသိစောလို့သာပ၊ အသိသာမစောရင် အကုန်ပြာဖြစ်ကုန်မှာဟေ့"

ဦးကြီးထွန်း၏ အော်ပြောနေသံက ပတ်ဝန်းကျင်တွင် ဟိန်းထသွားသည်။ သူတို့အားလုံးမှာ ရင်တုန်ပန်းတုန် ဖြစ်သွားကြသည်။ မီးသွေးပုံကြီး၏ ထောင့်တစ်နေရာတွင် နီရဲနေသော မီးခဲများကို တွေ့မြင်နေကြရသည်။ ထိုနီရဲသော မီးခဲပေါ်မှ မည်းမှောင်နေသော မီးသွေးတုံးများဆီ တစ်တုံးပြီး တစ်တုံး တစ်မဟုတ်ချင်း မီးကကူးစက်နေသည်။ မြင်တွေ့နေကြရသော မြင်ကွင်းကြောင်း သူတို့အားလုံးမှာ ရင်ဆို့သွားကြသည်။

"ဟေ့ . . ထွန်းအောင်၊ မီးတုတ်ကို တစ်နေရာ သွားစိုက်ထားလိုက်။ ဟေ့ကောင်တွေ ဘာရပ်ကြည့်နေကြတာလဲ။ ဒါပွဲထွက်နေတာ[illegible] ထွန်းခြစ်နဲ့ မီးခဲတွေကို မြန်မြန်ဆွဲထုတ်ရမယ်။ ရေဖြန်းဖို့ [illegible] မြန်

www.burmeseclassic.com

www.burmeseclassic.com



မြန်လုပ် - လုပ်ကြပါဟ”

ဦးကြီးထွန်းသည် ပြောင်ပြောင်ဆိုဆိုနှင့် တဲဘက်ပြေးသွားပြီး ထွန်ခြစ်ကြီးတစ်ခုကိုကိုင်ကာ မီးသွေးပုံရှိရာသို့ ပြေးချလာပြန်သည်။

မောင်သိုက်နှင့် ရွှေမော်တို့က ရေပုံးတွေပြေးယူပြီး ရေထမ်းကြသည်။ ကိုသိမ်းမောင်၊ ဦးကြီးထွန်း၊ ကိုကျော်စိန်၊ ထွန်းအောင်တို့ မီးသွေးပုံထဲက မီးစွဲမီးခဲ ရဲရဲများကို သံထွန်ခြစ်နှင့် အလောသုံးဆယ် ဆွဲထုတ်နေကြရသည်။

မီးသွေးပုံပေါ်မှ ဆွဲထုတ်၍ အပြင်သို့ရောက်လာသော မီးခဲများကို မောင်သိုက်နှင့် ရွှေမော်တို့က ရေနိုင်နိုင်ဖျန်းသတ်နေကြသည်။ အားလုံးလူတွေမှာ မီးသွေးပုံထဲ မီးခဲတစ်ခဲတစ်လေမှ မကျန်ရအောင် အထူးဂရုစိုက်၍ ငြိမ်းသတ်ကြရသည်။ မီးလောင်မီးသွေးများကို မီးသွေးပုံထဲက မသက်သောနေရာများကိုလည်း ရေလောင်းထားကြရသည်။ သို့မှသာ မီးသွေးပုံကြီးထဲ၌ လူတို့မမြင်နိုင်သော မီးကြွင်းမီးကျန်များကို စိတ်ချရမည် မဟုတ်ပါလား။

မီးသွေးပုံထဲ ခွဲထုတ်ပြီး မီးငြိမ်းသတ်လိုက်ကြရသော မီးသွေးတွေမှာ လှည်းတစ်စီးတိုက်စာခန့်မျှ ရှိလေသည်။

ယခုမှ လူများမှာ “ဟင်း”ခနဲ သက်မ, ချနိုင်ကြတော့သည်။

ဦးကြီးထွန်းက လှည်းတစ်စီးတိုက် ပမာဏရှိသော မီးငြိမ်းမီးသွေးပုံတို့ ကြည့်ကာ -

“အဲဒါကြောင့် မင်းတို့ကို ငါပြောတာ၊ ဖိုထဲက မီးသွေးခဲတွေကို ထုတ်ပြီး ရေထဲနှစ်တဲ့နေရာမှာ ပြီးချင်ဇောနဲ့ လောကြီးပြီး ဘယ်တော့မှ မလုပ်ကြပါနဲ့လို့၊ သတိမရှိဘဲ ပေါ့ပေါ့ဆဆလုပ်ကြရင်၊ အခုလို မီးသွေးခဲထဲမှာ လိုက်ပြီးလောင်နေတဲ့ မီးကြွင်းမီးကျန်က ခုလိုပဲ ဒုက္ခပေးတတ်တယ်။ အဲဒါ မင်းတို့ ကြပ်ကြပ်မှတ်ထားကြ။ ကဲ - လာသွားကြမယ်။ စိတ်ချရပါပြီ။ ဒါပေမယ့် နောက်ကို အားလုံး သတိထားပြီးအိပ်ကြ၊ လုပ်ကြ။ တောမှာတောင်မှာဆိုတာ ကုလားသေ ကုလားမျော မအိပ်ရဘူး။ ကြက်အိပ်ငှက်အိပ်ဆို မဟုတ်လား။ ခုပဲကြည့်လေ၊ ထွန်းအောင် အသိမြန်လို့ပေါ့၊ မဟုတ်ရင် တစ်လနှစ်လ အပင်ပန်းခံ ဖုတ်ထားကြတဲ့ မီးသွေးတွေကို မိုးလင်းတာနဲ့ ပြာပုံပဲ မြင်ကြရမှာ . . ”

ဦးကြီးထွန်းက သူ့စကားဆုံးသည်နှင့် တဲဘက်သို့ ခြေလှမ်း ပြင်သည်

“ဦးကြီးထွန်း”

ထွန်းအောင် ခေါ်လိုက်သံကြောင့် ဦးကြီးထွန်း ခြေလှမ်း တုံ့သွားသည်။

“ဘာလဲ”

“ဦးကြီးထွန်းကို စောစော ကျွန်တော်ပြောတာ ဘယ်လိုသဘောရလဲ. . .”



“ဘာပါလိမ့်”

“ကျွန်တော် ညော်နံ့ရလို့ တဲပြင်ဘက် ထွက်လာတော့ မီးသွေးပုံရဲ့ ဟိုဘက်တောစကို လူတစ်ယောက် ဝင်ပြေးသွားတယ် ဆိုတာရယ်လေ”

“အလကား ခုမှ တောပြောတောင်ပြော မပြောနဲ့တော့၊ မင်းတို့ ပေါ့ဆလို့ ဖြစ်တဲ့မီးပါ။ မင်းမြင်လိုက်တယ်ဆိုတာက၊ တောတိရစ္ဆာန် တစ်ကောင်ကောင်ဖြစ်မှာပေါ့။ အဲဒါ ဟိုနေ့က ဆတ်ပေါ်ကြတာ ငါပြောသားပဲ၊ အရိုးအရင်းကစ ပြီးစလွယ် သွားမပစ်ကြနဲ့၊ ကျင်းတူး မြုပ်ပစ်ကြပါ ပြောတာ။ မင်းတို့ကိုက နားမှမထောင်ကြတာ။ အရိုးအရင်း အစအန အနံ့ရလို့ တောတိရစ္ဆာန် တစ်ကောင်ကောင် အစာလာရှာတာနေမှာပေါ့”

အဲဒီနေ့က ခြေချောင်းလက်ချောင်းတွေ အပြင် အရိုးအရွဲ အရိုးအရင်းကအစ ကျွန်တော်တို့ကို စိတ်မချလို့ဆိုပြီး ကိုကြီးသိမ်းကိုယ်တိုင် မြုပ်တာပါအဘ၊ ကျွန်တော်ကတော့ လူတ . . .”

“ဟေ့ကောင်လေး၊ တော်တော့၊ ငါသိပြီဆို။ ဒီကိစ္စ နောက်လူတွေကို တောပြောတောင်ပြော လျှောက်မပြောရဘူးနော်။ ဘာမှမဟုတ်ဘူး။ မင်းတို့ ပေါ့ဆလို့ မီးကြွင်းမီးကျန်က လောင်တာပါဆို၊ ငါသိတာပေါ့။ ကဲ - ကဲ သွားအိပ်ကြတော့၊ မိုးတောင်လင်းတော့မယ်”

ဦးကြီးထွန်းက အော်ငေါက်လိုက်သဖြင့် ထွန်းအောင် ပါးစပ် ပိတ်သွားသည်။

အချိန်မှာ ဆယ့်လေးငါးရက်လပင် အနောက်ရိုးမ သစ်ဆိုင်များပေါ် မေးတင်နေလေပြီ။ လင်းကြက် ဇွန်သံများကိုလည်း အရပ်ရှစ်မျက်နှာက ကြားနေရလေပြီ။

ဦးကြီးထွန်း အော်ငေါက်လိုက်၍သာ နောက်ထပ် စောဒက မတက်ဝံ့သော်လည်း ထွန်းအောင်၏ ရင်ထဲ၌မူ သံသယ အပြည့်နှင့် . . .။

× × × × ×

www.burmeseclassic.com

## [၁၆]

"ဗျို့ . . . ဦးကျော်ခိုင်၊ ဦးကျော်ခိုင်ရေ. . ."

ဦးကြီးထွန်းက ဦးကျော်ခိုင်တို့တဲရှေ့သို့ အရောက်တွင် ဦးကျော်ခိုင်ကို နှစ်ခွန်းဆင့်၍ ခေါ်လိုက်သည်။

ယနေ့တွင် ဦးကြီးထွန်းက ဦးကျော်ခိုင်တို့တဲကို သွားလည်မည်ဟု ပြောပြီး ထွန်းအောင်နှင့် ကိုသိမ်းမောင်တို့ကို သူနှင့်အတူ ခေါ်လာသည်။

ဦးကျော်ခိုင်တို့တဲရှေ့ မလှမ်းမကမ်းတွင်လည်း ဟီးနေသော မီးသွေးပုံကြီးကို တွေ့မြင်ရသည်။ ၎င်းမီးသွေးပုံကြီး၏ မနီးမဝေးတွင် မီးသွေးပုံအသေးလေး တစ်ခုကိုလည်း တွေ့မြင်ရသည်။ ထိုမီးသွေးပုံကြီး၏ ဝဲဘက်တစ်နေရာတွင် မြေတိုက်ဆောက်လုပ်ထားသော မီးသွေးဖိုကြီး တစ်ဖိုကိုလည်း တွေ့မြင်ရပြန်သည်။ ထိုမြေတိုက် မီးသွေးဖိုကြီး၏ မီးခိုးထွက်ရာ အပေါက်မှ တဆင့် မီးခိုးမဲမဲတို့သည် ကောင်းကင်ပေါ်ကို တလူလူ ပျံတက်နေသည်။

ယခင်က ထွန်းအောင်တို့နှင့် စကားများခဲ့ဖူးသော စံကျော်တို့ လူစုမှာ သူတို့၏ မီးသွေးဖို အနီးတွင် သစ်တုံးများကို ဖြတ်တောက်နေကြသည်။ သူတို့ မီးသွေးဖိုကြီး ပေါက်ကွဲစဉ်က ထွန်းအောင်တို့နှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်ခဲ့ဖူးသဖြင့် တရင်းတနှီး အကျွမ်းဝင်ခဲ့သော ကိုအောင်ရွှေဆိုသူက ထွန်းအောင်တို့ကို ပြုံးပြ၍ အနားတွင် မတ်တတ်လာရပ်သည်။

"လာလည်တာလား. ."

သူက ထွန်းအောင်ကို ပြုံးပြရင်း မေးသည်။

"ဟုတ်ကဲ့၊ လာလည်တာပါ"

မီးသွေးဖိုနားတွင် သစ်တုံးများဖြတ်နေသော စံကျော်က ထွန်းအောင်တို့လူစုကို မသိမသာ အကဲခတ်ကြည့်နေသည်။ ထို့ကြောင့် ထွန်းအောင်ကလည်း ကိုအောင်ရွှေနှင့် စကားပြောဆိုရင်းမှ သူ့ကိုပြန်၍ လှမ်းကြည့်လိုက်သည်။ ထွန်းအောင်၏အကြည့်မှာ ကိုစံကျော်က မျက်နှာလွှဲသွား၏။

"ဟာ - ဦးဖိုးထွန်းတို့ပါလား၊ လာဗျို့ . . . လာ. . လာ၊ ရေနွေးကြမ်းတွေရှိတယ်"



ဦးကျော်ခိုင် တဲထဲကထွက်လာပြီး ဝမ်းပမ်းတသာ ဆီးကြိုသည်။

"ကဲ. . ထိုင်ကြဗျာ၊ ထိုင်ကြ၊ ဟော့. . အောင်ရွှေ. .၊ အမြိုးလေးဘာလေး လုပ်ကွာ၊ အော် - မေ့လို့၊ မနက်က. . တို့ဖုတ်ထားတဲ့ ငါးခြောက်ကျန်သေးတယ်ကွ၊ အဲဒါ ဟို ဒန့်အိုးထဲမှာ ရှိသေးတယ်၊ ယူခဲ့ကွာ. ."

"ဘယ့်နှယ်လဲဗျ. . . ခင်ဗျားတို့ လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေရဲ့လား. . .၊ ငါ့တူလည်း ရေနွေးကြမ်း သောက်ကွာ"

ဦးကျော်ခိုင်က ပြောပြောဆိုဆိုနှင့် ရေနွေးကြမ်းအိုးကို ထွန်းအောင်တို့ အနားသို့ တိုးပေးသည်။

"ဟုတ်ကဲ့ . . ဟုတ်ကဲ့. ."

ကိုသိမ်းမောင်က အိုးမဲများနှင့် မဲတူးနေသော မြေ ရေနွေးခရားအအတွင်းမှ ရေနွေးတစ်ခွက်ကို ငှဲ့ပေးလိုက်သည်။ ကိုအောင်ရွှေက ငါးခြောက်ပန်းကန်ကို ယူလာပြီး ထွန်းတောင်တို့နှင့် ဝိုင်းထိုင်သည်။

"အဆင်ပြေတယ်လို့တော့ မဟုတ်ပါဘူးဗျာ. .။ ဒီလိုပဲ လုပ်ကြကိုင်ကြရတာပဲ။ ဒါနဲ့ ခင်ဗျားတို့ တစ်ဖိုကို ဘယ်လောက်ထွက်လဲ"

ဦးကြီးထွန်းက လုပ်ငန်းအကြောင်း စကားစသည်။ ကိုသိမ်းမောင်က မည်သို့မျှမပြော။ ရေနွေးကြမ်းကိုသာ တဖူးဖူးမှုတ်သောက်နေ၏။ ထွန်းအောင်က ငါးခြောက်ဝါးရင်း ငြိမ်နေသည်။

"ပထမဆုံးလုပ်တဲ့ ဖိုက အလေအလွင့်များလို့ သိပ်ပြီး မထွက်ဘူးဗျ။ အဲဒီဖိုက တစ်ရာကျော်လောက်ပဲ ရတယ်။ အဲဒီ တစ်ဆိုင်း နှစ်ဖိုကို ဖေါ်လို့ရတဲ့ မီးသွေးတွေကတော့ ဟိုမှာ ခင်ဗျားတို့အမြင်ပဲ။ အခု နောက်တစ်ဆိုင်း ထပ်ဖုတ်နေတယ်"

ဦးကျော်ခိုင်က ရှင်းလင်းပြောပြသည်။ သို့ရာတွင် သူတို့ မီးသွေးဖိုပေါက်ကွဲစဉ်က "ဇီးဖြူသား"ပါ၍ ယခုလို အလေအလွင့်များပြီး မီးသွေး အထွက်နည်းကြောင်းကိုတော့ တိုက်ရိုက်ကြီးမပြော။ မီးသွေးဖုတ်လုပ်သူ အချင်းချင်း အရည်အချင်းညံ့သည်ဟု အထင်အမြင်ခံရမည်ကို စိုးရိမ်ဟန်တူသည်။ မည်သို့ဆိုစေ၊ ထွန်းအောင်တို့ကလည်း သည်လုပ်ငန်းကိုလုပ်၍ ထမင်းစားနေကြသူတွေမို့ 'ချက် ဆိုလျှင် နားခွက်က မီးတောက်' ပြီးသားပင်။

"အော် - ဒါနဲ့ . . ဒီ မီးချစ်ကလေးက ဘယ်သူ့မီးချစ်လေးလဲဗျ. ."

ရုတ်တရက် ဦးကြီးထွန်းက သူအမြဲတန်းဝတ်နေကျ ပင်နီဖျင်ကြမ်း အင်္ကျီအိတ်ထဲမှ ကြေးဝါ မီးချစ်လေး တစ်လုံးကို ထုတ်ပြ၍မေးသည်။ မျက်လုံးအစုံကမူ ဦးကျော်ခိုင်ကိုတစ်လှည့် ကိုအောင်ရွှေကိုတစ်လှည့် စေ့စေ့စပ်စပ်ကြည့်နေသည်။

ထွန်းအောင်နှင့် ကိုသိမ်းမောင်တို့မှာ ဘာမှန်းမသိသဖြင့် ငါးစင်အ

www.burmeseclassic.com



ဟောင်းသား ဖြစ်သွားကြ၏။

"ဟာ - အဲဒါ . . စံကျော်ရဲ့ မီးခြစ်ဗျ၊ သူ မနေ့တထဲက ပျောက်လို့ လိုက်ရှာနေတာ၊ ဒေါင်းတောက်နေတာပဲ၊ ဦးကြီး ဒီ မီးခြစ်ကို ဘယ်က ရလာလဲဟင် . ."

ထွန်းအောင်ဘေးတွင် ထိုင်နေသော ကိုအောင်ရွှေက ရုတ်တရက် ဝင်ပြောလိုက်သည်။ ကိုအောင်ရွှေ၏ အပြောကြောင့် ဦးကြီးထွန်း၏ မျက်နှာတစ်ခုလုံး ဝင်းထိန်သွား၏၊ ပြီးလျှင် ကိုအောင်ရွှေကို ကြည့်၍ "ဟတ်"ကနဲ တစ်ချက်ပြုံးလိုက်၏။

"ဟုတ်လား . . ဒါ မောင်ကျော်စံရဲ့ မီးခြစ်လား . . ၊ မသိပါဘူးကွာ၊ ဟိုတောစပ်နားက ကောက်ရလို့ လာပေးတာပါ။ သူ့ကိုခေါ် လိုက်ပါကွယ်။ သူ့ပစ္စည်းကို သူ့ဖာသူ လာယူပါစေ . ."

ဦးကြီးထွန်း၏ အပြောအဆိုနှင့် အမူအရာတို့ကို ဦးကျော်ခိုင်က စိတ်ဝင်စားစွာ စိုက်ကြည့်နေသည်။

ကိုအောင်ရွှေ၏ စကားကို ကြားလိုက်ရမှ ထွန်းအောင်၏ခေါင်းထဲ ရောက်နေသော သံသယမှာ ယခုမှ အဖြေပေါ် လာသလို ရှိသွားသည်။ လွန်ခဲ့သော နှစ်ရက်ခန့်က ထွန်းအောင်တို့ မီးသွေးပုံကြီး ညကြီးသန်းခေါင်း၌ မီးလောင်ခဲ့သည်။ ထိုညက ဦးကြီးထွန်းသည် မီးသွေးပုံမှ မီးများကို ငြိမ်းသတ်ရင်း သည်မီးခြစ်ကို ကောက်ရခဲ့ခြင်း ဖြစ်ပေမည်။ သူတို့ မီးသွေးပုံ မီးလောင်သည်မှာ သွေးရိုးသားရိုး လောင်သည်မဟုတ်ကြောင်း ဦးကြီးထွန်းကား ထိုနေ့ကပင် သိခဲ့လေမည်။

သို့ရာတွင် ဦးကြီးထွန်းက ထွန်းအောင်တို့ ပေါ့ဆ၍သာ မီးလောင်သည်ဟု ပြောဆိုခဲ့သည်ကိုလည်း သွား၍ သတိရမိသည်။ သူတို့မီးသွေးဖိုရှိရာ တောထဲသို့ မဲမဲသဏ္ဌာန်တစ်ခု ရိပ်ခနဲ ဝင်သွာသည်ကိုလည်း ထွန်းအောင်၏ မျက်စိထဲ ပြန်လည် မြင်ယောင်လာသည်။

ယခု ဦးကြီးထွန်း၏ လက်ထဲ၌ရှိသော မီးခြစ်မှာ စံကျော်၏မီးခြစ်ဟု ကိုအောင်ရွှေက ဆိုသည်။ သည်အတိုင်းဆိုလျှင် ဦးကြီးထွန်း ဤနေရာသို့ လာသည်မှာ ပညာသားပါပါနှင့် တရားခံ လာဖမ်းခြင်းပင် မဟုတ်ပါလား။

မည်သို့ဆိုစေ၊ ဦးကြီးထွန်းက ယခုကိစ္စကို ထွန်းအောင်တို့ အားလုံး မသိစေရန် ဖုံးကွယ်ထားခဲ့သည်။ မဖုံးကွယ်၍လည်းမဖြစ်။ လူငယ်တွေဖြစ်သော ထွန်းအောင်တို့ အားလုံးသာ သည်ကိစ္စ အလုံးစုံကို ထိုညကတည်းက သိရှိခဲ့မည်ဆိုလျှင် စံကျော်တို့နှင့် ထွန်းအောင်တို့မှာ ညတွင်းချင်း တုတ်ပွဲဓားပွဲ ဖြစ်ကြရမည်မှာ ကိန်းသေပင်တည်း။

ဤသည်ကို စဉ်းစားဉာဏ် ပြည့်ဝသော ဦးကြီးထွန်းက တွက်ဆချင့်



ချိန်ခဲ့သည်။ ယခုအချိန်ထိပင် ဦးကြီးထွန်းက ထွန်းအောင်တို့ကို အသိမပေးသေး။ ထွန်းအောင်နှင့် ကိုသိမ်းမောင်ကို သည်နေရာသို့ ခေါ် လာစဉ်အခါက 'အလည်သက်သက်'ဟုသာ ပြောဆိုကာ ခေါ် လာခဲ့သည်။ ထွန်းအောင်တို့ကလည်း ဦးကြီးထွန်း စကားဆို ဘာကိုမှ ပြန်မေးရိုးမရှိခဲ့။ သူခေါ်၍သာ လိုက်ပါလာခဲ့ကြခြင်း ဖြစ်၏။ ယခုမှသာ ထွန်းအောင်တို့က သဘောပေါက်ကြတော့သည်။

မှန်သည်။ ကြေးဝါမီးခြစ်က စံကျော်၏မီးခြစ်၊ စံကျော်၏ပစ္စည်းဟုဆိုလျှင် မီးသွေးပုံ မီးလောင်သည်မှာ မည်သူ့ကြောင့်နည်း။ မည်သူ့လက်ချက်နည်းဟူသော အမေးကို ထပ်မေးနေစရာပင် မလိုတော့။ ထို့ကြောင့် ထွန်းအောင်က သိမ်းမောင်ကို အဓိပ္ပါယ်ပါပါနှင့် မသိမသာ လှမ်းကြည့်လိုက်သည်။ ကိုသိမ်းမောင်ကလည်း ထွန်းအောင်နည်းတူ သဘောပေါက်သည်။ နားလည်သိရှိကြောင်း သူ့မျက်လုံးများက ဖော်ပြနေသည်။ ပြီးလျှင် သူက ခေါင်းတိုတဆတ်ဆတ် ငြိမ့်နေသည်။

ဦးကြီးထွန်းက "ငါ့အကြံ ဘယ့်နှယ်လဲ" ဟူသော သဘောကို ဆောင်၍ ပြုံးသည်။ ထွန်းအောင်က ဦးကြီးထွန်း၏ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံတို့ သဘောကျမိသည်။

"ဟေး . . ၊ စံကျော် . . မင်း မီးခြစ်လေး ဒီမှာတွေ့ပြီတဲ့ဟ၊ လာယူလှဲ့ . ."

ဘာမှမသိ နားမလည်ရှာသေးသော ကိုအောင်ရွှေက စံကျော်တို လှမ်းခေါ် သည်။

"ဟေ - ဟုတ်လား . . ၊ ဘယ်မှာလဲဗျ . ."

စံကျော်က ပြောပြောဆိုဆိုနှင့် တဲထဲသို့ဝင်လာ၏။ တဲထဲသို့ဝင်လာသောစံကျော်ကို ထွန်းအောင်တို့က ဝိုင်းကြည့်နေကြသည်၊ ကိုယ်တုံးလုံးကြီးနှင့် တဲထဲသို့ ဝင်လာသော စံကျော်မှာ ချွေးတလုံးလုံး ဖြစ်နေသည်။ အပေါ်ပိုင်းမှာ အကျႌမဝတ်ဘဲ ချွေးများနှင့် စိုရွှဲနေသဖြင့် သူ၏မို့မောက်သောရင်စိုပြည်သော အသားအရည်တို့မှာ မြင်ရသူအဖို့ အားကျစရာကောင်းလောက်အောင် တင်းကြွ ပြောင်းဝင်းနေသည်။ ထို့ပြင် သန်မာထွားကျိုင်းသော လက်မောင်းလက်ရုံး၊ ကျယ်ပြန့်သော ကျောပြင်နှင့် ကျွဲပေါက်ကြီး တစ်ကောင်လို ကြံ့ခိုင်သည်။

"ကိုအောင်ရွှေ . . ဘယ်မှာလဲဗျ၊ ကျွန်တော့မီးခြစ်ဆို . . [illegible]ဗျာ"

တဲထဲသို့ ရောက်သည်နှင့် တပြိုင်နက် စံကျော်က ကိုအောင်ရွှေကို ပြောသည်၊ ပြီးလျှင် သူ၏တောက်ပသော မျက်လုံးအစုံနှင့် ဦးကြီးထွန်းကို

www.burmeseclassic.com

www.burmeseclassic.com



လှသိုက်ကို အကဲခတ်ကြည့်သည်။ သူ၏အကြည့်မှာ တစ်စုံတစ်ရာကို မလုံမလဲ ဖြစ်နေသောအကြည့်။

"ငါ့ဆီမှာ မဟုတ်ဘူးကွ။ ဟိုဦးကြီးဆီးမှာ . ."

ကိုအောင်ရွှေက ဦးကြီးထွန်းကို လက်ညှိုးထိုးပြရင်း ဆိုသည်။ ထိုအခါ စံကျော်၏ မျက်လုံးအစုံမှာ ရုတ်ခြည်း ပြူးကျယ်သွားသည်။ နောက်မှ မျက်လွှာကိုချရင်း အိနြွေဆောင်လိုက်သည်။

"နေပါဦးကွဲ . . မောင်စံကျော်ရဲ့၊ ဒီမှာ ခဏထိုင်ပါဦး . ."

ဦးကြီးထွန်းက ပြုံးကြည့်ပြီး၊ မတ်တပ်ကြီးရပ်နေသော စံကျော်ကို ထိုင်ရန်ပြောသည်။ ထို့ကြောင့် စံကျော်မှာ ဦးကြီးထွန်း၏ အနားတွင် မထိုင်ချင့်ထိုင်ချင်နှင့် ဝင်ထိုက်လိုက်ရ၏။ ပြီး ထွန်းအောင်နှင့် ကိုသိမ်းမောင်တို့ကိုလည်း တစ်ချက်စိုက်ကြည့်၏။

"ဒီမီးခြစ်က ငါ့တူရဲ့မီးခြစ်ဆို . . ဟုတ်ရဲ့လား . . ."

ဦးကြီးထွန်းက သူ့လက်ထဲမှ ကြေးဝါမီးခြစ်လေးကိုပြရင်း တည်ငြိမ်သောအသံနှင့် မေးသည်။ ဦးကြီးထွန်း၏ အပြောအဆို အပြုအမူကြောင့် သူ၏မျက်နှာတစ်ခုလုံး နီရဲသွားသည့်ပြင် နေရထိုင်ရ ခက်သွားပုံရသည်။ သူ၏ပုံစံမှာ လူပိုအလယ်၌ ခိုးရာပါပစ္စည်းနှင့်တကွ အဖမ်းအဆီးခံရသော သူခိုးတစ်ဦး၏ ဟန်ပန်မျိုး ဖြစ်နေတော့သည်။

စံကျော်သည် ဦးကြီးထွန်း၏ လက်ထဲမှ ကြေးဝါမီးခြစ်တို တစ်လှည့် ဦးကြီးထွန်းကို တစ်လှည့် စိုက်ကြည့်ပြီး ကြောင်စီစီဖြစ်နေသည်။ ပြီမှ မျက်နှာပိုးသတ်ကာ အီနြွေဆယ်လိုက်သည်။

"မဟုတ်ဘူးဗျ၊ ဦးကြီး . . ကျွန်တော့မီးခြစ်က ဒါမျိုးမဟုတ်ဘူး"

စံကျော်က မှင်သေသေနှင့် ဘူးကွယ်သည်။ ယခု ဦးကြီးထွန်း၏ လက်ထဲက မီးခြစ်မှာ အစင်းသိအချင်းသိ အတူနေကြသူ ကိုအောင်ရွှေကမူ သူ့မီးခြစ်ဟု အတတ်ပြောထားပြီး၊ စံကျော်က မဟုတ်ကြောင်း ငြင်းသည်။ သည်အတိုင်းဆိုလျှင် ကိုအောင်ရွှေက ညာပြောလေသလား၊ စံကျော်ကပင် လိမ်ပြောလေသလား။ မည်သို့ဆိုစေ၊ ကိုအောင်ရွှေပြောသည့် စကားသာမှန်ရမည်ဟု ထွန်းအောင်က ထင်သည်။

စံကျော်၏ စကားအဆုံးတွင် ဦးကြီးထွန်းက "ဟင်း"ကနဲ သက်ပြင်းတစ်ချက် ချလိုက်သည်။ ပြီးလျှင် ဦးကြီးထွန်းက စံကျော်ကို စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။ ဦးကြီးထွန်း၏ အကြည့်ကြောင့် စံကျော်ခေါင်းငုံ့သွားသည်။

"ဒါနဲ့ - ဒီမီးခြစ်က ငါ့တူရဲ့မီးခြစ်လို့ ဟောဒီက မောင်အောင်ရွှေက ပြောတာပဲ . . ."



ဦးကြီးထွန်း စံကျော်၏စကားကို တစ်ချက်ထောက်လိုက်သည်။ ပြီးလျှင် ကိုအောင်ရွှေကိုလည်း လက်ညှိုးထိုး၍ ပြလိုက်၏။ သည်အခါ စံကျော်၏ မျက်နှာတစ်ခုလုံးမှာ ရုတ်ချည်း နီရဲသွားသည်။ ပြီး မျက်ထောင့်နီကြီးနှင့် ကိုအောင်ရွှေကို သည်လို ပြောရပါမည်လားဟု မကျေမနပ်ဖြစ်ခါ စိုက်ကြည့်လိုက်ပြန်သည်။

"ဟာဗျာ . . ဦးကြီးကလဲ . . ခက်လိုက်တာ . .၊ ဒီလူက ပစ္စည်းရှင်ထက် ပိုပြီး သိမလားဗျ . .။ ဟုတ်ရင် ဟုတ်တယ်လို့ ကျွန်တော် ပြောမှာပေါ့ဗျ။ ဒီကိုယူလာတဲ့ မီးခြစ်လေးက ဒန်မီးခြစ် အဖြူလေးဗျ။ ကျွန်တော့ဆီမှာ မီးခြစ်နှစ်လုံးရှိတယ်။ အဲဒီလို ကြေးမီးခြစ်က အိမ်မှာထားခဲ့တယ်။ ကိုယ့်ပစ္စည်းမဟုတ်ဘဲနဲ့တော့ မယူချင်ပါဘူးဗျာ . .၊ သွားမယ် . . သွားမယ် . . အလုပ်ရှိသေးတယ် . ."

စံကျော်က ပြောပြောဆိုဆိုနှင့် ရှူးရှူးရှဲရှဲဖြစ်ကာ တဲအပြင်သို့ထွက်သွားရင်းကလည်း ဒါများ တကူးတကလာပြီး "ဆင်တဲဆာကို အနာလုပ်လို့" ဟု ပြောသွားသေးသည်။ ထွန်းအောင်စိတ်ကထဲကမူ မကြေမနပ်နှင့်-

"သူခိုးက ခိုးတယ်ပြောရင် ထောင်တောင် မဆန့်ဘူး၊ နေနှင့်ဦးပေါ့ စံကျော်ရာ" ဟူ၍လည်း စိတ်ထဲက ကျိတ်၍ ကြုံးဝါးနေမိသည်။

"နေပါဦးဗျ ဦးဖိုးထွန်း . .။ ဒီမီးခြစ်ကိစ္စက ဘယ်လိုများ အရေးကြီးနေလို့ပါလိမ့်။ ကျုပ်တို့လဲ ဘာမှ မသိရသေးပါလား . .။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ . . ကျုပ်ကိုတော့ အသိပေးဖို့ ကောင်းတာပေါ့။ ပြောပါဗျာ . . ပြောပါ တစ်ဦးနဲ့တစ်ဦး ထိမ်ချန်ထားရမယ့် လူတွေမှ မဟုတ်ဘဲ၊ ပွင့်ပွင့်လင်းလင်းပေါ့ . . ."

ဦးကြီးထွန်း၏ ရှေ့တည့်တည့်တွင် ထိုင်နေသော ဦးကျော်ခိုင်တဆိုသည်။ ယခုကိစ္စနှင့်ပတ်သက်၍ သူ့ကိုအနည်းငယ်မျှ အသိမပေးပဲ စံကျော်ကိုသာ ခေါ်ကာ မေးလားစစ်လာ လုပ်သည်သည် ဦးကျော်ခိုင်က သိပ်ကြိုက်နှစ်သက်ပုံမပေါ်။ လူကြီးတစ်ယောက်ဖြစ်သော သူ့ကိုလည်း အသိပေးသင့်သည်ဟု ဦးကျော်ခိုင်က ထင်မြင်ယူဆပုံရသည်။ မည်သို့ဆိုစေ၊ ယခုကိစ္စနှင့်ပတ်သက်၍ ဦးကျော်ခိုင်မှာ လုံးဝ သိရှိပုံမပေါ်။ ထို့အတူ ကိုအောင်ရွှေလည်း သိရှိမည်မဟုတ်။

ထို့ကြောင့်လည်း အရိုးခံအတိုင်းပင် သူ့ကို ပွင့်ပွင့်လင်းလင်းပြောပါဟု ဦးကျော်ခိုင်က ဆိုလာသည်။ သို့ရာတွင် သူ၏စကားက ခက်ထန်သည်ဟု ထွန်းအောင်က ထင်မြင်မိသည်။

"ဒီလိုဗျ - ဦးကျော်ခိုင်ရဲ့ . .၊ ခင်ဗျားကို လူကြီးတစ်ယောက်အနေနဲ့ မလေးမစား လုပ်တယ်လို့လည်း သဘောမထားပါနဲ့ဗျာ . . .၊ ကျွန်တော်

www.burmeseclassic.com



တောင်းပန်ပါတယ်။ ဟို လွန်ခဲ့တဲ့ နှစ်ရက်က ညကြီးသန်းခေါင် ကျွန်တော်တို့ရဲ့ မီးသွေးပုံကြီးကို မီးလောင်တယ်။ ကျွန်တော်တို့အားလုံး အိပ်ပျော်နေကြတာဗျ။ ဟောဒီက မောင်ထွန်းအောင်က အပေါ့အပါး သွားမယ်ဆိုပြီး ထတော့ လူတစ်ယောက်ဟာ မှောင်ရိပ်ထဲက ထွက်ပြေးသွားတာကို မြင်ခဲ့ရတယ်ဗျာ. .။ အဲဒါနဲ့ ကျွန်တော့ကိုနှိုးတော့ ကျွန်တော်လည်း ထကြည့်ရော မီးသွေးပုံကို မီးလောင်နေတာ တွေ့ရလို့ . . . အားလုံး အိပ်ယာကထပြီး မီးငြိမ်းသတ်ပစ်ခဲ့ကြရတယ်။ အသိစောလို့ပေါ့ဗျာ. .၊ မစောရင် ကုန်ရောပဲ"

ဦးကြီးထွန်းက ဦးကျော်ခိုင်ကို ပထမ တောင်းပန်စကား ဆိုသည်။ ပြီးမှ ယခင်ညက အဖြစ်အပျက်အားလုံးကို အသေးစိပ် ရှင်းလင်းပြောပြသည်။

"ဟုတ်ပြီလေ၊ ဒါနဲ့နေပါဦးဗျ. .၊ ခင်ဗျားတို့မီးသွေးပုံကို မီးလောင်တာနဲ့ ဒီမီးခြစ်ကိစ္စနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ. ."

ဦးကျော်ခိုင်က သူမရှင်းလင်းသော အကြောင်းအရာကို သိချင်လွန်းလှစွာနှင့် ဦးကြီးထွန်း၏ စကားအရပ်တွင် ဖြတ်မေး၏။

"သိရမယ်လေဗျာ. .။ ဒီမီးခြစ်ကို ကျွန်တော်တို့ မီးသွေးပုံနားမှာ အဲဒီညက ကျွန်တော်ပဲ ကောက်ရခဲ့တယ်။ အခု မောင်အောင်ရွှေက ပြောတော့ စံကျော်ရဲ့ မီးခြစ်လို့ပြောတာ ခင်ဗျားလဲ ကြားသားပဲ။ ခင်ဗျားတို့ဟာ အတူနေတဲ့လူတွေဖြစ်တော့ ဒီပစ္စည်းဟာ စံကျော်ရဲ့ပစ္စည်း ဟုတ်၊မဟုတ် ခင်ဗျားလဲသိမှာပေါ့ဗျာ၊ အရှင်းဆုံး ပြောရမယ်ဆိုရင် မီးသွေးပုံက သူ့ဖာသာသူတော့ ဘယ်နည်းနဲ့မှ မီးမလောင်နိုင်ဘူးပေါ့ဗျာ. .။ အဲ ရှိရင်တော့ လောင်တတ်တယ်ပေါ့၊ ဟဲ. . ဟဲ. ."

ဦးကြီးထွန်းက သူ၏မျက်နှာကို အတတ်နိုင်ဆုံး ပြုံးရွှင်စွာထား၍ ပြောကြားနေသည်၊ သို့ရာတွင် သူ၏ရင်ထဲ၌ စံကျော့အပေါ် တွင် မည်းရွေ့မည်မှု ခံပြင်းနေကြောင်းကိုလည်း ထွန်းအောင်တို့ သိကြသည်။ မည်သို့ဆိုစေ၊ လူကြီးတစ်ယောက်၏ ခံယူချက်နှင့် သဘောထားက ဦးကြီးထွန်း၏ အတွင်းစိတ်ကို ထိန်းချုပ်ထားဟန် တူလေသည်။

"ခင်ဗျား ပြောသလိုဆိုရင်လည်း စံကျော်က ခင်ဗျားတို့မီးသွေးပုံဆီကိုလာပြီး မလိုတမာစိတ်နဲ့ မီးလာရှို့တယ်လို့ ဆိုတာပေါ့. . ဟုတ်လား. . ."

ဦးကျော်ခိုင်က သူ၏ ယင်မြင်ချက်နှင့် ဦးကြီးထွန်း၏ စကားကို သုံးသပ်ကာ ပွင့်ပွင့်လင်းလင်း မေးသည်။

"ဒီလိုလည်း မဟုတ်သေးပါဘူးဗျ။ အတိအကျ ဟုတ်တယ်လို့လည်း ကျွန်တော်တို့က မစွပ်စွဲရဲသေးပါဘူး။ ဒါပေမဲ့ ကျွန်တော်ပြောတာက ဖြစ်နိုင်တဲ့ သဘောတရားကို ပြောပြတာပါ။ ခင်ဗျားလဲ အသိဉာဏ်ရှိတဲ့ လူကြီးတစ်ယောက်ပဲ၊ စဉ်းစားကြည့်ပေါ့ဗျာ. ."



"အေးလေ. . လူငယ်တွေဆိုတော့. . ပြောရဆိုရ ခက်တယ်ဗျ။ ဒါနဲ့ပြောရဦးမယ်။ ခင်ဗျားတို့လိုပဲ ကျွန်တော့ရဲ့ မီးသွေးပုံကြီးကိုလည်း လွန်ခဲ့တဲ့ လေးငါးရက်လောက်က ညကြီးမင်းကြီး မီးထပြီးလောင်လို့ ငြိမ်းရသတ်ရသေးတယ်။ ဟိုမှာ ခွဲထားတဲ့ အပုံလေးကိုလည်း ကြည့်ပါဦးဗျ၊ အဲဒီလိုပေါ့ဗျာ. . သူ့အလိုလို အတွင်းက မီးမကုန်လို့ ဖြစ်တာမျိုး ဆိုရင်ကော. . ဒီကိစ္စတွေက ဖြစ်တတ် ပျက်တတ်တဲ့ သဘောတရားတွေဆိုတာ. . ခင်ဗျားလဲ သိပါတယ် ဦးဖိုးထွန်းရယ်. . ."

ဦးကျော်ခိုင်ကလည်း အလာသား။ သူ့စကားက သူမယားဘက် ခပ်ပါပါဆိုသည့် အစားထဲပင်။ သူ့လူကို ထိမည်စိုး၍ ဖုံးလိုက်ဖိလိုက်သည်မှာလည်း လွန်ပါရော. .။ ကြည့်ပါဦး။ ထွန်းအောင်တို့၏ မီးသွေးပုံကို မီးလောင်သည့်ကိစ္စ ပြောဆိုရင်း သူတို့၏ မီးသွေးပုံကိုလည်း မီးလောင်ကြောင်း ပြောကြားလာသည်။ သူ့စကားက မဆီမဆိုင် လက်ပံသား မှားနှင့်ချိုင် ဆိုသလိုပင်။ ထွန်းအောင်တို့စကားနှင့် ထွန်းအောင်တို့ကို ပြန်ပတ်ချင်နေသည်။ ထွန်းအောင်တို့သည် ထိုသို့ရောက်စဉ်က မြင်တွေ့ခဲ့သော မီးသွေးပုံကြီးဘေးမှ မီးသွေးပုံလေးဆီသို့ လှမ်းကြည့်လိုက်ကြသည်။

မှန်ပေသည်။ သူတို့ မီးသွေးပုံကလည်း သူ့အလိုလိုပင် မီးလောင်လေသလား။ သူတို့လုပ်ငန်းအရ ပေါ့ဆ၍ပင် လောင်လေသလားဟု ထွန်းအောင်တို့မသိ။ မည်သို့ဆိုစေ မီးလောင်သည်ကတော့ အမှန်ပင်တည်း။

"ထားပါတော့ဗျာ. .။ ထားပါတော့၊ ဒါဖြင့် ဒီမီးခြစ်က သူ့အလိုလိုတော့ ခြေထောက်ပေါက်ပြီး၊ ကျွန်တော်တို့ မီးသွေးပုံကြီးဆီကို ရောက်လာနိုင်စရာ အကြောင်းမရှိဘူးလို့ ကျွန်တော်ထင်တာပဲ. ."

"အော်. . ဦးဖိုးထွန်းကလည်း ခက်လိုက်တာဗျာ. . .။ ကျွန်တော့်ကို ဒီလိုတော့ မလျှောင်ပါနဲ့ဗျာ။ တကယ်ဆိုရင်လည်း ကျွန်တော့်ကို လူကြီးတစ်ယောက်အနေနဲ့ အရင်ဆုံး ပြောပြ အသိပေးဖို့ ကောင်းပါတယ်။ အခုတော့ ခင်ဗျားတို့ဟာက စံကျော့်ကို ကိုယ့်သဘောနဲ့ကိုယ် ခေါ်မေးပြီးမှ ကျွန်တော်ကသိရတော့ ခက်တယ်ဗျ၊ စံကျော်ကလည်း ပြောတယ်မဟုတ်လား။ အေးလေ ဒါပေမဲ့ ခင်ဗျားတို့နဲ့ ကျွန်တော်တို့က လူချင်းအမျိုးမတော်ကြပေမဲ့ အလုပ်ချင်းက အမျိုးတော်နေကြတာပဲ။ ဒီတော့ ကျွန်တော်ကလည်း စံကျော်ကို သေသေချာချာ မေးစမ်းကြည့်ပါဦးမယ်ဗျာ. .။ ခင်ဗျားတို့ကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး မကြေမနပ်တော့ မဖြစ်ကြပါနဲ့ဗျာ. .။ တကယ်လို့ ဦးဖိုးထွန်း ပြောသလို စံကျော်က မိုက်ခဲ့တယ် ဆိုရင်လည်း ကျွန်တော့်အနေနဲ့ ကြည့်ရှု ဆုံးမပေးပါ့မယ်ဗျာ. .။ နောက်နောင် ဒီလို မဖြစ်စေရဘူးပေါ့"

ဦးကျော်ခိုင်က သူ၏စကား အသွားအလာတို့ [illegible] မ

www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် ထိန်းသိမ်းပြီး ပြောဆိုနေသည်။ လူကြီးပီပီ စကားပြောတောင်းသော ဦးကျော်ခိုင်ပင်။

ထွန်းအောင်က စကားတစ်လုံးမှ ဝင်ရောက် ပြောဆိုခွင့် မရသဖြင့် စိတ်ထဲက ခံပြင်းနေသည်။ ဦးကြီးထွန်းက သူ့အလုပ်ကို ဝင်ရှုပ်လျှင် အနည်းငယ်မျှ မကြိုက်ကြောင်း ထွန်းအောင်သိသည်။ အကယ်၍ ပြောခွင့်သာရှိလျှင် ထွန်းအောင်က လက်ညှိုးထိုး၍ ပြောဆိုချင်သည်။ လက်သီးလက်မောင်းတန်း၍ ပြောဆိုချင်သည်။ မဟုတ်မှလွဲရော. . စံကျော်လက်ချက်သာ ဖြစ်ရမည်ဟု ပြောဆို စိန်ခေါ်လိုက်ချင်သည်။ သို့သော်လည်း နွားရှေ့ထွန်ကျူးရာ ကျမည်မို့ အောင့်သက်သက်နှင့် ငြိမ်နေရသည်။

မည်သို့ဆိုစေ၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျလျှင် သူတို့အားလုံးကို ထွန်းအောင်တို့ ခံစားရသလို ခံစားရအောင် ပြန်လည်၍ပြုလုပ်မည်ဟု ဆုံးဖြတ်ချက် ချလိုက်မိသည်။ ပြီးလျှင် "နေနှင့်ဦးပေါ့ စံကျော်ရယ်. . တစ်နေ့ တို့အကြောင်း မင်းကောင်းကောင်း သိရမှာပေါ့. . "ဟူ၍လည်း ရင်ထဲ၌ ကြိတ်ပြီး ကြုံးဝါးမိလေသည်။

"ကောင်းပါပြီ၊ ဦးကျော်ခိုင်ရယ်. . .။ ကျွန်တော်တို့ လိုချင်တာလည်း ဒီသဘောပါပဲ။ ကြည့်ရှုမေးမြန်းပြီး ဆုံးမပေးမယ် ဆိုရင်လဲ ကျေနပ်ပါပြီဗျာ။ ကျွန်တော့်အနေနဲ့လည်း ခင်ဗျားတို့နဲ့ ချစ်ချစ်ခင်ခင် ဖြစ်စေချင်လွန်းလို့ ဒီ မီးခြစ်ကို ကောက်ရတဲ့ညက လူငယ်တွေသိမှာစိုးလို့ သိမ်းသိမ်းဆည်းဆည်းနဲ့ ဖုံးဖိပြီး ထားခဲ့ရတယ်။ အခုတောင်မှ ဒီက မောင်ထွန်းအောင်တို့ ဖိုးသိမ်းမောင်တို့ဆိုတာ ဘာမှ သိကြတာမဟုတ်ဘူးဗျ။ ဒီကိုရောက်မှ သူတို့လည်း ဒီကိစ္စအားလုံးကို သိကြတာ။ ကဲ - ကျွန်တော်တို့လည်း ပြန်လိုက်ဦးမယ်၊ နောက်တစ်ဆိုင်း ဖုတ်ဖို့အတွက် လုပ်တုန်းကိုင်တုန်း ဒီကိုထလာကြတာ။ ကျွန်တော်တို့ကိုလည်း အခု ကိစ္စနဲ့ပတ်သက်ပြီး . . . မေးတာ. . မြန်းတာကို ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ. . . ဟုတ်လား. . "

ဦးကြီးထွန်းက ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထလိုက်သည်။ ထိုအခါ ထွန်းအောင်နှင့် ကိုသိမ်းမောင်မှာလည်း ထိုင်ရာက ထကြရတော့သည်။ ထို့နောက် ထွန်းအောင်တို့မှာ အောင့်သက်သက်နှင့် တဲဆီသို့ ပြန်လာခဲ့ကြရသည်။

သည်တစ်ချီ၌လည်း ထွန်းအောင်တို့အဖို့ မအောင်မြင်ခဲ့ချေ။ တောထဲသို့ စ၍ရောက်ခဲ့စဉ်ကလည်း မီးသွေးဖုတ်ရန် နေရာလုကြရာ၌ ထွန်းအောင်တို့ပင် အရေးနိမ့်ခဲ့သည်။ ယခုလည်း ခံလိုက်ရပြန်ချေပြီ။ သည်အခါ မိအေးနှစ်ခါနာ ဖြစ်ရသော ထွန်းအောင်တို့မှာ မချိတင်ကဲ ဖြစ်ရသည်။ အောင့်သက်သက်နှင့် ဒေါပွ၍မဆုံး။ သို့ရာတွင် ထွန်းအောင်အဖို့ ထစ်စုံတစ်ခုသော အတွေးကြောင့် ဒေါသဖြစ်နေသည့်ကြားမှ အားပါးတရ ပြုံးလိုက်မိလေသည်။

## [၁၇]

"ဒီကောင်တွေကွာ . . .၊ မိုးချုပ်နေဝင် . . "

ဦးကြီးထွန်းသည် ဤစကားကို လေးငါးခါထက်မနည်း ရေရွတ်ကာ မီးသွေးပုံဘက် ထွက်သွားလိုက် တဲထဲပြန်ဝင်လာလိုက်နှင့် ဂနာမငြိမ် ဖြစ်နေသည်။ ဦးကြီးထွန်း ထိုသို့ဖြစ်မည်ဆိုကလည်း ဖြစ်စရာ။ မနက်စာစားပြီးကတည်းက သိမ်းမောင်နှင့် ရွှေမော်တို့သည် သူတို့ မီးသွေးထင်း သွားရှာစဉ်ကပင် တွေ့ထားခဲ့ကြသည်ဆိုသော ခါချဉ်ငယ်ဟင်း ချက်စားရအောင်ဟု တောထဲ ထွက်သွားကြသည်။ ယခု နေလုံးမှာ ရိုးမပေါ် စီးတင်နေလေပြီ။ သူတို့နှစ်ယောက်က ယခုထိ စခန်းသို့ ပြန်ရောက်မလာကြသေး။ တောမှာတောင်မှာ နေညိုသည်နှင့် စခန်းပြန်ရမည်ကို မသိလေသလားဟု အကြီးဖြစ်သူ သိမ်းမောင်ကို ဦးကြီးထွန်း ဒေါသထွက်နေသည်။ သူတို့နှစ်ယောက်ကို မြင်သည်နှင့် ဦးကြီးထွန်းက -

"ဟေ့ကောင် - သိမ်းမောင်၊ ခု ဘယ်အချိန်ရှိပြီလဲ၊ မင်းတို့ကို ငါ ဘယ်လိုပြောထားလဲ. . "

ဟု ဆီးဟောက်၏။

"ဦးကြီးထွန်းရယ် အဖြစ်ကတော့ မပြောပါနဲ့တော့ဗျာ။ ဒီတောင့်ကိုပဲ မေးကြည့်တော့"

"ကဲ - ပြောပါဦး၊ တောမှာတောင်မှာ ဘယ်လိုဖြစ်လို့ ဒီလောက်မိုးချုပ်နေဝင် နေရ. . "

ဟူသော ဦးကြီးထွန်း၏ စကားမဆုံးမီပင် သိမ်းမောင်နှင့် ရွှေမော်တို့က သူတို့အဖြစ်ကို ပြောပြကြသည်။

သူတို့နှစ်ယောက်သည် ခါချဉ်ထုပ်ထဲက ခါချဉ်မဖြစ်သေးသော ခါချဉ်ကောင်လောင်း ဥတွေကိုယူရန် သစ်ပင်ပေါ်က ခါချဉ်ထုပ်တွေကို ခူးနေကြသည်။ ခါချဉ်ထုပ် နှစ်ထုပ်သုံးထုပ်သာ ခုတ်ချရသေး၏။ ခါချဉ်ထုပ်တိုဖျက်၍ ခါချဉ်ဥ ခါချဉ်လောင်းတွေကိုပင် မကောက်ရသေးမီ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကို ကြားလိုက်ရသဖြင့် သစ်ပင်ပေါ်က အောက်မဆင်းရဲဘဲ၊ ကျားမြည်သံကြားရာသို့ လှမ်းကြည့်နေကြသည်။

ကျားမြည်သံမှာ သူတို့စခန်းထဲက မကြာမကြာကြားနေကျ ရိုးမထဲက ကျားဟိန်းသံ။ ကျား "ကျောင်တစ်" သံများနှင့်မတူ၊ အစကမူ ကြောင်အော်သံလားဟုပင် ထင်မိကြသည်။ သို့သော် ကြောင်အော်သံက ဤမျှမကျယ်။ အိမ်ကြောင် တောကြောင်များ မိတ်လိုက်ကြသောအခါ မြည်သံလိုအသံမှာ ဆွဲဆွဲငင်ငင်နှင့် သံရှည်ဆွဲ၍မြည်သည်။

မကြာမီပင် ကျားတစ်ကောင်သည် သူဇာတို့နှင့်နီးရာသို့ ရောက်လာသည်။ ကျားမှာ အမြီးက ဂနာမငြိမ် လှုပ်ရမ်းနေဘလို သံရှည်ဆွဲ၍ "ငြူ . . . ငြူ . . ." မြည်လာသော အသံကလည်း ရပ်တန့်မသွား။ ပါးစပ်ကြီးကို ဟဖြဲ၍ အဆက်မပြတ် မြည်နေသည်။ ပြီးတော့ ခြေလှမ်းရပ်လိုက်တာ ကြောင်ခြစ် (ကြောင်ဗေဒင်တွက်) သလို သစ်ပင်တစ်ပင်၏ ပင်စည်ကို ဒေါသတကြီး ကုတ်ခြစ်နေပြန်သည်။ ထိုသို့ ကုတ်ခြစ်နေစဉ်၌လည်း သူ့ပါးစပ်ထဲက မြည်သံအော်သံ ရပ်မသွား။

ကျားကြီးသည် သူတို့ မည်သည့်သစ်ပင်၌ ရှိနေကြသည်ကို ကြောင်တပည့်ကျား ဗေဒင်တွက်နေပြီဟု ရွှေမော်မှာ ကြောက်ကြောက်နှင့် ကြံဖန်တွေးမိလိုက်ပြန်သည်။

ထိုသို့ ကျားက သစ်ပင်ကို ကုတ်ခြစ်လိုက်၊ ပါးစပ်က မပြတ်မြည်လိုက်၊ မြေပေါ်လူးလှိမ့်လိုက်၊ သစ်ပင်ကို ကုတ်ခြစ်လိုက် လုပ်နေစဉ်၊ မြည်သံတစ်မျိုးပေးကာ သူ့ထက်ကြီးသော ကျားကြီးတစ်ကောင် ရောက်လာပြန်သည်။ နောက်ရောက်လာသော ကျားက ပထမကျားအနီးသို့ ကပ်သွားရာ၊ ပထမကျားက နောက်ရောက်လာသော ကျားကို ရန်လိုသံနှင့် လှမ်းဟိန်းသည်။ ထိုအခါ ဒုတိယ ကျားက ပထမကျားအနားသို့ မကပ်ဝံ့ဘဲ ခြေသေ့ထိုင်, ထိုင်ကာ ပထမကျားကို စိမ်းစိမ်းကြီးကြည့်ပြီး ရန်လိုသံနှင့် မတိုးမကျယ် အော်မြည်နေသည်။

နှစ်ကောင်စလုံး၏ မြည်သံမှာ တစ်ကောင်နှင့်တစ်ကောင် စိန်ခေါ်နေကြသလား ထင်ရပြီး၊ ဒုတိယ ရောက်လာသော ကျားက ပထမကျားကို အလစ်ဝင်ကိုက်ရန် ချောင်းနေသည်။ ပထမကျားကလည်း သူ့အနားကို အကပ်မခံ။ အနားရောက်လာတိုင်း လှမ်းလှမ်းကိုက်၏။ ထိုအခါ ဒုတိယကျားကလည်း မကြေမနပ်နှင့် ပါးစပ်က တရစပ်မြည်ပြီး ရန်လိုနေသော်လည်း ဝင်မကိုက်ရဲ ဖြစ်နေသည်။ ထိုသို့ဖြစ်နေစဉ် မကြာမီမှာပင် နောက်ထပ် ကျားတစ်ကောင် ဘယ်ကဘယ်လို ထွက်လာသည်မသိ၊ အသံပေးကာ စောစောက ကျားနှစ်ကောင်နား ရောက်လာပြန်သည်။ ထိုအခါမှာတော့ အလုံးအရပ်ကလည်း သိပ်မကွာလှသော ဒုတိယကျားနှင့် တတိယရောက်လာသော ကျားနှစ်ကောင်တို့မှာ တစ်ကောင်နှင့်တစ်ကောင် စတင် တိုက်ခိုက်ကြတော့သည်။ ကိုက်လိုက်ကြသည်မှာ အသေအလဲ ကိုက်ခဲနေကြ၏။



ဒုတိယကျားနှင့် တတိယကျားတို့ သူတစ်ပြန် ကိုယ်တစ်ပြန် အသေအလဲ ကိုက်ခဲနေကြစဉ်၊ ပထမဦးဆုံးကျားသည် မည်သည့်ဘက်ကမှ ဝင်မကိုက်ဘဲ၊ မြေပြင်တွင်ဝပ်ကာ အမြီးတန့်နှံ့နှင့် စိမ်ပြေနပြေပင် ကြည့်နေသည်။

ထို့နောက် ပထမကျားက မြေပြင်တွင်ဝပ်ချလိုက်၊ လေးဘက်ထောက်ရပ်လိုက်၊ မြေပြင်တွင် လူးလှိမ့်လိုက် လုပ်နေသော်လည်း ပါးစပ်က မြည်တမ်းနေသည်မှာ ထို ကိုက်ခဲနေကြသော ကျားနှစ်ကောင်စလုံးကို ဩဘာသံ ပေးနေသလိုပင်။

သည်လိုနှင့် ကိုက်ခဲနေကြသော ကျားနှစ်ကောင်မှာ မည်သည့်အကောင်ဟုပင် သိမ်းမောင်နှင့် ရွှေမော်တို့က မမှတ်မိကြတော့။ တစ်ကောင်မှာ နားရွက် စုတ်ပြတ်သွားပြီး ပါးစပ်က သွေးထွက်လာသောအခါ မကြေမနပ်သော အသံကို ကျယ်ကျယ်လောင်လောင်ပြုကာ ထွက်ပြေးသွား လေသည်။

ထိုအခါမှ ကျန်နေသော ကျားကြီးသည် ထွက်ပြေးသွားသော ကျားနောက်သို့မလိုက်ဘဲ၊ သူတို့နှစ်ကောင် ကိုက်နေကြစဉ်က ဘယ်သူ့ကိုမှ ဝင်ကူမကိုက်ဘဲ အေးအေးလူလူ ကြည့်နေသော ကျားကို ဝင်လုံးတော့သည်။ ထိုအခါမှ သစ်ပင်ပေါ်က ကြည့်နေကြသော သိမ်းမောင်နှင့် ရွှေမော်တို့မှာ ကျားမိတ်လိုက်သည်ကို မြင်ဖူးသွားကြသည်။

ထိုကျားထီးကျားမ နှစ်ကောင်တို့မှာ ကျေကျေနပ်နပ် ဖြစ်သွားကြသော်လည်း ထိုနေရာက တော်တော်နှင့် ခွာမသွားကြသေး၊ တစ်ကောင်နှင့်တစ်ကောင် လက်ပုတ်ခေါင်းခွေ ကိုက်ဖဲကျီစယ်နေကြသည်မှာလည်း အကြာကြီး။ သိမ်းမောင်နှင့် ရွှေမော်တို့မှာ နေညိုလာသည်နှင့် သူတို့နှစ်ယောက်အား စခန်းရှိလူများက စိုးရိမ်နေကြမည်ကိုလည်း သိ၏။ သို့သော် ကျားလင်မယား နှစ်ကောင်က ထိုနေရာက မခွာကြသေးသဖြင့် သူတို့နှစ်ယောက်မှာ နေ့တစ်ဝက်နီးနီး သစ်ပင်ပေါ်မှ အောက်သို့ မဆင်းရဲ ဖြစ်နေကြသည်။

သည့်နောက် နေတော်တော်ကျသွားပြီး ရိုးလည်ဘက်က ဂျီအော်သံကို ကြားတော့မှ ကျားလင်မယားသည် တစ်ကောင်နှင့်တစ်ကောင် ထိုးတိုက်ကာ ရိုးမ တောနက်ဘက် ထွက်သွားကြသည်။ ထိုအခါမှာလည်း သူတို့နှစ်ယောက် သစ်ပင်ပေါ်က ချက်ချင်း မဆင်းရဲကြသေး။ ကျားလင်မယားထွက်သွားကြသောဘက်မှ တောကြက်တစ်အုပ် ထပျံပြီး ကြက်ဖကြီးများ အော်သံကို ကြားတော့မှ သစ်ပင်ပေါ်က ကမန်းကတန်း ဆင်းပြီး ခန်းသို့ ပြေးလာခဲ့ကြခြင်း ဖြစ်သည်။ ဤသည်ကို ကျော်စိန်က-

www.burmeseclassic.com

www.burmeseclassic.com



"တော်ကော် ခါချဉ်ကျော်ဟင်း ငတ်ကြီးကျတဲ့ကောင်တွေ၊ ကျားက လည်း ကြောင်လိုပဲ သစ်ပင်ပေါ် တက်တတ်တယ်နော်။ ကျားဆရာကြောင်ဆို မဟုတ်လား၊ ကျားကြီးတွေက အနံ့ခံပြီး နင်တို့ကို တက်မကိုက်တာဘဲ ကံ ကောင်းတယ်မှတ်"

ဟု ဆိုလိုက်ရာ ရွှေမော်က -

"ကိုကြီးစိန်ကလည်း ကျားမှာ နှာခေါင်းပေါက်မှမပါတာ ဘယ်လို လုပ် ကျုပ်တို့ကို အနံ့ခံလို့ရမလဲ"

"ပေါက်ကရ . . . မင်းကို ဘယ်လူပြောလဲ၊ နှာခေါင်းပေါက် မပါရင် ဘယ်လိုလုပ် အသက်ရှူမလဲ သေသွားမှာပေါ့"

ထွန်းအောင်က ဝင်ပြောပြန်သည်။

"မင်းပြောသလို နှာခေါင်းပေါက်ပါရင် ဘာလို့ အနံ့မခံတတ်လဲ၊ ကဲ ပြော . ."

"ဟေ့ကောင်တွေ၊ တော်တော့ . ။ သားစိမ်းငါးစိမ်းစားပြီး သွေးပါး စပ်က အမြဲ ပုတ်ဟောင် နံစော်နေတာ ဘယ်အကောင့်အနံ့ကို ခံလို့ရမှာတုန်း၊ ကျားသာ အနံ့ခံပြီး ကိုက်တတ်ရင် သတ္တရဘန်မှာ တိရစ္ဆာန်တောင် ကျန်မှာ မဟုတ်ဘူး။ ကဲ - ဘယ်အချိန်ရှိပြီလဲ လုပ်ကြ၊ ရွှေမောင်တို့ သိမ်းမောင်ကြီး တို့ ရလာတဲ့ ခါချဉ်ကျော်ဟင်းနဲ့ ညနေစာ စားကြရအောင်"

ဦးကြီးထွန်း ရွဲ့အော်လိုက်မှ သူတို့ စကားဝိုင်းက ရပ်သွား၏။

× × × × ×

[၁၈]

လ,က ထိန်ထိန်သာနေသည်။

ထွန်းအောင်တို့၏ နောက်တစ်ဆိုင်း ပြုလုပ်ထားသော မြေတိုက်မီး သွေးဖိုကြီး သုံးဖိုမှ မီးခိုးမဲမဲတို့သည် ကောင်းကင်ပေါ်သို့ အလုအယက် တက် နေကြသည်။ ထိုမီးခိုးမဲမဲတို့သည် ကောင်းကင်တစ်နေရာ၌ ပေါင်းဆုံကာ တိမ်ထုများထဲသို့ တိုးဝင်နေကြသည်ကို လ၏ အလင်းရောင် အောက်တွင် ပီပြင်ထင်ရှားစွာ မြင်နေရသည်။ တဲရှေ့တွင် ဖိုထားသော မီးလင်းဖိုကြီးနှစ် ဖိုမှ မီးတောက်များကလည်း တဟုန်းဟုန်း တောက်လောင်နေကြသည်။ လေ သည် ညှင်းညှင်းသွဲ့သွဲ့ တိုက်ခတ်နေ၏။ တစ်ခါတစ်ခါတွင် ရိုးမကြီးဆီမှ ကျားဟိန်းသံနှင့် ဂျီဟောက်သံတို့ကိုလည်း ကြားရတတ်သည်။ သစ်ရွက်တို့ သစ်ရွက်ကြားမှ ဖြာကျနေသော လရောင်ရိပ်ကြောင့် ထွန်းအောင်တို့၏ မီး သွေးဖိုကြီးကို ထင်လင်းစွာ မြင်နေရလေသည်။

လ,က ထိန်ထိန်သာနေသော်လည်း ထွန်းအောင်၏ စိတ်ကမူ မသာ ယာ။ "ယနေ့ည လ,မသာပါစေနဲ့" ဟူ၍ ကျိတ်ပြီး ဆုတောင်းခဲ့သော ထွန်းအောင်၏ ဆုတောင်းကား မပြည့်သည့်အပြင် သည်ညမှ လ,က ဝိုသာ၍ နေသည်မို့ ခတ်ရပြန်ချေပြီ။ အကြံအိုက်ရချေပြီ။ သည်အခါ လသာသော ညတစ်ည၏ လွန်ခဲ့သော အဖြစ်အပျက်တို့မှာ ထွန်းအောင်၏ အတွေးထဲသို့ တစ်မုဟုတ်ချင်း ဝင်ရောက်လာသည်။

စံကျော်၏ မဲမဲသဏ္ဍာန်နှင့် ထွန်းအောင်တို့၏ မီးသွေးပုံကြီး မီး လောင်ခြင်း ဟူသော ပြဿနာများ . . ။ ထွန်းအောင်သည် တဲရှေ့ရှိ မီး သွေးပုံကြီးဘေးတွင် ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်၊ တောင်မြှောက် ကြည့်လိုက်နှင့် စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်နေသည်။

ယနေ့ညတွင် မီးသွေးပုံကြီးနှင့် မီးသွေးဖိုများကို စိတ်[illegible] ဦးကြီး ထွန်းက ထွန်းအောင်အား ယင်းကဲ့သို့ ညစောင့်တာဝန်ကို [illegible] ဖြစ်၏။

ယခင်ညတွေကဆိုလျှင် ဦးကြီးထွန်း၊ ကိုသိန်းအောင်နှင့် ဆိုကျော်

www.burmeseclassic.com

www.burmeseclassic.com



စိန့်တို့မှာ တစ်ယောက် တစ်လှည့်စီ စောင့်၍ အိပ်ကြသည်။ စံကျော်တို့ တဲဆီမှ ပြန်လာပြီးကတည်းက ထွန်းအောင်တို့၏ မီးသွေးပုံကြီးကို ယခင်ကလို ပစ်မထားဘဲ၊ အထူး ဂရုစိုက်နေကြသည်။ ဂရုမစိုက်၍လည်းမရ ယခုလို မီးသွေးအဖြစ် ရရှိရန် ဒုက္ခမျိုးစုံခံ၍ ပြုလုပ် အောင်မြင်ပြီးကာမှ ယခင်ကလို အဖြစ်မျိုး ကြုံကြိုက်ကြရမှာကို စိုးရိမ်နေကြရသည်။

ထို့ပြင် လူငယ်တစ်ယောက် ဖြစ်သော ထွန်းအောင်ကို စံကျော်တို့ တဲသို့ သွားရောက်သော ကိစ္စနှင့်ပတ်သက်၍ ဦးကြီးထွန်းက တဲသို့ ပြန်အလာတွင် "ဒီကိစ္စအားလုံးကို ရွှေမော်နဲ့ မောင်သိုက် မသိစေနဲ့ထွန်းအောင်၊ ဒီကောင်တွေက တဇွတ်ထိုးသမားတွေ၊ ဒီကောင်တွေ သိရင် ခက်ကုန်မယ်ကွ" ဟု ပြောထားခဲ့သည်။ ထို့ပြင် "ဟုတ်တယ် ထွန်းအောင်၊ တော်ကြာရင် မင်းတို့လူငယ်တွေကြောင့် ထိန်းမနိုင် သိမ်းမနိုင် ပြဿနာမျိုးတွေ ပေါ်ပေါက်လာနိုင်တယ်" ဟူ၍လည်း ကိုသိမ်းမောင်ကပါ ရွှေမော်နှင့် မောင်သိုက်ကို ပြန်မပြောရန် ထွန်းအောင်အား နှုတ်ပိတ် တားဆီးထားခဲ့ကြသည်။

သို့သော် ထွန်းအောင်မှာ လူငယ်ပီပီ ခံပြင်းလွန်းမှုကြောင့် စည်းမစောင့်နိုင်ခဲ့ချေ။ နှုတ်မလုံခဲ့ချေ။ ထို့ကြောင့် မနေ့တစ်နေ့ကပင် မောင်သိုက်ကို အကြောင်းစုံ ပြောပြမိခဲ့သည်။ ထွန်းအောင်၏ ပြောပြမှုကြောင့် အကြောင်းစုံ သိရှိသွားသောမောင်သိုက်မှာ အနာပေါ် တုတ်ကျသလို ဆတ်ဆတ်ခါဖြစ်လာပြီး -

"အေးပေါ့ကွာ . . ၊ သူတို့ထောင်မှာ တို့အပေါ်မှာ အခုလို ယုတ်မာဖောက်ပြန်ကြသေးတာ . . တို့ကလည်း . . သူတို့ကို ပြန်ပြီး ကြံနိုင်သားပဲ။ တကယ်ဆိုရင် မင်းတို့က သွားပြောတော့ ဦးကျော်ခိုင်က စံကျော့်ကို မင်းတို့ရှေ့မှာတင် ဟုတ်၊မဟုတ် သေသေချာချာ မေးမြန်းပြီး ဆုံးမပေးဖို့ ကောင်းတာပေါ့။ အခုတော့ သူကပါ သူ့ခိုးကို ကာကွယ်ပေးနေသေးတယ်။ ဟင်း - သိကြသေးတာပေါ့ကွာ။ တောက် . . ." ဟူ၍ မောင်သိုက်က မချိတင်ကဲ ဖြစ်ခဲ့သည်။

"ငါ - ပါမသွားလို့ပေါ့ကွာ . .။ ငါသာပါသွားရင် စံကျော်ဆိုတဲ့ အကောင်းနဲ့ ပွဲကြီးပွဲကောင်းပေ့ါ။ အေး . . မင်းနဲ့ငါ တစ်နေ့နေ့တော့ . . မီးသွေးပုံကို ညစောင့်တာဝန်ကျမှာပဲ။ ဒီတော့ . . မင်း ညစောင့်ရရင်လည်း ငါ့ကို လာနှိုး၊ ငါ ညစောင့်ရရင်လည်း မင်းကို လာနှိုးမယ်။ နောက်ပြီးတော့ သူတို့လို ပြန်ပြီး လုပ်ကြတာပေါ့၊ ဘယ့်နှယ်လဲ . . ."

မောင်သိုက်က ထွန်းအောင်အား ဒေါသတကြီး ပြောကြားခဲ့သော စကား၊ သည်အခါ ထွန်းအောင်ကလည်း နဂိုကတည်းက ခံပြင်းနေသူမို့ - "အေး စိန်လိုက်" ဟု မောင်သိုက်ကို ကတိပေးထားခဲ့သည်။

မှန်သည်။ ယခုထွန်းအောင်ကို သည်နေ့မှ ဦးကြီးထွန်းက ညစောင့်



တာဝန်ပေးသည်။ တာဝန် ပေးသည့်နေရာတွင်လည်း ထွန်းအောင်ကို စိတ်မချ။ ဆုံးမစကားများ ပြောဆိုပြီးမှသာ ပေးခြင်းဖြစ်၏။ သူလည်း ယနေ့ညသိပ်ပြီး နေမကောင်းဟုဆိုသည်။

ယခင်နေ့တွေကဆိုလျှင် ထွန်းအောင်တို့ လူငယ်တွေမှာ မည်သူမှ ညစောင့်တာဝန်ကို မယူရချေ။ လူငယ်တွေဖြစ်သော ထွန်းအောင်တို့ကို အစစအရာရာ၌ စိတ်မချ၍ တာဝန်မပေးလေသလားမသိ။

ယခုညမှ ထွန်းအောင်ကို မီးသွေးပုံကြီးနှင့် မီးသွေးဖိုများဟို စောင့်ခိုင်းသည်။ သည်တော့ ထွန်းအောင်နှင့် မောင်သိုက်တို့ တိုင်ပင်ထားကြသည့်အတိုင်း အခြေအနေကြည့်၍ မောင်သိုက်ကို နှိုးရမည်။ ပြီးမှ လုပ်ငန်းစကြရမည်။

လူငယ်ဆိုသည်က ခတ်သား။ ဖိလျှင်ကြွချင်သည်။ ထိလျှင်ချချင်သည်။ မဟုတ်လျှင်လည်း မခံချင်။ လမ်းမကျလျှင် နှံချင်သည်။ ထို့ပြင် မတရားသဖြင့် စော်ကားခံရလျှင်လည်း အခွင့်သာသော အချိန်ကိုစောင့်၍ ကလဲ့စား ချေတတ်ကြသည်မှာ လူငယ်တို့၏ သဘာဝပင်။

ထွန်းအောင်သည် မီးသွေးပုံကြီးနှင့် မီးသွေးဖိုများရှိနေသော နေရာအနှံ့အပြားကို မျက်စိ ကစားကြည့်လိုက်သည်။ မည်သို့မျှ ထူးခြားသည်ကို မတွေ့ရ။ ထို့ကြောင့် ချက်ချင်းပင် တဲတွင်းသို့ ခြေဖျော့နင်းပြီး ဝင်လိုက်သည်။

တဲထဲတွင် တန်းစီပြီး အိပ်မောကျနေသော လူအားလုံး၏ တခေါခေါ ဟောက်သံမှာ ညကြီးသန်းခေါင်၌ ကြောက်စရာပင် ကောင်းလှသည်။ မှိန်မှိန်လေး လင်းနေသော ရေနံဆီ မှန်အိမ်လေးမှ အလင်းရောင်သည် တန်းစီ၍ အိပ်ပျော်နေကြသော လူအားလုံးပေါ်သို့ ဖြာကျနေသည်။

ထွန်းအောင်သည် အိပ်မောကျနေသော မောင်သိုက်၏ခြေရင်းနားတွင် ရပ်လိုက်၏။ ထို့နောက် ဦးကြီးထွန်းဆီ လှမ်းကြည့်သည်။

ဦးကြီးထွန်းမှာလည်း တစ်နေ့လုံး ပင်ပန်းထားသဖြင့် တခေါခေါနှင့် သူ၏ အညာစောင် အနီလေးကို မျက်နှာဖော်ခြုံကာ အိပ်ပျော်နေသည်။ သူနိုးလာလျှင် ထွန်းအောင်၏ အကြံအစီမှာ မုချ ပျက်ရတော့မည်။ ထို့ကြောင့် သူ နိုးလာမှာကိုလည်း စိုးရိမ်ရ၊ တခြားလူများ နိုးသွားမှာလည်း ပူပန်ရင်း ထွန်းအောင်မှာ မောင်သိုက်၏ ခြေထောက်ကို အသာဆွဲပြီး လှုပ်နှိုးရသည်။

"အင်း . . အင်း . ."

မောင်သိုက်မှာလည်း အအိပ်ဆတ်သူ ဖြစ်သဖြင့် ချက်ချင်း အသိဝင်သည်။ ထွန်းအောင်က မောင်သိုက် နားနားကပ်၍ -

"တို့ - အလုပ် စ,ကြမယ်"

ဟု တိုးတိုးလေးပြောရသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သိုက်လည်း ညက တိုင်ပင်ထားကြသည်ကို သတိရကာ - "အေး . . . "ဟု လေသံနှင့် ဆိုသည်။

နှစ်ယောက်သား ခြေဖော့နင်း၍ တဲအပြင်သို့ ထွက်လာကြသည်။

"ငါ တော်တော် အိပ်ပျော်သွားတယ်။ လာ. သွားမယ် . . .။ မင်း ညက မီးတုတ်လုပ်ပြီး ဖွက်ထားတာ ဘယ်မှာလဲ၊ သွားယူ ငါ့ဆီမှာ မီးခြစ်ပါတယ်"

မီးတုတ်ယူပြီး နှစ်ယောက်သား တောလမ်းအတိုင်း လှရောင်ကိုအားကိုးကာ စံကျော်တို့ မီးသွေးပုံကြီး ရှိရာသို့ ဦးတည်ပြီး လာကြသည်။

× × × × ×

[၁၉]

"ဟော ခြေသံကြားတယ်ကွ. . ."

ထွန်းအောင်နှင့် မောင်သိုက်တို့ တောလမ်းအတိုင်း ခြေသံလုံလုံနှင့် ခိုးကြောင်ခိုးဝှက် လျှောက်လာကြရာ တောစတစ်နေရာက "ချွတ် - ချွတ်" ဟူသော အသံကိုကြားရသည်။ ထို့ကြောင့် မောင်သိုက်က ထွန်းအောင်တို လက်တို့ရင်း လေသံနှင့် "ခြေသံကြားတယ်" ဟု ဆို၏။

"ဟာ. . . မင်းကလဲ. . လေတိုက်လို့ သစ်ရွက်တွေ လွင့်တဲ့အသံ နေမှာပါ. ."

"ခို႔ . . မင်းအသံကလည်း ကျယ်လိုက်တာ။ တိုးတိုးကွ. . ခဏရပ်ပြီး အခြေအနေကို ကြည့်ဦး. .၊ သိပ်မလောနဲ့. . . တော်ကြာ စံကျော်ဆိုတဲ့ အကောင် နိုးနေလို့ ခက်နေဦးမယ်"

မောင်သိုက်က လေသံနှင့်ဆိုသည်။ သူပြောသလို စံကျော်နိုးနေပြီး မီးသွေးဖိုကို စိတ်မချ၍ ထကြည့်သည့်အခါနှင့် တိုးနေလျှင် ထွန်းအောင်တို့ အဖို့ မလွယ်။ ထို့ကြောင့်လည်း အခြေအနေကို စောင့်ကြည့်ရန် မှောင်မိုက်ကျသော ချုံတစ်ခုနားတွင် ခဏထိုင်ရင်း၊ လူသံသူသံကို နားစွင့်လိုက်ကြသည်။

ယင်းကဲ့သို့ နားမစွင့်ရွေ့လည်းမဖြစ်၊ ဦးကျော်ခိုင်တို့ ဆီသို့ ထွန်းအောင်တို့ ရောက်ခဲ့စဉ်က တဲခေါင်းရင်းဘက်တွင် ချိပ်ဆွဲထားသော 'ဒူးလေးကြီး' တစ်လက်ကိုလည်း သွား၍ သတိရ မြင်ယောင်မိသည်၊ [illegible] ထွန်းအောင်တို့ နှစ်ယောက် မီးသွေးပုံနား ရောက်သည်နှင့် စံကျော်တို့ နိုးလာကာ၊ ထွန်းအောင်တို့ကို မြင်တွေ့ပြီး တောတိရစ္ဆာန် တစ်ကောင် [illegible] သဘောပိုက်ပြီး ဒူးလေးကြီးနှင့် ပစ်လိုက်ပါကမခက်ပါလား၊ [illegible] နှင့် လှမ်းပစ်ပါက နှစ်ယောက်စလုံးမှာ ဒူးလေးလည်းအပစ်ခံရ [illegible] ဖြစ်နေမည်။ ဤသည်ကို တွေးမိ၍ ထွန်းအောင်မှာ [illegible] ထဲမှ ခံပြင်းမှုနှင့်အတူ လူငယ်ပီပီ မခံချင်စိတ်ကြောင့်သာ [illegible] စက်သော အလုပ်မျိုးကိုလုပ်ကိုင်ရန် ကြိုးစားနေရသော်လည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါပြီ ဆိုသောအခါ ကြောက်စရာ လန့်စရာများကို တွေးလာတော့သည်။ ထိုအခါ ကြောက်စိတ်တွေနှင့် အတူ ရင်ထဲ၌လည်း တဒိတ်ဒိတ် ခုံလာသည်။

"ကဲ - သွားစို့၊ အခြေအနေ ကောင်းတယ်ကွ၊ ဘာသံမှ မကြားရတော့ဘူး. . ."

မောင်သိုက်က ဆိုသည်။ ပြီးလျှင် ပြောပြောဆိုဆိုနှင့် ပုန်းကွယ်ရာက ထွက်လိုက်ကြသည်။ ဤနေရာတွင် မောင်သိုက်က ထွန်းအောင်ထက် ပို၍ သတ္တိရှိသည်ဟု ဆိုရမည်။ စိတ်အေးလက်အေးနှင့် တွေးတောပြီး လုပ်တတ်ကိုင်တတ်သည်။ ထို့ကြောင့် ထွန်းအောင်က မောင်သိုက်၏ အရည်အချင်းကို သိသဖြင့် သူ့ကို ဆရာတင်လာရခြင်းဖြစ်သည်။

"ကြည့်လုပ်ဦး. . တော်ကြာ. . ခက်နေဦးမယ်. ."

ထွန်းအောင်က စိုးရိမ်စိတ်ဖြင့် မောင်သိုက်ကို လေသံနှင့်ပြောသည်။

"ဘာလဲ . . မင်းက ကြောက်နေပြီလား. ."

မောင်သိုက်က ထွန်းအောင်၏ ခပ်ရွှံ့ရွှံ့ဖြစ်နေသော ဟန်ပန်ကို ကြည့်ရင်း အားမလို အားမရ ဆိုသည်။

"ဟင့် . . အင်း. ."

ထွန်းအောင်က ခေါင်းရမ်း၍ ဖြေသည်။

"လာ - ဒီလိုဆိုရင် သွားမယ်။ ဘာမှ မကြောက်နဲ့. .။ ဟိုကောင်တွေ ဒီလောက်ဆို အိပ်မောကျနေကြရောပေါ့. ."

မောင်သိုက်က ပြောပြောဆိုဆိုနှင့် ထွန်းအောင်၏လက်ကို အတင်းဆွဲခေါ်သည်။ ထိုအခါမှ ထွန်းအောင်မှာ ရဲစိတ်တင်း၍ မောင်သိုက်နောက် လိုက်ပါလာခဲ့ရသည်။

သူတို့ နှစ်ယောက် စံကျော်တို့ တဲနားသို့ ရောက်လာကြ၏။ ထို့ကြောင့် ယခင်ကထက် ပို၍ သတိကြီးစွာ ထားနေရသည်။ တဲထဲမှ တခေါ်ခေါ် ဟောက်သံကိုပင် တစ်ချက်တစ်ချက် ကြားရသည်။ လရောင်ရိပ်မှာ သစ်ရွက်ကြို သစ်ရွက်ကြားမှ ဖြာကျနေသည်။ သူတို့တဲရှေ့ရှိ မီးလင်းဖိုကြီး နှစ်ဖိုမှ အလင်းရောင်တို့သည် တဲဝန်းကျင်ကို ထိန်လင်း၍နေသည်။

စံကျော်တို့၏ မီးသွေးပုံကြီးမှာ သူတို့တဲနှင့် မလှမ်းမကမ်းနေရာတွင် ထီးထီးကြီးနှင့် မဲမဲကြီး တည်ရှိနေသည်။

နှစ်ယောက်သားသည် မီးသွေးပုံကြီးနားသို့ ရောက်အောင် တဲဘက်က မသွားဘဲ၊ မှောင်ရိပ်ကွယ်၍ တောလမ်းဘက်က ဖြတ်ပြီး ဝင်လာကြသည်။ ထွန်းအောင်မှာ မီးသွေးပုံကြီးနားသို့ ရောက်လေလေ ရင်တုန်ရလေလေ။ "ဘယ်သူမှ မနိုးပါစေနဲ့. . . မနိုးပါစေနဲ့. . ."ဟူ၍လည်း ရင်ထဲက ကျိတ်ပြီး ဆုတောင်းလာရသည်။



"ချွတ် - ချွတ်. . ချောက် - ချောက်. ."

အသံတစ်ခုကို ကြားလာရပြန်သည်။ ထွန်းအောင်မှာ နဂိုကတည်းက ကြောက်နေသူမို့ ရင်ထဲက ထိတ်ကနဲ ဖြစ်သွားသည်။ ပြီးလျှင် ကြောက်စိတ်တွေနှင့်အတူ ဘာလုပ်ရမှန်းပင် မသိတော့။ လူ တစ်ဦးတစ်ယောက်သာဖြစ်နေလျှင် ဒုက္ခ။

သို့သော် မောင်သိုက်က သတ္တိရှိသူမို့ တော်သေးသည်။ ထွန်းအောင်၏လက်ကိုဆွဲပြီး မီးသွေးပုံနားသို့ကပ်ကာ နှစ်ယောက်လုံး မျက်နှာကို မြေကြီးနှင့်ကပ်ပြီး ဝပ်နေလိုက်ကြသည်။ အသက်ပင် ပြင်းပြင်း မရှူရဲ. .။

"မြန်မြန်လုပ်. . ကြာလိုက်တာ. ."

လေသံနှင့် စကားပြောသံကို ကြားရသည်။ "မြန်မြန်လုပ် - ကြာလိုက်တာ" ဟူသော စကားသံတို့မှာ တိုးသော်လည်း ပြတ်သားစွာ ကြားရသည်။ ရှေ့ဆက်၍ ဘာပြောမှန်းမသိ။ ကြားလည်း မကြားရတော့။ ပြောသူက အသံကို ထိန်း၍ပြောသည်။ ထို့ကြောင့် ဝိုးတဝါးနိုင်လှသည်။ မည်သူတွေမှန်းလည်း မသိ။ စံကျော်တို့ပင် နိုးနေကြလေသလား။ မည်သူက မည်သူ့ကို ပြောဆိုသည့် စကားပါလိမ့်။ မီးသွေးပုံနားမှာ လူတော့လူပဲ စသည်ဖြင့် ထွန်းအောင်၏ အတွေးတို့မှာ 'တို့ကို မြင်တွေ့သွားရင် ဒုက္ခ၊ ငါ့အကျိုကအစိမ်း မောင်သိုက် အကျိုကလည်း အပြာကြီးဆိုတော့ မြန်းကနဲတော့ မတွေ့နိုင်ပါဘူးလေ. .' ဟူ၍ ကိုယ့်ကိုယ်ကို အားပေးရသည်။

သို့သော် ကြောက်စိတ်လွှန်ကဲမှုကြောင့် ရင်ထဲက တဒိတ်ဒိတ်အသံကျယ်လာ၏။ ထိုအထဲ စံကျော်တို့အဖွဲ့သည် ညရေးညတာ၌ အပျင်းထုတ်အာ မီးသွေးပုံနား သေးပန်းထားကြသဖြင့် သေးနံ့ နံလိုက်သည်မှာလည်း တောင်းနေသည်။

"ဟတ် . . ဟတ်ချိုး. ."

သေးစော်နံသဖြင့် နှာခေါင်းတစ်ခုလုံး မွှန်ထူပြီး နေရသည့်ကြားထဲ မြေပြင်တွင် ကပ်ထားသော နှာခေါင်းထဲ မြက်တစ်ပင်က ထိုးမိသွားပြန်ရာ ထွန်းအောင်မှာ မအောင့်နိုင်တော့ဘဲ -

"ဟတ် . . တတ် . . ချိုး . .၊ ဟတ် . . ချိုး . ."နှင့် ဆက်တိုက်ကြီး ချိုလိုက်သည်။

"ဟာ. . ဒုက္ခပဲ . . မင်းလုပ်ပုံနဲ့တော့ သေကုန်တော့မှာပဲ. ."

"ဘုတ် . . ဘုတ် . . ဘုတ်. ."

"ဟာ . . . ဘာသံလဲ. . ."

"လူ ထွက်ပြေးတဲ့ အသံပဲ. ."

"အေး . . ဟုတ်. . ဟုတ်. . တယ်၊ တတ်. . တတ် ချိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟော. . ဟော. . ဟိုမှာ၊ ပြေးပြီ . . ပြေးပြီ. . မီး . . သွေး လာခိုးတဲ့ လူတွေနဲ့တူတယ်။ အိတ်ကြီးတွေထမ်းပြီး ပြေးပြီ . . ပြေးပြီ"

"တို့ ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး. တော်ကြာ တို့ကို သူခိုးစွပ်စွဲရင် ဒုက္ခပဲ။ ဟိုမှာ ပြေးပြီ. . ပြေးပြီ. . သူခိုးဗျို့. . . သူခိုး. . သူခိုး. . လိုက်ဟေ့. . . လိုက်ဟ. . မီးသွေးတွေ ခိုးကုန်ပြီဟေ့. ."

ဖြတ်ထိုးဉာဏ်ကောင်းသော မောင်သိုက်က ထွန်းအောင်ကို တီးတိုးပြောလိုက်ပြီး "သူခိုးဗျို့ . . သူခိုး. . သူခိုး. . မီးသွေး သူခိုးတွေ. ." ဟု ကုန်းအော်ကာ ချက်ချင်း မတ်တတ်ထရပ်လိုက်သည်။ အခြေအနေမှာ ချက်ချင်း တစ်မျိုးတစ်ခုံ ပြောင်းသွားသည်။

သူတို့က စံကျော်တို့မီးသွေးပုံကို မလိုတမာစိတ်နှင့် မီးရှို့ရန်လာသည်။ သို့သော် သူတို့၏ အကြံအစီမှာ မအောင်မြင်ခဲ့။ စံကျော်တို့၏ မီးသွေးပုံကို လူခိုးနေသည့် အခါနှင့် ကြုံကြိုက်သွားသည်။ သည်အခါ ထွန်းအောင်တို့မှာ ယုတ်ညံ့သောစိတ်ထားနှင့် ဤနေရာသို့ လာရောက်နေကြသော်လည်း ယခုလို အဖြစ်ဆိုးမျိုးကို သူတို့က မခံယူနိုင်။ ပြီးတော့ စံကျော်တို့က သူတို့နှင့် ဘဝတူ မီးသွေးဖုတ်သမားချင်း။ ထို့အပြင် ဆန်ခိုးမမိ ဖွဲခိုးမိ ဖြစ်မှာ သူတို့မခံယူနိုင်။ ထို့ကြောင့် လူနှစ်ယောက် လ,ရောင်အောက်တွင် အိတ်ကြီးတစ်လုံးစီ ထမ်းပြီး တောလမ်းအတိုင်း ပြေးသွားသည်ကို သူခိုးဖမ်းရန် အော်လိုက်မိခြင်း ဖြစ်၏။

"ဟေ့ကောင် - မောင်သိုက်၊ မီးခြစ်ပေးစမ်း . . တို့မီးတုတ်တွေကို မီးတို့ရအောင်. . ."

"အေး . . ရော . . ရော. ."

တစ်ခဏချင်းမှာပင် ထွန်းအောင်လက်ထဲက မီးတုတ်၏ အလင်းရောင်သည် ဝန်းကျင်တစ်ခုလုံးကို ထိန်လင်းသွားသည်။

"ဦးကြီးကျော်ခိုင်ရေ . . ဒီမှာ . . သူခိုးဗျို့ . . သူခိုး. . သူခိုး. ."

မောင်သိုက်က မီးတုတ်ကြီးတစ်ခုကိုကိုင်ကာ စံကျော်တို့တဲ့ရှေ့ဘက်လှည့်ကာ သံကုန်ဟစ်လေတော့သည်။ ထို့ကြောင့် တဲထဲတွင် အိပ်ပျော်နေကြသော လူအားလုံးမှာ နိုးလာကာ ဝရုန်းသုန်းကားဖြစ်ပြီး တဲအပြင်သို့ ပြေးထွက်လာကြသည်။

"ဘယ် . . မှာလဲ. . . ဘယ်မှာလဲ. . ."

"ဟို. . ဟို. . ဟိုဘက်ကို ပြေးပြီ. . ပြေးပြီ"

"ဟုတ်တယ်ဟေ့ . . . လိုက်ကြဟေ့. . . လိုက်ကြ. ."

"ဝိုင်း ဟ . . ဆီး. . ဟ. . ."

"ဟေ့ စံကျော် . . မင်းက ဒီဘက်လိုက် . . ငါတို့က ဒီဘက်က ဝိုင်းမယ်. . ."



"အေး . . . အေး. . ."

"သူခိုးဟေ့ . . သူခိုး ဟ. ."

ထွန်းအောင်သည် မီးတုတ်ကြီးကိုင်ကာ ရုတ်ရုတ်သဲသဲဖြစ်နေသော လူအုပ်ကြီးကို ကြည့်ပြီး ငိုင်နေမိသည်။

"ဟေ့ကောင်. . ၊ ဘာငိုင်နေတာလဲ. . .။ လာလေ မင်းနဲ့ ငါက တစ်ဖွဲ့လုပ်ပြီး လိုက်မယ်"

မီးတုတ်ကြီးကိုင်၍ ငိုင်နေသော ထွန်းအောင်အနားကို မောင်သိုက် ရောက်လာသည်။ ထို့နောက်သူက ထွန်းအောင်ကို အော်ဟစ်ရင်း သတိပေးသည်။ သူခိုးကို သူနှင့်အတူ ပူးပေါင်း၍လိုက်မည်ဟု ဆိုသည်။ သည်အခါမှပင် ငိုင်တွေနေသော ထွန်းအောင်သည် ဘာလုပ်ရမည်ကို သိရှိနားလည်သွားသည်။ ထို့ကြောင့် မောင်သိုက်ကို "အေး. . အေး" ဟု ပြန်လည်၍ ပြောကြားလိုက်ပြီးလျှင် သူတို့နှစ်ယောက်မှာ မီးတုတ်ကိုယ်စီနှင့် သူခိုးထွက်ပြေးရာသို့ လိုက်ကြလေတော့သည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

## [၂၀]

ညကြီးသန်းခေါင်ပင် ဖြစ်သော်လည်း တောထဲ၌ တိုင်းပြည်ပျက်သည့်အလား ဆူညံနေကြသည်။ ထွန်းအောင်တို့၏ အော်ဟစ်နေသော အသံနှင့်အတူ မီးတုတ်တို့၏ အလင်းရောင်များကြောင့် ပင်ယံထက်တွင် အိပ်စက်နားနေကြသော ကျေးငှက် အပေါင်းတို့သည်လည်း လန့်ဖျပ်ကာ အော်ဟစ်မြည်တမ်း ပျံသန်း ပြေးလွှားကုန်ကြသည်။

မီးတုတ်များ၏ အလင်းရောင်တို့သည် ဟိုမှသည်မှ တဝင်းဝင်းတလက်လက် ထွက်ပေါ်နေသည်။

"ဟိုမှာဟေ့. . ဟိုမှာဟ. . ဟိုဘက်ကိုပြေးပြီ. . လာကြဟေ့. ."

"လိုက်ကြဟ. . လိုက်ကြ. . လိုက်ကြ. . ဟေ့ လူတွေ . . မပြေးနဲ့နော်၊ မပြေးနဲ့. .။ ပြေးရင် သေသွားမယ်။ တွေလား . . ဒီမှာ၊ မီးတုတ်နဲ့ပစ်ထည့်လိုက်မယ်။ ဒူးလေးဖောက် ခံချင်လို့လား. . ,"

မီးသွေးအိတ်များ ထမ်းပိုးပြီး ပြေးကြသော လူနှစ်ယောက်မှာ ကြောက်ကြောက်နှင့် ချုံထဲ ပုန်းနေရာက မလွတ်သာ၍ ထပြေးသွားကြသည်ကို လ,ရောင်ထဲ ရိပ်ခနဲ မြင်လိုက်ကြပြန်ရာ အားလုံး ပြေးလိုက်ကြပြန်သည်။ မကြာပါချေ။

"မိပြီဟေ့. . . မိပြီ. . မိပြီ. ."

"သူခိုးကို မိထားပြီဟေ့. . ."

ဟူသော အသံကို မောင်သိုက်၊ ထွန်းအောင်တို့နှင့်တကွ ဝိုင်းလိုက်လာကြသော ဦးကျော်ခိုင်၊ စံကျော်တို့ရှေ့ရှိ တောလမ်းထဲက ကြားရသည်။

သူခိုးမိပြီဆိုသဖြင့် အသံကြားရာသို့ ပြေးလိုက်သွားကြရာ သူခိုးနှစ်ယောက်ကို တစ်ယောက်,တစ်ယောက်လျှင် နှစ်ယောက်စီ ညှပ်၍ လက်တစ်ဖက်စီကိုင်ကာ မီးတုတ်များနှင့် လာနေကြသူတွေမှာ ဦးကြီးထွန်း၊ ကိုသိမ်းမောင်၊ ကိုကျော်စိန်နှင့်ရွှေမော်တို့ကို မီးရောင် လ,ရောင်ထဲ အတိုင်းသား မြင်လိုက်ကြရသည်။

ဦးကျော်ခိုင်တို့အဖွဲ့နှင့် မျက်နှာချင်းဆိုင် ဆုံမိကြသောအခါ ဦး



ကျော်ခိုင်တို့ထဲ မောင်သိုက်နှင့် ထွန်းအောင်တို့ကို မြင်လိုက်သဖြင့် ဦးကြီးထွန်းနှင့် ကိုသိမ်းမောင်၊ ကိုကျော်စိန်၊ ရွှေမော်တို့မှာ ရုတ်တရက် အံ့အားသင့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ မောင်သိုက်နှင့် ထွန်းအောင်တို့ကိုလည်း ဦးကျော်ခိုင်တို့အဖွဲ့က ဖမ်းပြီး၊ ဦးကြီးထွန်းတို့ကို ပြရန် လာကြလေသလားဟုပင် ရုတ်တရက် ထင်သွားပုံရသည်။

ဦးကြီးထွန်းတို့ ဖမ်းထားကြသော သူခိုးနှစ်ယောက်ကို ကြည့်ကာ ဦးကျော်ခိုင်က-

"ကျေးဇူးတင်လိုက်တာ. . . ဦးဖိုးထွန်းရ. .။ ဒီ မီးသွေးသူခိုးတွေကို ခင်ဗျားတို့ ဘယ်လို ဖမ်းမိလာကြလဲဗျ. . "ဟု မေးလိုက်၏။

"ခင်ဗျားတို့ တဲဘက်က သူခိုး သူခိုး အော်သံကြားတော၊ ကျုပ်တို့ကလည်း ခင်ဗျားတို့ဘက် ကူရအောင် ပြေးလိုက်လာကြတာ၊ လမ်းမှာတင် မျက်နှာချင်းဆိုင် ဆုံတွေ့ကြလို့ ကျုပ်တို့ ဝိုင်းဖမ်းလာကြတာ"

အမှန်တကယ်ကမူ ထိုသို့ မဟုတ်ပါချေ။

"သူခိုး - သူခိုး" ဟု ဦးကျော်ခိုင်တို့ တဲဘက်က အော်ကြ၊ ဟစ်ကြ၊ လိုက်ကြသံများကြား၍ နိုးလာကြရာ မောင်သိုက်နှင့် ထွန်းအောင်ကို မတွေ့သဖြင့် သူတို့မီးသွေးပုံကို စံကျော်က မီးလာရှို့ထားသော ရန်ငြိုးကြောင့် မကျေမနပ်ဖြစ်နေကြသော မောင်သိုက်နှင့် ထွန်းအောင်တို့သည် စံကျော်တို့ မီးသွေးဖိုကို တစ်စုံတစ်ခုတော့ မုချ သွားလုပ်ကြလေပြီ၊ ထိုသို့ သွားလုပ်ကြစဉ် ဦးကျော်ခိုင်တို့အဖွဲ့က သိသွား၍ အော်ကြ၊ ဟစ်ကြ၊ လိုက်ကြလေပြီ။ ကိုယ့်လူနှစ်ယောကကို ကယ်ရန်၊ သို့မဟုတ် ပြေရာပြေကြောင်းပြော၍ ပြန်ခေါ်လာရန် ဦးကြီးထွန်းတို့က ပြေးလိုက်လာရင်း၊ မီးသွေး သူခိုးနှစ်ယောက်နှင့် ပတ်ဝင်းတွေ့ကာ ချက်ချင်း ဝိုင်းဖမ်း ခေါ်လာခဲ့ကြခြင်း ဖြစ်သည်။

"ဟဲ . . ဟဲ. . ဦးဖိုးထွန်းတို့ကိုတော့ ကျေးဇူးတင်ပြီးရင်း. . . တင်ရင်း၊ ကျေးဇူးတင်ရင်းပဲဗျ. . ။ ဒါနဲ့. ."

မောင်သိုက်နှင့် ထွန်းအောင်တို့ဘက်ကို သရော်ပြုံး ပြုံးကြည့်ရင်း ပြောလိုက်သော ဦးကျော်ခိုင်၏ စကားမဆုံးမီပင် စံကျော်က -

"ဟေ့ - သူခိုးတွေ လာစမ်းကွာ . . လာစမ်း၊ ကဲ - ကဲ"

ဟုပြောပြီး၊ ဦးကြီးထွန်းတို့လူများ လက်ထဲက သူခိုးနှစ်ယောက်၏ လက်တစ်ဖက်စီကို ဆောင့်ဆွဲကာ လာလုသလို ဒေါသတကြီး ဆွဲယူသွားသည်။ ထိုအခါ စံကျော်တို့ အဖွဲ့သားများကလည်း သူခိုးနှစ်ယောက်ကို ဝင်ဆွဲ ဝင်ထိုးသူထိုးနှင့် ဝရုန်းသုန်းကား ဖြစ်ကုန်ကြပြန်သည်။

သူခိုးနှစ်ယောက်၏ "ကယ်ပါ၊ ကယ်ပါ" အော်သံနှင့်အတူ ဦးကျော်ခိုင်နှင့် ဦးကြီးထွန်းတို့၏ အသံကလည်း ဟိန်းထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ကောင်တွေ. . .၊ ဟော့ ကောင်တွေ. . .၊ တရားလက်လွတ် မလုပ်ကြနဲ့၊ လွန်ကုန်မယ်၊ လွန်ကုန်မယ်။ မင်းတို့အားလုံး ဒုက္ခရောက်သွားချင်လား၊ တော်ကြစမ်း၊ တော်ကြစမ်း၊ ဥပဒေက မင်းတို့ကို လူသတ်မှု ဖြစ်ချင်လား. . ."

ဟုအော်ဟစ် တားလိုက်ကြပြီး၊ သူခိုးနှစ်ယောက်ကို တစ်ယောက်စီ ဝင်ဖက်ထားလိုက်ကြရသည်။

"တောက် . . သူခိုးတွေ မင်းတို့ ခိုးပြီးဝှက်ထားတဲ့ မီးသွေးအိတ်တွေ ဘယ်မှာလဲ။ ပြောစမ်းကွာ. . မြန်မြန်။ မင်းတို့ ဘယ်လောက်တောင် ခိုးပြီး ဝှက်ထားကြလဲ မသိဘူး"

ဦးကျော်ခိုင်က ဒေါသနှင့်ဆိုသည်။ မီးသွေးခိုးသော လူများမှာ ကြောက်လန့်စွာဖြင့် တုန်နေကြ၏။

"ဟို . . ဟို. . နားမှာ"

တစ်ဦးက တောစပ်တစ်နေရာသို့ လက်ညှိုးထိုးပြရင်း အထစ်ထစ်အငေါ့ငေါ့နှင့် ဆိုသည်။ စံကျော်၏ လက်သီးဒဏ်ကို ပြင်းစွာခံစားလိုက်ရသော လူကမူ မျက်နှာကိုပွတ်၍ ငိုမဲ့မဲ့ဖြစ်နေသည်။

"ဟိုနား ဆိုတာက ဘယ်နေရာလဲ၊ မင်းကိုယ်တိုင် လိုက်ပြ"

ထွန်းအောင်က ဝင်ဟောက်လိုက်သည်။

"ဟုတ်တယ် . . ဘယ်နေရာမှာ မင်းတို့ဖွက်ထားလဲ။ လာ သွားရှာမယ်၊ မင်းတို့ မှန်မှန်ပြောနော်. . ။ တို့ကို လိမ်မယ်တော့ မကြံနဲ့"

ကိုအောင်ရွှေက သူတို့ခါးမှ ပုဆိုးစကို ဆွဲထားရင်း ဆိုသည်။ ထို့နောက် ထွန်းအောင်တို့ အားလုံးမှာ ထိုလူနှစ်ယောက်နှင့်အတူ သူတို့ညွှန်ပြရာ တောစပ်ဆီသို့ မီးထုပ်ကိုယ်စီဖြင့် မီးသွေးအိတ်ရှာဖွေရန် ထွက်လာခဲ့ကြရပြန်သည်။ တွေ့ပါပြီ-

"တစ်အိတ် . . နှစ်အိတ်. . သုံးအိတ်. . ငါးအိတ်၊ ဟာ. . . ဆယ်အိတ်တောင် ပါလား။

ဦးကျော်ခိုင်က ဆိုသည်။ မီးသွေးများမှာ ဂုံနီအိတ်ထဲသို့ ထည့်ပြီး အိတ်လိုက် စုပုံ၍ထားလေသည်။

ဤလူများကား အကြံပိုင်လှချေသည်။ မည်သည့်အချိန် မည်သည့်ရက်ကပင် ယခုလိုလာ၍ မီးသွေးများကို အိတ်သွတ်သွင်းကာ ခိုးယူနေကြသည်မသိ၊ အသိစော၍သာ တော်တော့သည်။ သို့မဟုတ်ပါက မီးသွေးတစ်အိတ်လျှင် ၂၀၀ဝိ/-, ၂၅၀ဝိ/- နှင့်ပဲ တွက်ဦး မီးသွေးဆယ်အိတ် ဆိုပါက အနည်းဆုံး ငွေနှစ်သောင်းကျော်ခန့် အလဟဿ ဆုံးရှုံးမှုမျိုးနှင့် ရင်ဆိုင်ကြရပေမည်။



အမှန်မှာ ထွန်းအောင်တို့ကလည်း လူကောင်းများ မဟုတ်ကြ။ သူတစ်ပါးပစ္စည်းကို ဖျက်စီးရာ ဖျက်စီးကြောင်း ကြံစည်ရန်၊ မလိုမတာစိတ်နှင့် သည်နေရာသို့ လာရောက်ကြသည်။ သူတို့က သူခိုးကို စံကျော်တို့ဟု ထင်ကာ ကြောက်လန့်သည်။ ထို့အတူ မီးသွေးခိုးသူများကလည်း သူတို့ကို ပစ္စည်းရှင်အမှတ်နှင့် ထွက်ပြေးကြခြင်းပင်။ သည်တော့ သူတို့ကအိုးခြမ်းပဲ့၊ ထွန်းအောင်တို့က ပန်းကန်ကွဲ . . ။ အတူတူနှင့်အနူနူ. . ။ သို့သော် ထွန်းအောင်တို့က သူတို့ကြောက်ပြီး ထွက်ပြေးသည်ကို အခွင့်ကောင်းယူ၍ လူရိုးလူကောင်းများပုံစံဖမ်းကာ ဘိန်းစားချင်း အတူတူ တစ်လုံးပိုရှူသည့် သဘော ။

"ကဲ - မင်းတို့ ဘယ်ရွာကလဲ"

"ပေါက် . . ပေါက်ကုန်း ရွာကပါ"

"ဒီတောထဲကို ဘာလာလုပ်လဲ. . ။ တို့တစ်တွေဟာ ဒီလိုမီးသွေးရဖို့အတွက် အခုလို ဆင်အောင်း ကျားနေ တောကြီးမျက်မဲထဲလာပြီး ဒုက္ခအမျိုးမျိုးကို လန့်ချီ ခံစားပြီးလုပ်ကိုင်နေကြရတယ် ဆိုတာ မင်းတို့အသိပဲ။ မင်းတို့က ဒီလို သူများပစ္စည်းကို ဘာမှမလုပ်ဘဲ မတရားယူချင်တာ တရားသလား. . .။ ဒီတော့ မင်းတို့နှစ်ယောက်ကို တို့ကလည်း ဘာမှမလုပ်ချင်ဘူး။ ဒါပေမဲ့ ဥပဒေက ရှိနေလေတော့၊ ဥပဒေ အတိုင်းပဲ လုပ်ရမှာပဲ. . .၊ ဥပဒေကို တို့က မလွန်ဆန်ဝံ့ဘူး။ အဲ - မင်းတို့က လွန်ဆန်တော့ လွန်ဆန်တဲ့ အပြစ်ဒဏ်ကို မင်းတို့ ခံရမှာပဲ။ ဒါကြောင့် မင်းတို့ကို မနက်ကျရင် 'တောခေါင်း' ဆီ ပို့ရမယ်"

ဦးကျော်ခိုင်၏ စကားများမှာ ရှင်းလင်းပြတ်သား၍ နည်းလမ်းကျသည်။

"ကျွန် . . ကျွန်တော်တို့ကို တော. . တောခေါင်းကြီးဆီတော့ မ. . . မပို့ပါနဲ့ . . ဦးကြီးရယ်. . ။ ကျွန်တော်တို့ကို ဦးကြီးကြိုက်သလို ဆုံးမပါ။ တစ်ခါမှလဲ ဒီလိုမလုပ်ဖူးပါဘူး. . ။ ဒီတောထဲကိုလာပြီး မီးသွေး 'ဗလာ' လာပြီး ဖုတ်ကြတာပါ။ ကျွန်တော့မိန်းမ မျက်နှာမြင်ဖို့ စရိတ်မရှိလို့ပါဗျာ. . အဲ . . အဲဒါ မီးသွေးအရနဲ့လို့ အခုလို လုပ်မိလုပ်ရာ လုပ်ရတာပါဗျာ။ ကျွန်တော်တို့ကို တောခေါင်းကြီးဆီတော့ မ . . မပို့ပါနဲ့ ဦးကြီးရယ်. . ."

ဦးကျော်ခိုင်၏ ပိုင်နိုင်သောအပြောကြောင့်၊ မီးသွေးခိုးသောလူနှစ်ယောက်မှာ ပြောပြောဆိုဆို ယောက်ျားတန်မဲ့နှင့် ဟီးချ၍ ငိုလေတော့သည်။

ထိုလူ၏ ငိုကြီးချက်မ ပြောပြချက်ကြောင့် ထွန်းအောင်မှာပင် တွင်ကနဲ ခံစားလိုက်ရသည်။ အခြားလူတွေမှာလည်း ထွန်းအောင်နည်းတူ ခံစားရမည်မှာ မုချပင်။

စံကျော် လက်သီးနှင့်ထိုးသော လူ၏ မျက်နှာမှာလည်း ညိုမည်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှက်ကြောက်ဝမ်းနည်း ယူကြုံးမရ စိတ်တွေနှင့်အတူ သူ၏မျက်လုံးအစုံမှ မျက်ရည်များ စီးကျနေသည်။ သို့သော် သူသည် မျက်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း သူ၏စိတ်ကို တင်းထားပုံတော့ ရ၏။

"သူ . . သူ့မှာ ဘာမှအပြစ်မရှိပါဘူး ဦးကြီးရယ်။ သူ့ကို ဘာမှ မလုပ်ကြပါနဲ့။ သူက ကျွန်တော့်အဖြစ်ကို မကြည့်ရက်လို့ သက်သက်လိုက်ပြီး ကူညီတာပါ။ ကျွန်တော်တို့ ပေါက်ကုန်းရွာကပါ. ."

ထိုလူကပင် မျက်ရည်အရွဲသား ငိုကြီးချက်မနှင့်ပြောဆိုနေပြန်သည်။

မီးသွေး 'ဗလာဖုတ်ခြင်း' ဆိုသည်မှာ သစ်ကိုင်းအခြောက် အသေးအကြီးများနှင့် တောထဲတွင် လက်လှမ်းမှီသမျှ တွေ့ရာမြင်ရာ သစ်ပင်စိုသစ်ပင်ခြောက်များကို ခုတ်၍ စုပုံကာ မီးရှို့ခြင်းကို ခေါ်သည်။ ယင်းကဲ့သို့ မီးရှို့၍ မီးခဲကျသွားသောအခါ သဲ(သို့မဟုတ်) ရေများနှင့် မီးငြိမ်းအောင် ပက်ဖျန်းရလေသည်။ သည်အခါ နီရဲနေသော မီးခဲများမှ ရုတ်ခြည်း မီးသွေးအဖြစ်သို့ ကူးပြောင်းသောနည်းပင်တည်း။

ထိုကဲ့သို့ မည်သည့် အကာအရံမှမပါဘဲ မြေပြင်၌ သစ်များစုပုံ၍ မီးရှို့ခြင်းကို မီးသွေးဖုတ်သမားတို့၏ ဝေါဟာရအရ မီးသွေး 'ဗလာ' ဖုတ်သည်ဟု ခေါ်ဆိုလေသည်။

သို့သော် . . သည်နည်းမှာ မီးသွေးဖုတ်သော သစ်များကို လေလုံခြုံစွာမီးမလောင်ရသဖြင့်လည်းကောင်း၊ သစ်စိုသစ်ခြောက်များနှင့် သစ်ပေါင်းစုံတို့ရောနှော ပါနေခြင်းကြောင့်လည်းကောင်း၊ မီးသွေးမှာ ဈေးမှုပြီး ညံ့လွန်းလှသည်။ ထို့ကြောင့် ဈေးတောင်းမရ။ ၎င်းမီးသွေးကို အဂ္ဂိရပ်ထိုးသူများ၊ ပန်းတိမ်လုပ်သူများ၊ ပန်းပဲလုပ်သူများကသာ ဈေးပေါပေါနှင့် ဝယ်ယူသုံးစွဲကြလေသည်။

လွယ်ကူသော မီးသွေးဖုတ်နည်း ဖြစ်သည့်အလျောက် ရက်လည်းမကြာချေ။ တောထဲ၌ အလွန်ဆုံး တစ်ပတ်လောက်သာ နေရသည်။ ထို့ကြောင့် ယင်းကဲ့သို့ မီးသွေးဖုတ်လုပ်သူအချို့မှာ ခွင့်ပြုချက်ကို မတောင်းခံကြ။ တစ်နည်းအားဖြင့် သက်ဆိုင်ရာ သစ်တောဌာန၏ ခွင့်ပြုချက်ကို မယူဘဲ မိမိတို့၏ သဘောအလျောက် မီးသွေးခိုးဖုတ်ကြခြင်းပင်။

"မင်းနဲ့သူနဲ့ . . ဘာတော်လဲ. ."

ဦးကျော်ခိုင်က ငိုယိုနေသူကို ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိမ့်ကာ မေးလိုက်သည်။

စံကျော်ကမူ မီးသွေးခိုးသူ နှစ်ယောက် အပေါ်တွင် လုံးဝကျေနပ်ပုံမရ။ သို့ရာတွင် သူတို့၏ အပြောအဆို အမူအရာတို့ကြောင့် သနားသွားပုံတော့ရသည်။ ထို့ကြောင့်လည်း သူချုပ်ကိုင်ထားသော လက်များကို လွှတ်ပေး



လိုက်၏။

"ညီအစ်ကိုပါ . . သူက ကျွန်တော့်ညီ. ."

ဦးကျော်ခိုင်၏ အမေးကို စံကျော်လက်သီးနှင့် အထိုးခံရသူက ဖြေသည်။ ပြီးလျှင် ဦးကျော်ခိုင်၏ မျက်နှာကို အားကိုးတကြီးနှင့် စိုက်ကြည့်နေသည်။

ဦးကြီးထွန်းက "ပေါက်ကုန်းရွာသားတွေ" ဆိုသဖြင့် သူ့လက်တမီးတုတ်ကို မြှောက်ပြီး ကြည့်လိုက်၏။ သူခိုးနှစ်ယောက်၏ မျက်နှာများမှာ ကြောက်စိတ်တွေနှင့်အတူ သွေးမရှိတော့။ မီးတုတ်များ၏ အလင်းရောင်အောက်တွင် သူတို့၏ မျက်နှာကို သေချာစွာ စိုက်ကြည့်လိုက်သည်။ သူတို့နှစ်ယောက်လည်း ဦးကြီးထွန်းကို ပြန်ကြည့်နေကြသည်။ သူတို့၏မျက်နှာများမှာ ဦးကြီးထွန်းကို မြင်တွေ့လိုက်ရသဖြင့် အံ့ဩသွားကြပုံလည်း ရ၏။ ပြီးလျှင် အားကိုးတကြီးနှင့် ဦးကြီးထွန်း၏ မျက်နှာကို စိုက်ငေး၍ ကြည့်နေကြသည်။

"အင်း - တော်ပါသေးရဲ့" ဟု ဦးကြီးထွန်းကပြောပြီး -"ဟင်းကနဲ" သက်မကြီး ချလိုက်သည်။ ထို့နောက် ဦးကြီးထွန်းသည် သူ၏ မျက်လုံးအစုံနှင့် လူအုပ်ကြားထဲတွင်ရှိသော ထွန်းအောင်တို့ကို စိုက်ကြည့်လိုက်သည်။ သူ၏မျက်ထောင့်နီကြီးနှင့် ကြည့်သောအကြည့်မှာ စူးရှ တောက်ပြောင်းလွန်းလှသည်။

ထို့ကြောင့် ထွန်းအောင်တို့မှာ နဂိုကတည်းက ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်နေသူများမို့ ဦးကြီးထွန်း၏စူးရှသော အကြည့်ဒဏ်ကို မခံရဲကြ။ မျက်နှာကို တစ်ဘက်သို့ ချက်ချင်း လွှဲဖယ်မိလိုက်ကြသည်။

"ဦးကြီးဖိုးထွန်း. . ဦးကြီးဖိုးထွန်း၊ ကျွန်တော်တို့ကို ကယ်ပါဦးဗျာ"

ငိုယိုနေသော မီးသွေးသူခိုး တစ်ယောက်က ဦးကြီးထွန်းအမည်ကို ထုတ်ဖော်၍ အကူအညီ တောင်းလိုက်သောအခါ အားလုံးမှာ အံ့ဩတကြီး ဖြစ်သွားကြပြန်သည်။

"ဟင် - ငါက ဘယ်သူတွေလဲ အောင့်မေ့လို့၊ မင်းတို့ကို မြင်ဖူးပါတယ်လို့ ထင်သား။ လက်စသတ်တော့ ကျောက်ဒိုးတို့ညီအစ်ကို ကိုး၊ မင်းတို့က ဘယ်ကဘယ်လို ဖြစ်လာကြတာလဲ၊ ခက်တော့တာပဲကွာ . . ."

ဦးကြီးထွန်းက စံကျော်တို့ဖမ်းထားသော လူများကို ထပ်မံ၍ သေချာစွာကြည့်ရင်း အံ့ဩသံနှင့်ဆိုသည်။ သူတို့ကို ပထမအကြိမ် ကြည့်စဉ်ကဦးကြီးထွန်းမှာ ဒေါသစိတ်များ မွန်နေသဖြင့် သူတို့ကို သတိမထားမိချေ။ သို့သော် မြင်ဖူးသလိုလိုတော့ ရှိခဲ့သည်။ စဉ်းစား၍မရ၊ ငိုးတားဖြစ်နေသည်။ ယခုမှပင် သူတို့က တရင်းတနှီး ခေါ်ဝေါ်ပြောဆိုမှ သူတို့ကို မှတ်မိသွားသည်။

www.burmeseclassic.com



"ဘာ ခက်တာမှတ်လို့ဗျာ. . ၊ မီးသွေးသူခိုးတွေကို တောခေါင်းကြီး ဆီ အပ်လိုက်ပြီးရော. . ဒီကောင်တွေကို ခိုးမှု နှစ်မှုနဲ့ ထောင်ကျအောင်လုပ် ရမယ်။ ဟိုမှာ မင်းတို့ ခိုးဝှက်ထားတဲ့ တို့မီးသွေးအိတ် ဆယ်အိတ်က သက် သေပဲ"

စံကျော်မှာ ယခုထိ မီးသွေးသူခိုးများကို ဒေါသ မပြေသေးဘဲ၊ မီး သွေးအိတ်တွေကို လက်ညှိုးထိုးပြကာ ဒေါကြီးမောကြီးပြောနေတုန်း။

"ဩော်. . . ဖြစ်မှဖြစ်ရလေ. . မောင်ကျောက်ဒိုးရယ် . . . "

ဦးကြီးထွန်းက စံကျော်ညွှန်ပြရာသို့ လှမ်းကြည့်ရင်း ယူကြုံးမရစွာ နှင့် ဆိုသည်။

"ဦးကျော်ခိုင်ရယ်. . ဒီခလေးတွေအတွက် ကျွန်တော်တောင်းပန် ပါတယ်ဗျာနော်၊ နောက်တစ်ကြိမ်ဆိုရင်တော့ ခင်ဗျားတို့သဘောပါပဲဗျာ. . ။ သူတို့နှစ်ယောက် အတွက်ကို ကျွန်တော် လုံးဝ တာဝန်ယူပါတယ်ဗျာ. . "

ဦးကြီးထွန်းက ဆက်လက်၍ ဦးကျော်ခိုင်ကို တောင်းပန်သည်။ သို့ သော် ဦးကျော်ခိုင်က မည်သို့မျှ မပြောသေးဘဲ မီးသွေးခိုးသော ကျောက်ဒိုးတို့ ညီအစ်ကို ကိုသာ စိုက်ကြည့်ပြီး တွေးနေသည်။ ထွန်းအောင်တို့ကလည်း ဖြစ် ပျက်နေသော အခြေအနေကြောင့် စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ကျောက်ဒိုးတို့ ညီအစ်ကိုမှာလည်း ဦးကြီးထွန်းကိုတစ်လှည့်၊ ဦးကျော် ခိုင်ကို တစ်လှည့် ညှိုးငယ်သော မျက်လုံးအစုံနှင့် စိုက်ကြည့်နေကြသည်။

ဦးကျော်ခိုင်၏ နှုတ်မှ နောက်ဆုံးထွက်လာမည့် အဖြေကို သူတို့ ရင် မချီး နားထောင်နေပုံရသည်။

"ဦးဖိုးထွန်း ခင်ဗျား တာဝန်ယူတယ်နော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျွန်တော် အားလုံးတာဝန်ယူပါတယ် ဦးကျော်ခိုင်ရယ်။ ဒီ မောင်ကျောက်ဒိုးတို့ကလဲ တစ်ခြားလူတွေ မဟုတ် ပါဘူး၊ ကျွန်တော်တို့ရွာရဲ့ နောက်ဘက် ပေါက်ကုန်းရွာကပါ။ အဲဒီတော့ တစ် ကြိမ်တစ်ခါတော့ ခွင့်လွှတ်လိုက်ပါဗျာ. . ၊ နောက်တစ်ခါဆိုရင် ခင်ဗျား သဘောပေါ့"

ဦးကျော်ခိုင်နှင့် ဦးကြီးထွန်းတို့၏ အပြန်အလှန် ပြောသံဆိုသံတို့ ကြောင့် ကျောက်ဒိုးတို့ ညီအစ်ကို၏ မျက်နှာများမှာ အနည်းငယ် ကြည်လင်း စ ပြုလာသည်။

"ဒါနဲ့ နေပါဦး၊ မင်းတို့က ပေါက်ကုန်းရွာကဆိုတော့. . ဘယ်သူ ရဲ့ သားတွေလဲ. . "

ဦးကျော်ခိုင်က သူ့မေးဖျားကိုပွတ်၍ စဉ်းစားရင်း မေးသည်။

"အိုဗျာ. . . ဦးကျော်ခိုင် မသိဘူးလား . . . ။ ကျောက်ဒိုးက 'ရွှေ



သွား မစိန်တင်' ရဲ့ သားမက်ပေါ့၊ ဒီကောင် မိန်းမရတာ သိပ်မကြာသေး ဘူး။ ဦးသက်ပြင်း ဒေါ်ခင်လှတို့ရဲ့သားပေါ့"

ဦးကျော်ခိုင်၏ အမေးကို ဦးကြီးထွန်းကပင် ဝင်ဖြေလိုက်သည်။ ဦး ကြီးထွန်း၏ စကားကြောင့် ဦးကျော်ခိုင်၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား လေ၏။

"ဟော - ဟုတ်လား . . . ။ မကြိကောင်း မစည်ရာကွာ. . . ကြုံမှကြုံ တတ်တယ်။ အမယ်လေး . . လေး . . မသေကောင်း . . မပျောက်ကောင်း ဟ၊ မင်းက စိန်တင့်သားမက်ကိုး ခင်ငြိမ်း ယောက်ျားပေါ့ ဟုတ်လား"

ဦးကြီးထွန်း၏ အပြောကြောင့် ဦးကျော်ခိုင်မှာ လွန်စွာအံ့အားသင့်သွား သည်။ ပြီးလျှင် သူ၏ ပြူးကျယ်သော မျက်လုံးအစုံနှင့် ကျောက်ဒိုးတို့ ညီအစ် ကို့ကို စိုက်ကြည့်ရင်း၊ ရင်ဘက်စည်တီး ပြောဆို မေးမြန်းတော့သည်။

"ဟုတ် ဟုတ် ကဲ့. . "

ကျောက်ဒိုးက ဦးကျော်ခိုင်၏ အမေးကို အထစ်ထစ် အငေါ့ငေါ့နှင့် ပြန်ဖြေလိုက်သည်။

"ဟော့ - စံကျော်နဲ့ အောင်ရွှေ၊ သူတို့ကို လွှတ်လိုက်ကြပါတော့ကွာ။ ငါသာ ဒူးလေးနဲ့ပစ်မိရင် ဒုက္ခ။ အမလေး . . ဘုရား . . ဘုရား . . စိန်တင် က ငါ့တူမ အရင်းကြီးဟ ကျောက်ဒိုးက ငါ့မြေးပေါ့။ ငါက စိန်တင့်သမီး ခင်ငြိမ်းကိုသာ သိတာ မင်းကို ဘယ် ကောင်းကောင်းသိမလဲ၊ ကံကောင်းလို့ သောက်ကျိုးနဲ့မကုန်တယ်"

ဦးကျော်ခိုင်က ပြောပြောဆိုဆို ဘုရားတ,သည်။ ထို့နောက် စံကျော် တို့ကိုလည်း ကျောက်ဒိုးတို့ ညီအစ်ကို့ကို လွှတ်လိုက်ရန် ပြောဆိုသည်။ သည် အခါမှပင် တိုအောင်ရွှေက ကျောက်ဒိုးတို့ ညီအစ်ကို၏ လုံချည်စများကို လွှတ်ပေးလိုက်၏။ ထိုအခါမှ ကျောက်ဒိုးတို့ ညီအစ်ကို၏ မျက်နှာမှာ ကြည် ကြည်လင်လင် ဖြစ်သွားကြသည်။ ထို့အတူ ထွန်းအောင်တို့မှာလည်း ယခုအရေး ၏ ဖြစ်ပုံ ဆန်းကြယ်မှုကို အံ့သြ၍မဆုံးအောင် ဖြစ်မိကြသည်။

"ဒါနဲ့ နေပါဦးကွ၊ မင်းတို့က ဦးကျော်ခိုင်ကို မသိကြဘူးလား. . "

ဦးကြီးထွန်းက ကျောက်ဒိုးတို့ ညီအစ်ကို့ကို မေးသည်။ ကျောက်ဒိုး တို့ ညီအစ်ကိုမှာ ဦးကြီးထွန်းနှင့် တစ်ရွာစီပင် ဖြစ်သော်လည်း ရင်းနှီးခင်မင် သိကျွမ်းကြကြောင်းလည်း သူတို့၏ အပြောအဆိုက သက်သေခံနေသည်။

"ဟင့် အင်း . . နဂိုက မသိဘူးဗျ။ အခုမှ အမျိုးမှန်းသိတာ. . "

ကျောက်ဒိုးက ပြန်ဖြေသည်။

"အေး . . ကောင်းရော. . ၊ ဖြစ်ပုံများကတော့ ပြောပြဲ မပြော ချင်တော့ပါဘူး။ ဒီလိုဆိုရင် မင်းတို့ဟာက အမျိုးတွေပဲဟဲ့ - ဦးကျော်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား အမျိုးတွေအတွက် ခင်ဗျားဖာသာခင်ဗျား တာဝန်ယူပေတော့”

ဦးကြီးထွန်းက ဦးကျော်ခိုင်ဘက် လှည့်ပြောလိုက်သည်။

“အမျိုးဆိုတော့လည်း ယူရတော့မှာပေါ့ဗျာ . . .။ မင်းတို့ကောင်တွေ မသေကောင်း မပျောက်ကောင်းကွာ။ မင်းတို့ ဒီတောထဲလာပြီး မီးသွေး ဖလာ ဖုတ်ကြလို့ကော ဘယ်လောက်ရမှာမို့လဲ. . .။ ဒီနှစ်တော့ အချိန်ကုန်သွားပြီ၊ နောက်နှစ်ဆို ငါနဲ့လိုက်ကြ ကြားလား”

“ဟုတ်ကဲ့ပါ ဦးကြီး၊ ကျေးဇူးတင်ပါတယ် ခင်ဗျား . . .”

ကျောက်ဒိုးတို့ ညီအစ်ကိုက ဦးကျော်ခိုင်ကို ထိုင်၍ ရှိခိုးကြသည်။

“ကဲ - မင်းတို့ရပ်ရွာမှာ သတင်း သိုးသိုးသန့်သန့်တောင် မပြောကြနဲ့နော်၊ ယုတ်စွအဆုံး စိန်တင့်တောင် မသိစေနဲ့၊ မင်းတို့ဖာသာမင်းတို့ မီးသွေး ဖလာ ဖုတ်ကြတာကလည်း ကြည့်လုပ်ကြဦး၊ တောခေါင်းကြီး ကျောက်ဘီလူး သာသိလို့ကတော့ မင်းတို့ အချုပ်ထဲ တန်းဝင်ပြီသာမှတ်”

ဦးကျော်ခိုင်၏ စကားအဆုံးမှာ ကျောက်ဒိုးတို့ညီအစ်ကိုက မျက်နှာငယ်လေးနှင့် ထိုင်နေကြသည်။

“ကဲ - တစ်တောတော့ ရှင်းသွားပြီ၊ နောက် တစ် . .”

စံကျော်က မောင်သိုက်နှင့် ထွန်းအောင်တို့ကို စူးစူးရဲရဲ ကြည့်ပြီး ပြောလိုက်ရာ ဦးကျော်ခိုင်က သူမေးမည်ဟူသောသဘောနှင့် စံကျော်ကို လက်ကာပြလိုက်သည်။

“ကဲ - ဦးဖိုးထွန်းရှေ့ပဲ မေးပါရစေ၊ ဒီလိုညကြီးသန်းခေါင်မှာ မီးတုတ်ကိုယ်စီနဲ့ ငါတို့တဲနားက မီးသွေးတလင်းပုံနားကို ဘာလာလုပ်ကြလဲ။ ကြက်ပစ်ငှက်ပစ် အချိန်လည်း မဟုတ်ဘူး။ ပြီးတော့ ဟိုတစ်ရက်နှစ်ရက်ကပဲ တောထဲမှာ ကျားသုံးကောင်တောင် မင်းတို့လူတွေ တွေ့ခဲ့ကြတယ်ဆိုလို့ ၊ ငါတို့တောင် သတိ ဝီရိယနှင့် နေနေကြရချိန်၊ ငါတို့တဲနား မင်းတို့နှစ်ယောက် ဘာကိစ္စလာကြရတာလဲ။ ခု ဦးဖိုးထွန်းရှေ့ပဲ မင်းတို့ ပြောလေ”

ဦးဖိုးထွန်းကိုပါ ကြည့်ပြီး ဦးကျော်ခိုင်ကမေး၏။

မောင်သိုက်နှင့် ထွန်းအောင်တို့မှာ ဘာပြန်ပြောရမှန်း မသိဘဲ၊ ခေါင်းငိုက်စိုက် ဖြစ်သွားကြသည်။

“ဟေ့ကောင်တွေ. .၊ ဦးကျော်ခိုင် မေးနေတယ်လေကွာ။ မင်းတို့နှစ်ကောင် ညကြီးမင်းကြီး ဘာကိစ္စ ဦးကျော်ခိုင်တို့တဲဆီကို မီးတုတ်ကိုယ်စီနဲ့ ရောက်သွားကြတာလဲ၊ ပြောကြလေကွာ . . .”

“ရှင်းနေပါတယ်ဗျာ. .၊ မေးနေစရာတောင် မလိုပါဘူး၊ ကျုပ်တို့ မီးသွေးပုံတို မီးရှို့ . . .”

“ဟေ့ကောင် - စံကျော်၊ လူကြီးတွေ စကားပြောနေတယ်။ မင်းပါစပ်ပိတ်ထားစမ်း”



ဦးကြီးထွန်း၏ စကားထဲ ဝင်ပါလာသော စံကျော်ကို ဦးကျော်ခိုင်က ဟောက်လိုက်ရာ စံကျော် ငြိမ်ကျသွား၏။

“တောက် - မင်းတို့နှစ်ကောင်ကို ငါဘာပြောထားလဲ၊ ကိုယ့်ဘာတွေချင်း အမှားရှိရင်တောင် ခွင့်လွှတ်တတ်ကြရမယ်လို့ မင်းတို့ကို ငါပြောထားတယ်မဟုတ်လား။ ခုတော့ တယ်လေ၊ မင်းတို့ကို ငါ. . .”

“ဦးဖိုးထွန်း. . ဦးဖိုးထွန်း. . စိတ်ထိန်းပါဗျာ. . .။ ဒီကိစ္စက ဒီနှစ်ယောက်တင် အပြစ်ရှိတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဘက်က လူတွေမှာလည်း အပြစ်ရှိပါတယ်။ ကျွန်တော် ပြောပြပါ့မယ်”

ရှူးရှူးရှဲရှဲဖြစ်ပြီး မောင်သိုက်နှင့် ထွန်းအောင်တို့ကို ထိုးမည်ကြိတ်မည်လုပ်သော ဦးကြီးထွန်းကို ဦးကျော်ခိုင်က ဆွဲထိန်းထားသည်။

“အလုပ်လုပ်ကြ ကိုင်ကြရတာ လူငယ်တွေကြောင့်လည်း ခက်ပါတယ် ဦးဖိုးထွန်းရယ်၊ ဟိုး. . လွန်ခဲ့တဲ့နှစ်ပတ်လောက်က ကျွန်တော်တို့မီးသွေးပုံကို ညကြီးမင်းကြီး မီးလောင်တယ်။ အဲဒါဟာ တကယ်တော့ စံကျော်တို့ ပေါ့လျော့ပြီး မီးကြွင်းမီးကျန်ကို ကုန်အောင်မသတ်ဘဲ ပြီးချင်ဇောနဲ့ လုပ်လို့ဖြစ်တာကို ကျွန်တော် အစောကြီးကတည်းက သိတယ်။ သိလို့ သူတို့ကို သေသေချာချာ ပြောပြတော့ စံကျော်က လက်မခံဘူး။ မီးသွေးပုံကို မီးလောင်တာဟာ ရှို့မီးလောင်တယ်လို့ ထင်နေတယ်။ ဘယ်လို ပြောပြလို့မှ နားမဝင်ဘူး။ အဲဒါကြောင့် ဟိုတစ်နေ့က ခင်ဗျားတို့ မီးသွေးပုံကို သူသွားပြီး မီးရှို့တယ်ဆိုတာလဲ မှန်တယ်။ ဒါပေမဲ့. . ခင်ဗျားတို့ ဒီကိုလာပြီး ပြောတဲ့အချိန်ကဆိုရင်တော့၊ သေသေချာချာ တိတိကျကျမသိရသေးဘူးဗျ၊ အဲဒါတို့လည်း ဘယ်လိုမှ . . . မအောင့်မေ့ပါနဲ့ဗျာ. .”

ဦးကျော်ခိုင်က မောင်သိုက်နှင့် ထွန်းအောင်တို့ကို ကြည့်လိုက် စံကျော့်ကို ကြည့်လိုက်နှင့် သူ၏စကားကို တစ်လုံးချင်း ရှင်းရှင်းလင်းလင်း ပြောပြနေသည်။

“ဒီလိုဆိုရင် ဟိုတစ်နေ့က ကျွန်တော် ခင်ဗျားတို့တဲဆီကို ယူလာပြီးပြတဲ့ မီးခြစ်ဟာ စံကျော်ရဲ့ မီးခြစ်ပေါ့. .”

“ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း နောက်မှ စံကျော့်ကို သေချာ မေးကြည့်လို့ သိရတာပါ”

ဦးကြီးထွန်း၏ အမေးကို ကိုအောင်ရွှေက ဝင်ဖြေသည်။

“အဲဒါကြောင့် ပြောတာ ဦးဖိုးထွန်းရေ၊ ခင်ဗျားတို့ [illegible] ပြီးပြောတုံးကလည်း ကျွန်တော်တို့က သိပ်ပြီးမရေလည်သေးတော့ စံကျော့်ကိုလည်း မမေးရသေးဘူးဗျ။ နောက်မှ မေးကြည့်တော့ စံကျော်ကသည်း [illegible]

www.burmeseclassic.com



မှန်ကြောင်း ဝန်ခံတယ်။ အဲဒါကို ကျွန်တော်လည်း ခင်ဗျားတို့ဆီလာပြီး ပြောပြမလို့ လုပ်နေတုန်း။ ဒီညမှာ ခင်ဗျားလူတွေက ကျွန်တော်တို့ မီးသွေးပုံကို လာပြီး မီးရှို့တယ်နဲ့တူတယ်။ သူတို့ မီးမရှို့ရသေးခင် မောင်ကျောက်ဒိုးတို့ မီးသွေးလာခိုးတာနဲ့ တိုးနေတော့၊ သူတို့အပြစ်ဖြစ်မယ်ထင်ပြီး သူခိုး . . . သူခိုး . . . နဲ့ အော်တာပဲလို့ ကျွန်တော်ထင်တယ်။ အဲဒီအတွက်တော့ သူတို့နှစ်ယောက်ကို ကျွန်တော်တို့အားလုံးက ကျေးဇူးတင်ကြရမှာပါ။ အကြောင်း ၊ မရှိဘဲနဲ့တော့ ခင်ဗျားလူနှစ်ယောက်က ကျွန်တော်တို့ဆီကို ညကြီးမင်းကြီး မလာပါဘူး။ မဟုတ်ဘူးလားကွ ဟောကောင်တွေ။ အဲဒီတော့ ခင်ဗျားလူတွေကို ခင်ဗျားကလည်း ကြည့်ရှုပြီးတော့ ဆုံးမပါဦးဗျာ . . .”

ဦးကျော်ခိုင်က လူကြီးပီပီ စကားကို တစ်လုံးချင်း စဉ်းစားပြီးပြောသည်။ သူ၏စကားအဆုံးတွင် ထွန်းအောင်တို့လည်း မည်သို့မျှ မငြင်းကွယ်နိုင်တော့။ ထို့ကြောင့် ခေါင်းကို အောက်စိုက်ပြီး ငြိမ်နေလိုက်ကြရတော့သည်။ အမှန်တရား ဆိုသည်မှာ မည်သို့မျှ ဖုံးကွယ်ထား၍ရသော အရာမဟုတ်ကြောင်းကို ဖြစ်ပျက်နေသော အဖြစ်အပျက်များက အားလုံးကို သင်ခန်းစာ ပေးနေလေပြီ မဟုတ်ပါလား။

“ဟုတ်မယ်၊ ငါထင်တာလည်း ဒီအတိုင်းပဲ၊ ဒါကြောင့် မင်းတို့ကို ငါက ညစောင့် မခိုင်းတာ။ အခု တစ်ညစောင့်ခိုင်းတယ်၊ တစ်ညပဲ ပြဿနာဖြစ်တာပဲ။ သူခိုး - သူခိုး ဆိုတော့ ငါ့ရင်ထဲ ထိတ်သွားတာပဲ။ မင်းတို့နှစ်ကောင်ကို ထကြည့်တော့လည်း မတွေ့ဘူး။ ဒီနှစ်ကောင် စံကျော်တို့ မီးသွေးပုံကို မီးသွားရှို့တော့ စံကျော်တို့က တွေ့ပြီး စံကျော်တို့ကအော်တာ ဖြစ်ရမယ်လို့ ငါက ထင်နေတာ။ မင်းတို့ကိုလည်း ဖမ်းထားပြီလို့ အောင့်မေ့ပြီး စိတ်ပူလို့ ငါတို့ ဒီလိုလိုက်လာတာ ဒီကျမှ တစ်မျိုးဖြစ်နေလို့”

ထွန်းအောင်နှင့် မောင်သိုက်တို့မှာ အလိမ်ပေါ်ပြီမို့ ခေါင်းမဖော်ရဲကြတော့ချေ။ ဦးကြီးထွန်း ဦးကျော်ခိုင်တို့၏ အထင်နှင့် တွက်ဆပြီး ပြောဆိုသည်မှာ အမြင်နှင့်ပြောဆိုသည်ထက်ပင် မှန်ကန်နေလေသည်။

အကြောင်းမူ ဦးကျော်ခိုင်ပြောသလို ထွန်းအောင်တို့ နှစ်ယောက်သည် ယခုလို အချိန်မျိုး၌ မည်သည့်ကိစ္စနှင့်မှ သည်နေရာသို့ လာရောက်ရန် အကြောင်းမရှိ။ ပြီးလျှင် “သူခိုး - သူခိုး” ဟူ၍ အော်ဟစ်စဉ်ကလည်း ထွန်းအောင်တို့ နှစ်ယောက်ပင် စတင်သည်။ ဦးကျော်ခိုင်တို့ နိုးလာပြီး တွေ့သည်ကလည်း ထွန်းအောင်တို့၊ ထို့ပြင် ထွန်းအောင်တို့ လက်ထဲတွင်လည်း မီးတုတ် ကိုယ်စီနှင့်။

“ကဲပါလေ ဖြစ်ပြီးတာလည်း ပြီးမှုပဲ၊ ဒီတော့ ကျွန်တော့အပြစ်ကိုလည်း ကျွန်တော်များကြောင်း ဝန်ခံပါတယ်ဗျာ . . ”



ဘာစိတ်ကောင်းဝင်သွားသည်မသိ စံကျော်က ဆိုသည်။ ကြီးလျှင်သူက ထွန်းအောင်တို့နှစ်ယောက်ကို စိုက်ကြည့်နေသည်။ ထို့အတူ ဦးကြီးထွန်းကလည်း ထွန်းအောင်တို့နှစ်ယောက်ကို အဓိပ္ပါယ်ပါပါကြည့်ရင်းက-

“ကဲ - ထွန်းအောင်တို့ မင်းတို့အမှားကိုလည်း မင်းတို့ဝန်ခံလိုက်ကြကွာ” ဟု ဆိုသည်။

“ဟုတ်ပါတယ် ဦးကြီးရယ် . . ကျွန်တော်တို့ နောက်ကို ဒီလို မမိုက်ကြတော့ပါဘူးဗျာ . .”

ထွန်းအောင်တို့ နှစ်ယောက်စလုံးက ဖြိုင်တူပင် ဦးကျော်ခိုင်ကို တောင်းပန်လိုက်ကြသည်။ ထို့နောက် ဦးကျော်ခိုင်တို့နှင့် ထွန်းအောင်တို့ အားလုံးမှာ အရာရာကို ခွင့်လွှတ်သောအပြုံးများ ကိုယ်စီကိုယ်ငှနှင့်။

“လူအားလုံး ကြုံတုန်းဆုံတုန်း ပြီးတာလည်းပြီးမှုပဲ၊ ဒီတော့ အမြင်မှန်ရတဲ့ အနေနဲ့၊ အဲဒီ မီးသွေးအိတ်တွေကို မင်းတို့ အပြစ်ရှိတဲ့ လူငါးယောက်က အမှားအားလုံးကိုဝန်ချတဲ့အနေနဲ့ တို့တစ်တွေရှေ့မှာ ထမ်းပြီး မီးသွေးပုံကြီးရှိရာကို သယ်ပို့ကြပေတော့။ အားလုံးပြီးရင် ကျောက်ဒိုးတို့ ညီအစ်ကိုလည်း တို့တဲမှာပဲ အိပ်ကြတော့၊ မနက်ကျမှ မင်းတို့အတွက် ကြည့်ရှုစီစဉ်ပေးမယ်။ တဲ - လုပ်ကြပေတော့ . . ”

ထွန်းအောင်နှင့် မောင်သိုက် အပါအဝင် အပြစ်ရှိသူ လူငါးယောက်ကို ဦးကျော်ခိုင်က စီရင်ချက် ချမှတ်လိုက်သည်။

ထို့ကြောင့်လည်း အိုးခြမ်းပဲ့နှင့် ပန်းကန်ကွဲများဖြစ်ကြသော ထွန်းအောင်၊ မောင်သိုက်၊ စံကျော်နှင့် ကျောက်ဒိုးတို့ညီအစ်ကိုမှာ တစ်ဦးနှင့်တစ်ဦး လက်ဖမ်း လှမ်းဆွဲကာ မီးသွေးအိတ်များကို ကျေကျေနပ်နပ် ထမ်းပိုး၍ မီးသွေးပုံကြီးဆီသို့ ပို့ဆောင်ကြရလေသည်။

စုစုပေါင်း မီးသွေးဆယ်အိတ်မို့ တစ်ဦးလျှင် နှစ်ခေါက်ကျ ထမ်းလိုက်သည်နှင့် အားလုံး ပြီးစီးသွားကြ၏။ ထို့နောက် ထွန်းအောင်တို့ အားလုံးမှာ အမြင်မှန်ရသည့်နည်းတူ ရွှင်ပြုံးကိုယ်စီနှင့် မိမိတို့တဲဆီသို့ လာလမ်းအတိုင်း ပြန်လာခဲ့ကြလေတော့သည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

[၂၀]

တန်ခူး ကဆုန်သို့ ရောက်ပြီမို့ တိမ်သားတိမ်ရိပ်တို့ကို ဟိုတစ်စ သည်တစ်စ မြင်လာရလေပြီ။ ထို့အတူ ထွန်းအောင်တို့တစ်တွေ ဤတောထဲသို့ ရောက်ရှိနေကြသည်မှာ လေးလ ကျော်ကျော်မျှပင် ရှိချေပြီ။

ထို့ကြောင့် သူတို့သည် မီးသွေးနှစ်ဆိုင်းတိတိ ဖုတ်လုပ်ပြီးသွားကြလေပြီ။ တစ်ဆိုင်းလျှင် သုံးဖိုတစ်တွဲ၊ နှစ်ဖိုတစ်တွဲကို တစ်ဆိုင်းဟု ခေါ်လေရာ ယခု သူတို့မှာ နှစ်ဆိုင်းဖုတ်ပြီးသွားပြီမို့၊ မီးသွေးဖိုပေါင်း ၆-ဖိုမျှ ပြီးစီးသွားပေပြီ။

မီးသွေးဖိုများမှာ လူတို့က ဂရုတစိုက် ပြုလုပ်မှုကြောင့် အလေအလွင့် သိပ်မရှိခဲ့။ ဤသည်တို့ကြောင့်လည်း တစ်ဖိုကို မီးသွေးအိတ်ပေါင်း ၁၆၀ မှ ၁၇၀ ကျော်ကျော်အထိ ရရှိကြမည်။ ၆-ဖိုစလုံးမှ ရရှိသော မီးသွေးများကို အချိုးတကျ စနစ်ဖြင့် ခွဲဝေ၍ယူလိုက်ကြလျှင် တစ်ဦးလျှင် မီးသွေးအိတ်ပေါင်း ၁၈၀-နီးပါးမျှ ရရှိကြလေမည်။ လှည်းခ၊ ကျွဲခ နုတ်ဦးတော့ တစ်ယောက်လျှင် နှစ်သိန်းနီးပါး တျန်နိုင်သည်။ ထို့ကြောင့်လည်း ဤနှစ်တွင် သူတို့၏လက်မဲကြီးများသည် မကြာမီ ရွှေကိုင်ကြရမည့် အဖြစ်သို့ ရောက်ကြရပေတော့မည်မို့ သူတို့မှာ ဝမ်းသာကြည်နူးမှုတွေနှင့်အတူ အပြုံးများ ဝေနေကြလေ၏။

မိမိရရှိသော မီးသွေး၏ အချိုးကျဝေစုကိုယူ၍ ရွာသို့ပြန်ကြရပေတော့မည်။ ထို့ကြောင့်လည်း အသင့်ယူဆောင်လာသော ဂုန်နီအိတ်များဖြင့် မီးသွေးများကို ထည့်ကြသည်။ ကိုယ့်ဝေစုအတွက် ကိုယ်လုပ်နိုင်သလို ရရှိခဲ့သည်မို့လည်း အားလုံးမှာ ပျော်ရွှင်နေကြလေသည်။ တောထဲ၌ "လေးလ" ကျော်မျှ ဒုက္ခခံကာ လုပ်ကိုင်နေထိုင်ခဲ့ကြသော သူတို့မှာ ယခုမှ ပျော်နိုင်ကြပေပြီ။ မော်နိုင်ကြပေပြီ။

မနက်ကတည်းက ရွာကိုလူကြုံနှင့် မှာလိုက်သဖြင့် လှည်းများသည်လည်း မီးသွေးသယ်ယူရန် ရောက်လာကြ၏။ ထို့ကြောင့် သူတို့မှာ မိမိတို့ရရှိသော ဝေစုများကို မိမိသက်ဆိုင်ရာ လှည်းများပေါ်သို့ တင်နေကြသည်။

ထွန်းအောင်၏လှည်းကို ညီဖြစ်သူ ထွန်းမောင်က မောင်းနှင်လာ



သည်။ ဦးကြီးထွန်းကိုလည်း သူ့သား ကျော်မောင်က လှည်းဖြင့်လာကြိုသည်။ ထို့အတူ ကိုသိမ်းမောင် ကိုကျော်စိန်နှင့် မောင်သိုက်တို့မှာလည်း သူတို့လှည်းနှင့် သူတို့ မီးသွေးများကို တင်ဆောင်နေကြလေပြီ။

လှည်းတစ်စီးလျှင် ယခုလို နွေအခါ၌ အိတ်ပေါင်း ၂၅-အိတ် ခန့်မျှ တင်နိုင်သည်။ သို့ရာတွင် မိုးတွင်းအခါ တောလမ်းက ကြမ်းလွန်းလှသောကြောင့် ကျွဲနွားများကို သနားငဲ့ညာသည့်အနေဖြင့် ၁၅-အိတ်မှ အိတ် ၂၀-အထိသာ တင်ဆောင်ကြလေသည်။

မီးသွေးကို နွေ၊ မိုး၊ ဆောင်း ရာသီသုံးဥတုစလုံး၌ ဖုတ်လုပ်နိုင်လေသည်။ သို့ရာတွင် မိုးတွင်း၌ ဖုတ်လုပ်ပါက ,အလွန် ပင်ပန်းလှသည်။ ထို့ကြောင့် သူတို့အရပ်တွင် နွေနှင့်ဆောင်း၌သာ မီးသွေးဖုတ်လုပ်ကြလေသည်။ အကြောင်းမှု မိုးကျပြီးဆိုလျှင် လယ်လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရသောကြောင့်ပင် . . ။

သူတို့ရွာမှ လူများသည် လယ်ယာကိုင်းကျွန်း လုပ်ကိုင်ခြင်း၊ ဆေးပြဒါးများ ရှာဖွေခြင်း၊ သစ်ခုတ်ဝါးခုတ်ခြင်း၊ သစ်စေးရှာစေခြင်း၊ တောလိုက်ခြင်းနှင့် မီးသွေးဖုတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်၍ အသက်မွေးဝမ်းကြောင်းပြုကြလေသည်။

လှည်း ၆-စီးသည် ပထမဆုံး အခေါက်အဖြစ် မီးသွေးအိတ်များကို တင်ဆောင်ကာ တောစပ်ဆီမှ ရွာသို့ချီလေပြီ။ သည်တစ်ခေါက်ပြီးလျှင် နောက်တစ်ခေါက် သယ်ကြရပေဦးမည်။ နောက်တစ်ခေါက်ပြီးလျှင်လည်း နောက်တစ်ခေါက်နှင့် ကိုယ့်ဝေစုရရှိသော မီးသွေးများကို အားလုံးကုန်သည့်အထိ ယနေ့အဖို့၌ အခေါက်ခေါက်အခါခါ သယ်ပိုးကြရမည်ဖြစ်၏။ ယခုအခေါက်မှာ ပထမဦးဆုံး အခေါက်ဖြစ်သည်။ ထို့အတူ စံကျော်တို့ လှည်းများမှလည်း သူတို့၏ မီးသွေးအိတ်များကို တင်ဆောင်ကာ တောစပ်မှ ထွက်ခွာစပြုနေသည်ကို တွေ့မြင်နေကြရလေသည်။

သူတို့ရွာတွင် လှည်းငှားပါက တစ်ခေါက်လျှင် အထမ်းအပိုး အငြိုးအငြိမ်း ရာချီပေးရသည်။ တစ်ခေါက်တည်းဆိုက အရေးမကြီးသော်လည်း အခုလို အခေါက်ခေါက် အခါခါ သယ်ပိုးကြရမည်ဆိုလျှင် ဆင်မိုးထက် ခွန်းဖိုးက ကြီးမှာကို ပူပင်ရသည်။ ထို့ကြောင့်လည်း ထွန်းအောင်တို့က လှည်းငှားဘဲ ကိုယ့်လှည်းနှင့်ကိုယ် ယခုလို တင်ဆောင် သယ်ပိုးကြခြင်းပင်ဖြစ်သည်။

ထိုမှတစ်ဖန် နိုင်ငံတော်အစိုးရ၏ မီးသွေးအဝယ်ဒိုင်သို့ သွားရောက်ရောင်းချရပေမည်။ ရောင်းချရာတွင် အကောင်းဆုံး မီးသွေးကို အမှတ်သုံးမီးသွေးအဖြစ်လည်းကောင်း၊ အကြေအမွများကို ပန်းပဲမီးသွေး ပန်းတိမ်မီးသွေးအဖြစ်လည်းကောင်း၊ သတ်မှတ်ကာ ဈေးတစ်မျိုး ရောင်းချရလေသည်။ ထို့အ

www.burmeseclassic.com

www.burmeseclassic.com



ပြင် အမှုံအမွှားလေးများကိုမှ ဇကာချ၍ အမွေးတိုင် လုပ်သူများထံသို့ ရောင်းချရလေ၏။

ထို့ကြောင့် သူတို့မှာ မီးသွေးအကောင်းစားများကို ရွေးချယ်၍ ပထမတန်းစား အိမ်သုံးမီးသွေးအဖြစ် သတ်မှတ်ကြရသည်။ ထို့နောက် အိတ်သွင်း၍ ရွာသို့ ပို့ဆောင်ကြရသည်။ ထိုမှတစ်ဖန် ဒုတိယတန်းစား မီးသွေးအကြေအမွှများကို ရွေးထုတ်ကြရသည်။ ပြီးလျှင် အကြေတုံးလေးများကုန်၍ အမှုန်အမွှားလေးများကို ဇကာချကာ၊ အမွေးတိုင်လုပ်သူများထံသို့ ရောင်းချရန်အတွက် တောထဲ၌ နောက်ထပ်လှည်းများ ပြန်မလာခင် မီးသွေးရွေးချယ်ရင်း အလုပ်ရှုပ်နေကြသေး၏။

သူတို့မှာ မီးသွေးဖုတ်ပြီးသော်လည်း ရွာသို့ ချက်ချင်းမပြန်ရသေး။ လုပ်ငန်းအားလုံး လက်စသိမ်းမှသာ ရွာသို့ ပြန်ကြရမည်ဖြစ်လေသည်။

× × × × ×

[၂၂]

ဖျိုင်းတစ်အုပ်သည် အိပ်တန်းတက်ရန် တောတန်းဘက် ပျံသွားကြသည်။ ဆည်းဆာ၏ ပုဇွန်ဆီရောင်သည်ကောင်းကင်တစ်ခွင်တစ်ပြင်လုံး၌ ပေကျံနေသည်။ မကြာမီ ဆည်းဆာကွယ်ပျောက်၍ အမှောင်ထုထဲ ရောက်တော့မည်။

ငှက်ပေါင်းစုံတို့သည်လည်း ညံစာစာနှင့် ဆူညံစွာ အိပ်တန်းတက်ကြချေပြီ။ ထိုအတူ သူတို့မှာလည်း အခေါက်ခေါက်အခါခါ လှည်းများဖြင့် မီးသွေးများကို ရွာသို့ မနက်ကတည်းကပင် သယ်ဆောင်နေကြသည်။ အချိန်မှာလည်း နေဝင်ရီတရော အချိန်သို့ ကျရောက်လာသည်။

သူတို့သည် နောက်ဆုံးအခေါက်မို့ မီးသွေးလက်ကျန်များကို စီစစ်၍ လှည်းပေါ်သို့ တင်နေကြသည်။ မီးသွေးအိတ်များကို လှည်းပေါ်သို့ တင်သည့်နေရာ၌ လှည်းများကို ဒေါက်ထောက်၍ တင်ကြသည်။

ကျွဲနွားများကို အခေါက်ခေါက် အခါခါ ရုံးကန်နေကြရသဖြင့် ဖင်ပန်းနေချေပြီ။ ထို့ကြောင့် ယခုလို ရွာမှယူဆောင်လာသော စားအိုးစားခွက် ဝန်စည်စလယ်များနှင့် မီးသွေးလက်ကျန်များကို လှည်းပေါ်သို့ တင်နေခဉ်၌ မိမိတို့ ကျွဲနွားများကို ငဲ့ညှာသည့်အနေဖြင့် အနားပေးထားကြသည်။

နွားများ၊ ကျွဲများ အနားပေးရာ၌ တောထဲတွင် နှစ်ကောင်တစ်တွဲကြိုးတန်းလန်းနှင့် လွှတ်ထားကြရသည်။ ဝန်စည်စလယ်နှင့် မီးသွေးအိတ်များအားလုံး လှည်းပေါ်သို့ တင်ပြီးမှ သူတို့ကို ပြန်လည်၍ ဖမ်းဆီးကြပေသည်။ ယခုတော့ အချိန်လေးရခိုက် သူတို့စိတ်ကြိုက် အနားပေးထားကြခြင်းပင်ဖြစ်၏။

သို့ရာတွင်သူတို့အဖို့မှာ ဆည်းဆာနေခြည် မကွယ်ပျောက်မီ တောမှ ထွက်နိုင်ဖို့ အရေးကြီးလေသည်။ ထို့ကြောင့် မိမိတို့၏ ဝန်စည်စလယ်များနှင့် မီးသွေးလက်ကျန်များကို တတ်နိုင်သမျှ မြန်မြန်ပြီးစေရန် လှည်းပေါ်သို့ အစောတလျှင် တင်ဆောင်နေကြခြင်း ဖြစ်သည်။ ထိုအချိန်၌ပင် -

"ဖြောင်း . . ဖြောင်း . . ဖြောင်း . ."

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သစ်ကိုင်းခြောက် သစ်ရွက်ခြောက်များကို နင်း၍ ပြေးသံ လွှားသံ တို့ကို ကြားရသည်။

"ဟော့ ထွန်းအောင်၊ ဘာသံတွေလဲကွ . ."

မီးသွေးအိတ်များကို သူ့လှည်းပေါ်သို့ တင်နေသော မောင်သိုက်က အလန့်တကြား လှမ်းပြောသည်။

"မသိဘူး၊ ဟိုမှာ . . ဟိုမှာ . . စံကျော်တို့ နွားတွေနဲ့တူတယ်။ ဒီဘက်ကို ပြေးလာနေကြပြီ။ ဘာကိုတွေ့လို့ လန့်ပြီး ပြေးလာကြတယ် မသိဘူး. ."

ရွှေမော်က စံကျော်တို့တဲနှင့် ခြားနေသော တောအုပ်ဘက်သို့ လှမ်းကြည့်ရင်းဆိုသည်။ ရွှေမော်ပြောသည်မှာ အမှန်ပင်။ စံကျော်တို့ တဲဘက်ဆီမှ နွား လေးငါးကောင်သည် ထွန်းအောင်တို့ တဲဘက်ဆီသို့ ဦးတည်ပြီး ပြေးလာနေကြသည်။ သူတို့၏ ပါးစပ်များမှ အမြှုပ်တစီစီဖြင့် လှည်းလမ်းအတိုင်း ကြိုးတန်းလန်းနှင့် ပြေးချလာသည်ကို မြင်နေရသည်။

နွားများမှာ မည်သည့်အရာကို တွေ့မြင်၍ ကြောက်လန့်ပြီး ပြေးလာကြသည်မသိ၊ ထွန်းအောင်တို့ နွားများ၊ ကျွဲများ ထားသောနေရာသို့ ရောက်သောအခါ၊ ရုတ်ချည်း ရပ်တန့်လိုက်ကြသည်။ ပြီးလျှင် နွားများ၊ ကျွဲများအားလုံး စုရုံးကာ ခေါင်းမော့ ဂျိုထောင်၍ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ ထို့ပြင် ကျွဲနွားများ အားလုံးမှာ ရှေ့စူးစူးဆီသို့ စူးစူးစိုက်စိုက် ကြည့်နေကြလေသည်။

"ဟာ ဒို့နွားတွေပါ လန့်ကုန်ပြီဟေ့၊ လုပ်ကြပါဦး. ."

မောင်သိုက်က အော်ပြောသည်။

"ဝေါင် . . ဝေါင် . . ဝေါင် . ."

မောင်သိုက်၏ စကားအဆုံးတွင် စူးရှကျယ်လောင်သော ကျားဟိန်းသံကြီးက ဆူညံစွာ ထွက်ပေါ်လာသည်။

"ကျား . . . ကျားကြီးဗျို့ . . . ကျား . . ကျား. ."

ကျားဟိန်းလိုက်သံကြီးအဆုံးတွင် ဦးကျော်ခိုင်နှင့်တကွ စံကျော်၊ ရွှေအောင် တို့မှာလည်း ထွက်ပြေးသွားကြသော နွားများနောက်ကို ပြေးလိုက်ထိန်းရင်း၊ ဦးကြီးထွန်းတို့ဆီ ရောက်လာကြသည်။

"ဘယ်မှာလဲဗျို့ ကျား၊ စောစောကတော့ အသံကြားလိုက် . . ."

"ဟို - ဟိုဘက်မှာ၊ နောက်ကများ လိုက်လာလား မသိဘူး။ ရဲလိုက်တဲ့ကျားဗျာ. .၊ ကျုပ်တို့တဲနားက နွားတွေကို လာချောင်းတာ၊ ခု နွားတွေလဲ လန့်ပြီး ပြေးကုန်ကြပြီ. ."

ဦးကြီးထွန်း၏ အမေးမဆုံးမီ ဦးကျော်ခိုင်၏ အော်ပြောလိုက်သံနှင့်



အတူ ထွန်းအောင်၏ညီ ထွန်းမောင် အော်ပြောလိုက်သံကို ကြားလိုက်ရပြန်သည်။

"ဟုတ်တယ်ဗျို့ . . ဟုတ်တယ်၊ ဟုတ်တယ်။ ဟိုကုန်းဝေါကို ကျားကြီး ရောက်နေပြီ"

ပြောပြောဆိုဆိုနှင့်ပင် ထွန်းမောင်က နီးစပ်ရာ သစ်ပင်ပေါ်ကို တက်ပြေးသွားသည်။

ဦးကျော်ခိုင်နှင့် စံကျော်တို့တဲမှာ ရိုးမနှင့် ပိုနီးသဖြင့် လွန်ခဲ့သော လေးငါးရက်က ရွှေမော်နှင့် ကိုသိမ်းမောင်တို့ တွေ့ခဲ့ကြသော ကျားသုံးကောင်ထဲက ရည်းစားလုခံရပြီး၊ ဒေါသဖြစ်နေသော ကျားဖြစ်နိုင်သည်။ သူ့ထက် အင်အားကြီးပြီး သူ့ဆီကလုသွားသော ကျားမကို တောတောင်အနှံ့လိုက်ရှာရင်း၊ မ,စိတ်မွှန်ကာ ဦးကျော်ခိုင်တို့တဲနားကို ရောက်လာပုံရသည်။

ယခု အချိန်တွင် မီးသွေးဖုတ်သမားများမှာလည်း ဝေစုမီးသွေးတွေကို လှည်းနှင့်တိုက်ကာ ရွာရောက်သူက ရောက်သွားကြပြီ။ ထို့ကြောင့် ဦးကျော်ခိုင်တို့မှာလည်း သူတို့တဲ၌ လှည်းနှစ်စီးနှင့် လူသုံးယောက်သာ ကျန်တော့သည်။

ကျားကြီးမှာ ထွန်းအောင်တို့နှင့် ပေ ၁၀၀-ကျော်တွင်ရှိသော ကုန်းပေါ်၌ မားမားကြီးရပ်ပြီး၊ ကျွဲ နွားများကို ဟန်ရေးပြ ခြိမ်းခြောက်၍ အုပ်ခွဲရန် ကြိုးစားနေပုံရသည်။

အချိန်ကလည်း ဆည်းဆာကွယ်ပျောက်ကာ မှောင်ရိပ်သန်းနေပြီ၊ ထို့ကြောင့် ကျားကြီး၏ ကြီးမားသော မျက်လုံးနှစ်လုံးမှာ တဝင်းဝင်းနှင့် တောက်ပ နေတော့သည်။ ကျားကြီးကိုကြည့်၍ သူတို့မှာ ကျောချမ်းသွားကြသည်။

သူတို့တစ်တွေမှာ လူများသော်လည်း ပွဲမစည်၊ အစီအစဉ်လည်း မရှိကြ။ သစ်ပင်ပေါ်တက်ပြေးသူပြေး၊ တဲခေါင်မိုးပေါ်ရောက်သူရောက်၊ လှည်းပေါ်နှင့် တဲထဲဝင်ပြေးသူပြေး၊ အော်သူအော်၊ ဟစ်သူဟစ်နှင့် တောထဲတွင် တိုင်းပြည်ပျက်သည့်အလား ထင်ရအောင် ကျွဲသံ၊ နွားသံ၊ လူသံတို့နှင့် ရောထွေးကာ ဝုန်းဒိုင်းကြဲနေကြလေသည်။

အများစုမှာ "ကျား"ဟူ၍သာ ကြားခဲ့ဘူးသော်လည်း ယခုလို ကိုယ်တိုင်ကိုယ်ကျ တစ်ခါတစ်လေမှ တွေ့ကြုံခဲ့ကြခြင်း မရှိသူက များ၏။ ထို့ကြောင့် အတွေ့အကြုံမရှိခဲ့ကြသော လူငယ်များမှာ ကြောက်လန့်ဖို့သာ သိကြသည်။ ဘာလုပ်၍ ဘာကိုင်ရမှန်းလည်း မသိကြတော့။ ယခုအချိန်၌ သူတို့၏ အားကိုးအားထားပြုရဆုံးဖြစ်သော ဦးကြီးထွန်းမှာလည်း မည်သည့်နေရာကို ရောက်နေသည် မသိ။

www.burmeseclassic.com

www.burmeseclassic.com



လူတွေအားလုံး ကစဉ့်ကလျား ဖြစ်သွားကြသည်။ သည်အတိုင်းဆိုလျှင် . . မပြောကောင်း . . ပြောကောင်း . . ဦးကြီးထွန်းပင် ကျားကိုက်ခံရပြီလား မသိ။ ယခုအခါ ကျားကိုလည်း မျက်လုံးနှစ်လုံးသာ အမှောင်ထဲ၌ မြင်နေရတော့သည်။

"အစ်ကိုထွန်း . . အစ်ကိုထွန်း . . ဘာလုပ်နေတာလဲဗျ။ ဒီ သစ်ပင်ပေါ်ကို မြန်မြန်တက် . .၊ မြန်မြန်တက် လာ. . ."

ကြောက်ဒူးတုန်ကာ လှည်းပေါ်တွင် ရပ်နေမိသော ထွန်းအောင်ကို ညီဖြစ်သူ ထွန်းမောင်က သစ်ပင်ပေါ်မှ အော်ခေါ်သည်။ ထိုအခါမှ သတိရသော ထွန်းအောင်သည် ကျားကြီးရှိရာသို့ တစ်ချက်မျှ စူးစိုက်ကြည့်ပြီး ၊ ကြောက်ကြောက်လန့်လန့်နှင့် သူညီရှိရာ သစ်ပင်ပေါ်သို့ တွယ်တက်မိလိုက်ရသည်။

"မောင်သိုက်တို့ ရွှေမော်တို့ကော . . ."

သစ်ပင်ပေါ်သို့ရောက်သည်နှင့် ထွန်းအောင်က ထွန်းမောင်ကို မေးသည်။

"မ. . မသိဘူး. . အစ်ကိုထွန်း၊ ဟို. . ဟိုမှာကြည့်စမ်း . . ကြည့်စမ်း၊ ကျွန်တော်တို့ ကျွဲကြီးနှစ်ကောင်တော့ သေတော့မယ်နဲ့ တူပါရဲ့ဗျာ . .၊ လုပ် . . လုပ်ကြပါဦး . ."

ထွန်းမောင်က သူတို့ကျွဲကြီးနှစ်ကောင် ရှိရာသို့ လက်ညှိုးထိုးပြရင်း အော်နေပြန်သည်။ ထွန်းမောင်ပြောသည်မှာ အမှန်ပင်၊ ကျွဲကြီးနှစ်ကောင်သည် ဘယ်ကိုမှထွက်မပြေးဘဲ တစ်ကောင်နှင့်တစ်ကောင် ဖင်ချင်းဆိုင်ထားကြ၏၊ ပြီးသူတို့၏ ချွန်မြည့်နေသော ချိုအစုံကိုထောင်ကာ ပတ်ခြာလှည့်၍ လှည့်၍ ခံနေကြသည်။ ကျွဲကြီးနှစ်ကောင်၏ ဟန်ပန်မှာ ကြောက်စိတ်ကင်းမဲ့စွာနှင့် ကျားကြီးကို ခုခံတိုက်ခိုက်ကြမည့် ဟန်ပန်မျိုးပင်။ တစ်ကောင်နှင့်တစ်ကောင် သတိအလစ်မပေးဘဲ ပူးကပ်ထားကြသည်။ ပြီး သူတို့နှစ်ကောင်သည် နွားအုပ်ကြီး၏ရှေ့တွင် နေရာယူကာ တညည့်ညည့်မြည်သံပေးနေကြသည်။ ဤသည်မှာ ကျားကြီးကို 'လာစမ်း - သတ္တိရှိလျှင် လာခဲ့စမ်း'ဟု စိန်ခေါ်နေသလိုပင်။ သူတို့ကျွဲနှစ်ကောင်မှာ ယခုကဲ့သို့ပင် မီးသွေးတိုက်၊ ထင်းတိုက်၊ အကြိမ်များစွာ တောဝင်ထားသဖြင့် အတွေ့အကြုံ ရင့်ကျက်ပြီးသားဖြစ်သည်။

တဝွတ်အဲအဲမြည်ကာ နွားတို့မှာလည်း ဖင်ချင်းပူးကာ စုခံနေကြသည်။ သူတို့၏ ဦးချိုများကို အစွမ်းကုန် ခါရမ်းပြီး၊ ရန်လိုနေကြသည်။ နှာခေါင်းကလည်း တဖူးဖူးနှင့် နှာမှုတ်နေကြသည်။ နွားအုပ်ကွဲလျှင် ကျားဆွဲမည်ကို သူတို့လည်း သူတို့သဘာဝအရ သိရှိနေကြသလိုပင်။ ထို့ကြောင့် နွားများကလည်း ကျားကြီး၏ရန်ကို စုပေါင်း၍ ကာကွယ်ကြမည့် ပုံစံမျိုး၊ တရှူး



ရှူး တရှဲရှဲနှင့်ကျရောက်လာတော့မည့် အန္တရာယ်ကို တိုက်ဖျက်တွန်းလှန်ရန် အသင့်ပြင်နေကြသကဲ့သို့ပင်။

ကျားကြီး၏နေရာမှာ ကုန်းအထက်တွင်ဖြစ်၏။ ကျားကြီးကသာ ဦးစွာခုန်အုပ်လိုက်လျှင် စုရုံးနေကြသော ကျွဲနွားများထဲ တစ်ကောင်ကောင် တိုကောင်းစွာ ကိုက်မိနိုင်သည်။ ကျားကြီးက နေရာယူမှန်သည်။ သူတို့၏ ကျွဲနွားများမှ အနိမ့်ဘက်တွင် ကျရောက်နေသဖြင့် ကျားကြီးနှင့် ယှဉ်ပြိုင်ရာတွင် အရေးနိမ့်နိုင်သည်။

ထို့ကြောင့် ထွန်းမောင်က စိုးရိမ်တကြီးနှင့် အော်ပြောခြင်းဖြစ်၏။ ကျွဲနွားများနှင့် လူများစုရုံးနေကြသော တဲရှေ့ရှိ မီးမငြိမ်းသေးသည့် မီးလင်းဖိုကြီးမှာ မီးတောက်မီးလျှံတို့ကြောင့်လည်း ကျားကြီးသည် ကျွဲနွားကို ချက်ခြင်းခုန်မအုပ်ဝံ့သေး ဖြစ်မည်။ လူတွေကလည်း မိမိတို့၏ ကျွဲနွားများကို ကျားကြီး ခုန်မအုပ်ဝံ့အောင် အသံကုန် ခြောက်လှန့် ဝိုင်းအော်နေကြသည်။

သို့သော် တဲပတ်ဝန်းကျင်မှာ မှုန်ရီဝေဝါး ဖြစ်နေသဖြင့် အသံသာ ကြားကြရပြီး လူလုံးမကွဲကြတော့။ မည်သူ မည်သည့်နေရာ ရောက်နေမှန်း မသိ။ အသံကိုသာဖမ်း၍ နားထောင်နေကြရသည်။

တောအတွေ့အကြုံ ရင့်သန်နေကြသော ကျွဲနွားများကလည်း လူသံကြားရာ တဲနားသို့ ချက်ချင်း အားကိုးတကြီး စုပြုံ ရောက်လာကြသည်။

"ဦးကြီးထွန်း . . ဦးကြီးထွန်း. ."

"ဦးလေးခိုင် . . ဦးလေးခိုင်. ."

"အစ်ကိုကြီး . . . အစ်ကိုကြီး. . ."

"ညွှ . . . ညွှ. . ."

"ဝေါင် . . ဝေါင်. ."

"ဝွတ်အဲ . . အဲ. . အဲ. ."

လူကြီးနှစ်ယောက်ကို ကြောက်ကြောက်လန့်လန့်နှင့် အော်ခေါ်နေကြသံ၊ ကျားဟိန်းသံ၊ ကျွဲနွားမြည်သံတို့နှင့်အတူ တဲပတ်ဝန်းကျင်တွင် [illegible] ကမ္ဘာပျက်သံ၊ ငရဲပွတ်သံလို ဆူညံနေကြသည်။ ထိုစဉ် -

"ဝေါင် . . ဝေါင် . . ဝေါင်. ."

ကျားကြီး၏ ကျယ်လောင်သော ဟိန်းသံနက်ကြီးတ ထပ်ဆင့်၍ ကြောက်ခမန်းလိလိ ထွက်ပေါ်လာပြန်သည်။ ၈-တောင် ၉-တောင်ခန့် ရှိလိမ့်မည်ထင်ရသော ကျားကြီးသည် ကျွဲနွားအုပ်များ ရှိရာသို့ [illegible] ကြီးကို လှုပ်ရမ်း၍ ဟိန်းဟောက် ရောက်လာသည်။ ထိုအခါမှတော့ တဲရှေ့ရှိ မီးဖိုကြီးနှစ်ဖို၏ အလင်းရောင်ကြောင့် ကျားကြီးကို ထင်ထင်ရှားရှား မြင်ကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွဲနွားအုပ်ကို ကျားကြီးက မြေတွင်ဝပ်ပြီး စိမ်းစိမ်းကြီး ကြည့်ကာ၊ ကျွဲနွားအုပ် ကွဲပြိုသွားအောင် ဟိန်းဟောက်လိုက်ပြန်သည်။ ကျွဲနွားအုပ်မှာ လူတွေ အော်ဟစ်နေကြသံအပြင် သူတို့အထဲ၌ လူနှစ်ယောက်က အနီးကပ် ရောက်ရှိနေသည်ကို သိနေကြ၍ ဘယ်ကိုမှ ကစဉ့်ကလျား ထွက်မပြေးကြဘဲ၊ ဖင်ချင်းပူးကာသာ လူတွေ၏ အကူအညီကို တောင်းခံနေကြသလို "တညွှညွှ . . တဗွတ်အဲ . . . အဲ . . ." အော်မြည်နေကြသည်။

ကျားကြီးသည် သူ၏ အမြီးရှည်ကြီးကို မြေပြင်တွင် တဘုတ်ဘုတ် ရိုက်ခတ်ပြီး ကျွဲနွား တစ်ကောင်ကောင်ကို ပြေးခုန်အုပ်ရန် ခြေလက်ထောက်၍ ကိုယ်လုံးကို ကြွလိုက်သည်။

သစ်ပင်ပေါ် ရောက်နေသော ထွန်းအောင်တို့ ညီအစ်ကိုမှာ ဤတစ်ခါတော့ လန့်ဖျပ်ပြီး -

"ကျား . . ကျားကြီး . . ကျွဲနွား တစ်ကောင်ကောင်ကို ကိုက်တော့မယ်ဗျို့ . . ကိုက်တော့မယ်၊ ခုန်အုပ်တော့မယ် . . ခုန်အုပ်ဖို့လုပ်နေပြီ"

ဟု သံကုန်ဟစ်၍ အော်လိုက်သည်။

"ဝေါင် . . . ဝူး . . ဝူး . ."

"ကျားဘသားဟေ့ . . ၊ ကျားဘသား . ကွ . ."

ကျားကြီး အော်မြည် ခုန်အုပ်လိုက်သံနှင့်အတူ အောင်မြင်ခန့်ညားသော အသံနက်ကြီးနှင့် မီးတစ်ပွင့်သည် လက်ခနဲ လင်းလက်ကာ လေထဲ၌ပင် မီးကွင်းဖြစ်သွားပြီး ကျားကြီး၏ လည်ပင်းတွင် သွားစွပ်နေလေသည်။

ကျွဲနွား တစ်ကောင်ကောင်ကို ခုန်အုပ်လိုက်သော ကျားကြီးမှာ မမျှော်လင့်ဘဲ၊ သူ့ရှေ့ဆီမှ ရုတ်ခနဲ ထွက်ပေါ်လာသော မီးကွင်းက သူ့လည်ပင်း လာစွပ်နေရာ ဟန်ချက်ပျက်ပြီး လိုရာမရောက်ဖြစ်ကာ မြေပြင်ပေါ် ပစ်ကျသွားသည်။

မြေပြင်ပေါ် ပစ်ကျသွားသော ကျားကြီးမှာ သွေးရူးသွေးတန်းနှင့် ခုန်ထပြီး၊ လည်ပင်းကမီးကွင်းကို လက်နှင့် ကုတ်ဆွဲလိုက်ရာ လည်ပင်းက မီးကွင်း ပြုတ်မကျသည့်အပြင် လက်တစ်ဖက်ပါ မီးကွင်းထဲ ဝင်သွားပြန်သည်။

"ကျား . . ဘသားဟေ့၊ ဦးကျော်ခိုင် ပစ်ဗျို့၊ ပစ် . . ၊ မြန်မြန်ပစ် . ."

ဦးကြီးထွန်း၏ အော်ဟစ် ပြောလိုက်သံနှင့်အတူ နောက်ထပ် မီးကွင်း တစ်ကွင်းက ကျားကိုယ်ပေါ် ပစ်ကျလာသလို ဒူးလေးမြားတစ်စင်းကလည်း ကျားလည်ပင်း လာစိုက်နေပြန်သည်။ ဦးကြီးထွန်း၏ ဒုတိယပစ်လိုက်သော မီးကွင်းမှာ လွဲချော်သွားသဖြင့် ကျားလည်ပင်း မစွပ်မိ။ ကျားကိုယ်ကိုသာ မီးစွဲလောင်သောအခါ၊ ကျားကြီးမှာ ဟိန်းသံပင် မအော်နိုင်တော့ဘဲ -

"ဂရူး . . . ရူး . . . ရူး . . ဝူး . . ဝူး . ."



ဟု အော်၍ ဦးတည်ရာမဲ့ ထပြေးရင်း ကျွဲနွားအုပ်အနီးတွင် လဲကျသွား၏။ ထိုအခါမှ ကျွဲနွားများမှာ လန့်ပြီး "တညွှညွှ . . တဗွတ်အဲအဲ" အော်ကာ ဝရုန်းသုန်းကား ထွက်ပြေးကြတော့သည်။ ကျားကြီးက ဦးတည်ရာမဲ့ ပစ်ကျလာသလို ဦးတည်ရာမဲ့ ရှေ့သို့သာထွက်ပြေးသော ကျွဲနှစ်ကောင်မှာ ကျားကြီးကိုပင် တက်နင်းသွားသည်။ ထိုအခါ လည်ပင်းတွင် မီးသံကွင်း အစွပ်ခံထားရသော ကျားကြီးမှာ -

"ဂရူး . . . ရူး . . ရူးဂူး . . ဝူး . ."

အော်ကာ ခုန်ထွက်ပြေးပြန်သည်။ သို့သော် ဝေးဝေးသို့ ထွက်မပြေးနိုင်ဘဲ ဒေါက်ထောက် ရပ်ထားသော ကျွဲလှည်းကို ဝင်တိုက်မိသည်၊ ထို့ကြောင့် ကျွဲလှည်း ဒေါက်ပြုတ်ကျသောအခါ လှည်းထဲပိုးရိုက်မိပြီး လဲကျသွားတော့သည်။

"ဟေ့ကောင်တွေ - ကျွဲတွေ နွားတွေကို မြန်မြန် ထိန်းကြပါဟ၊ ကျားကမင်းတို့ကို မကိုက်နိုင်တော့ဘူး။ ကျွဲနွားတွေ ဝေးဝေးရောက်ကုန်မယ်၊ မြန်မြန်ထိန်းကြပါ။ ဦးကျော်ခိုင် ကျားကိုထပ် . . . ဟာ . . ဘယ်သူလဲကွ၊ အတင့်မရဲပါနဲ့၊ ကျား . . ကျား . . မသေသေးဘူး ထင်တယ်ဟ"

"ကျားက မင်းတို့ကို မကိုက်နိုင်တော့ဘူး'ဟူသော ဦးကြီးထွန်း၏ အော်ပြောသံကြောင့် စောစောက ကျားကိုကြောက်ကာ တဲထဲဝင်ပြေးပုန်းနေသော မောင်သိုက်က လုံ့ဆွဲထွက်လာပြီး မီးလောင်နေသော ကျားကို ဝင်ထိုးသည်။

တဲပတ်ဝန်းကျင်မှာ မီးဖိုနှစ်ဖို၊ ကျားလည်ပင်းတွင် တောက်လောင်နေသော မီးကွင်း၊ လွဲချော်သွားသော မီးကွင်းတို့၏ အလင်းနှင့် ယခုတော့ တဲပတ်ဝန်းကျင် အခြေအနေကို လင်းလင်းထင်းထင်း မြင်နေကြရပြီ၊

ကျားကလည်း မီးလောင်ခံရသည့်အပြင် ဦးကျော်ခိုင်၏ မြားချက် မောင်သိုက်၏လှံချက်နှင့် ငြိမ်သက် သေဆုံးသွားတော့သည်၊ သို့သော် ဦးကြီးထွန်း ပထမ ပစ်လိုက်သော ကျားလည်ပင်းကမီးကွင်းမှာ မီးတောက်နေတုန်း

ထိုအချိန်မှာပင် မီးသွေးကော်သည့် သံထွန်ခြစ်ကြီးကို ဆွဲကာ မောင်မော်က ကျားသေဆီ ပြေးသွားပြန်သည်။

"ဟေ့ကောင်၊ ကျားက သေနေပြီကွ၊ ခုမှ မင်းက သံထွန်ခြစ်ကြီးနဲ့ ဘာလုပ်မလို့တုန်း . ."

ကိုသိမ်းမောင်ကြီးက လှမ်းအော်သည်၊

"ကျား တစ်ကိုယ်လုံးက အမွှေးတွေ မီးလောင်တုန်းမို့ ကျားသားရေ ဈေးကောင်းရမှာ မဟုတ်တော့ဘူးဗျ၊ ကျားလည်ပင်းက မီးကွင်းကို သံထွန်ခြစ်နဲ့ ဆွဲထုတ်မလို့"

www.burmeseclassic.com



ဦးကြီးထွန်းနှင့် ဦးကျော်ခိုင်တို့ လူကြီးနှစ်ယောက်မှာမူ စိတ်မော ဘိုယ်မောနှင့် ပင်ပန်းကာ ယခုထိ လူငယ်များလို ကျားသေလို သွားမကြည့် နိုင်ကြသေးဘဲ၊ တဲထဲဝင်ကာ ရေသွားသောက်နေကြသည်။ ထိုစဉ် ထွန်း အောင်တို့ ညီအစ်ကိုနှစ်ယောက် သစ်ပင်ပေါ်က မဆင်းတတ်၍ အကူအညီ တောင်းခံနေသံကို ကြားလိုက်ရပြန်သည်။

ထို့ကြောင့် ကိုကျော်စိန်က တဲနားရှိ ဝါးလုံးရှည်နှစ်လုံးကို ယူသွား ပြီး -

"ခွေးကောင်လေးတွေ မင်းတို့ တက်တုံးက ဘယ်လိုတက်လဲ . ."

ဟု အော်သည်။

"ကိုကြီးစိန်၊ မြန်မြန်လုပ်ပါဗျ။ ကျားကြည့်ရအောင်၊ အဲ . . ဟို . . တက်တုန်းကတော့ ကြောက်ကြောက်နဲ့ တက်လိုက်မိကြတာပေါ့ . . ဗျ၊ ရင် ဘတ်တွေတောင် ပွန်းပဲ့ကုန်ပြီ"

ဟု ထွန်းအောင် သစ်ပင်ပေါ်က အော်ပြောနေသည်။

ဦးကြီးထွန်းနှင့် ဦးကျော်ခိုင်တို့ တဲထဲက ထွက်လာကြချိန်မှာ လူ ငယ်တွေအားလုံး ကျားသေနား ဝိုင်းကြည့်နေကြသည်။

ဤသည်ကို ဦးကြီးထွန်းက -

"ဟေ့ကောင်တွေ. . မင်းတို့ ကျားသေကို ဘယ်အချိန်ကြည့်ကြည့် ကြည့်လို့ မရဘူးလား။ ကျွဲနွားတွေကို ထိန်းကြပါ ပြောတာ၊ ခု . . ကျွဲနွား တွေ ဘယ်ရောက်ကုန်ပြီလဲ၊ တစ်ကောင်မှ မမြင်တော့ပါလား. . ."

ဟု အော်လိုက်၏။

ထိုအခါမှ လူငယ်တွေမှာ ကျွဲနွားတွေကို လိုက်ရှာကြသည်။ မီးတုတ် ကိုယ်စီနှင့်၊ ကိုယ့်ကျွဲ ကိုယ့်နွား နံနည်များနှင့် "ယော့ - ယော့ - ယော့" ဟု အော်ခေါ်၍ ရှာကြ၏။

ကျွဲနွားများကား သူတို့ ပတ်ဝန်းကျင်တွင် တစ်ကောင်မှ မရှိတော့ချေ။ မီးကွင်းကြီးကလည်းပင်းစွပ်နှင့် သူတို့ရှေ့ ခုန်ကျလာသော ကျားကြီးကိုကြောက် တာ အကုန်လုံး ရွာပြန်ပြေးသွားကြသည်။

ညတွင်းချင်း ဝရုန်းသုန်းကားနှင့် အော်မြည်ပြေးလာကြသော ကျွဲ နွားများမှာ သူတို့၏ မူလ ချိတိုင်ဖြစ်သော ကျွဲအုပ် နွားအုပ်တွေကြားထဲ တိုး ဝှေ့ ဝင်ရောက် အိပ်နေကြတော့သည်။

ဤသည်တို့ကြောင့် တောထဲ မီးသွေးသွားဖုတ်နေကြသော ဦးကြီး ထွန်း၊ ဦးကျော်ခိုင်တို့ အဖွဲ့တွေမှာ တောထဲ၌ ဒုက္ခ တစ်စုံတစ်ရာတော့ မုချ တွေ့နေကြပြီဟု မိုးလင်းသည်နှင့် ရွာက တပ်ချီပြီး လိုက်လာကြရာ၊ သူတို့ မှာ ကျားကြည့် လာကြသလို ဖြစ်သွားကြသည်။



မည်သို့ဆိုစေ ဤနှစ် မီးသွေးဖုတ်သမားတွေမှာ မီးသွေးအပြင် ကျားတစ်ကောင်နှင့် ဝက်ဝံတစ်ကောင်၊ ဆတ်နှစ်ကောင်ကိုပင် ရရှိလာခဲ့ ကြသဖြင့် သူတို့၏ လက်မည်းကြီးများမှာ သူတို့၏ သားမယားများ အတွက် 'ရွှေ' တစ်မူး တစ်မတ်သားများကို ဆုပ်မိ ကိုင်မိ ကြတော့မည်မှာ အမှန် ပင်ဖြစ်လေသည်။

မိုးကျော့

BURMESE CLASSIC .com

www.burmeseclassic.com